

www.burmeseclassic.com
BURMESE CLASSIC .com
သုမြတ်မွန်မွန်
ကျွန်မရည်းစား အမျိုးကောင်းသား
www.burmeseclassic.com

www.burmeseclassic.com


# ဆုမြတ်မွန်မွန်

ကျွန်မရည်းစား အမျိုးကောင်းသား

စာမူခွင့်ပြုချက်အမှတ်

၅၀၁ ၀၃၅ ၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀ ၉၉၇ ၀၉၁၁

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

~ မှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

ဆုမြတ်မွန်မွန်

ကျွန်မရည်းစား အမျိုးကောင်းသား၊ ဆုမြတ်မွန်မွန်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၈၁-စာ၊ ၁၂×၁၈ စင်တီ

(၁) ကျွန်မရည်းစား အမျိုးကောင်းသား၊


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ၁

"ဟဲ့ ... သေနာကောင်ရဲ့။ ငါ အော်တော့ အော်တယ်ပြောတယ်။ နင်က စောစောစီးစီး (xx)ရှည် မျိုးဆို့ဖို့ ငါ့ဈေးဖိုးထဲက ပိုက်ဆံတွေကို ခိုးထားတာကြတော့ စကားထဲထည့်ပြောဦးလေ ...

ဟင်း ... သေနာကျက သေမင်းငင်က ...။ စောစောစီးစီး သေမယ့်အရည်တွေကိုသောက်ပြီး ကျက်သရေယုတ်နေတဲ့ အကောင်က"

"ဟဲ့ ... ကောင်မ။ ငါ့ကို နှစ်ပြားမတန်အောင် ပြောမနေနဲ့။ ငါ အရက်သောက်တာက မင်းနှစ်လုံးဖိုးလောက်မကုန်ဘူး။ မင်းသာ မနက်ရော ညရော ပြုတ်ပြုတ်ပြွန်းအောင် သောင်းကျန်းနေတာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ အရက်သောက်[illegible]ကို မွဲကြောင်း စာရင်း လာတင်မနေနဲ့။ မှင်နှလုံးထိုးတာကမှ ငါ့ထက် ပိုက်ဆံ [illegible] ကုန်တာ”

“အမယ်လေး ... အမယ်လေး။ နင် သောက်တာ ပိုက်ဆံ မကုန်ဘူး ဟုတ်လား။ ဟမ် ... နေ့သောက် ညသောက်၊ မိုးလင်း မိုးချုပ် အရည်တွေကို မျိုဆို့နေတဲ့အကောင်က ပိုက်ဆံမကုန်ဘူး လာပြောနေရလား ...

ငါက စနေ တနင်္ဂနွေ နားသေးတယ်ဟဲ့ အကောင်ရဲ့။ နင်ကသာ စနေမရှိ တနင်္ဂနွေမရှိ နေ့နေ့ညည မျိုဆို့နေတာ။ ဟင်း ... လာသေးတယ် သေနာက။ မြန်မြန်သေ နားအေးတယ်။ အလကား ... ဒုက္ခပေးတဲ့ အလကား ကောင်”

“ဟာ ... ကောင်မ။ သေတော့မယ်။ ကောင်မက မလုပ်ချင်လို့ သည်းခံနေရင် အသံကောင်းဟစ်ပြီး ရောင့်တက်လာတယ်။ မှတ်လောက် သားလောက်အောင် ဆုံးမမှ မှတ်မှာ”

“အောင်မာ ... အကောင်ကများ။ လာလေ ... လုပ်ကြည့်စမ်းပါ။ ဟင်း ... နင်လို ငမူးတော့များ၊ တစ်ချက်တွန်းပဲ ရှိမယ်”





အထက်ပါ ဆူညံနေသော လင်မယားရန်ဖြစ်နေသော အသံများမှာ နားမခံသာအောင်ပင် ပွက်လောရိုက်နေသောကြောင့် ထိုက်ရည်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ စိတ်ပျက်စွာပင် လန့်နိုးလာရသည်။ ဒီလိုအဖြစ်မျိုးဟာ ဒီနေ့မှမဟုတ်တော့။ နေ့စဉ်ရက်ဆက် ဆိုသလိုကို နေ့တိုင်းနီးပါး ကြုံတွေ့နေရတာဖြစ်သည်။

“ဟာကွာ ... စိတ်ဆင်းရဲလိုက်တာ၊ တကယ်ပါပဲ ရူးချင်တယ်”

ထိုက်ရည်က ဘယ်လိုမှ သည်းမခံနိုင်တော့သည့် အဆုံး အိပ်ရာမှထကာ အော်ဟစ်ပစ်လိုက်သည်။ ဒီလိုအသံတွေကို ကြားပြီး နိုးထလာရတာဟာ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်တော့ဘဲ သုံးလပြည့်တော့မှာဖြစ်သည်။ မိုးလင်းက နေမိုးချုပ် သန်းခေါင်ထိတိုင် ရန်ဖြစ်နိုင်လွန်းအားကြီးသော ဒီလင်မယားကို အံ့လည်းအံ့သြရသည်။ ကြာလာသောအခါ ဒီဒဏ်တွေကို သူ မခံစားနိုင်တော့ချေ။ ဒါကြောင့် နဂိုတည်းက ပြောထားသော စကားအတိုင်း သုံးလပြည့်လျှင် ဖယ်ပေးဖို့ ပြောထားပြီးသား ဖြစ်တာမို့သာ တော်တော့သည်။ သူက အိပ်မရတော့သည့်အဆုံးမှာတော့ အိပ်ရာသိမ်းကာ နောက်ဖေးက ရေချိုးခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ဖို့ရာအတွက် ထွက်လာခဲ့သည်။ တစ်ဖက်ခန်းက လင်မယားရဲ့ ရန်ဖြစ်နေသော အသံကတော့ ခပ်သဲ့သဲ့ထပ်ကြားရတုန်း။

တကယ်တော့ သူဟာ သူနေထိုင်သော သစ်သားပျဉ်ထောင်အုတ်ဖိနပ်ခံ နှစ်ခန်းတွဲအိမ်လေးကို တစ်ခန်းအားအိမ်ငှားထား,ထားတာ ဖြစ်ပါသည်။ သူတို့အိမ်လေးကို ဆောက်ခဲ့စဉ်က ဟိုးရှေးရှေးထဲက အိမ်ငှားစားမည်ဟူသော ရည်ရွယ်ချက်ရှိခြင်းကြောင့် နှစ်ခန်းတွဲပုံစံ ဆောက်ခဲ့တာဖြစ်ပြီး တစ်ဖက်အခန်းကို အိမ်ငှားထား၍ ဝင်ငွေရှာဖွေလာခဲ့သည်မှာ သူ ငယ်စဉ်တည်းကပင်ဖြစ်သည်။

သူ့အဖေက အစိုးရဝန်ထမ်းတစ်ယောက်ဖြစ်ပြီး သူရှစ်တန်းနှစ်မှာပဲ အဆုတ်ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ သူ့အမေနဲ့ သူနဲ့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ရာမှ သူ့အမေလည်း ပြီးခဲ့တဲ့နှစ်ကမှ လေဖြတ်ပြီးနောက် သိပ်မကြာဘဲ ဆုံးပါးသွားခဲ့ရာ သူသည် ဒီလောကကြီးထဲမှာ တစ်ကောင်ကြွက် တစ်မျက်နှာတစ်ယောက်တည်း ကျန်ရစ်ခဲ့ရတာ ဖြစ်ပါသည်။

ကျောင်းပြီးခါစ သူဟာ ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဖြစ်ဘဲ ဝါသနာပါရာ သင်တန်းလေးတွေ လျှောက်တက်





ရင်း စားဝတ်နေရေးကလည်း အမေရှိတုန်းက စုဆောင်းထားတာတွေ၊ အိမ်ငှားခတွေနှင့် လောက်ငနေတာမို့ အဲထူးတလည် ပူပင်စရာမလိုခဲ့ချေ။ မိဘတွေမရှိတာကလွဲလို့၊ လူချစ်လူခင်ပေါများသော သူ့ဘဝလေးသည် နေ့တွက်မယ်ဆိုရင်လည်း ကျေနပ်စရာပဲ ဖြစ်ခဲ့သည်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ သူ့ဘဝသူ မကျေနပ်နိုင်ပါ။ အိမ်ငှားလင်မယားရဲ့ နေ့ရှိသရွေ့နှိပ်စက်မှုများကို ကြာလေ သည်းမခံနိုင်လေဖြစ်ခဲ့တာ ကြာခဲ့ပြီ။

ဘယ်အိမ်ငှားမဆို သုံးလစာ ကြိုယူထားပြီး သုံးလလောက် အခြေအနေ စောင့်ကြည့်လက်ခံတာမို့သာ တော်တော့သည်။ ရောက်ကတည်းက ရန်ဖြစ်လိုက်သည့် လင်မယား၊ သုံးလပြည့်ပါစေသာ ဆုတောင်းနေခဲ့ရတာဖြစ်သည်။ သူက စိတ်ပျက်လက်ပျက်နှင့် ညက ဝတ်အိပ်ထားသော စွပ်ကျယ်ကို တီရှပ်တစ်ထည်နှင့် ပြောင်းလဲကာ သူ့ဆော်ဒါတွေရှိနေမည်ဖြစ်သော လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

ဆူသံပူသံတွေကြောင့် စောစောနိုးလာသော သူက ဝီရိယကောင်းစွာဖြင့် ကြိုရောက်နေသော်လည်း သူ့ဆော်ဒါတွေကတော့ တစ်ယောက်မှ ရောက်မလာကြသေးချေ။ မုန့်ဟင်းခါးတစ်ပွဲမှာစားနေတုန်းမှာပဲ သူ့ဆော်ဒါနှစ်ကောင်က ရောက်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ့ကောင်ကြီး စောလို့ပါလား။ အပိတွယ်နေတယ် ပေါ့လေ"

"စောရောက်နေတာက ရောက်ချင်လို့ ရောက်နေတာ မဟုတ်ဘူးဟေ့။ နံနက်ချိန်ခါ တေးသံသာကို စောစောစီးစီး နားဆင်ရပြီး အိပ်ရေးမဝဘဲ ထ,လာရတာ ...

ချီးထမ်မှုပဲကွာ။ အဲဒီလင်မယားလည်း ဘယ်ဘဝက ရေစက်မှန်းကို မသိဘူး။ မှားပါတယ်။ ဒီတစ်ခါ အိမ်ငှား ရင်တော့ လင်မယားတို့၊ မိသားစုများတဲ့သူတွေဆို လုံးဝ မငှားတော့ဘူး။ တော်ကြ ... အရေးမပါလိုက်တာများ"

"ဟင်း ... မင်းဟာ လင်မယားမငှားဘူး။ မိသားစုမငှား ဘူးဆိုတော့ ဘာကျန်သေးလို့လဲ။ မင်းအိမ်ကို ဘယ်သူက ငှားတော့မှာလဲ"

"မသိဘူးကွာ၊ မငှားလည်း ဂရုမစိုက်ဘူး။ စိတ်ကြိုက်အိမ် ငှားမရမချင်းတော့ လုံးဝကို အငှားမတင်တော့ဘူး ...

ဟင်း ... တစ်နေ့ တစ်နေ့ အကုသိုလ်တွေများပြီး ဘယ်လောက် စိတ်ဆင်းရဲရသလဲဆိုတာ မင်းတို့ မသိဘူး"

သူ့စကားကို ဘိုဘိုက စမူဆာတစ်ခုကို ပလုတ် ပလောင်းဝါးနေရင်းမှ ပြန်ဖြေသည်။





"သိပါတယ်ကွာ၊ မင်း အိမ်ငှားခင်ထားတဲ့လင်မယား ရန်ဖြစ်ကြတော့ ဒီတစ်ရပ်ကွက်လုံး သိနေတဲ့ဟာပဲ၊ မင်း မပြောနဲ့ အိမ်နားမှာ နေတဲ့သူတွေတောင် စိတ်ပျက်နေကြ တဲ့ဟာပဲ"

"အေးလေ၊ မင်းတို့အိမ်နားက နှယ်နှယ်လင်းကတောင် ပြောနေသေးတယ်။ သူတို့တောင် နားငြီးပြီး စိတ်ပျက်နေ ရတာတဲ့။ မင်းတော့ ဘယ်လောက်များ စိတ်ပျက်နေမလဲ မသိဘူးတဲ့ ...

အေးပေါ့ကွာ။ ဒီတစ်ခါကျရင်တော့ နားအေးပါးအေး ဖြစ်မယ့်သူမျိုးကို သေချာရွေးပြီး ငှားပေါ့"

ဘိုဘိုရဲ့စကားကို လင်းထွန်းကပါ ဝင်ပြောသည်။ သူက ကုန်သွားပြီဖြစ်သော မုန့်ဟင်းခါးပန်းကန်ကို စားပွဲထိုးလေး အား လာသိမ်းနိုင်းပြီးနောက် ပေါ့ဆိမ့်တစ်ခွက်ဟု မှာလိုက်သေး သည်။ သူ့သူငယ်ချင်းတွေကလည်း ကိုယ်စီကိုယ်စီ လက်ဖက် ရည်မှာကြပြီးနောက် စကားဆက်ကြသည်။

"အခု အိမ်ငှားတွေ ဆင်းသွားရင် မင်း ပွဲစားကိုပြောထား ပေါ့။ လင်မယား မငှားဘူး၊ မိသားစုများရင် မငှားဘူးဆို တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောမှာပါ၊ ပြောမှာပါ၊ အိမ်တွားမတင်ရင်လည်း ဘာမှမဖြစ်ဘူး။ ကိုယ့်ဟာကိုယ် ဆားနဲ့ပဲစားပြီး အေးအေးချမ်းချမ်းလေးပဲ နေချင်တော့တယ်ကွာ ...

နေ့ရှိသရွေ့ ဆူသံဆဲသံတွေ ကြားနေရတာ စိတ်ကုန်နေပြီ ...

(သူက လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက်ရင်းမှ ဘိုဘို နားမှာပန်ဆင်ထားသော တစ်ပွင့်တည်း စိန်နားကပ်လေးကို တွေ့မြင်သွားသဖြင့် မျက်ခုံးပင့်မိကာ)

"ဟော့ကောင် ... မင်းက ပန် ပန် ပုန် တွေ ဘာတွေနဲ့ပါလား။ ရောင်စဉ်တွေ ဖြာနေပုံထောက်တော့ အမှန်အကန်ပဲနဲ့တူတယ်"

ဘိုဘိုက ဒါပဲလေ ဟူသော ဂုဏ်ယူသည့်အပြုံးမျိုးဖြင့် လက်မတစ်ချက် ထောင်ပြသည်။

"ငါ့ဆော်က ဝယ်ပေးတာကွ"

"ဟေ ... ဟုတ်လား၊ မိုက်လှချည်လား။ အဲဒါဆိုရင် ဘယ်လောက်တန်မလဲ"

"အင်း ... သုံးသိန်းနှစ်သောင်း ပေးရတယ်တဲ့"

"ဟား ... မင်း မိုက်တာပေါ့။ မင်းဆော်က လျှံပဲကွာ"





"လျှံတယ်လေ။ သူ့အဖေက ဘောစိပဲဟာ။ ပိုက်ဆံဆိုတာ သူ့အတွက် အပေါဆုံးအရာဆိုတော့ ငါက တစ်ခုခုလိုချင်တယ်လို့ တ,လိုက်တာနဲ့ ရောက်လာတော့တာပဲ"

သူက ခေါင်းတစ်ချက်ညိတ်ကာ ဘိုဘိုရဲ့နားမှ နားကပ်ထံ အကြည့်တစ်ချက် ထပ်ရောက်သွားသည်။ ခပ်ပြေပြေနှင့် ခပ်လန်လန်လေး ဖြစ်နေသော ဘိုဘိုရဲ့ဆံပင်ကေနှင့်အတူ နားမှာရှိသော နားကပ်က ပန်ရလိုက်ဖက်တင့်တယ်နေသည်။ ဘိုဘိုက မိန်းကလေးကြိုက် ရုပ်ရည်မျိုးရှိကာ သူ့ငယ်ချင်း အချင်းချင်း အားမနာစတမ်း ပွင့်ပွင့်လင်းလင်း ပြောရလျှင်တော့ ရုပ်လေးအားကိုးနှင့် လုပ်စားနေသူဟု ပြောချရသည်။ သူတို့က ငယ်ပေါင်းတွေမို့ အကြောင်းသိနေခြင်းဖြစ်သည်။

ဘိုဘိုသည် ငယ်ငယ်လေးတည်းက ပိုက်ဆံချမ်းသာသော ကောင်မလေးတွေကိုမှ ရွေးကြိုက်တတ်သူဖြစ်သည်။ အစပိုင်းတုန်းကတော့ သူလည်း မသိသေးပါ။ နောက်ပိုင်းကျမှ တဖြည်းဖြည်း သတိထားမိလာခဲ့တာကတော့ ကောင်မလေးတွေထံမှ တန်ဖိုးကြီးလက်ဆောင်တွေကို မကြာခဏ ရယူလာခဲ့ခြင်းကြောင့်ဖြစ်သည်။ ဘိုဘိုသည်လည်း လစာကောင်းသော ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတစ်ယောက် ဖြစ်ပေမယ့် သူကတော့ ကောင်မလေးတွေကို ဘာမှ ဟုတ်ဟုတ်ပြားပြားပေးတာ မရှိချေ။

သူ့ရဲ့အပြောကတော့ သူက အကြင်နာတွေပေးတယ်ဆိုပဲ။ အကုန်အကျတွေများပြီး နှစ်နှာနေဦးမယ်ဟု သူကတော့ မိန်းကလေးတွေဘက်ကနာပြီး တွေးပေးဖြစ်လေသည်။ သူ့သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်တွေ ဖြစ်ကြသည်။ ဘိုဘိုက အချုပ်ကျွမ်းသူဟု ပြောရမည်ဖြစ်ပြီး လင်းထွန်းကျော်ကတော့ တစ်မျိုးဖြစ်သည်။ စည်းကမ်းကြီးသော အဘွား၊ အမေနှင့် မိုင်းကောင်းကျောက်ဖီ အစ်မတွေကြားမှာ ကြီးပြင်းလာခဲ့ရသောကြောင့် မိန်းကလေးတိုင်းကို သူ့အစ်မတွေရဲ့ မျက်လုံးတွေဖြင့် ကိုင်းတာကြည့်ရှုတာဖြစ်သည်။

ဒီဘက်အဆောက်ကြီးထဲမှာ [illegible]ကောင်ဖြစ်ပေမယ့် သူ့ကျတော့ တစ်မျိုးပင်။ မိန်းကလေးတွေ ကလက်တက်တက် မြင်လျှင်လည်း လုံးဝမကြိုက်။ အကိုတွေ အပြတ်တွေဝတ်သော မိန်းကလေးတွေကို မြင်ရလျှင်လည်း နှစ်ပြားမတန်အောင် ဝေဖန်တတ်သူဖြစ်သည်။ အဲ ... မြန်မာဆန်ဆန်ဝတ်စားတာကို မြင်လျှင်တော့ တဖွဲ့တနွဲ့ ချီးကျူးတတ်ကာ မြန်မာမိန်းက





လေးဆိုတာ ဒါမျိုးမှပေါ့ဟုလည်း လာတတ်သေးသည်။ ဒါကြောင့်လည်း ဒီကောင်ဟာ မြန်မာအမျိုးသားဝတ်စုံဝတ်၍ တာဝန်ထမ်းဆောင်ရသော ဟိုတယ်ကြီးတွင် အလုပ်လုပ်နေသလားတော့ မပြောတတ်ပါ။

သူငယ်ချင်းနှစ်ယောက်ကတော့ အလုပ်ကိုယ်စီလုပ်နေကြပေမယ့် သူကတော့ ဘာမှမလုပ်ရသေးချေ။ မလုပ်ရသေးဆိုတာကလည်း သူက အေးအေးဆေးဆေး နေရတဲ့ဘဝကို နှစ်ခြိုက်နေတာလည်းပါသည်။ သင်တန်းတွေတက်၊ စာတွေဖတ်ဖြင့် ကိုယ့်ဝမ်းစာကိုယ် ပြည့်နေအောင် ဖြည့်ထားပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းကို စောင့်စားနေသည်ဟု ပြောရ၍သည်။

"ငါ့ဆော်ရဲ့သော်ဒါ နောက်တစ်ယောက် ရှိသေးတယ်။ သူလည်း ငလျှံပဲကွ။ မင်းနဲ့ မိတ်ဆက်ပေးရမလား။ ဟဲ ... ဟဲ"

"တော်ပါပြီကွာ။ မိန်းကလေးချင်းက တူတာမဟုတ်ဘူး။ တချို့မိန်းကလေးတွေက ချမ်းသာသလောက် သူတို့လိုချင်တာတွေကို ရည်းစားကို ဖြည့်ဆည်းစေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့ဆော်တွေနဲ့တွဲပြီး အကြွေးတင်နေတဲ့ ကောင်တွေ တစ်ပုံကြီး။ ဒီကောင် လင်းထွဋ်နဲ့ပဲ မိတ်ဆက်ပေးလိုက်"

"ဟာ … မလုပ်နဲ့။ အဲဒီကောင်မလေးက လန်ထွက်နေတာ၊ ဒူးအောက်ရောက်တဲ့အဝတ်အစားဆို မဝတ်တတ်ဘူး … ငါက အဲဒီလို မိန်းကလေးမျိုးဆို သဘောမကျဘူး"

"အေးပါ … အေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် နားကပ်ရလာတဲ့အထိမ်းအမှတ်နဲ့ မင်းတို့ကို ငါ ဒီနေ့ကျွေးမှာပါ။ အိုခေ … အိုခေ … ရှင်းမယ်ဟေ့"

ဘိုဘိုက စားပွဲထိုးကို လှမ်းခေါ်ပြီး ပိုက်ဆံရှင်းသည်။ သူတို့သုံးယောက်မှာ အတူပြန်လာခဲ့ကြပြီး ကိုယ့်အိမ်နားရောက်ခါနီးမှ အသီးသီး လမ်းခွဲကြတာဖြစ်သည်။ သူ့အိမ်ရှေ့အရောက်မှာပဲ ဈေးကပြန်လာသော အိမ်ငှားမိန်းမကို တွေ့ရသည်။ ဘယ်ယောက်ပဲ ရန်ဖြစ်ဖြစ် အိမ်ရှင်ကို တစ်စက်လေးမှ အားမနာသော ထိုမိန်းမသည် အခုလည်းပဲ မျက်နှာတင်းတင်းနဲ့ပဲ တွေ့နေရသည်။

လကုန်ဖို့က တစ်ပတ်ပဲ ကျန်တော့သည်မို့ ပြောင်းရွှေ့ဖို့ အဆင်သင့်ဖြစ်ရအောင် သူက သတိပေးလိုက်သည်။

"အစ်မ … လကုန်တော့မယ်နော်"





"အဲဒါ ဘာဖြစ်လဲ။ ငါက ဘာလုပ်ရမှာလဲ"

"ဟင် … ဘာလုပ်ရမှာလဲ။ လကုန်ရင် အစ်မတို့ အိမ်ငှားတာ ပြည့်ပြီလေ၊ ကျွန်တော်က အိမ်ငှားသစ် ထပ်တင်မှာ …

အဲဒီ မေ့နေမှာစိုးလို့ သတိပေးတာ"

ထိုမိန်းမက မဲ့ရွဲ့ပြီးနောက် မျက်စောင်းထိုးကာ ခြေသံပြင်းပြင်းနှင့် ထွက်ခွာသွားလျှင် သူက ပခုံးအသာတွန့်ကာ ကျန်ရစ်ခဲ့ရသည်။ နောင်များတော့ ဒီလိုအိမ်ငှားမျိုး ဘယ်သောအခါမှ မကြုံချင်ပေါင်။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



## ၂

ထိုက်ရည်သည် ပွဲစားခေါ်လာသော အိမ်ငှားတွေကို တစ်ယောက်ပြီးတစ်ယောက် ပယ်ချလာခဲ့သည်မှာ တစ်လခန့်တောင် ရှိတော့မည်ဖြစ်သည်။ နောက်ဆုံးတော့ ပွဲစားကိုလည်း အားနာလာတာကြောင့် မငှားတော့ဘူးဟု ပြောပစ်လိုက်ကာ ကိုယ်တိုင်ပဲ သတင်းစာထဲမှာ ကြော်ငြာထည့်တော့သည်။ ဟုတ်သည်လေ။ ပွဲစားခေါ်လာတဲ့သူတွေက မိသားစုများတဲ့သူတွေချည်း ဖြစ်နေသောအခါ သူက တစ်ခါသေဖူး ပျဉ်ဖိုးနားလည်လျက် အားလုံးကို ငြင်းဆန်ခဲ့သည်။

သတင်းစာထဲက ကြော်ငြာထည့်သောအခါမှာ သူ့ဆီသို့ စုံစမ်းမေးမြန်းသော ဖုန်းတွေက ဆက်တိုက်ဆိုသလို ဝင်





လာခဲ့သည်။ ဒါပေမဲ့ ဖုန်းထဲကတင် အင်တာဗျူးလုပ်ကြည့်ရုံနှင့် စိတ်တိုင်းမကျသောကြောင့် သူက လာကြည့်ဖို့ပင် လက်မခံတော့ပါ။ ဒါကို ကြားသိကြသော သူ့သူငယ်ချင်းတွေကတော့ သူ့ကို မဲ့ရွဲ့ကာ ပြောကြသည်။

"ဟင်း ... မင်းဟာကကွာ၊ သူများကြားရင် ရယ်စရာတော့ ဖြစ်တော့မှာပဲ။ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောတယ် ထင်မှာ"

မသိရင် ကွန်ဒိုကိုပဲ ရှယ်ပြင်ပြီး ငှားစားမှာလိုလိုနဲ့"

"ဟော့ကောင် ... အဲဒီကွန်ဒိုကို ရှယ်ပြင်ပြီး ငှားစားတဲ့သူက အိမ်ရှင်နဲ့အိမ်ငှား အတူတူမနေဘူးကွ။ ငါက သူတို့နဲ့ နံရံတစ်ချပ်ပဲခြားပြီး နေရတာ၊ သူတို့ရဲ့ကောင်းမွေဆိုးမွေ အကုန်လုံး ငါပဲခံရတာ။ ငါ့ဒဏ်ကိုတော့ သူတို့ကခံစရာ ဘာအကြောင်းမှ မရှိဘူး။ ငါက သိချင်းတောင် ကျယ်ကျယ် ဖွင့်တဲ့ကောင် မဟုတ်ဘူး။ ဒီတော့ ငါ စိတ်ချမ်းသာဖို့အရေး မေးရမြန်းရမှာပဲဟော့။ စိတ်ကြိုက်အိမ်ငှား မရမချင်းတော့ မငှားဘူး ...

ပိုက်ဆံက အရေးမကြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူက တင်းလာတာဖြစ်သည်။ ဒီလိုနှင့်နေလာခဲ့ပြီးသည့်နောက် တစ်ရက်မှာပဲ သူ့ရဲ့ဖုန်းသို့ နံပါတ်စဉ်တစ်ခုက ဝင်လာခဲ့သည်။ သူ ဖုန်းထူးလိုက်တာနှင့် တစ်ဖက်က သိပ်အချိုသာကြီး မဟုတ်သော မိန်းကလေးအသံတစ်ခုကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ ... ပြောပါ"

"သတင်းစာထဲမှာ အိမ်ငှားကြော်ငြာထားတာ တွေ့လို့ပါ။ အဲဒါ စုံစမ်းချင်လို့"

"ဟုတ်ကဲ့ ... အိမ်ငှားမယ့်သူက ဘယ်သူပါလဲ"

"ကျွန်မပါ"

"အဲဒီ ကျွန်မဆိုတာက"

တစ်ဖက်က သူ့အသံကို တိတ်ကာနားထောင်နေပြီးမှ စိတ်မရှည်သလိုဖြင့် ခပ်ဆတ်ဆတ် ပြန်မေးသည်။

"နေပါဦး ... ရှင်က ဘာကိုမေးတာလဲ။ ကျွန်မက အိမ်ငှားဖို့စုံစမ်းတာလေ၊ အဲဒါကို ဘာပြန်ပြောရဦးမှာလဲ"

"ဪ ... အိမ်ငှားတာက လွယ်တယ်လေ။ ဒါပေမဲ့ ကျွန်တော့်မှာ ချထားတဲ့စည်းမျဉ်းလေးတွေရှိလို့ မေးနေတာပါ။ ရှင်းရှင်းပြောရရင် သတ်မှတ်ချက်တွေ ရှိတယ်ဗျာ။ အဲဒါကို ပြောတာ"





တစ်ဖက်က စကားသံတိတ်သွားသည်။ စိတ်ထဲမှာတော့ ကြီးကျယ်ရန်ကောဟု တွေးချင်တွေးနေပေလိမ့်မည်။ ခဏနေတော့မှ အသံထွက်လာသည်။

"ရှင့်သတ်မှတ်ချက်တွေက ဘာတွေလဲ"

"ကျွန်တော်က လင်မယားမငှားဘူး။ မိသားစုများရင်မငှားဘူး။ အဲ ... မိသားစုနည်းရင်လည်း ငှားချင်မှငှားမှာ"

"ဘာရှင့်"

တစ်ဖက်က ဆောင့်ပြီးအော်လိုက်သဖြင့် သူက လန့်ဖျပ်သွားရသည်။

ပြီးတော့ တစ်ဖက်ကမိန်းကလေးကို ဒေါသထွက်ထွက်ဖြင့် ...

"ခင်ဗျားကလည်း ဘာကိစ္စ နှင်းကန် ကုန်းအော်နေရတာလဲ။ ကျွန်တော် နားကောင်းတယ်။ အဲဒီလောက် အော်နေစရာ အကြောင်းမရှိဘူး"

"အော်မှာပေါ့။ ရှင်ပြောတာလည်း ကြည့်ဦးလေ။ ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့ အိမ်ငှားမယ်ဆိုပြီး ကြော်ငြာထည့်ထားသေးလဲ ...



www.burmeseclassic.com

www.burmeseclassic.com



လင်မယား မငှားဘူး၊ မိသားစုများရင်လည်း မငှားဘူး။ နည်းရင်လည်း ငှားချင်မှငှားမှာဆိုတော့ အဲဒါက ဘာသဘောလဲ”

“ဒီမှာ ... မိသားစုနည်းတာ များတာထက် အဓိက,က နားအေးပါးအေးရှိတဲ့သူ ဖြစ်ဖို့လိုတယ်။ ကျွန်တော်ပြောချင်တာ အဲဒါပဲ ...

ကျွန်တော့်ဘက်ကတော့ နားအေးပါးအေးရှိတာ ပြောစရာမလိုတော့ဘူး။ ကျွန်တော်က တစ်ယောက်တည်းသမား။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေတာ။ ခေတ်အဆက်ဆက်က အိမ်ငှားတွေကတော့ ဒုက္ခပေးလွန်းလို့ အဲဒီမူကို ကျင့်သုံးနေရတာပဲ”

“ကျွတ် ... ကဲ ... ပြော။ ရှင့်အိမ်ကို ဘယ်လောက်နဲ့ ငှားမှာလဲ”

“ဟာ ... အဲဒါတွေ မမေးသေးနဲ့ဦးလေ။ ခင်ဗျားဘက်က အခြေအနေကို သိရမှ ဖြစ်မှာပေါ့။ ဘာလဲ ... ခင်ဗျားက တစ်ယောက်တည်း နေမှာလား”

“အောင်မာ ... ဘာကိစ္စ တစ်ယောက်တည်း နေရမှာလဲ”





“ဟင် ... ဒါဖြင့်ရင် နှစ်ယောက်လား။ လင်မယားဆိုရင် မငှားဘူးလို့ ပြောထားပြီးပြီနော်”

“ဒီမှာ ... ရှင့် ဘာဖြစ်နေတာလဲ။ ရှင့်စိတ်ထဲမှာ ဒါတွေပဲ တွေးစရာရှိလား။ သားအမိနှစ်ယောက်တို့၊ ညီအစ်မနှစ်ယောက်တို့၊ မောင်နှမနှစ်ယောက်တို့ ဆိုတဲ့ အတွေးမျိုး လုံးဝဝင်မလာတော့ဘူးလား ... ဟုတ်လား”

“ဘာလဲ ? ။ ခင်ဗျားက အဲဒီထဲက တစ်မျိုးမျိုးလား။ အင်း ... အဲဒီလိုမျိုးဆိုရင်တော့ အဆင်ပြေနိုင်တယ်။ ခင်ဗျားကို ကျွန်တော် တစ်ခုပြောမယ်ဗျာ။ ကျွန်တော့်အိမ်ကို ငှားရလို့ ခင်ဗျားတို့မှာ စိတ်ပျက်စရာ၊ စိတ်ညစ်စရာ ဘာအကြောင်းမှ မရှိနိုင်ဘူး ...

ကျွန်တော့်ဘက်က အေးအေးဆေးဆေးပဲ။ အဲ ... အဲဒီလို ကိုယ့်ဘက်က အာမခံချက် အပြည့်အဝပေးနိုင်လို့ ခင်ဗျားကို မေးနေရတာ”

“ထားလိုက်ပါ။ ကျွန်မတို့က သားအမိနှစ်ယောက်တည်း နေမှာ။ အဆင်ပြေမယ်ဆိုရင် ရှင့်အိမ်ကို ငှားမယ်။ ဘယ်လိုလဲ”

www.burmeseclassic.com



"ဟင် ... ခင်ဗျားက အိမ်ကိုမမြင်ရသေးဘဲနဲ့ ဆုံးဖြတ်ချက်ချလိုက်ပြီလား"

"ရှင့်အိမ်ကို အပြင်ဘက်ကတော့ ကျွန်မ မြင်ဖူးပါတယ်"

"ဪ ... ဒီလိုလား။ ကောင်းပြီလေ၊ ဒါဆိုလည်း လူကိုယ်တိုင်တော့ တစ်ခေါက်လောက် ကြွလာခဲ့ပါဦး။ အဲဒီကျမှပဲ အလုပ်ကိစ္စ အကြေအလည် စကားပြောကြတာပေါ့"

"ဒါဆိုရင် တံခါးဖွင့်ပေးလိုက်တော့။ ရှင့်အိမ်ရှေ့မှာ ကျွန်မ ရောက်နေပြီ"

"ဘာရယ် ... ဟင်"

သူက အံ့သြသလို ရေရွတ်မိကာ အိမ်ရှေ့အပေါက်ဝဆီသို့ လှမ်းကြည့်လိုက်လျှင် မိန်းကလေးတစ်ယောက်က သူ့ကို ခပ်တည်တည်လှမ်းကြည့်နေတာနှင့်ကြုံရသည်။ ဘယ်လိုလဲ လာဖွင့်ပေးမှာလား၊ မပေးဘူးလားဟူသော ပုံစံနှင့် မေစောင်းစောင်းကြည့်နေသော မိန်းကလေးကို သူက ပထမတော့ အံ့အားသင့်စွာကြည့်နေပြီးမှ တံခါးဖွင့်ပေးဖို့ အိမ်ပေါ်ကနေ၍ ကမန်းကတန်း ဆင်းလာခဲ့သည်။





သူ့အိမ်ရှေ့မှာ မိန်းကလေးတစ်ယောက်က အဟုတ်ကိုပဲ ရပ်နေပါသည်။ ရယ်ခြင်း ပြုံးခြင်းကင်းသော ခပ်တည်တည် မျက်နှာသည် တစ်လောကလုံး သင်းလုပ်စာ ထိုင်စားနေရသည့် ပုံစံမျိုးလည်းရှိသည်။

သူက သူမကို မသိမသာ အကဲခတ်ရင်းမှ မေးလိုက်သည်။

"ခင်ဗျားက ..."

"ခုလေးတင် ရှင်နဲ့ ဖုန်းပြောနေတဲ့သူလေ"

"ဪ ... အင်း"

သူ ကြောင်တက်တက် ဖြစ်နေပုံကို သူမက စိတ်မရှည်သလို တစ်ချက်ကြည့်ကာ ...

"ကဲ ... ရှင်က ဘာဖြစ်နေတာလဲ။ အပေါက်မဖွင့်တော့ဘူးလား"

"ဪ ... ဖွင့်မှာပါ ... ဖွင့်မှာပါ။ ဆောရီးပါခင်ဗျာ"

သူက ခပ်ရွှဲ့ရွဲ့ပြန်ပြောလိုက်ရင်း တံခါးပေါက်ကို ဖွင့်ပေးလိုက်လျှင် သူမက ကိုယ့်အိမ်ကိုယ့်ရာအလား ရှေ့ကနေ ခပ်တည်တည် ဝင်သွားသည်။ ဒီအမျိုးသမီးရဲ့ ပိုင်စိုးပိုင်နင်းနိုင်သော ပုံစံရယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော ပုံစံရယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ဆိတ်တော့ အံ့အားသင့်ရလေသည်။ သူများအိမ်ကို ငှားနေမယ့်သူရဲ့ ဒီဇိုင်းက ကြိုက်တောင်ကြိုက်ချင်စရာကောင်းနေသည်။

မဟော်ဂနီရောင် ခပ်လွှမ်းလွှမ်း ဆံကေသာတွေက အဖျားဘက်မှာ ခွေခွေလိပ်လိပ်တွေဖြစ်လျက် နဖူးကဆံပင်မှာ မျက်ခုံးနှင့်အတိ တစ်ညီတည်းဖြစ်နေပုံက သူမရဲ့ပုံစံကို တစ်မျိုးတစ်ဘာသာ နုနယ်အမြင်ဆန်းစေသည်။ ကော်လာပါသော မီးနီးမ ဝတ်ရုပ်လက်တို အဖြူရောင်လေးကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော်လည်း သူမပုံစံက အရှိန်အဝါတစ်မျိုးတော့ ကိန်းအောင်းနေသလိုပင်။

သူမက အိမ်ပေါ်မတက်သေးဘဲ တစ်ဖက်ကငှားမည့် အိမ်ခန်းရှေ့မှာ ရပ်ကြည့်နေသဖြင့် သူကပဲ အလိုက်သိစွာမေးမြန်းလိုက်ရသည်။

"အထဲဝင်ကြည့်မလား"

သူမက ခေါင်းတစ်ချက်ညိတ်ပြသည်။ သူက သော့သွားယူလာကာ ပိတ်ထားသော အိမ်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ လူမနေပေမယ့် သူက တစ်ပတ်တစ်ခါလောက် သန့်ရှင်းရေးလုပ်တာမို့ အခန်းက ဖုန်မတင်ပဲ သပ်ရပ်သန့်ရှင်းနေသည်။





သူမက အိမ်ထဲသို့ လှည့်လည်ကြည့်ရှုနေသည်မို့ သူက အိမ်အခြေအနေကို ပြောပြလိုက်သည်။

"အခန်းက နှစ်ခန်းဖွဲ့ထားတယ်။ နောက်မှာ ရေချိုးခန်းနဲ့ အိမ်သာက သပ်သပ်ရှိပါတယ်"

"အင်း ... ပြီးရောလေ၊ ကဲ ... ဒါဆိုရင် ရှင်နဲ့ကျွန်မ အလုပ်ကိစ္စ စကားပြောကြတာပေါ့"

"ဒါဆို လာပါ။ ကျွန်တော့်အိမ်ဘက်မှာ စကားပြောကြတာပေါ့"

အဲဒီနောက် သူက အိမ်ဘက်ရှိ ဧည့်ခန်းမှာ ထိုင်ပြီးနောက် သူမကို အိမ်လခနှုန်းထားနှင့်အတူ သုံးလသာစာချုပ်၊ ချုပ်မည့်အကြောင်း ပြောလိုက်သည်။

သူမက သူ့စကားကိုကြားလျှင် မျက်မှောင်ကြုတ်ကြုတ်ဖြင့် ...

"ဟင် ... ရှင်ဟာက ဘယ်လိုလဲ။ ခြောက်လတို့၊ တစ်နှစ်တို့ပဲ ကြားဖူးပါတယ်။ သုံးလက ဘာလုပ်တာလဲ"

"ကျွန်တော့်ရဲ့မူ ဆိုပါတော့၊ ခြောက်လတို့၊ တစ်နှစ်တို့ဆိုတာတွေက အိမ်ရှင်နဲ့ အိမ်ငှား အတူတူတွဲမနေတဲ့ သူတွေလေဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လို တွဲနေတဲ့လူတွေကတော့ အိမ်ငှားတွေရဲ့ဒုက္ခကို ခံရလွန်းလို့ ကိုယ့်ဟာကိုယ် ကာကွယ်ထားတဲ့ မူပါဒပဲ။ ခင်ဗျားတို့သာ အေးအေးဆေးဆေးသမားဆိုရင် ဘာမှပူစရာမလိုပါဘူး။ အခြေအနေကောင်းရင် သုံးလပြည့်လည်း ဆက်နေလို့ ရတာပဲလေ"

သူ့စကားကို သူမက မသိမသာ ရှုံ့မဲ့သည်။ သဘောကတော့ ကြီးကျယ်လိုက်တာ ဆိုသည့်သဘောဖြစ်သည်။ သူကလည်း ဆဋ္ဌမအာရုံဖြင့် ဒီမိန်းမဟာ ဆန်မရှိအစားကြီးသော အမျိုးအစားထဲကဆိုတာ အလိုလို သိနေသည်။ အင်း ... လူဦးရေနှုန်းထားနှင့် ပတ်သက်မှုကတော့ လက်ခံနိုင်စရာ အကြောင်းရှိပေမယ့် စိတ်ဓာတ်ကတော့ သူနဲ့ ဖြစ်ပါ့ ဖြစ်ပါ့မလား။

ကဲ ... ဘယ်တတ်နိုင်မလဲ၊ သုံးလတော့ ကြည့်ရမှာပေါ့။

"ဟုတ်ပြီလေ ... ဒါဆိုရင် ရှင့်ကို သုံးလစာတစ်ခါတည်း ပေးရမှာလား"

"ဟုတ်ပါတယ်"

"ပြီးရော"





သူမက ခေါင်းကိုင့်ကာ ပိုက်ဆံအိတ်ကို ဖစ်ဖွင့်မည် ပြင်စဉ်မှာပဲ သူက ကမန်းကတန်း တားမြစ်လိုက်ရသည်။

"နေ ... နေဦးလေ၊ ခင်ဗျားကို ကျွန်တော်က ငှားမယ်လို့ အတိအကျမှ မပြောရသေးတာ"

သူမ၏အကြည့်စူးစူးက သူ့ကိုယ်ပေါ်သို့ မြားတစ်စင်းလို ဒုတ်ခနဲလာစိုက်သည်။ သူက အနည်းငယ်ပြုံးကာ ချိုသာသောအသံဖြင့် ...

"ခင်ဗျားရဲ့ ကိုယ်ရေးရာဇဝင်ကို ကျွန်တော်မှမသိသေးတာ"

ထိုမိန်းကလေးက သူ့ကို အသေတိုက်ခိုက်ချင်လာသော မျက်လုံးများဖြင့် အငြိုးတကြီး ကြည့်ပြီးတော့မှ စိတ်လျှော့လိုက်ဟန်ဖြင့် ...

"ရှင့်အိမ်ကို ငှားနေမယ့် ကျွန်မမှာ မိသားစုဝင်တစ်ဦး၊ ကျွန်မနဲ့မှ စုစုပေါင်းနှစ်ဦးပဲရှိမယ်၊ သူက ကျွန်မအမေပဲ ... ကျွန်မနာမည်က ချစ်ခြင်းပြည့်စုံ။ ကဲ ... ဘာကျန်သေးလဲ"

"အင်း ... ကျန်တော့ မကျန်တော့ပါဘူး။ ဒါနဲ့ ခင်ဗျားက ဘာလဲ၊ ဟို ကျောင်းတက်နေတုန်းလား။ အလုပ်လုပ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအွေပါ ရှင့်ကိုပြောဖို့ လိုသေးလို့လား၊ ရှင် တော်တော်စပ်စုတာပဲ"

"စပ်စုတာ မဟုတ်ဘူးလေ၊ ကျွန်တော့်အိမ်ကိုငှားမယ့်လူတွေရဲ့ အလုပ်အကိုင်ကိုတော့ သိခွင့်ရှိတာပဲ မဟုတ်လား။ တော်ကြာ ခင်ဗျားတို့က ဥပဒေနဲ့မညီညွတ်တာတွေ လုပ်နေရင် ဘယ်လိုလုပ်မလဲ"

သူမက သူ့ကို အတော်စိတ်ပျက်လာသော မျက်လုံးများဖြင့်ကြည့်ကာ သက်ပြင်းတစ်ချက်ကို ဖောင့်ခနဲချရင်း ...

"ဥပဒေနဲ့ လွတ်တင်းတယ်။ ဒီမှာ ... ရှင် အပိုတွေသိပ်ပြောမနေနဲ့။ ကျွန်မ သိပ်စိတ်မရှည်တော့ဘူး။ ရှင့်အိမ်ကိုငှားနေပြီး ရှင့်ကို စိတ်အနှောင့်အယှက် မဖြစ်ရင် ပြီးတာပဲ မဟုတ်လား"

"ဟောဗျာ ... ခင်ဗျား ပြောပုံဆိုပုံနဲ့ လေသံကိုတော့ ကြိုက်တောင်ကြိုက်နေပြီ။ အိမ်ငှားနေမယ့်သူ ဒီဖိုင်းကိုတော့ ပြတိုက်မှာ သွားပြထားဖို့ကောင်းတယ်။ ကဲ ... ကဲ ... တော်ပါပြီ၊ ခင်ဗျားနဲ့ စကားဆက်ပြောနေရင် နှစ်ယောက်စလုံး ရန်ဖြစ်ရတော့မယ် ...





ခင်ဗျားကို အိမ်ငှားမယ်။ စာချုပ်,ချုပ်ဖို့ ကိစ္စကတော့ ခင်ဗျားဘက်ကလည်း သက်သေတစ်ယောက်ပါမှ လုပ်ကြတာပေါ့။ ခင်ဗျားတို့ ဘယ်နေ့ပြောင်းလာမှာလဲ"

"ဖြစ်နိုင်ရင် ဒီနေ့ညနေပဲ ပြောင်းလာမယ်"

မနိုင်ဘူး ဟူသောပုံစံဖြင့် သူက ပခုံးတစ်ချက်တွန့်လိုက်စဉ်မှာပဲ သူမက ထိုင်ရာမှထကာ သူ့ကို စေ့စေ့ကြည့်လျက် ...

"ကျွန်မတို့ ညနေလေးနာရီလောက် ရောက်လာခဲ့မယ်၊ ရှင် အိမ်မှာပဲ အဆင်သင့်စောင့်နေပါ"

"ဪ ... ဟုတ်ကဲ့ပါခင်ဗျ၊ ဟုတ်ကဲ့ပါ"

သူက ရွဲ့ဖြေလိုက်တာကို သူမက မျက်စောင်းတစ်ချက်ထိုးရင်း အိမ်ပေါ်မှ ဆင်းသွားသည်။ ဘယ်လိုတွေ ဆက်ကြုံရဦးမလဲ ဆိုတာကိုတော့ ဖန်သားပြင်ပေါ်မှာ ဆက်လက်ကြည့်ရှုဖို့သာ လိုတော့လေသည်။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေပါ ရှင့်ကိုပြောဖို့ လိုသေးလို့လား၊ ရှင် တော်တော်စပ်စုတာပဲ"

"စပ်စုတာ မဟုတ်ဘူးလေ၊ ကျွန်တော့်အိမ်ကိုငှားမယ့်လူတွေရဲ့ အလုပ်အကိုင်ကိုတော့ သိခွင့်ရှိတာပဲ မဟုတ်လား။ တော်ကြာ ခင်ဗျားတို့က ဥပဒေနဲ့မညီညွတ်တာတွေ လုပ်နေရင် ဘယ်လိုလုပ်မလဲ"

သူမက သူ့ကို အတော်စိတ်ပျက်လာသော မျက်လုံးများဖြင့်ကြည့်ကာ သက်ပြင်းတစ်ချက်ကို ဖောင့်ခနဲချရင်း …

"ဥပဒေနဲ့ လွတ်ကင်းတယ်။ ဒီမှာ … ရှင် အပိုတွေသိပ်ပြောမနေနဲ့။ ကျွန်မ သိပ်စိတ်မရှည်တော့ဘူး။ ရှင့်အိမ်ကိုငှားနေပြီး ရှင့်ကို စိတ်အနှောင့်ယှက် မဖြစ်ရင် ပြီးတာပဲ မဟုတ်လား"

"ဟောဗျာ … ခင်ဗျား ပြောပုံဆိုပုံနဲ့ လေသံကိုတော့ ကြိုက်တောင်ကြိုက်နေပြီ။ အိမ်ငှားနေမယ့်သူ ဒီဇိုင်းကိုတော့ ပြတိုက်မှာ သွားပြထားဖို့ကောင်းတယ်။ ကဲ … ကဲ … တော်ပါပြီ၊ ခင်ဗျားနဲ့ စကားဆက်ပြောနေရင် နှစ်ယောက်စလုံး ရန်ဖြစ်ရတော့မယ် …





ခင်ဗျားကို အိမ်ငှားမယ်။ စာချုပ်,ချုပ်ဖို့ ကိစ္စကတော့ ခင်ဗျားဘက်ကလည်း သက်သေတစ်ယောက်ပါမှ လုပ်ကြတာပေါ့။ ခင်ဗျားတို့ ဘယ်နေ့ပြောင်းလာမှာလဲ"

"ဖြစ်နိုင်ရင် ဒီနေ့ညနေပဲ ပြောင်းလာမယ်"

မနိုင်ဘူး ဟူသောပုံစံဖြင့် သူက ပခုံးတစ်ချက်တွန့်လိုက်စဉ်မှာပဲ သူမက ထိုင်ရာမှထကာ သူ့ကို စေ့စေ့ကြည့်လျက် …

"ကျွန်မတို့ ညနေလေးနာရီလောက် ရောက်လာခဲ့မယ်၊ ရှင် အိမ်မှာပဲ အဆင်သင့်စောင့်နေပါ"

"သြော် … ဟုတ်ကဲ့ပါခင်ဗျ၊ ဟုတ်ကဲ့ပါ"

သူက ရွဲ့ဖြေလိုက်တာကို သူမက မျက်စောင်းတစ်ချက်ထိုးရင်း အိမ်ပေါ်မှ ဆင်းသွားသည်။ ဘယ်လိုတွေ ဆက်ကြုံရဦးမလဲ ဆိုတာကိုတော့ ဖန်သားပြင်ပေါ်မှာ ဆက်လက်ကြည့်ရှုဖို့သာ လိုတော့လေသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ချစ်ခြင်း ... အမိုးတို့နေမှာ ဒီအိမ်လား"

Taxi ကားပေါ်မှ ဆင်းလိုက်ချင်းမှာပဲ အိမ်လေးကို ကြည့်ပြီး မေးလိုက်သော အမိုးရဲ့စကားကြောင့် ချစ်ခြင်းက ကားသမားကို ပိုက်ဆံရှင်းပေးနေရာမှ အသာငဲ့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ကားသမား ထွက်သွားတော့မှ ချထားသော အဝတ်အိတ်ကို ကောက်ဆွဲရင်း ပြန်မေးမိသည်။

"ဘာဖြစ်လို့လဲ အမိုးရဲ့"

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင် ဒီအိမ်လားလို့ ဘာလို့မေးတာလဲ၊ ဘာလဲ အမိုးက ဒီအိမ်မှာနေရမှာ စိတ်ညစ်သွားပြီလား"





"အင်း ... မညစ်ပါဘူး သမီးရဲ့။ အိမ်လေးက ကောင်းပါတယ်။ တိုက်ခန်းမဟုတ်တော့ အသက်ရှူချောင်တာပေါ့။ လှေကားမတက်ရတာလည်း တစ်မျိုး သက်သာတာပဲ။ ကောင်းတယ် ... ကောင်းတယ်"

အခုမှ ချစ်ခြင်း စိတ်ကျေနပ်အောင် စကားတွေ အများကြီး လျှောက်ပြောနေသော အမိုးကို ချစ်ခြင်းက အမျက်မပါသော မျက်စောင်းလေးတစ်ချက် ဝံ့ကြည့်ပြီးနောက် အိမ်တံခါးကိုဖွင့်ကာ အိမ်ထဲသို့ လှမ်းဝင်ခဲ့သည်။ ချစ်ခြင်းတို့ကို အသင့်စောင့်နေဟန်ရှိသော အိမ်ရှင် ကိုစပ်စုက လုပ်ယူထားသော ပြုံးဖြဲဖြဲမျက်နှာဖြင့် ရောက်လာကာ ...

"ဪ ... ရောက်လာကြပြီလား၊ အန်တီ ... ကျွန်တော့်ကို အိတ်ပေးလေ၊ လာ ... လာ"

"ရပါတယ် ကလေးရဲ့။ ရပါတယ်"

"မဟုတ်တာ အန်တီရဲ့။ ပေးပါ"

ချစ်ခြင်းက အမိုးကို တစ်ချက်ကြည့်လိုက်ပြီးနောက် ရှေ့ကနေ၍ လျှောက်လာခဲ့သည်။ အမိုးနှင့်အတူ အိမ်ရှင်ကပါ နောက်ကလိုက်လာသည်။ တစ်ယောက်ကို အထုပ်တစ်ထုပ်ဆီသာ ပါဝင်သော အမိုးနှင့် ချစ်ခြင်းကို ထိုလူက အံ့သြသလိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အန်တီတို့။ ကော်ဖီသောက်သွားပါဦးလား"

အမိုးက ချစ်ခြင်းရဲ့အကြောင်ကို သိစွာဖြင့် အားတုံ့အားနာဟန်ဖြင့် ပြန်ကြည့်ကာ "ရပါတယ်ကွယ်"ဟုဆိုသည်။ ဒါကို အထာမပေါက်သော သင်းက ...

"ဘယ်လို ရပါတယ်လဲ အန်တီ။ သောက်ဖို့ရတာလား၊ မသောက်ဖို့ ရတာလား။ အချိန်ရတယ် မဟုတ်လား။ ဟို... အန်တီတို့မှာလည်း ဘာမှနေရာချစရာ ဘာညာ ကိစ္စကြီးကြီးကျယ်ကျယ် မရှိဘူးဆိုတော့"

"ဒီမှာ ..."

ချစ်ခြင်းက စကားကိုဖြတ်ကာ ခေါ်လိုက်လျှင် သူက မသိနားမလည်သော ပုံစံဖြင့် လှည့်ကြည့်သည်။

"ဘာမှ မသောက်ဘူး။ ရတယ်။ အမိုး ... သွားရအောင်"

"ဟာ ... ခင်ဗျားကလည်း၊ ဘာဖြစ်တာလဲ၊ ကျွန်တော်က လူကြီးကို ရိုသေသမှုနဲ့ မေးတဲ့ဟာပဲ။ ခင်ဗျားတို့မှာ ဘာပဓ္စည်းမှမပါလို့ ကူညီစရာရှိရင် ကူညီလို့ရအောင် မေးနေတာ ...

စေတနာကို အသိအမှတ် မပြုဘူး"





"ဟုတ်တယ် ... မပြုဘူး ထင်ရင်လည်း နောက်နောင် စေတနာတွေ မပိုနဲ့တော့ပေါ့။ လာ ... အမိုး၊ အပြင်တစ်ခေါက်ထွက်ပြီး ဝယ်စရာတွေ ရှိသေးတယ်"

ချစ်ခြင်းက အမိုးရဲ့လက်ကို ဆွဲခေါ်ပြီး ထွက်လာခဲ့လျှင် အမိုးမှာ ကိုးရိုးကားရားဖြင့် ပါလာရသည်။ ချစ်ခြင်းတို့နေမည့် ဒီဘက်အခြမ်းသို့ ရောက်သောအခါမှ အမိုးက ချစ်ခြင်းကို ပွစိ ပွစိဖြင့် ပြောလေသည်။

"ချစ်ခြင်းရယ် ... ဟိုကောင်လေးပုံစံ ကြည့်ရတာ သဘောမနောကောင်းပြီး ရိုးရိုးသားသား ပုံစံလေးပါ။ ဒါကို ဘာဖြစ်လို့ ဘုကန့်လန့်တိုက်တဲ့ စကားတွေပဲ ပြောနေရတာလဲ"

"အို ... အမိုးကြီး မသိပါဘူး။ အဲဒီလို ရောတောရှိလုပ်တာမျိုးတွေ ချစ်ခြင်းမှ မကြိုက်တာ။ သူလည်း သူ့ဟာသူနေ၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်နေတာပဲ ကောင်းတယ် ...

ဒီလို ပြတ်ပြတ်ဆက်ဆံထားတာတောင် တော်ကာ မကျဘူး။ လိုက်စပ်စုနေတာ။ ခုတည်းက ပြောထားမယ် နော် အမိုး။ သူ အရောဝင်လာရင်လည်း အမိုးအရောမဝင်ရဘူး။ ကင်းကင်းနေ ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ချစ်ခြင်း တစ်ယောက်ကတော့လေ။ တွေ့တဲ့လူတိုင်းကို မျက်လုံးစိမ်းနဲ့ကြည့်ပြီး မဆက်ဆံချင်ပါနဲ့ သမီးရယ်။ လူချင်းတူပေမယ့် အသက်ရှူပုံချင်းတူတာမှ မဟုတ်တာ။ မကောင်းတဲ့လူနဲ့ ကြုံဖူးတာနဲ့ပဲ တစ်လောကလုံးကလူတွေ မကောင်းဘူးလို့ သတ်မှတ်လို့မှ မရတာ ...

အမြဲတမ်း စိတ်တို စိတ်ဆတ်နေတာက ချစ်ခြင်းလေးအတွက် ဘယ်လိုမှ မကောင်းနိုင်ပါဘူး"

"ဟာ ... အဲဒါတွေ ချစ်ခြင်း ဘာမှမသိဘူး။ ချစ်ခြင်း သိတာက လူတွေကို ဘယ်သူ့ကိုမှ ရာနှုန်းပြည့် ယုံကြည်လို့ မရဘူးဆိုတာပဲ အမိုး ...

ဘာလို့လဲဆိုတော့ အမိုးလည်း သိပါတယ်။ တချို့လူတွေက ယုံကြည်မှုတစ်ခု ရဖို့အတွက် နှစ်ရှည်လများ စတေးပြီး ချဉ်းကပ်လာကြတာ ...

သူ့ကို အပြည့်အဝ ယုံကြည်ပြီ ဆိုတော့မှ နောက်ကျောကို ဓားနဲ့ထိုးတာ။ အရမ်းယုတ်မာတယ်။ ပက်စက်တယ် အကြံကြီးတယ်"

ခံစားချက်တွေ ပါလာပြီး တုန်ဟိုက်နေသောအသံနှင့် ပြောနေသော ချစ်ခြင်းကို အမိုးက သနားကရုဏာသက်စွာ





ဖြင့် ငေးကြည့်နေရုံမျှအပ ဘာမှမတတ်နိုင်ပါ။ နုနယ်သောနှလုံးသားနဲ့ လူငယ်မိန်းကလေး ဆိုတော့လည်း မခံမရပ်နိုင်ပေါက်ကွဲတာလည်း မဆန်းပါ။

ချစ်ခြင်းလေး ပြောသလို ယုံကြည်မှုတစ်ခုရဖို့အတွက် နှစ်လရှည်များ စတေးပြီးမှ နောက်ကျောကို ဓားနဲ့ထိုးတော့လည်း ဘာတတ်နိုင်မှာလဲလေ။ ယုံကြည်လောက်အောင်ကို ရင်းနှီးခဲ့တာတွေ ရှိတော့လည်း ဘာမှမပြောသာ။

ယုံခဲ့တဲ့သူရဲ့အပြစ် မဟုတ်ဘဲ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့တဲ့သူရဲ့ အပြစ်တွေသာပဲ ဖြစ်တော့သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ချစ်ခြင်းလေးရယ်။ အမှန်တရားကို ဘုရားသခင် သိတာပဲ။ အချိန်တန်ရင် မကောင်းတဲ့သူက မကောင်းတဲ့လမ်းကို သွားရမှာပဲ"

"မကောင်းတဲ့လမ်းကို ဘုရားသခင်ကတော့ ပို့မှာမဟုတ်ဘူး၊ ချစ်ခြင်းကပဲ ပို့မှာ"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ။ ချစ်ခြင်းတစ်ယောက်ကတော့လေ"

ချစ်ခြင်းက လက်ပိုက်ကာ ထိမထင်မျက်နှာပေးဖြင့် သရော်မော်ကား ပြုံးနေသည်။ အမိုးက ချစ်ခြင်းမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ကြည့်နေသောကြောင့် ချစ်ခြင်းက ပခုံးကိုတစ်ချက်တွန့်ကာ ...

"ဟုတ်တယ်လေ။ အမိုးပဲ စဉ်းစားကြည့်၊ ဘုရားသခင်က ငရဲကို ပို့တယ်ဆိုတာ ရှိမှမရှိတာ။ ချစ်ခြင်းတို့ ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားဟောထားတာက ကံ, ကံရဲ့အကျိုးပဲ။ ကိုယ်လုပ်တဲ့ကံအတိုင်း ကိုယ့်ကို အကျိုးပေးမှာပဲ။ ကောင်းခြင်း ဆိုးခြင်းတွေကို ဘယ်ဘုရားကမှ ဖန်တီးတာ မဟုတ်ဘူး ...

ကိုယ်တိုင်ပဲ ဖန်တီးတာ။ အဲဒါကို လက်ခံ"

"အမယ်လေး ... ချစ်ခြင်းရယ်။ တော်ပါတော့ ... တော်ကြာ ရှင်နဲ့ ကျုပ်နဲ့ ဘာသာရေးတိုက်ပွဲတွေ ဖြစ်နေပါဦးမယ်"

"ဖြစ်စရာအကြောင်းတွေ မရှိပါဘူး။ ချစ်ခြင်းက လက်တွေ့ကျကျ သုံးသပ်ပြနေတာ၊ ချစ်ခြင်းတို့ ဗုဒ္ဓက လက်တွေ့သမား။ ချစ်ခြင်းကလည်း လက်တွေ့ပဲ ကြိုက်တယ်။ ဒါကြောင့် ပြောတာ ...

မေတ္တာကရုဏာကြီးမားတဲ့ ချစ်ခြင်းတို့ ဗုဒ္ဓရော၊ အမိုးရဲ့ဘုရားသခင်ရောက သူတို့ကို ငရဲပို့မှာတော့ မဟုတ်





ဘူး။ သူတို့ရဲ့မကောင်းမှုကပဲ သူတို့ကိုပို့မှာ။ ဒါပေမဲ့ အဲဒီအချိန်က တစ်နှစ်လား၊ ငါးနှစ်လား၊ ဆယ်နှစ်ကြာမလားတော့ မပြောတတ်ဘူး။ မြန်မြန်ရောက်အောင် ပို့ပေးရမှာတော့ ချစ်ခြင်းရဲ့တာဝန်ပေါ့။ ဟုတ်ဖူးလား"

ချစ်ခြင်းရဲ့ ညစ်ကျယ်ကျယ်ပုံစံကို အမိုးက ရင်ဖိကာ "အမယ်လေး ... ဘုရားသခင်"ဟု တ,နေသည်။ အဲဒီပုံစံကို ရယ်ချင်သောကြောင့် ချစ်ခြင်းက နောက်ထပ်စကားတစ်ခွန်းကို ထပ်ပြီးပြောလိုက်သည်။

"တရုတ်ကားတွေထဲကအတိုင်း ကြိုက်လို့ လိုက်ပြောလိုက်ဦးမယ်။ လက်စားမချေရင် တမလွန်က အမေက ကျေနပ်မှာ မဟုတ်ဘူး အမိုးကြီးရဲ့ ...

ကဲ ... လာ ... လာ။ မွေ့ရာတို့ ခေါင်းအုံးတို့ သွားဝယ်ရအောင်"

ချစ်ခြင်းက လက်ဆွဲခေါ်တော့မှပင် အမိုးက ခေါင်းတယမ်းယမ်းနှင့် ပါလာတော့သည်။ ဒီလိုနှင့် ချစ်ခြင်းပြည့်စုံ၏ဘဝစာမျက်နှာအသစ်တစ်ခုကိုဖွင့်ဖို့ အသင့်ရှိနေခဲ့လေသည်။

*○*



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟော့ကောင် ... အိပ်လှချည်လားကွ။ ခုတော့လည်း နံနက်ချိန်ခါ တေးသံသာလေးတွေ မကြားရတော့ နေဖင်ထိုးတာတောင် မနိုးတော့ဘူးပေါ့ ...

ထ ... ထ။ လက်ဖက်ရည်ဆိုင် သွားမယ်။ ဘိုဘို တစ်ယောက်တည်း စောင့်နေရဦးမယ်"

လင်းထွဋ်က သူ့အခန်းရှိရာ ပြတင်းပေါက်ကနေ လာအော်နေခြင်း ဖြစ်တာရော၊ တံခါးကို တဘုန်းဘုန်း ထုနေတာရောကြောင့် ထိုက်ရည်က အိပ်နေရာမှ လူးလွန့်ရွာ နိုးလာသည်။ ညက နှစ်နာရီလောက်ထိ စာဖတ်နေတာကြောင့် အိပ်ရာဝင်တာ နောက်ကျသွားသည်။ ရာသီဥတုကလည်း ကိုယ့်ဘက်ပါနေသောကြောင့် နှပ်လို့ကောင်းကောင်းနှင့် ဆက်၍နှပ်နေခြင်းဖြစ်သည်။





သူက အိပ်ရာမှထကာ ပြတင်းပေါက်ကို ဖွင့်လိုက်လျှင် လင်းထွဋ်က ပြတင်းပေါက်အောက်မှ သူ့ကို လက်ပိုက်ကြည့်နေသည်။

သူက အိပ်မှုန်စုံမွှားဖြင့် မျက်လုံးကို ပွတ်သပ်ပြီးနောက် ...

"အိမ်ရှေ့က လာလေကွာ။ ငါ အပေါက်ဖွင့်ပေးမယ်"

သူက အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်လျှင် လင်းထွဋ်က အိမ်ပေါ်တက်လာသည်။ သူ့ဧည့်ခန်းထဲက ဆက်တီမှာ ဝင်ထိုင်နေတုန်းမှာပဲ သူက မျက်နှာသစ်၊ သွားတိုက်သည့် အလုပ်ကို အလျှင်အမြန်ပြီးအောင် လုပ်လိုက်သည်။ နောက် တီရှပ်နှင့် ဂျင်း(န်)တစ်ထည်ကို ကောက်စွပ်ပြီးသွားသောအခါ လက်ဖက်ရည်ဆိုင်သွားဖို့ အဆင်သင့် ဖြစ်သွားသည်။

"ကဲ ... ရွေ့လို့ရပြီ"

လင်းထွဋ်က ခေါင်းတစ်ချက် ဆတ်ပြီးနောက် သူတို့နှစ်ဦးသားမှာ အိမ်ပေါ်ကဆင်းလာကာ သူက အိမ်တံခါးကို သော့ပိတ်နေတုန်းမှာပဲ တစ်ဖက်အခန်းမှ အန်တီကြီးကလည်း အိမ်ရှေ့ထွက်လာတာနဲ့ ကြုံသည်။ ဖြူဖြူခန့်ခန့်နှင့် ခပ်ဝဝဖြစ်သော ထိုအန်တီကြီးရဲ့ရုပ်ရည်နှင့် စကားပြောသံအရ တိုင်းရင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်ဟု ခန့်မှန်း၍ရသည်။ ထိုအန်တီကြီးရဲ့ရုပ်ရည်က နှစ်လိုဖွယ်ရှိသလောက် သူ့သမီးကတော့ ဘာဖြစ်လို့များ တစ်လောကလုံးကို ရှာကျွေးနေရသောမျက်နှာ ဖြစ်နေလည်းတော့ မသိတတ်တော့ပါ။

သူ့သမီးက အချိုးမပြေပေမယ့် ထိုအန်တီကြီးကတော့ ခင်မင်နှစ်လိုဖွယ် ကောင်းသည်မို့ သူက ဖော်ရွေစွာနှုတ်ဆက်မိသည်။

"အန်တီတို့ နေရ ထိုင်ရတာ အဆင်ပြေရဲ့လား ခင်ဗျ"

"အေး ... ပြေပါတယ် ကလေးရဲ့။ ကောင်းပါတယ်။ ကလေးက- အမြဲသန့်ရှင်းရေး လုပ်ထားလို့နဲ့တူတယ်။ အန်တီတို့က ကြီးကြီးမားမား ဘာမှလုပ်စရာမလိုဘူး။ အကုန်သန့်ရှင်းတယ်၊ ကြွက်တို့ ကြမ်းပိုးတို့ မရှိတာ စိတ်ချမ်းသာစရာပဲ"

အန်တီကြီး စကားကြောင့် သူက တစ်ချက်ရယ်ကာ အိမ်သော့ကို ဘောင်းဘီအိတ်ကပ်ထဲထည့်ရင်း ပြန်ဖြေမိသည်။

"ကျွန်တော့်အိမ်မှာက အဲလို အင်းဆက်တွေ မရှိပါဘူး အန်တီရဲ့။ ကျွန်တော်က အိမ်ငှားတစ်ယောက်ဆင်းတာနဲ့ သန့်ရှင်းရေးကို ဟဲဗီးလုပ်တာ။ တချို့အိမ်ငှားတွေက





ညစ်ပတ်တတ်တယ်။ အဲဒီကျရင် သူတို့မရှိတာနဲ့ ကြွက်ဆေးတို့ ကြမ်းပိုးဆေးတို့ ချပြီးသားပဲ။ ဟဲ ... ဟဲ ...

အန်တီတို့ တခြား ဘာလိုသေးလဲ။ ဈေးတွေ ဘာတွေရော သိရဲ့လား"

"အင်း ... မသိသေးပါဘူး ကလေးရယ်။ လောလောဆယ် ချက်စားဖြစ်မှာလည်း မဟုတ်သေးဘူး။ ပစ္စည်းတွေ ဘာတွေလဲ ဘာမှမဝယ်ရသေးဘူးလေ"

"ဩော် ... ဈေးက ဟိုဘက်ထိပ်မှာ အန်တီ။ သိပ်မဝေးပါဘူး။ ဟိုဘက်လမ်းထဲမှာက ထမင်းဆိုင်လေးတစ်ဆိုင်ရှိတယ်။ မဆိုးပါဘူး၊ ရပ်ကွက်ဆိုင်လေးပေမယ့် သန့်ရှင်းပြီး ဈေးသက်သာပါတယ် ...

ဈေးထိပ်မှာက လက်ဖက်ရည်ဆိုင်တို့၊ စတိုးဆိုင်တို့ စသဖြင့် အစုံရှိတယ် အန်တီ"

"အေး ... အေး။ ကျေးဇူးပါပဲကွယ်"

"အန်တီတို့ ဘာစားပြီးပြီလဲ။ အခု ကျွန်တော် လက်ဖက်ရည်ဆိုင်သွားမှာ တစ်ခုခု ဝယ်ခဲ့ပေးရမလား"

အဲဒီအချိန်မှာပဲ တစ်လောကလုံး သူမ လုပ်စာထိုင်စားနေသည်ဟု ထင်နေသော ကောင်မလေးက အိမ်ထဲမှထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရပ်စကားပြောနေသော သူတို့ကို မြင်ရဲ့သားနှင့် ဘာလုပ်နေတာလဲဟု အပိုစကားတွေက မေးသေးသည်။

"ချစ်ခြင်း ... ဒီကလေးတွေက လက်ဖက်ရည်ဆိုင် သွားမလို့တဲ့။ ချစ်ခြင်း သွားမနေတော့ဘဲ သူတို့ကိုပဲ မှာလိုက်ပါလား"

"နေပစေ အမိုး။ ကိုယ့်ဟာကိုယ်ပဲ သွားမယ်"

သူမက သူတို့ကြားထဲမှ ဖြတ်တိုက်ပြီးတော့တောင် ထွက်သွားကာ ဘောက်ဆတ် ဘောက်ဆတ်နှင့် ရှေ့ကထွက်သွားသဖြင့် သူနှင့် လင်းထွင့်မှာ ကြောင်ပြီးကျန်ရစ်ခဲ့သည်။

သူမရဲ့ အမိုးကတော့ ဒါမျိုးကို ရိုးနေဟန်ဖြင့် အားတုံ့အားနာပြုံးကာ ...

"ချစ်ခြင်းက အဲဒီလိုပဲ ကလေးတို့ရဲ့။ သူက သူများကို ကျေးဇူးတင်ရမှာ အင်မတန် ဝန်လေးတဲ့ လူစားမျိုးလေ"

"ဪ ... အန်တီရယ်။ ကျွန်တော်တို့ကလည်း ဒါကြီးကို ငါ့ကျေးဇူး ရှိဖူးတယ်လို့ မသတ်မှတ်ပါဘူးဗျာ။ ဒီလိုပဲ ရိုးရိုးသားသား စေတနာမျိုးနဲ့ မေးတာပါ။ အင်းလေ ... ဒါဆိုလည်း ကျွန်တော် သွားလိုက်ဦးမယ်"

"အေးပါ ကလေး။ သွား ... သွား"





သူနဲ့ လင်းထွင့်က တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်ကာ လမ်းရောက်တော့မှပဲ ပြောချင်တဲ့စကားတွေကို ဖွင့်ချရတော့သည်။

"ဘာလဲကွာ ... အဲဒီကောင်မလေးက။ သူများအိမ်လည်း ငှားနေသေးတယ်။ ရပ်ကလည်း ဘယ်သူ့ကိုမှ မတူဘူး မတန်ဘူး ဒီဇိုင်းနဲ့ ...

မင်းဟာကလည်း၊ အိမ်ငှားတွေ့က တစ်ယောက်တစ်မျိုးနဲ့ မစွံပါဘူးကွာ"

"မသိပါဘူးကွာ၊ အရင်အိမ်ငှားတွေကျတော့လည်း ဆူတာပူတာနဲ့၊ အိမ်လခ မပေးချင်တာနဲ့၊ ဟိုဟာလာချေး ဒီဟာလာချေးတာနဲ့ မျိုးစုံပဲ ...

ဒါကကျတော့ ခင်ကြီးကျယ်လေ။ ငါက တွေ့လိုက်ရင် အိုတာတွေချည်းပဲ လင်းထွင့်ရေ။ သူ့ကျတော့လည်း ဘယ်သူနဲ့မှကို အပတ်အသက် မလုပ်ချင်တဲ့ ဒီဇိုင်းမျိုး။ ဟင်း ..."

"အေး ... ဒါနဲ့နေပါဦး၊ သူတို့က အိမ်ငှားနေတယ်လည်း ဆိုသေး၊ ဘာအိမ်ထောင်ပရိဘောဂမှလဲ မပါဘူးနော်။ တစ်မျိုးကြီးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဟို အန်တီကြီး ကြည့်ရတာ တိုင်းရင်းသူနဲ့တူတယ်၊ အသားအရေက ကရင်လိုလို မွန်လိုလိုမျိုးပဲ။ မင်းရဲ့ခင်ကြီး ကျယ်ကတော့ တစ်မျိုးတစ်ပုံကွ၊ သားအမိသာပြောတယ်၊ တစ်ယောက်တစ်မျိုးဆိုပဲ"

"နေစမ်းပါကွာ။ ဘာ ... မင်းရဲ့ခင်ကြီးကျယ်လဲ။ တော်ပါ ပြီ စေတနာနဲ့ မတန်တော့လည်း မတန်သလိုပေါ့။ ဟိုမှာ ဘိုဘိုတောင် ရောက်နေပြီ"

ဘိုဘိုက ထိုင်နေရာမှ သူတို့နှစ်ယောက်ကို လက် လှမ်းပြသည်။ အဲဒီအချိန်မှာပဲ သူမကလည်း ဘိုဘိုနှင့်မလှမ်း မကမ်းက စားပွဲဝိုင်းတစ်ခုမှာထိုင်လျက် ပါဆယ်မှာထားတာကို စောင့်နေဟန်တူသည်။ ထုံးစံအတိုင်း မျက်နှာကျောက တင်းတင်း ပင်။ နံနက် အိပ်ရာထခါစမို့ ဆံပင်တွေကို ငယ်ထိပ်နားမှာ ဆံထုံးတစ်ခု စုစည်းဖွဲ့ထုံးထားလျက် ရှပ်အင်္ကျီအကွက်ကို လက် ခေါက်ဝတ်ထားကာ ဒူးအတိရှိသော ဂျင်း(န်)ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသည်။

ဘယ်လိုပဲ ပေါ့ပါးစွာ ဝတ်ဆင်ထားပါစေ ပင်ကို ရုပ်ရည်က သန့်ပြန့်အထက်တန်းကျသော ရုပ်ရည်မို့ သူမပုံစံက လက်ဖက်ရည်ဆိုင်ထဲတွင် ထင်းနေသည်။ သူတို့ရပ်ကွက်လေးဟာ





သိပ်ချမ်းသာသော လူရယ်လို့လည်းမရှိ၊ သိပ်ဆင်းရဲသော လူရယ် လို့လည်းမရှိဘဲ သာမန်လူလတ်တန်းစားများတာမို့ ဝတ်စားဆင် ယင်သုံးစွဲမှုမှာလည်း ဘယ်သူ့ ဘယ်သူမှ ထူးပြီးသာတာမျိုးလည်း ရှိမနေချေ။ ဒါကြောင့် ... နည်းနည်း တောက်တောက်ကြွားကြွား လူတစ်ဦးဦးများ ရောက်လာလျှင် သိသာလေ့ရှိသည်။

အခုလည်း သိပ်ထူးခြားထောက်ပအောင် ဝတ်စား ထားတာမျိုး မဟုတ်ဘဲ ပြောရလျှင် အိမ်နေရင်းစတိုင်လ်တောင် ပေါက်နေသော သူမဟာ ဘယ်နားကများ အရောင်ဝါတွေ ထွက် နေလည်းတော့ မပြောတတ်တော့ချေ။ သူမကိုလည်း တချို့လူ တွေက သိသိသာသာ ရှိုးနေတာတွေ့ရသည်။ မသိသေးသော ဘိုဘိုကတောင် သူမကို မသိမသာ မေးဆတ်ပြကာ ...

"ဟော့ကောင်တွေ ... ဟိုမှာ အလန်းဇယားတစ်ပွင့်ကွ။ ဘယ်က လွင့်လာတာလဲ မသိဘူး။ ပါဆယ်လာ ဝယ်ပုံ ထောက် ဒီရပ်ကွက်ထဲ ပြောင်းလာတဲ့ လူသစ်နဲ့တူတယ်။ မိုက်တော့ မိုက်တယ်နော်"

ဘိုဘိုရဲ့စကားကို လင်းထွန်းက ဟက်ခနဲ တစ်ချက် ရယ်ကာ စားပွဲထိုးကို ပဲပလာတာနှင့် ပရိုမီယာနှပ်ကော်ဖီတစ် ခွက် မှာသည်။ သူကတော့ မန္တလေးနန်းကြီးသုပ်ပဲ အရင်မှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ထုံးစံက အားလုံးစားပြီးသောက်ပြီးမှ လက်ဖက်ရည်ကို အချိုတည်းတာမျိုး။ သူ ရေမွေးငှဲ့နေတုန်းမှာပဲ သူမက ပါဆယ် ဝယ်ထားသော မုန့်ထုပ်များနှင့် လက်ဖက်ရည်ထုပ်ကို ဆွဲကာထွက် သွားသည်။

"သွားပြီ။ ဘယ်နားမှာ နေတာလဲ မသိဘူးနော်။ မိုက်တာ တော့ တော်တော်မိုက်တယ်။ ပုံစံက သန့်တာတော့ တော် တော်သန့်ပေမယ့် အရမ်းအလျှံကြီးလည်း ဟုတ်ပုံမရဘူး"

လာပြီ။ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တာ နှင့် ရေလျှံလား၊ မလျှံတဲ့သူလားဆိုတာ ဘိုဘိုတို့က သုံးသပ်ပြပါ တော့မည်။ ခက်တာက ဒီကောင်သုံးသပ်ပြတဲ့အတိုင်းလည်း မှန် နေတာပဲဖြစ်သည်။

"ဆိုစမ်းပါဦး။ မင်းက ဘာကိုကြည့်ပြီး အရမ်းအလျှံကြီး မဟုတ်ဘူးလို့ သုံးသပ်ပြရတာလဲ"

"ဟ ... သူဌေးသမီးတစ်ယောက်ဟာ လက်ဖက်ရည်ဆိုင် မှာ ကိုယ်တိုင် ပါဆယ်လာဝယ်မလားကွ။ ထားဦး ... သူဌေးသမီးလည်း အိမ်မှာမစားချင်လို့ ဆိုင်ကမုန့်စားချင် လို့ လာဝယ်တယ်ပဲ ထားဦး။ ခြေလျှင်တော့ ဝယ်မလား ကွာ။ ကိုယ်တိုင်ကားမောင်းပြီး ထွက်ဝယ်မှာပေါ့ ...





အဲ ... အဲဒါက အိမ်ဖော်မရှိတဲ့ အခြေအနေ၊ အိမ်မှာ နိုင်းဖို့ အလုပ်သမားမရှိတဲ့ အခြေအနေကို တွက်ပြတာနော်။ တကယ့်လျှံတွေက ခြွေရံသင်းပင်းလည်း အပြည့်အစုံပဲ။ အခုနက ကောင်မလေးကတော့ လျှံတော့မဟုတ်လောက် ဘူး"

"ဟင်း ... လျှံသာ မဟုတ်တာ။ တစ်လောကလုံး သူ့ လုပ်စာထိုင်စားနေတဲ့အတိုင်းပဲ"

လင်းထွဋ်ရဲ့မှတ်ချက်ကို ဘိုဘိုက အဆစ်တောင်း သောက်ထားသော မုန့်ဟင်းခါးဟင်းရည်ကို လက်စသတ်ရင်း သောက်ခံသည်။

"Right ! ။ အဲဒါတော့ အမှန်ပဲ။ ငါလည်း အဲဒီကောင်မ လေးဝင်လာတည်းက ကြည့်နေတာ။ ရုပ်ကတော့ တကယ့် ကို မာရေကျောရေ။ စားပွဲထိုးကို စကားပြောတာတောင် သူနဲ့ မတူသလို မတန်သလို ပြောတာ ...

ဘယ်ကဟာလေးလဲတော့ မသိဘူး"

"ဘယ်ကဟာရမှာလဲ။ ဒီကောင့်အိမ်ကို ငှားနေတဲ့ဟာ"

လင်းထွဋ်က ဖြတ်ပြီးပြောလိုက်လျှင် ဘိုဘိုက မျက်လုံးအပြူးသားဖြင့် ကြည့်သည်။ သူက လာချပေးထားသော နံ့ကြီးသုပ်ကို သမအောင်နယ်ဖတ်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ဒါပေမဲ့ ငါက သူ့မျက်နှာကို ပြန်ကြည့်နေရတာ"

ဘိုဘိုက ဟုတ်လားဟူသော သဘောဖြင့် မျက်ခုံးပင့်ကာ မေးဆတ်ပြသည်။ သူက နန်းကြီးသုပ်ကို တစ်ဇွန်းစားနေထုန်းမှာပဲ လင်းထွဋ်က ဝင်ပြောသည်။

"ဟုတ်တယ်။ ကြော့ကတော့ တင်းသလားမမေးနဲ့ဟော့။ သူ့လုပ်စာကို တစ်လောကလုံးက ထိုင်စားနေတဲ့အတိုင်းပဲ။ ထူးတော့ ထူးဆန်းတယ်ကွ။ ဒီကောင့်အိမ်ကို အိမ်တွားနေတာ၊ အိမ်ထောင်ပစ္စည်းတွေ ဘာတွေလဲ တစ်ခုမှပါမလာဘူး။ ကြည့်ရတာ နယ်ကများ ပြောင်းလာတာလား မသိဘူး"

"မဖြစ်နိုင်ဘူးကွ။ ငါ့ဆီမှာ သူ့မှတ်ပုံတင်မိတ္တူစာရွက်ရှိတာပဲ။ သူ့ကို မွေးခဲ့တဲ့နေရာ … အဲ … မှတ်ပုံတင်လုပ်တဲ့ မြို့နယ်က ဗဟန်းလို့ ရေးထားတယ် …

ထားပါကွာ။ သူ့အကြောင်းကို သိပ်စိတ်မဝင်စားရင် ကောင်းမယ်၊ အဲဒီကောင်မလေးက ကြီးကြီးကျယ်ကျယ်နဲ့ ဘာမှန်းမသိဘူး"





သူက စကားစဖြတ်လိုက်သော်လည်း ဘိုဘိုက မဖြတ်သေးဘဲ ထပ်ပြောသည်မှာ ပြုံးစိစိဖြင့် …

"ဘယ်လိုပဲဖြစ်ဖြစ် မင်း အပျင်းပြေတော့မှာပေါ့။ မင်းနဲ့က နံရံတစ်ချပ်ပဲခြားတာဆိုတော့ … ဟဲ … ဟဲ"

"တော်ပါ … စိတ်ကုန်လွန်းလို့။ ငါလည်း အလုပ်လျှောက်တော့မှာ။ မင်းတို့လည်း အလုပ်အကိုင် ကောင်းကောင်းလေးတွေကြားရင် ပြောဦး …

ကဲ … ဒီနေ့တော့ အိမ်တွားရတဲ့ အထိမ်းအမှတ်နဲ့ မင်းတို့ကို ငါ ကျွေးရမှာပေါ့ကွာ"

ဘာရယ်မဟုတ်ဘဲ အဲဒီလိုမျိုး ကြုံရင် ကြုံသလို အလှည့်ကျ ကျွေးတတ်ကြတာလည်း သူတို့သူငယ်ချင်းတစ်စုရဲ့ ချစ်စရာ ဓလေ့စရိုက်ပဲ ဖြစ်တော့သည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၁

ခေါင်းရင်းမှာရှိသော သစ်ပင်ထက်က ငှက်တွေရဲ့ ပကျိ ပကျိ စကားများသံတွေနှင့်အတူ ချစ်ခြင်းက အိပ်ရာ နိုးထလာခဲ့သည်။ ကျေးငှက်သံလေးတွေနှင့် နိုးထလာရတာဟာ စိတ်ချမ်းသာစရာ ကောင်းသော်လည်း နံနက်နိုးလာတိုင်းမှာ ပြတင်းပေါက်က ရပ်ကြည့်မိသော ရေပြင်ကျယ်ရှုခင်းကို မမြ ရသည့်အခါ ရင်မှာ နာကျင်ရသည်။ ကိုယ် တစ်သက်လုံးက လည်ကြီးပြင်းသည့် နေရာကို စွန့်ခွာလျက် ဒီလိုနေရာမျိုးမှာ ရလိမ့်မည်ဟု အိပ်မက်တောင် မမက်ခဲ့ဖူးချေ။

ထားပါတော့လေ၊ ချစ်ခြင်းဟာ တရားသဘော နက်နက်နဲနဲ နားမလည်သေးသော်ငြား ဝါသနာပါသော စာပေတ်ခြ





တွေအရ ဆရာတော်ဦးဇောတိက၊ အရှင်ဆန္ဒာဓိက စတဲ့ ဆရာတော်တွေရဲ့ဆုံးမစာ၊ ဘဝနေထိုင်ခြင်း အသိပညာတွေကို သိသင့်သလောက် သိထားသူမို့ လောကဓံဆိုတာကို ခုချိန်မှာ မျက်နှာချင်းဆိုင် ကြည့်ဝံ့သော အနေအထား ဖြစ်နေခဲ့ပြီ။ ကံဇာတာနိမ့်နေတဲ့ အလှည့်အပြောင်းမှာ ကိုယ်က မှန်နေသော်ငြားလည်း မှိန်မှော မှောက်ကွယ်နေပေးရမည် ဆိုတာကို လက်ခံထားပြီးသားဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်ခြင်းသည် အမှန်တရားအတွက် တိုက်ပွဲဝင်သွားဦးမှာပင်။

ချစ်ခြင်းက နံနက်ခင်းရဲ့ အားမာန်သစ်နဲ့အတူ အိပ်ရာမှ ထလာကာ မျက်နှာသစ် သွားတိုက် သန့်ရှင်းရေးလုပ်လိုက်သည်။ ချစ်ခြင်း အိပ်ရာနိုးလာတာကိုသိသော အမိုးက အနားသို့ရောက်လာကာ …

"ချစ်ခြင်းလေး နိုးပြီလား။ အမိုး မုန့်ဟင်းခါး သွားဝယ်ထားတယ်၊ ကော်ဖီဖျော်လိုက်ရတော့မလား သမီး"

"နေပါ … ပြီးမှ ချစ်ခြင်းဘာသာ ဖျော်ပါ့မယ်"

"အို … သောက်မှာ မဟုတ်လား။ ဖျော်ထားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းက ဘာမှမပြောတော့ချေ။ ချစ်ခြင်းကို ငယ်ငယ်လေးတည်းက ပြုစုထိန်းကျောင်းလာခဲ့သူ၊ ကြီးလာတော့လည်း ချစ်ခြင်းရဲ့ဝေယျာဝစ္စတွေ၊ အကြိုက်တွေကို ကိုယ်တိုင်လိုက်လုပ်ပေးတတ်သူ အမိုးကြီးကို ဒီလိုအချိန်မှာတော့ ကိုယ့်ကိစ္စဝိစ္စတွေ လုပ်မပေးစေချင်တော့ပါ။ လောကမှာ ချစ်ခြင်းရဲ့တစ်မျက်နှာကိုပဲ ကြည့်တတ်သော အမိုးကြီးကို ကိုယ့်ရဲ့နာနီကြီးလိုကို မြင်လို့မရတော့ဘဲ မိခင်တစ်ယောက်လို သဘောထားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

ချစ်ခြင်းက အိမ်ရှေ့သို့ ထွက်လာသောအခါ အမိုးကြီးက စားပွဲခုံပုလေးပေါ်တွင် မုန့်ဟင်းခါးပန်းကန်ကို အဆင်သင့်ပြင်ပေးထားသည်။ ချစ်ခြင်း စားနေတုန်းမှာပဲ အမိုးကြီးက ကော်ဖီတစ်ခွက်ဖြင့် ရောက်လာကာ အနားမှာဝင်ထိုင်ရင်း စကားပြောသည်။

"ဟင်း ဟင်း ... တို့လည်း အခုမှ ကိုရိုးယားစတိုင်လ်ဖြစ်သွားတော့တယ်။ ဒီရပ်ကွက်လေးက မဆိုးဘူးသမီးရဲ့။ လူတော်တော်သန့်တယ်၊ နေရထိုင်ရတာလည်း နားအေးပါးအေးရှိတယ် ...



ဈေးလေးကလည်း ဝယ်လို့ကောင်းတယ်။ သြော် ... ဒါနဲ့ သမီး ဒီနေ့ ဘာဟင်းစားချင်လဲ။ ဒီဈေးလေးမှာ အစုံရတယ်။ ဘူတာရှိတော့လေ ဈေးသည်လေးတွေက ရထားနဲ့ရောက်လာပြီး ရာသီပေါ်လေးတွေ ဖွယ်ဖွယ်ရာရာ ရောင်းကြတာ"

"တော်ပါပြီ အမိုးရယ်။ အမိုးနဲ့ ချစ်ခြင်း နှစ်ယောက်ပဲရှိတာ၊ တကူးတကကြီး ပင်ပန်းခံပြီး ချက်စားမနေစမ်းပါနဲ့။ ပင်ပန်းပါတယ် ...

လမ်းထိပ်မှာ ထမင်းဆိုင်လေး ရှိတာပဲဟာ။ အဲဒီက ဝယ်စားလိုက်ကြတာပေါ့"

"အို ... အဲဒီလိုဆိုင်တွေဆီက သမီး ဘယ်တုန်းက စားဖူးလို့လဲ။ သန့်ရှင်းမှာလည်း မဟုတ်ဘဲနဲ့၊ နှစ်ယောက်တည်းလည်း ဘာဖြစ်လဲ။ နှစ်ယောက်တည်းမို့ ဖွယ်ဖွယ်ရာရာ ချက်စားမှာပေါ့ ...

ဒီနားကဈေးမှာ အိုးလေး ခွက်လေး ဝယ်လိုက်မယ်။ ချစ်ခြင်းက ဟော့ပလိတ်တစ်ခု ဝယ်ပေး။ ဒါဆို အမိုးတို့ ချက်စားလို့ရပြီပဲ။ ဝယ်လိုက်ပါ ချစ်ခြင်းရယ်။ အမိုးလည်း တစ်နေ့ တစ်နေ့ ဘာအလုပ်မှမရှိတော့ ပျင်းတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းက သနားစရာ ပူဆာနေသော အမိုးရဲ့ မျက်နှာဖြူဖြူပုံ့ပုံ့ကြီးကို ချစ်စနိုးဖြင့် နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်ပြီးနောက် စာနာနားလည်စွာ တွေးမိသည်။ အင်းပေါ့လေ ... သူလည်းပဲ တစ်အိမ်လုံးကို Manage လုပ်ပြီး စီမံကွပ်ကဲခဲ့ရတဲ့ ဘဝကနေ ဒီလိုမျိုးနေရတော့လည်း တစ်ချိန်က နိုင်ငံတကာအစားအသောက်တွေကို ကိုယ်တိုင်စီမံချက်ပြုတ် လုပ်ကိုင်နေတဲ့ဘဝကို လွမ်းမိမှာပေါ့။

"အင်းပါ အမိုးရယ်။ အမိုး ချက်ချင်တယ်ဆိုရင်လည်း ဝယ်တာပေါ့။ ခဏနေ ချစ်ခြင်းတို့ City Mart သွားမယ်လေ။ မကောင်းဘူးလား"

"ကောင်းပါတယ် ... ကောင်းပါတယ်။ အဲဒီလိုလုပ်စမ်းပါ"

ချစ်ခြင်းက သဘောကျစွာ ပြုံးလိုက်စဉ်မှာပဲ နှာခေါင်းထဲသို့ စူးရှသော ဒညှော်နံ့ကြီးတစ်ခုက တိုးဝင်လို့လာသည်။ ရုတ်တရက်မို့ ဝင်လာသော ညှော်နံ့ကို အပြည့်အဝကြီး ရှူမိသလိုဖြစ်သွားတာမို့ ချက်ချင်းပဲ သီးမွန်ကာ အဟွတ် အဟွတ် ဖြစ်သွားသည်။ ညှော်နံ့ဆိုတာမျိုးကို သိပ်မရှူရှိုက်ဖူးပဲ ရှူမိလျှင်လည်း သေအောင်မုန်းတတ်သော ချစ်ခြင်းအတွက် အညှော်မွှန်သောဇာတ်နာကြီးမှာ တော်တော်ဆိုးလှလေသည်။



ချက်ချင်းပဲ မျက်ရည်တွေ ဝဲတက်လာကာ အသက်ရှူကျပ်လာသော ချစ်ခြင်းသည် အညှော်လွတ်ကင်းမည့် အိမ်ရှေ့သို့ ပြေးဆင်းပြီးနောက် နှာခေါင်းကို ပိတ်ထားကာ အသက်ကို ပါးစပ်မှ ရှူရသည်။ အညှော်နံ့ ကင်းစင်သွားပြီဆိုတော့မှ အဲဒီအညှော်ရဲ့ ဇာစ်မြစ်ရှိရာသို့ လိုက်လာခဲ့လေသည်။ တစ်ဖက်အခန်းကလာသော အညှော်ဆိုတာ သိတာမို့ အိမ်ထဲမဝင်သေးဘဲ အိမ်ရှေ့ကနေ၍ ရပ်ပြီးခေါ်မိသည်။

"ဒီမှာ ... ဒီမှာ"

သိပ်မကျယ်သော ချစ်ခြင်းရဲ့အသံဟာ နောက်ထဲက ချက်ပြုတ်နေသော တရှဲရှဲအသံရယ်၊ ဖွင့်ထားသော ဘန်နီမြီးရဲ့ Stay with me သီချင်းသံရယ်၊ အဲဒီသီချင်းသံကို လွန်စွာဆိုးရွားသော အသံပြဲကြီးနှင့် လိုက်ဆိုနေသော အသံရယ်ကို ဘယ်လိုမှ မကျော်နိုင်ချေ။ နောက်ဖေးက မီးဖိုခန်းထဲမှာ ချက်ပြုတ်နေသော ထိုက်ရည် ဆိုသည့်လူသည် ချစ်ခြင်းရဲ့အသံကို ဘယ်လိုမှကြားလိမ့်မည် မဟုတ်ချေ။

"ဒီမှာ ... အိမ်ရှင်တို့"

ချစ်ခြင်းက ခါးထောက်ပြီး ကုန်းအော်လိုက်တော့မှ သကောင့်သားသည် ဟင်းမွှေသော ဇွန်းရှည်တစ်ချောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုးရိုးကားရား ထွက်လာသည်။ သူက ချစ်ခြင်းကို မြင်သောအခါ မျက်ခုံးပင့်သွားပြီး "ဘာလဲ"ဟူသော သဘောဖြင့် မျက်ခုံးပင့်ပြသည်။

"ရှင် ဘာလို့ အညှော်လုပ်နေတာလဲ"

"ဘာရယ်။ ဘာပြောတာလဲ"

"ရှင့် အညှော်နံ့ကို ပြောနေတာ။ ညှော်လို့ ... ညှော်လို့... သိပြီလား"

"ဩော် ... အညှော်။ ကျွန်တော် ဟင်းချက်နေတာလေ။ ကြက်သားနှပ်နေတာ၊ ဘာလဲ ... စားချင်လို့ လာမေးတာလား"

"ရှင် အရူးကွက် လာနင်းမနေနဲ့။ အညှော်လုပ်တာ နည်းနည်းပါးပါး ဖုံးဖုံးဖိဖိ လုပ်ဦးမှပေါ့ရှင့်။ တကတဲ ... မွှန်ထူနေတာပဲ။ ကျွန်မ အညှော်နံ့ကို လုံးဝမခံနိုင်ဘူး"

ထိုသူက အမြင်ကတ်ဖွယ်ကောင်းသော အိုက်တင်ဖြင့် မျက်နှာကျက်ကို မျက်လုံးထောင့်ကပ်ကြည့်ကာ သွားကြားထဲက လေထွက်သောအသံ "ချိ"ခနဲ လှောင်ရယ်ရယ်သည်။

"အညှော်နံ့ကို ဖုံးဖုံးဖိဖိ လုပ်ရမယ် ဟုတ်လား။ ဟား ... ကဲ ... အဲဒီနည်းကို မသိလို့ ခင်ဗျားပဲ ပြောပြစမ်းပါဦး"



"အညှော်စုပ်တဲ့စက်တွေ ရှိတာပဲ"

ချစ်ခြင်းက ဒေါသထွက်ထွက်နှင့် ဆောင့်အော်မိသည်။ သူက အထူးအဆန်းကို ကြားသိရသောပုံစံဖြင့် မျက်ခုံးပင့်၊ လက်နှစ်ဖက်ကို ဆန့်တန်းပြကာ ...

"ဟုတ်လား ... အညှော်စုပ်တဲ့စက်ဆိုတာ ကြားတော့ ကြားဖူးတယ်။ မြင်တော့ မမြင်ဖူးဘူး။ ခင်ဗျားတို့အိမ်မှာ တပ်ထားဖူးလို့လား"

သူ့ပုံစံက ချစ်ခြင်းကို အထင်သေးစွာဖြင့် ရွဲ့မေးနေတဲ့ပုံစံ ဖြစ်တာကြောင့် ချစ်ခြင်းက ထောင်းခနဲ ဒေါသပွသွားသည်။

"ရှင် အပိုတွေ လျှောက်ပြောမနေနဲ့။ နေစမ်းပါဦး ... ရှင်ကသာ အိမ်နီးချင်းတွေက ရှင့်ကို ဒုက္ခပေးတယ်လို့ ပြောနေတာ။ တကယ်တမ်း ဒုက္ခပေးနေတာ ရှင်ပဲ မဟုတ်လား ... မနေနိုင်အောင် အမျိုးမျိုး အညှော်တိုက်ပြီး ပညာပေးနေတာ မဟုတ်လား"

"ဟား ... ကိုယ့်အိမ်မှာကိုယ် ဟင်းချက်စားတာက မနေနိုင်အောင် အညှော်တိုက်တာတောင် ဖြစ်ရလားဗျာ ... နေစမ်းပါဦး။ ဒါ ထမင်းဟင်းချက်တဲ့ အချိန်မို့ ညှော်တာလေ။ ညှော်တယ်ဆိုတာလည်း အကြာကြီးညှော်

www.burmeseclassic.com



နေတာမှ မဟုတ်တာ။ ဆီသတ်တဲ့အချိန်ပဲ ညှော်တာ။ အလွန်ဆုံးကြာမှ ငါးမိနစ်ပေါ့ဗျာ။ ဒီလောက်လေးကတော့ သည်းခံကြရတာပဲလေ ...

ခင်ဗျားကိုက ခင်ကြီးကျယ် ဖြစ်နေတာပါ"

"ဘာရှင့် ... ရှင် ဘာစကားပြောတာလဲ။ ကျွန်မကို ဘာမှ ဝေဖန်စရာအကြောင်း မရှိဘူး"

"ဟာ ... ကျွန်တော်က မှန်တာတွေ ပြောနေတာလေဗျာ။ သူသူကိုယ်ကိုယ် မီးဖိုချောင်ရှိတဲ့အိမ်တိုင်း ညှော်နံ့ကတော့ ထွက်မှာပဲဗျို့။ ခင်ဗျားတို့ ဇ'က်ရင်လည်း ညှော်နံ့ထွက်မှာပဲ။ အဲဒီခါကျ ကျွန်တော်လည်း ညှော်မှာပဲ၊ ဒါပေမဲ့ ခင်ဗျားတို့ကို ဘာပြဿနာမှတော့ လာရှာမှာ မဟုတ်ဘူး ...

ခင်ဗျားပြောတဲ့ အညှော်စုပ်စက်တွေ ဘာတွေလဲ မဝယ်နိုင်ပါဘူးဗျာ။ ဒီရပ်ကွက်လေးထဲမှာတော့ ဒီလိုပဲ ချက်ပြုတ်စားသောက်နေကြတာပါပဲ။ ညှော်တယ်ထင်ရင် နှာခေါင်းခဏပိတ်ရင်ပိတ်၊ ယပ်လေးဘာလေးခတ်၊ အညှော်လွတ်တဲ့နေရာ ခဏသွား၊ ဒီလိုပဲ ပြီးသွားတာပါပဲ ...

ဟင်း ဖြစ်ရတယ်။ အခုမှပဲ အညှော်ရှောင်နည်း သင်တန်း ပို့ချနေရတယ်"





ထိုသူက ချစ်ခြင်းကို လက်လန်တယ်ဟူသော ပုံစံမျိုးဖြင့် ခေါင်းတခါခါ လည်တခါခါ (Over ဆန်ဆန်) ပြောနေပုံကို အမြင်ကတ်စွာဖြင့် စိုက်ကြည့်နေမိသည်။ အဲဒီအချိန်မှာပဲ ချစ်ခြင်းရဲ့နှာခေါင်းထဲသို့ အနံ့တစ်မျိုးက တိုးဝင်လာတာဖြစ်သည်။ ဒီအနံ့ကို သိပါတယ်ဟု ရှူရှိုက်ရင်းမှာပဲ ထိုလူဆီက "သွားပြီ" ဟူသော အသံကျယ်ကြီး ထွက်လာသည်။

ဒီတော့မှပင် ဒီအနံ့ဟာ ဟင်းအိုးတူးသောအနံ့ဆိုတာ သိရလျှင် ချစ်ခြင်းရဲ့ရင်ထဲမှာ ပေါ့ပါးရွှင်လန်းသွားရသည်။

"ဟား ... သွားပါပြီကွာ။ ငါ့ ကြက်သားတွေတော့ ကုန်ပါပြီ"

ထိုသူက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသော ပုံစံနှင့် ယောက်မကြီးကိုင်ကာ နောက်ထဲသို့ ကားယား ကားယား ပြေးဝင်သွားသည်။ ပြီးတော့ ဂလုံဂလွမ်အသံတွေကို ဆက်တိုက်ကြားလိုက်ရလျှင် ချစ်ခြင်းမှာ မပြုံးစဖူး ပြုံးမိသွားလေသည်။ ကောင်းတယ် ... လေကြောရှည်ပြီး စကားများချင်တဲ့သူ။ အခုတော့ ကြက်သားတစ်အိုးလုံးတူးပြီး ငတ်ပေါက်ပေါ့။ ဟိ ဟိ။

အတွေးထဲမှာ လှိုက်တက်လာသော ရယ်ချင်စိတ်ဖြင့် ချစ်ခြင်းက ကိုယ့်အခန်းဘက် လှည့်ပြန်လာခဲ့သည်။ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝမှာက အမိုးကြီးရယ် ချစ်ခြင်းကို ဘာများဖြစ်လာပါမလဲမှ ဟူသော စိုးရိမ်တကြီးပုံစံဖြင့် စောင့်နေလေရာ ချစ်ခြင်းရဲ့ဒေါသ မရှိတော့သော မျက်နှာကိုကြည့်ပြီး ကြောင်သွားသည်။ အမိုးကြီးရဲ့ အကြောင်ကြောင်ပုံစံက တရားလွန် အပြစ်ကင်းစင်ကာ ချစ်ဖို့ ကောင်းနေသည်မို့ ချစ်ခြင်းသည် အမိုးကြီးရဲ့ ခါးပုံ့ပုံ့ကြီးကို အား ပါးတရဖက်ကာ တစ်ခွန်းတည်းသော စကားကို လှိုက်လှိုက်လှဲလှဲ ဆိုမိလေသည်။

"အမိုးကြီး ... ကြက်သားနှပ်စားချင်တယ်။ ချက်ကျွေး"

❋ ○ ❋





၆

"တောက် ... ခင်ကြီးကျယ်မ။ ဒီတစ်ခါတော့ ညှော်သလေး ဘာလေး လာပြောကြည့်။ ရေတံသီးတောင်ထပ်ပြီး ကြော် ပြလိုက်ဦးမယ်။ ဟင်း"

ထိုက်ရည်က ပြန်တွေးတိုင်း ဒေါသထွက်သောစိတ် ဖြင့် ကြက်သွန်ဖြူကို ထောင်းနေရင်းမှ နှုတ်ကရွတ်မိသည်။ မနေ့က ဟိုဘက်အခန်းက ကောင်မလေး လာညှော်သောကြောင့် သူ့ကြက်သားတွေ တစ်အိုးလုံး တူးသွားခဲ့သည် မဟုတ်ပါလား။ ကြက်သားက သုံးဆယ့်ငါးကျပ်သားတောင်မို့ နမြောလှသည်။ တကယ်တော့ သူဟာလည်း နေ့စဉ်နေ့တိုင်း ချက်ပြုတ်စားသောက် နေတဲ့သူ မဟုတ်ချေ။ တစ်ယောက်တည်းသမားလည်းဖြစ်၊ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးလည်း ဖြစ်ပြန်ဆိုတော့ များသောအားဖြင့် ဖြစ်သလို စားလိုက်တာများသည်။

သို့သော် သူဟာလည်း စားကောင်းသောက်ကောင်း ကြိုက်တတ်သော လူထဲက လူတစ်ယောက်ပဲလေ။ သိပ်တောင့်တ လာတတ်သော အခါမှာတော့ အာသီသရှိတာလေးတွေ ချက်စား တတ်သည်။ အထူးသဖြင့် ကြက်သားနှပ်၊ ဝက်သားနှပ်လိုဟာမျိုး ပေါ့။ ရေခဲသေတ္တာထဲ ထည့်ထားကာ မကုန်မချင်း နွှေးစားတတ် သည်။ ကြက်သားနှပ်၊ ငရုတ်သီးမြေပဲဆံကြော်လေး ဆောင်ထား ကာ လမ်းထိပ်ဆိုင်က ပဲကုလားဟင်း ဒါမှမဟုတ် မုန်လာဥချဉ် ဟင်း နှစ်ရာဖိုးဝယ်ပြီး တွဲစားလိုက်လျှင် ထမင်းနှစ်ပန်းကန်လောက် ကတော့ အသာလေးပဲဖြစ်သည်။

အခုတော့ ကြက်သားနှပ်တွေက တူးသွားခဲ့သည်မို့ သူ့မှာ ဒီနေ့မှ အသစ်ပြန်ဝယ်ကာ ထပ်ချက်ဖို့ ငရုတ်သီးထောင်း၊ ကြက်သွန်ထောင်းနေရခြင်းဖြစ်သည်။

"ဟာ ... ငါတို့ကောင်ကြီး ကျိတ်ပြီးဘာတွေချက်နေတာ တုန်း။ ဩော် ... သိပြီ၊ ဒီနေ့ ငါတို့ရုံးပိတ်တဲ့နေ့မို့ ထမင်း ဟင်းကောင်းကောင်း ချက်ကျွေးမလို့နဲ့တူတယ်"





ဘိုဘိုနှင့် လင်းထွဋ်တို့ ရောက်လာခြင်းဖြစ်သည်။ များသောအားဖြင့် ဒီကောင်တွေက ရုံးပိတ်ရက်တိုင်း သူ့အိမ်မှာ လာလာစုလေ့ရှိကြသည်။

ဘိုဘိုကတော့ ရည်းစားရှိသူမို့ တစ်ခါတစ်ရံ ရောက် မလာနိုင်ပေမယ့် လင်းထွဋ်ကတော့ အမြဲတမ်းလာသည်။ လာလျှင် လည်း သူ့အိမ်မှာပဲ ချက်ပြုတ်စားသောက်ကြကာ အခွေလေး ဘာလေးကြည့်၊ စကားပြောကြသည်။

"အေး ... မင်းတို့ ကံကောင်းချင်တော့ လတ်လတ်ဆတ် ဆတ် စားရတာပေါ့ကွာ၊ အမှန်တော့ ကြက်သားက တစ် နေ့ကတည်းက နှပ်တာကွ ...

တစ်အိုးလုံး တူးကုန်လို့ဟေ့"

"ဟင် ... ဘာဖြစ်လို့လဲ။ မင်း အိမ်သာတက်နေလို့လား"

"ဟုတ်နေဦးမယ်။ ငါက ဆီသတ်ပြီးတော့ ကြက်သားနဲ့ အနှစ်ကို လုံးနေတုန်း ဟိုဘက်ခန်းက ခင်ကြီးကျယ်က ရောက်လာပြီးတော့ ညော်သလေး ဘာလေးနဲ့ ပြဿနာ လာရှာတာဟေ့။ ငါ့ကို အညော်စုပ်စက်တပ်တဲ့။ ဟား ဟား ... ရယ်ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူတောင် သူများအိမ် လာငှားနေပြီး စကားပြော တော့ ကြီးကြီးကျယ်ကျယ်နဲ့။ အဲဒါ သင်းနဲ့ ငါနဲ့ စကား နပန်းသတ်နေကြတုန်း ငါ့ဟင်းအိုးက နောက်ကတူးသွား တာပဲဟေ့"

"မင်းကလည်း လွန်ပါတယ်ကွာ။ စကားနပန်းသတ်တာ လည်း သတ်တာပေါ့။ ဟင်းတစ်အိုးလုံးတောင် မေ့ပစ်ပြီး စကားပြောနေရတယ်ဆိုတော့ ... ဟင်း ဟင်း၊ ခင်ကြီး ကျယ်ရဲ့ ရုပါတောမှာ မျောနေတယ် လုပ်ပါ"

လင်းထွင့်က သူ့ကိုမခံချင်အောင်စ,လျှင် သူ့ကို ဟင်းခနဲ ရှုံ့မဲ့မိ၏။ အဲဒီနောက် ဆီသတ်တော့မှာ ဖြစ်သည် အတွက် "ညှော်မယ်"ဆိုတာကို အသံကျယ်ကျယ်ဖြင့်အော်သည်။

"ညှော်မယ်ဗျို့၊ ညှော်မယ်။ ကြားကြရဲ့လား အရပ်ကတို့ ညှော်မှာမို့လို့ နှာခေါင်းလေးတွေ ခဏပိတ်ထားကြပါ ပြီးတော့မှ လာပြီးရန်မတွေ့ပါနဲ့။ ကဲ ... ညှော်ပြီ"

သူက ဆီကျက်နေသော အိုးထဲသို့ ထောင်းထားပြီ သား ဂျင်း၊ ကြက်သွန်တို့ကိုထည့်ပြီး ဆီသတ်လိုက်လျှင် ညှော် က တစ်အိမ်လုံးကို ဖုံးလွှမ်းသွားသည်။ ဒါတောင် သူတို့အိမ်





ပြတင်းပေါက်တွေရှိသောအိမ်မို့သာ တော်တော့သည်။ ညှော်နံ့က ခဏပဲနံကာ လေနှင့်အတူ လွင့်ပါသွားတတ်စမြဲ။ မြို့ထဲကတိုက် ခန်းတွေလို အလုံပိတ်ဆိုလျှင် ဟိုကောင်မလေးတစ်ယောက် ဘယ်လိုနေမလဲ မသိပါ။

သူက ကြက်သွန်တွေ မကပ်စေရန် တရစပ်မွှေပေး တုန်းမှာပဲ တစ်ဖက်အခန်းက ဒုန်းဒုန်းဒိုင်းဒိုင်းအသံတွေ ကြားရ သည်။ သူ့ကို ဆန္ဒပြနေမှန်း အားလုံးက သိသည်မို့ တခွိခွိနှင့် ကျိတ်ရယ်ကြသည်။

သူက ကျက်နေသော အနှစ်များထဲသို့ ကြက်သားတုံး တွေကို လောင်းထည့်ကာ ဟင်းအနှစ်နှင့် သမအောင် လုံးထားလိုက် သည်။ ပြီးတော့ ဟင်းအိုးအဖုံးကို ခဏပိတ်ကာ လင်းထွင့်တို့ဘက် သို့လှည့်၍ ...

"မင်းတို့ ထမင်းစားကြမှာ မဟုတ်လား"

"အင်းလေ ... ကျွေးနေကျပဲ မဟုတ်ဘူးလား"

"အေးပေါ့ကွာ။ မင်းတို့လို အလုပ်နဲ့ အကိုင်နဲ့ကောင်တွေ ကို ငါလိုအလုပ်မရှိတဲ့ကောင်က ထမင်းပြန်ကျွေးရမှာပေါ့။ ဖြစ်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းက သောစိလေကွာ။ အိမ်ရှင်ကြီးပါဟာ
နေဦး ဟော့ကောင်။ မင်းအတွက် သတင်းထူးတစ်ခုကို ယူ
လာခဲ့တယ်ကွ။ ပြည့်စုံထရေးဒင်းက အလုပ်ခေါ်မှာတဲ့
လစာရော ခံစားခွင့်တွေရော ရှယ်ပဲ ...

ငါတောင် ဒီအလုပ်မှာ ဘွန်းနဲ့မို့ ဘာမှမတတ်နိုင်
ဘဲ ငြိမ်နေရမှာ။ မင်းတို့လို အလုပ်ကောင်းကောင်းရှ
လျှောက်မယ်ဆိုတဲ့ ဟာမျိုးတွေအတွက်တော့ ဒါမျိုးက
တမင်ချပေးသလားတောင် ထင်ရတယ်"

"ဟင် ... ဟုတ်လား။ ပြည့်စုံထရေးဒင်းဆိုတော့ မိုက်တာ
ပေါ့"

ပြည့်စုံထရေးဒင်း ဆိုတာ ခေတ်ကိုမျက်ခြည်မပြတ်
သော လူတော်တော်များများကတော့ သိကြလေ့ရှိသည့် ကုမ္ပဏီ
အကြီးစားကြီးတစ်ခုဖြစ်သည်။ သွင်းကုန် ထုတ်ကုန် လုပ်ငန်းများ
ချောင်းသော၊ ပုဂံ၊ ငွေဆောင်နှင့် နေပြည်တော်တို့တွင် ကြီးကျယ်
ခမ်းနားစွာ ဖွင့်လှစ်ထားသော ဟိုတယ်များ၊ လူနေအိမ်ရာများ
ဆောက်လုပ်သည့်လုပ်ငန်း၊ ပြည်ပမှ အိမ်ဆောက်ပစ္စည်းများတ
သွင်းသည့်လုပ်ငန်း စသဖြင့် သူသိသော လုပ်ငန်းတွေကကို များ
ပြားလှသည်။





ဒီလိုကုမ္ပဏီကြီးမှာ လုပ်ချင်သောသူများလည်း အများ
အပြားရှိပါလိမ့်မည်။

"အေး ... မိုက်တာတော့ တော်တော်မိုက်တယ်။ ခေါ်တဲ့
ရာထူးတွေကလည်း အများကြီးပဲ။ မင်း လျှောက်သင့်တာ
ကတော့ အဲဒီက သူဌေး ဦးပြည့်စုံရဲ့ PSO ရာထူးကို
လျှောက်သင့်တယ်"

"ဟုတ်လား ...။ သူ့မှာ အရင်တည်းကလည်း PSO ရှိပြီး
သား မဟုတ်ဘူးလား"

"အခု မရှိတော့လို့ နေမှာပေါ့။ အရင် PSO က ရှော့ပ်
နည်းနည်းရှိလို့လို့ ကြားတာပဲ။ ဦးပြည့်စုံရဲ့ပြိုင်ဘက်ကုမ္ပဏီ
မှာက PSO ရဲ့မိန်းမ လုပ်တာ။ အဲဒီတော့ စောစောစီးစီး
ရှင်းပစ်ထားတာ နေမှာပေါ့"

"အေး ... အေး။ ဟာ ... ခဏလေး၊ ကြက်သားလုံးထား
တာ ရေခန်းနေပြီ။ ဒီတစ်ခါ ထပ်တူးလို့ကတော့ ငါ့ကိုယ်
ငါပဲ သတ်သေသင့်တော့တယ်"

သူက စကားပြောနေရာမှ ဖျတ်ခနဲ သတိရကာ
ဟင်းအိုးထဲသို့ ရေအမြန်ထည့်ရသည်။ ရေထည့်ပြီးတော့မှပဲ ဘိုဘို
နှင့် စကားပြန်ဆက်နိုင်သည်။

www.burmeseclassic.com



"ဦးပြည့်စုံရဲ့ PSO နေရာကို ရဖို့ဆိုတာ လွယ်ပါ့မလား ကွ။ အများကြီး ဝင်တိုးကြမယ်နဲ့တူတယ်"

"တိုးတာတော့ တိုးမှာပေါ့။ ဒါပေမဲ့ ဘာဖြစ်လဲကွာ။ မင်းက အရည်အချင်းရှိတာပဲ။ ပြီးတော့ ငါကြားဖူးတာကတော့ ဦးပြည့်စုံက လူငယ်တွေကို အရမ်းဦးစားပေးတယ်လို့ပြောတယ်။ သူကိုယ်တိုင်တောင်မှ လေးဆယ့်ငါးပဲရှိသေးတာကွာ။ ပြီးတော့ Prersonality ကိုလည်း ကြည့်တယ်ပြောတယ် ...

ဒါကြောင့် သူ့ကုမ္ပဏီက ဟာတွေဆို လုံးဝသန့်ပြန့်ပြီး Smart ကိုကျနေတာ။ မသိရင် သူဌေးလား ထင်ရအောင် ဝန်ထမ်းတွေကလည်း အရမ်း Smart ဖြစ်တာ။ အဲဒီလို Smart ဖြစ်အောင် သူကိုယ်တိုင်ကကို ပုံစံပေးထားတာဆိုပဲ ...

အဲဒီတော့ မင်းက အရပ်မြင့်မြင့်၊ ယောကျ်ားပီပီ သသဆိုတော့ သူ အဲဒါကိုလည်း သဘောကျမှာပဲ။ အလုပ်သွားလျှောက်ရင်သာ စမတ်ကျကျ ဝတ်စားသွားဖို့ မမေ့နဲ့"

"အေးပါကွာ ... အေးပါ။ ဘယ်နေ့ သွားလျှောက်ရမှာလဲ"



"ရှေ့တစ်ပတ် တနင်္လာနေ့ကစပြီး လျှောက်လွှာတွေ လက်ခံပြီလို့ ပြောတယ်။ အသေးစိတ်ကတော့ မနက်ဖြန်သတင်းစာမှာ ပါလာလိမ့်မယ်။ မင်းက လိုအပ်တာတွေ ပြင်ဆင်ထားလိုက်လေ။ CV Form တို့၊ ပတ်စ်ပို့ဓာတ်ပုံတို့ကတော့ Ready ပေါ့။ ရပ်ကွက်ထောက်ခံစာတို့၊ ရဲစခန်းထောက်ခံစာတို့ကတော့ ကြော်ငြာမှာပါမှ ပေးလိုက်ပေါ့"

"အေးကွာ။ ဘာပဲဖြစ်ဖြစ် ရတော့ရချင်တယ်။ ဒါပေမဲ့ ငါ့မှာ ဘာလုပ်ငန်း အတွေ့အကြုံမှ မရှိတော့ စိုးတော့စိုးရိမ်သား"

"ဘာမှစိုးရိမ်မနေနဲ့။ လက်ရှိ သူ့အလုပ်မှာခန့်တဲ့ လူတွေအားလုံးက ဘာ Experience မှရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ ကောင်းကောင်း Run နိုင်တယ်။ ဦးပြည့်စုံက လူငယ်တွေကို နေရာပေးတယ်၊ ယုံကြည်တယ်ကွ။ ပြီးတော့ ဆုပေးဒဏ်ပေးစနစ် သုံးတတ်တယ် ...

ကြိုးစားရင် ကြိုးစားသလောက် အခွင့်အရေးရတယ်ဆိုတော့ ဘယ်သူက မလုပ်ချင်ဘဲ နေတော့မှာလဲကွာ"

"အေးကွာ။ ကြိုးစားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူတို့သူငယ်ချင်တွေသုံးဦးသား အစီမှာယ်ရှိသော စကားတွေကို အများဆုံးပြောဖြစ်ခဲ့ပြီး သူ့လက်ရာကြက်သားနှပ်နဲ့လည်း ထမင်းစားကောင်းခဲ့ကြသည်။

* ○ *





## ၇

ချစ်ခြင်းသည် ကိုယ့်ရှေ့မှာချထားသော ပိုက်ဆံနှစ်သိန်းကိုကြည့်ကာ ငိုင်တွေနေမိသည်။ လက်ထဲတွင် ပိုက်ဆံနှစ်သိန်းသာ ရှိတော့တာမို့ ငိုင်နေတယ်ဟု သူများတွေကြားလျှင် တစ်ပြားမှ မရှိသူတွေက ဘယ်လိုလုပ်ကြမလဲလို့ ပြန်မေးနိုင်သည်။ အဲဒါတွေတော့ ချစ်ခြင်း မသိချေ။ ချစ်ခြင်း သိတာက နှစ်သိန်းဆိုသောငွေသည် အတိတ်တစ်ချိန်တုန်းကတော့ Beauty Spa နှစ်ခါသွားသလောက်ပဲ ရှိခဲ့သည်။

ထားပါတော့။ ရွှေထီးဆောင်းခဲ့တဲ့ ကာလတွေကို ချစ်ခြင်း တမ်းတနေတာ မဟုတ်ချေ။ ချစ်ခြင်း စဉ်းစားတာက ရပ်တည်ဖို့အတွက် အလုပ်တစ်ခုခုတော့ လုပ်ဖို့လိုအပ်လာပြီဆိုတာပဲဖြစ်သည်။ အိမ်က ဆင်းလာခဲ့တုန်းက ချစ်ခြင်းရဲ့လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကိုယ်ပိုင်မုန့်ဖိုးငွေ သိန်းသုံးဆယ်လောက် ပါခဲ့သည်။ အိမ်ငှားတာရယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ခြမ်းတာတွေရယ် ပေါင်းလိုက်တော့ ခုနစ်သိန်းကျော်လောက် ပြုတ်သွားသည်။ ဒီကြားထဲစားတာ သောက်တာတွေနှင့် စုရသော် နှစ်သိန်းသာ ကျန်တော့သည်။

ကျန်တဲ့ နှစ်ဆယ်ကိုတော့ ချစ်ခြင်းက မထိချင်တော့ပေ။ ဒီဘဝမှာ ဘယ်လောက်ကြာကြာ နေရဦးမယ်ဆိုသော မသိရသေးသော အခြေအနေမှာ ကျန်တဲ့ပိုက်ဆံကို အရေးပေါ်သုံးဖို့အတွက် စုဆောင်းထားသင့်သည်ဟု ထင်သည်။ ရှိတာတွေချည်းပဲ ထိုင်စားနေလို့ ကုန်သွားရင် ဘယ်သူက တာဝန်ယူမှာတဲ့လဲ။ အလုပ်,လုပ်ဖို့ စဉ်းစားသောအခါ ဘာလုပ်ရရင် ကောင်းမလဲဟု တွေးတောမိသည်။ တွေးမိသော်လည်း ဘာအဖြေမှ ခေါင်းထဲမှာ ပေါ်မလာချေ။ ဒါကြောင့် ရင်ထဲမှာ တစ်ခုခု ဖြစ်လာတိုင်း ရင်ဖွင့်နေကြသူဖြစ်သည့် အမိုးကြီးကိုသာ ရင်ဖွင့်မိတော့သည်။

"အမိုးကြီးရယ် ... ချစ်ခြင်း အလုပ်တစ်ခုလောက် လုပ်ချင်တယ် သိလား။ ဘာလုပ်ရမှန်းလဲ မသိဘူး"

အမိုးကြီးက ချစ်ခြင်းကို အံ့အားသင့်သလို မျက်လုံးများဖြင့်ကြည့်ကာ ...





"ချစ်ခြင်းက ဘာလို့ အလုပ်,လုပ်ချင်ရတာလဲ။ ဘာလဲ ... ပိုက်ဆံမရှိတော့ဘူးလား သမီးလေး"

"ပိုက်ဆံက ရှိပါတယ်။ ဒါပေမဲ့ ဒီအတိုင်း ထိုင်သုံးနေရင်တော့ ပိုက်ဆံကကုန်သွားမှာပဲလေ။ ချစ်ခြင်းတို့က ဘယ်အချိန်ထိ ဒီလိုပုံမျိုးနဲ့ နေရမယ်ဆိုတာ သိမှမသိတာ ...

ဒီတော့ တကယ်အရေးတကြီး ကြုံလာရင် ကိုယ့်မှာ ဒုက္ခမရောက်အောင် ခြေစောင့်လက်စောင့်လေးတော့ ထားသင့်တယ် မဟုတ်လား"

ချစ်ခြင်းရဲ့စကားကို နားထောင်ပြီးသော် အမိုးကြီးမှာ ချက်ချင်းပဲ ညှိုးငယ်သွားသည်။ ပြီးတော့ ချစ်ခြင်းကို စိတ်မကောင်းသော အသံဖြင့် ...

"ချစ်ခြင်းရယ် ... ဒီဒုက္ခတွေခံဖို့ ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းမာနေရတာလဲဟင်။ ကိုယ် ဒီလိုဒုက္ခခံနေတော့ရော ကောင်းစားတဲ့သူတွေက ကောင်းစားနေကြတာပဲ မဟုတ်လား။ ဘာဖြစ်လို့ ဒုက္ခခံချင်နေရတာလဲ သမီးလေးရယ်"

ချစ်ခြင်းက အဲဒီစကားကို ဝမ်းမနည်းပဲ မျက်လုံးတစ်ချက် လှန်ကြည့်ကာ အေးစက်စက်ပဲ ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... အမိုးကြီးက ဒီဒုက္ခတွေကို မခံစားချင်တော့ဘူးလား။ ဒီမှာ အမိုးကြီး၊ ချစ်ခြင်း ဒီမြန်မာပြည်မှာ နေ, နေတာ အမိုးကြီးရဲ့မျက်နှာကြောင့်နော်။ အမိုးကြီးရှိနေလို့။ ဒီကမ္ဘာကြီးပေါ်မှာ ချစ်ခြင်းကို မေတ္တာစစ်နဲ့ ချစ်တဲ့သူဆိုတာ အမိုးကြီးတစ်ယောက်ပဲ ရှိနေလို့ ...

မဟုတ်ရင် ချစ်ခြင်း စ,လုံးကို အပြီးထွက်သွားပြီ။ ဘာကိုမှ ငဲ့ညှာထောက်ထားစရာ မရှိဘူး"

"အမိုးကြီး သိပါတယ် သမီးရယ်။ ဒါပေမဲ့ ချစ်ခြင်း အခုလို အလုပ်ထွက်လုပ်မယ်ဆိုတော့ အမိုးကြီး ဘယ်စိတ်ကောင်းပါ့မလဲ ...

သမီးအမေသာသိရင် ဘယ်လောက် ရင်ထုမနာဖြစ်လိုက်မလဲ"

"မဆိုင်ပါဘူး အမိုးကြီးရာ။ မေမေသိရင်လည်း ချစ်ခြင်းအတွက် ဂုဏ်ယူနေမှာပါ။ ဒါ ချစ်ခြင်းရဲ့ဘဝအမှန်ပဲလေ အမိုးကြီးရဲ့ ...

လောကမှာ မိဘချမ်းသာပေမယ့်လည်း တကယ့်တကယ်တမ်း သူ့ဘက် ကိုယ့်ဘက် အကျေအလည်ရပ်





တည်ကြပြီဆိုရင် မိဘချမ်းသာတာက ကိုယ်ချမ်းသာတာမှ မဟုတ်တာ။ အခုဟာက ချစ်ခြင်းရဲ့ ရုပ်အမှန်ကို ပြသထားတဲ့ အခြေအနေပဲ။ ဒါကို ချစ်ခြင်း လက်ခံပါတယ်။ ချစ်ခြင်း ဒီလိုနေရတဲ့အတွက် ဘာ feel မှမဖြစ်ဘူး။ ဘဝဆိုတာကို နားလည်ခွင့်ရတဲ့အတွက် ပိုတောင်ကျေနပ်သေးတယ်"

ချစ်ခြင်းရဲ့စကားကြောင့် အမိုးကြီးက သက်ပြင်းတစ်ချက်ချကာ ...

"သမီးက ဘာအလုပ် လုပ်ချင်လို့လဲ"

"ကုမ္ပဏီ field ထဲတော့ မလုပ်ချင်ပါဘူး။ တစ်ခုခုပေါ့၊ အဲဒါ စဉ်းစားနေတာလေ။ ဘာလုပ်ရမယ် ဆိုတာကို မသိတတ်သေးတာ ...

ကဲပါလေ ... အဲဒါက ခုလောလောဆယ် အရေးတကြီးကိစ္စလည်း မဟုတ်သေးပါဘူး။ ဂျာနယ်လေးဘာလေးဖတ်ပြီး စဉ်းစားလိုက်ပါဦးမယ်"

ချစ်ခြင်းက ပြောပြောဆိုဆိုဖြင့် ထောင့်တစ်နေရာမှ ချထားသော ဂျာနယ်အပုံဆီသို့ လျှောက်လာကာ ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကို ဆွဲယူလိုက်သည်။ မနေ့ကမှ ဝယ်ထားသော Eleven ဂျာနယ်ကို မဖတ်သေး။ တခြားစာအုပ်တစ်အုပ်ကို ဖတ်နေသော ကြောင့် ဂျာနယ်ကို ခဏချထားတာဖြစ်သည်။ စာဖတ်ဝါသနာပါ သော ချစ်ခြင်းသည် ဟိုးအရင်တည်းကလည်း စာကြည့်ခန်းသပ် သပ်ထားပြီး စာအုပ်တော်တော်များများကို ဖတ်ခဲ့သူဖြစ်သည်။

ခုချိန်မှာလည်း စာဖတ်တာကို မစွန့်လွှတ်သေးပါ။ အိမ်မှာ တခြား ဖျော်ဖြေရေးလည်း ဘာမှမရှိတာမို့ စာတွေသာ လိုမ့်ဖတ်နေသူဖြစ်သည်။

"ဟင် ... မနေ့က ဝယ်ထားတဲ့ ဂျာနယ်လည်း မရှိတော့ ပါလား။ အမိုးကြီး ယူဖတ်သေးလားဟင်"

အမိုးကြီး မျက်နှာက မလုံမလဲနှင့် တစ်မျိုးဖြစ်သွား တာမို့ ချစ်ခြင်းက ချက်ချင်းပဲ ထပ်မေးလိုက်သည်။

"အမိုးကြီး ဘယ်သူ့ကို ငှားလိုက်တာလဲ၊ မှန်မှန်ပြောနော်"

"ဟို ... ဟိုဘက်ခန်းက ကောင်လေးပါကွယ်၊ သူက ..."

"တော် ... တော်။ တော်ပြီ အမိုးကြီး။ အမိုးကြီးကလေ တကယ်ပဲ။ အဲဒီတစ်ယောက်နဲ့ အရောမဝင်ပါနဲ့လို့ ပြော ထားလည်း မရဘူး ...





ချစ်ခြင်းစကားကို ဘယ်တော့မှ နားမထောင်ဘူး။ တောက် ... ဟိုတစ်ယောက်ကလည်း ငါ မရှိတဲ့အချိန်ကိုပဲ စောင့်ပြီး ဝင်ရောဖို့ စဉ်းစားနေလား မသိဘူး။ ဟိုဟာငှား ဒီဟာငှားနဲ့ သိပ်ဖာတ်ရှုပ်တာပဲ။ ခုကြည့် ... ငှားဖတ်ပြီး ရင်လည်း အလိုက်တသိ ပြန်မပေးကြဘူး ...

တကယ်ပါပဲ။ ဘယ်လိုဟာတွေမှန်းကို မသိဘူး။ ဟင်း ... တွေ့ဦးမယ်"

ချစ်ခြင်းက ဒေါသထွက်ထွက်ဖြင့် တစ်ဖက်ခန်းသို့ ထွက်လာခဲ့သည်။ မောင်မင်းကြီးသားကို တန်းတန်းမတ်မတ် တွေ့သည်။ ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ခြိမ်ကျကျထိုင် ရင်း တီဗီကြည့်နေသည်။ ချစ်ခြင်းက အိမ်ထဲသို့ မဝင်သေးဘဲ အပြင်ကနေ၍ သင်းကို ခါးထောက်ပြီး အော်ခေါ်မိသည်။

"ဒီမှာ"

သူက တစ်ချက်မော့ကြည့်ပြီးနောက် သူ့အိမ်ကို လာလည်သည့်အလား ချစ်ခြင်းကို အေးအေးဆေးဆေး ဖိတ်ခေါ် ပြောလိုက်သေးသည်။

"ဝင်လာလေ ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံစံကြောင့် ချစ်ခြင်းက ပိုမိုဒေါပွသွားကာ မျက်လုံးတွေက မီးဝင်းဝင်းတောက်သွားသည်။

"ဒီမှာ ... ရှင် ဘာအူကြောင်ကြောင် လုပ်နေတာလဲ။ ရှင့်ဆီကို အိမ်လည်လာတယ်များ မှတ်နေလား။ ရှင် ကျွန်မတို့အိမ်က ငှားထားတဲ့ဂျာနယ် ဘယ်မလဲ"

"ဗျာ ... ဂျာနယ် !။ Eleven ကို ပြောတာလား၊ ဟုတ် ... ဟုတ်။ ပေးပါ့မယ်"

"ရှင့်ကို တစ်ခါတည်း ပြောထားမယ်။ နောက်ကို ကျွန်မတို့အိမ်က ဘာပစ္စည်းမှ လာမငှားပါနဲ့၊ ကိုယ့်ဟာကိုယ် သီးသန့်နေပါ"

"ခင်ဗျားကလည်းဗျာ၊ အိမ်နီးနားချင်း ပြီးတော့ အိမ်ရှင်နဲ့ အိမ်ငှားပဲ၊ ဒီလောက်ကြီးတော့ မစိမ်းကားပါနဲ့။ ကျွန်တော်က 7 Days တို့ ကုမုဒြာတို့ ဝယ်တာဗျ။ ဟို ... ခင်ဗျားက ဘာဝယ်တာလဲဟင် ...

ကျွန်တော် ခင်ဗျားဝယ်တာတွေ မဝယ်ဘူး။ အဲ ... ကျွန်တော် ဝယ်တာတွေလည်း ခင်ဗျား မဝယ်နဲ့၊ နော် ... ကျွန်တော်တို့ လဲဖတ်ရရင် မကောင်းဘူးလား





အလိုက်ကန်းဆိုး မသိသော ထိုလူ့ကိုကြည့်ကာ ချစ်ခြင်းက အမှုန့်ကြိတ်ပစ်ချင်လာသည်။ ဘာမှမပတ်သက်ချင်လို့ ဘာပစ္စည်းမှ လာမငှားပါနဲ့ ဆိုတာတောင် အလဲအလှယ်လုပ်ဖို့ လာစွယ်နေသေးသည်။ ချစ်ခြင်းက လူတစ်ယောက်ကို သိပ်ဒေါသဖြစ်လာလျှင် ကိုင်ဆောင့်ပစ်ချင်လာတတ်သည်။ အခုလည်း ဒီလူကို ကိုင်ဆောင့်ပစ်ချင်သည်မှာ အသည်းတွေယားနေသည်။ ဒါကြောင့် အလိုမ့်လိုက်တက်လာသော ဒေါသတွေကို အသက်မော့ရှူပြီး ထုတ်ပစ်နေရသည်။

"ဒီမှာ ... ရှင် ဘာမှအပိုစကားတွေ ပြောမနေနဲ့တော့။ ကျွန်မဂျာနယ် ဘယ်မှာလဲ။ အမြန်ပေးတော့"

"ဂျာနယ်လား ... အဲ ... ဟို ...။ အခုယူတော့မလို့လား။ ကျွန်တော်ဖတ်လို့ မပြီးသေးလို့ပါ။ ဟို ... ညနေမှ လာပေးမယ်လေ။ မရဘူးလား"

"ဘာ"

ချစ်ခြင်းက "ဘာ"ဟူသော အသံကျယ်ကြီးကို ဆောင့်အော်လိုက်လျှင် ထိုလူက အီးမှန်သည့်အလား ရှုံ့မဲ့လို့သွားသည်။ သူ့နားကိုတောင် မူယာမာယာပိုပို လက်နှင့်အုပ်လိုက်သည်မှာ ရွံစရာတောင် ကောင်းသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အူကြောင်ကြောင် လုပ်မနေနဲ့တော့နော်။ ကျွန်မ ဒေါသထွက်လာရင် လုပ်မိလုပ်ရာ လုပ်ပစ်တော့မှာ။ တောက် ... ပေး ...ကျွန်မ ဂျာနယ်"

ထိုသူက သွားအဖြဲသားနှင့် ခေါင်းကုတ်နေပြီးတော့မှ ချစ်ခြင်းကို တောင်းပန်တိုးလျှိုးသော အသံဖြင့်ပြောသည်။

"ဟို ... ဆောရီးဗျာ၊ ညနေကျရင် ကျွန်တော်ဆက်ဆက် လာပေးပါ့မယ်၊ ဟိုဟာလေ ... ဂျာနယ်က ကျွန်တော့်သူငယ်ချင်း ခဏငှားသွားလို့ဗျ"

"တောက်"

ချစ်ခြင်းက "တောက်"တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်လိုက်မိလျှင် ထိုသူက ကျုံ့ဝင်သွားမတတ် တုန်လှုပ်သွားသည်။ ချစ်ခြင်းက ဒေါသထွက်ထွက်ဖြင့် လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောပစ်သည်။

"ဒီမှာ ... ရှင် မြဲမြဲမှတ်ထား။ နောက်ကို ကျွန်မတို့ဆီက ဘာမှလာမငှားနဲ့၊ ကင်းကင်းနေပါ"

ပြောပြီးတာနှင့် ချစ်ခြင်းက ချာခနဲ ကျောခိုင်းထွက်မည် ပြုသော်လည်း နောက်ကနေ လှမ်းခေါ်လိုက်သောအသံကြောင့် ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။





"ခင်ဗျား ခဏနေပါဦး"

ချစ်ခြင်းက ဘာလဲဟူသော သဘောဖြင့် စောင်းမဲ့မဲ့ လှည့်ကြည့်လိုက်လျှင် သူက တည်ငြိမ်သော မျက်လုံးများဖြင့် ကြည့်နေသည်။

"ဒီမှာ ... ချစ်ခြင်းပြည့်စုံ။ ခင်ဗျားနဲ့ ကျွန်တော်က အကျိုးတူ စီးပွားဖက်ပါဗျာ။ ကျွန်တော့်အိမ်ကို ခင်ဗျားငှားလို့ ပိုက်ဆံရသလို၊ ခင်ဗျားတို့မှာလည်း ဒီအိမ်မှာနေရတဲ့အတွက် စိတ်သန့်စရာကောင်းတဲ့ လုံခြုံမှုမျိုးကိုရပါတယ် ...

တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလို့လည်း ခင်ဗျားတို့မှာ ဘာမှထိခိုက်နစ်နာစရာ အကြောင်းမရှိပါဘူး။ ဒီလောက်ကြီးလည်း ခင်ဗျား ဒေါသဖြစ်စရာအကြောင်း မဟုတ်ပါဘူး။ ပင်ပန်းပါတယ်ဗျာ။ အသက်တိုပါတယ် ... နော် ... ဒေါသတွေလျှော့ပါ"

လူကို ဘာလိုင်းကြီးလာပြီး ဆရာလုပ်နေသော ထိုက်ရည် ဆိုသည့်လူကို ချစ်ခြင်းက အံကြိတ်ကာ ကြည့်မိသည်။ အဲဒီနောက် သွားကြားထဲမှလာသော လေသံဖြင့် တုံ့ပြန်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ပါးစပ်ကို ပိတ်ထားလိုက်တော့။ နောက်ထပ် အသံထွက်လာရင် ကျွန်မအဆိုး မဆိုနဲ့"

သူက ပါးစပ်ကိုပိတ်ကာ မျက်လုံးပြူးသဏ္ဍာန်ဖြင့် ခေါင်းညိတ်ပြသည်။ အဲဒါကိုက ချစ်ခြင်းကို လှောင်နေသလိုမို့ ချစ်ခြင်းသည် အသေသတ်ပစ်ချင်စိတ်တွေကို ချုပ်တီးကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။ အိမ်ဘက်ရောက်တဲ့အထိ ဒေါသတွေက မပြယ်သေးပါ။

အမိုးကြီးကလည်း ချစ်ခြင်းရဲ့မျက်နှာကို မဝံ့မရဲ ကြည့်လျက် သတင်းစာတစ်စောင်ကို လာပေးသည်။

"ဒေါသမထွက်ပါနဲ့ သမီးရယ်။ ဒီမှာ သတင်းစာရောက်လာပြီပဲ။ ရော့ ... ရော့ ... သတင်းစာဖတ် ... နော်"

"အမိုးကြီးတို့ကလည်း တကယ်ပဲ။ ချစ်ခြင်း အရမ်းစိတ်ကုန်တယ် သိလား။ ချစ်ခြင်းက ကင်းကင်းနေပါလို့ ပြောထားတာတောင် ရအောင်ပတ်သက်သေးတယ် ..."

အခု ကိုယ်တိုင်သွားတောင်းတာတောင် ဂျာနယ်က ရမလာဘူး။ လုံးဝစည်းကမ်းမရှိတဲ့ဟာ"

"အေးပါကွယ်၊ နောက်ကို အမိုးလည်း မငှားတော့ပါဘူး။ အဲဒီတုန်းကလည်း ဘေးမှာချထားရင်း သူက ရောက်လာ





တာဆိုတော့ ပေါ်တင်ကြီး ဖြစ်နေတာနဲ့ မငှားရင် မကောင်းလို့ပါ"

"အို ... ဘာမကောင်းစရာရှိလဲ။ ချစ်ခြင်းက မကြိုက်ဘူးလို့ပြောပြီး ချစ်ခြင်းကို လွှဲချလိုက်ပေါ့။ ဟင်း ... ဘာမှန်းကို မသိဘူး။ မပတ်သက်ချင်ပါဘူး ပြောလည်း အရှက်မရှိ လိုက်ပတ်သက်နေတယ်"

"အဲဒီလိုတော့ မပြောပါနဲ့ ချစ်ခြင်းရယ်။ သူ့ခမျာ လူကောင်းသူကောင်းလေး တစ်ယောက်ပါ။ လူကြီးမိဘမရှိဘဲ တစ်ယောက်တည်းနေတဲ့ ယောကျ်ားသားဆိုပေမယ့် ပေါ့ ပေါ့ရမ်းရမ်းရှိတာ မဟုတ်ဘူး ...

ဘယ်လောက် နားအေးလဲ။ ဘာသာတရားလည်း ကိုင်းရှိုင်းပုံရတယ်။ ဘုရားပန်းအိုးတွေ ဘာတွေလဲ ဆွမ်းတွေ ဘာတွေကပ်နဲ့ အဟုတ်ပဲ။ သူ ဒီလိုအေးအေးဆေးဆေးရှိလို့ အမိုးကြီးတို့လည်း အေးအေးဆေးဆေးနေနိုင်တာ မဟုတ်လား။ အဲဒါလေးတွေနဲ့တော့ ပြန်ထောက်ပေါ့ သမီးရယ်"

အမိုးကြီး ပြောတာတွေဟာ နည်းလမ်းကျနေသော်လည်း ချစ်ခြင်းသည် လွယ်လင့်တကူ လက်သင့်မခံနိုင်တော့ချေ။



www.burmeseclassic.com

လူတွေဟာ သစ္စာမရှိကြဘဲ နောက်ကျောကို ဓားနဲ့ထိုးတတ်သည်။ ယုံကြည်မှုကို အလွဲသုံးစား လုပ်တတ်သည်ဟူသော အစွဲကြီးက ချစ်ခြင်းရဲ့နှလုံးသားမှာ သံမီးကင်ပြီး ကပ်လိုက်သလို လောင်ကျွမ်းပြင်းရှပြီး ထင်ကျန်နေခဲ့ပြီဖြစ်သည်။

"တော်ပြီ အမိုးကြီးရာ။ ချစ်ခြင်းကို တရားလာမချနဲ့တော့။ ချစ်ခြင်း ဘယ်သူနဲ့မှ ပတ်ပတ်သက်သက် မလုပ်ချင်ဘူး"

ချစ်ခြင်းက အမိုးကြီးကို စကားစဖြတ်ကာ သတင်းစာကို ကောက်လှန်လိုက်သည်။ ကြော်ငြာစာမျက်နှာတွေဆီသို့ ခပ်လျှမ်းလျှမ်း လိုက်ဖတ်နေရင်းမှ မျက်လုံးက တစ်နေရာအရောက်တွင် ကြော်ငြာစာသားတစ်ခုကို သွားမြင်သည်။ ကြော်ငြာကိုဖတ်ပြီးသောအခါ ချစ်ခြင်းရဲ့ရင်ထဲတွင် လှုပ်ခနဲ ဖြစ်သွားသည်။ အို ... ဂစ်တာတီးပြီး သီချင်းဆိုတတ်တဲ့ အမျိုးသမီးအဆိုရှင်ဆိုပါလား။ ချစ်ခြင်းသည် အဲဒီကြော်ငြာကိုဖတ်ပြီး မျက်ရည်လည်သွားသည်။

တစ်ချိန်က ဝါသနာပါသဖြင့် အပျော်သင်ထားခဲ့သော ဂစ်တာတီးတတ်သည့် ပညာလေးက အခုတော့ ချစ်ခြင်းကို အသက်မွေးဝမ်းကျောင်းတစ်ခု ဖြစ်စေတော့မတဲ့လား။ ဘယ်လိုပဲ





ဖြစ်ဖြစ်ပေါ့လေ ချစ်ခြင်းရဲ့တန်ဖိုးကြီးဂစ်တာကို ပြန်ယူဖို့အတွက်တော့ ခြေမချချင်သော နေရာတစ်ခုကို ပြန်လည်ခြေချရတော့မည်။

ချစ်ခြင်းရဲ့သွေးတွေက တစ်စက္ကန့်လောက်တော့ ထပွက်သွားသည်ဟု ထင်ပါသည်။

* ○ *

စေတနာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com



## ၈

ချစ်ခြင်းသည် အထဲကို လှမ်းမမြင်နိုင်သော အုတ်တံတိုင်းမြင့်မြင့်ကြီးကိုကြည့်ကာ ရင်ထဲမှာ တစ်ချက်နာကျင်သွားသည်။ ရပ်ကြည့်နေမိတဲ့ စက္ကန့်ပိုင်းအတွင်းမှာကို စိတ်ရေအလျဉ်က နှစ်များစွာကြာခဲ့သော အတိတ်ဆီသို့ အပြေးအလွှားရောက်သွားသေးသည်။ မိသားစု စုံညီစွာဖြင့် ဒီခြံကြီးထဲမှာ ပျော်ရွှင်ကြည်နူးခဲ့တာတွေ၊ ဒီခြံထဲက မြက်ခင်းတွေပေါ်မှာ နှစ်သက်စွာ ပြေးလွှားကစားခဲ့ဖူးတာတွေ စသဖြင့် စသဖြင့် အားလုံးဟာ ရုပ်ရှင်ပြကွက်တွေလို တရေးရေး မြင်ယောင်လာသည်။

အဲဒီအချိန်မှာပဲ ခြံတံခါးက ဖျတ်ခနဲ ပွင့်လာကာ လုံခြုံရေးဝတ်စုံဝတ်ဆင်ထားသော လူကြီးက ချစ်ခြင်းကို စူးစမ်း





ရိပ်ဖြင့် ကြည့်သည်။ ပြီးတော့ အကြီးအကျယ် အံ့သြသွားသော မျက်နှာဖြင့် ပါးစပ်အဟောင်းသား ပွင့်သွားချိန်မှာ ချစ်ခြင်းကပဲ စတင်နှုတ်ဆက်လိုက်ပါသည်။

"နေကောင်းတယ်နော် ဦးမြညွန့်"

"ချစ်ခြင်း ... ချစ်ခြင်း ပြန်လာတယ် ဟုတ်လား။ ကလေး"

"ပြန်လာတာ မဟုတ်ပါဘူး။ ချစ်ခြင်း ယူစရာလေးရှိလို့ပါ။ အိမ်ထဲဝင်လို့ ရတယ်မဟုတ်လား ဦးမြညွန့်"

"ဘယ်လိုပြောလိုက်တာလဲ ချစ်ခြင်းရယ်။ ဒါ ချစ်ခြင်းရဲ့ အိမ်လေ။ ချစ်ခြင်း... ကလေး အခုဘယ်မှာနေလဲ။ အဆင်ရော ပြေရဲ့လား။ ဟင် ? ... အမိုးကြီးရော နေကောင်းရဲ့လား"

ချစ်ခြင်းက အိမ်ဝင်းထဲသို့ လှမ်းဝင်လိုက်ရင်းမှ ဦးမြညွန့်ကို အေးအေးသက်သာ ကြည့်လိုက်သည်။ ဦးမြညွန့်က ချစ်ခြင်းကို ကရုဏာသက်သော မျက်လုံးတွေဖြင့် ငေးကြည့်နေသည်။ ဒါကို မနှစ်မြို့သော်လည်း ဘာမှမတတ်နိုင်ပါ။

"ချစ်ခြင်း အားလုံးအဆင်ပြေတယ် ဦးမြညွန့်။ အမိုးကြီးလည်း အဆင်ပြေတယ်။ ဦးမြညွန့်တို့ရော ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြေပါတယ်ကွယ်"

"ကြားရတာ ဝမ်းသာပါတယ်။ ကဲ ... ဒါဆိုရင် ချစ်ခြင်း အိမ်ထဲဝင်လိုက်ဦးမယ်။ ချစ်ခြင်းရဲ့ဂစ်တာလေးကို လာယူတာပါ။ ပြီးရင် ပြန်မှာ၊ မကြာဘူး ဦးမြည္ဓွန့်"

ချစ်ခြင်းက ပြောပြီးတာနှင့် အိမ်ဘက်ဆီသို့ လှမ်းလျှောက်ဖို့ပြင်သည်။ အဲဒီအချိန်မှာပဲ ဦးမြည္ဓွန့်ထံမှ ခေါ်သံထပ်ထွက်လာသည်။

"ချစ်ခြင်း"

ချစ်ခြင်းက လည်ပင်းလေးကို အသာလိမ်ကာ လှည့်ကြည့်မိလျှင် ဦးမြည္ဓွန့်က တစ်ခုခုကို ပြောသင့် မပြောသင့် ချီတုံချတုံ ဖြစ်နေသည်။ ချစ်ခြင်းက "ပြောလေ" ဟူသောစကားကို မေးဆတ်ပြီးတော့ပဲ သင်္ကေတဖြင့် မေးလိုက်သည်။

"ဟို ... အိမ်ထဲမှာ မဒေလီယာ ရှိတယ်"

"ရှိတော့ ဘာဖြစ်လဲ ဦးမြည္ဓွန့်ရဲ့။ သူ ရှိတာနဲ့ပဲ ချစ်ခြင်းက ဒီကနေ လှည့်ပြန်သွားရမှာလား"

"သြော် ... အဲလိုပြောတာ မဟုတ်ပါဘူး။ ချစ်ခြင်း သူ့ကို မတွေ့ချင်ဘူး ထင်လို့ပါ"





"မတွေ့ချင်တာက မတွေ့ချင်တာပဲလေ။ ဒါပေမဲ့ ချစ်ခြင်းရဲ့ကိစ္စက ရှိသေးတာကိုး။ ပြီးတော့ ချစ်ခြင်းအနေနဲ့ သူ့ကို ရင်မဆိုင်ရဲစရာ ဘာအကြောင်းမှ မရှိပါဘူး ...

ရင်မဆိုင်ချင်းမဆိုင် သူက ရင်မဆိုင်ရဲရမှာ။ ကဲ ... သွားလိုက်ဦးမယ်"

ချစ်ခြင်းက အိမ်ကြီးဆီသို့ လျှောက်လှမ်းလာခဲ့သည်။ ခြံဝကနေ၍ အိမ်ဆီသို့ လျှောက်ခဲ့ရသော လမ်းတစ်လျှောက်တွင် ချစ်ခြင်းရဲ့ယပ်ပုံရိပ်တို့က ဘေးကနေ၍ အရိပ်ပမာ လိုက်လာသည်ဟု ထင်မြင်လာသည်။ ချစ်ခြင်းအမေရဲ့အရိပ်တွေကိုလည်း တွေ့မြင်နေရသလိုပဲ။ ဘယ်လောက်ပဲ တင်းမာအောင် လေ့ကျင့်ထားသော နှလုံးသားဖြစ်ပါစေ။ မိခင်နှင့်အတူ ဖြတ်သန်းခဲ့သော ယပ်ပုံရိပ်တွေကို တမ်းတမိလိုက်လျှင် နှလုံးသားမှာ နာကျင်လာစမြဲဖြစ်သည်။ သြော် ... မေမေရယ်၊ ချစ်ခြင်းကို ဒီဘဝရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးထင်ထားခဲ့မှာ မဟုတ်ဘူးနော်။ ပြီးတော့ အခင်ဆုံးသူငယ်ချင်းရဲ့သစ္စာဖောက်ခြင်းကို ခံရလိမ့်မယ်လို့လည်း ဘယ်လိုမှ ထင်ထားခဲ့မှာ မဟုတ်ဘူး။

"ဟယ် ... မမလေး လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝသို့ အရောက်မှာပဲ ပြတင်းပေါက်မှန်တွေကို မှန်ကြည်ဆေးရည်ဖျန်းကာ ဖော့တုံးတစ်တုံးနှင့် သုတ်နေသော အိမ်အကူကောင်မလေးက ချစ်ခြင်းကိုမြင်တာနဲ့ ဝမ်းသာအားရ ကုန်းအော်သည်။

ပြီးတော့ ချစ်ခြင်းရဲ့အနားသို့ ခြေမကိုင်မိ လက်မကိုင်မိ ပြေးလာရင်းမှ ...

"မမလေး ... အိမ်ပြန်လာတာလားမာင်။ အမိုးကြီးရော"

"မဟုတ်ဘူး နော်ဖော့။ ငါ့ဂစ်တာ ပြန်လာယူတာ။ အပေါ်ထပ်က ငါ့အခန်းထဲမှာ ငါ့ဂစ်တာ ရှိသေးတယ် မဟုတ်လား။ သွားယူလာခဲ့"

"ဟင် ... မမလေးကလည်း။ ပြန်လာခဲ့ပါ မမလေးရယ်။ ဒီအိမ်ကြီးမှာ မမလေးရော အမိုးကြီးရော မရှိတော့ နော်ဖော့တို့ မပျော်ဘူး"

"မပျော်လည်း နင်တို့ တောကိုပြန်ပေါ့ဟာ။ ငါလည်း အမိုးကြီးတစ်ယောက်ပဲ ရှာကျွေးနိုင်တယ်။ ကဲ ... ကဲ ... ဒီမှာ ငါ ကြာကြာမနေချင်ဘူး။ ငါ့ဂစ်တာကို မြန်မြန်သွားယူပေး ... သွား"





နော်ဖော့က ချစ်ခြင်းကို ငိုမဲ့မဲ့ကြည့်ကာ အပေါ်ထပ်သို့ တက်သွားသည်။ ချစ်ခြင်းက ပေါ်တီကိုဘေးဘက်က စတီးလ်ဒန်းလေးပေါ်မှာ ခဏဝင်ထိုင်မိသည်။ ဖြစ်နိုင်လျှင် အိမ်ထဲလည်း မဝင်ချင်သလို၊ တစ်ချိန်က ချစ်ခြင်းရဲ့အခန်းကိုတောင် ပြန်သွားမကြည့်ချင်တော့ပေ။ အရာအားလုံးကို ချစ်ခြင်းနဲ့ ဘာမှမဆိုင်တော့ဘူးဟုပဲ မှတ်ယူထားတာဟာ နှလုံးစိတ်ဝမ်း အချမ်းသာဆုံးပဲ ဖြစ်လိမ့်မည်။

"နောက်ကကြည့်နေတာ ဘယ်သူများလဲလို့။ ချစ်ခြင်း ရောက်နေတာကိုး။ အိမ်ထဲဝင်ထိုင်လေ"

နှစ်ပေါင်းများစွာက ကြားဖူးနေကြအသံ ဖြစ်သော်လည်း ချစ်ခြင်းရဲ့နားထဲတွင် ခါးတူးသွားသည်။ အဲဒီအသံထဲမှာကို အဆိပ်တွေ ပျော်ဝင်နေသည်ဟု ထင်မိလေသည်။ ဒါကြောင့် ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်လျှင် ဒေါ်ဒေလီယာမျိုးက ချစ်ခြင်းနှင့် မျက်နှာချင်းဆိုင် အနေအထားမှာ ရောက်လာသည်။ နှစ်သိန်းလောက်ပေးပြီး ကောက်ထားမည်ဖြစ်သော ဒစ်ဂျစ်တယ် ခွေလိမ်ကောက်ဆံပင်တွေက သူမကြီးကို နှသယောင် ဟန်ဆောင်ပေးနေသည်။ အိမ်နေရင်းတောင် သူဌေးကတော်ပီသစေရန်အတွက် အဝါရောင်ဇာလက်ပြတ်နှင့် ပိုးပျော့လုံချည်ကို ဝတ်ဆင်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကြီးက ချစ်ခြင်းကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"ချစ်ခြင်း ပိန်သွားတယ်နော်။ စနစ်တကျ ဝိတ်ချထားတဲ့ ပိန်ခြင်းမျိုးမဟုတ်ဘဲ Stress ကြောင့် ပိန်နေတဲ့ပုံစံပဲ ...

နေရေး စားရေး အဆင်မပြေဘူးလား ချစ်ခြင်း။ အခု ဘယ်မှာ နေ,နေလဲ"

"အဲဒါ ရှင် စိတ်ဝင်စားရမယ့်ကိစ္စ မဟုတ်ပါဘူး"

"ခုထိ စိတ်မလျှော့နိုင်သေးဘူးလား ချစ်ခြင်းရယ်။ ဖြစ်သမျှ အကြောင်းတွေကို အကောင်းတွေချည်းပဲလို့ သဘောထားပြီး အရာတိုင်းကို အရှိအတိုင်း လက်သင့်ခံလိုက်ရင် ချစ်ခြင်းအတွက် မပင်ပန်းတော့ဘူးပေါ့ ...

ချစ်ခြင်း ဒီလိုလုပ်နေတာတွေက မှန်တယ်လို့ ထင်နေလို့လား"

"ဟက် ... ခုချိန်မှာတော့ ရှင်က စင်ပေါ်ကလူဆိုတော့ ပြောထားဦးပေါ့။ ကျွန်မလို နောက်ကျောကို ဓားနဲ့အထိုးခံရသူတွေအတွက်ကတော့ ဘယ်လိုမှ အကောင်းလို့ မြင်ပေးနိုင်မှာ မဟုတ်ဘူး ...





ကျွန်မ အပြင်မှာနေလို့ ပင်ပန်းပြီး သေစရာအကြောင်းမရှိဘူး။ ဒီအိမ်မှာ ဆက်နေမှသာ ရှင့်မျက်နှာကိုမြင်ပြီး မြန်မြန်အသက်တိုပြီး သေမှာ"

"အဲဒီလောက်တောင်ပဲလား ချစ်ခြင်းပြည့်စုံ။ အဲဒါကိုက မင်း အန်တီ့အပေါ်မှာ မနာလို မစ္ဆရိယစိတ်တွေ ဝင်နေတာ မဟုတ်လား။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် မင်းအဖေနဲ့ ယူလိုက်လို့ မင်းရမယ့်စည်းစိမ်ဥစ္စာတွေ လျော့သွားမယ်ဆိုပြီး အန်တီ့ကို မင်း မလိုမုန်းတီးတာ မဟုတ်လား"

"ဟား ဟား ... ထမင်းစားပြီး ကြီးလာတဲ့ဦးနှောက်မှ ဟုတ်ရဲ့လားလို့တောင် သံသယဝင်ချင်တယ်။ ဒီလိုသာ မက်စတမ်းဆိုရင် ကျွန်မ ဒီအိမ်ပေါ်ကတောင် ဆင်းသွားစရာ အကြောင်းမရှိဘူး ...

ရှင့်စိတ်နဲ့နှိုင်းပြီး အဲဒီပစ္စည်းကိစ္စတွေ လာမပြောနဲ့။ ခေါင်းထဲမှာတောင် မရှိဘူး၊ ရှင့်ထက်မိုက်လို့ အိမ်ပေါ်က ဒီအတိုင်း ဆင်းသွားတာ"

"မင်း မိုက်တယ်ဆိုတာ သိပါတယ်။ ဒါကြောင့်လည်း အန်တီက မင်းနဲ့အတူတူ စကားယှဉ်ပြောဖို့ ဆန္ဒမရှိပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်လေ အန်တီက ဒီအိမ်ကြီးကနေ အမြဲကြို့ဆိုနေမှာပါ။ မင်း ဆန္ဒရှိတဲ့တစ်နေ့ ပြန်လာခဲ့ပေါ့ ချစ်ခြင်းပြည့်စုံ"

ချစ်ခြင်းက မုန်းတီးလွန်းသောစိတ်ဖြင့် ဟက်ခနဲပင် ရယ်မောလိုက်ကာ ...

"ရှင် သေတဲ့တစ်နေ့၊ ဒါမှမဟုတ် ဒီအိမ်မှာ ရှင်မရှိတော့ တဲ့နေ့ ဆိုရင်တော့ ပြန်လာကောင်း လာမှာပါ"

"မင်း တော်တော်မိုက်ရိုင်းလာတာလဲ ချစ်ခြင်း။ လမ်းဘေး ရောက်သွားတော့ လမ်းဘေးကစကားတွေ ပြောတတ်နေပြီ ပေါ့။ မင်း ရိုင်းချင်တယ် ဆိုရင်တောင် မင်းမိဘရဲ့ဂုဏ် သိက္ခာကိုတော့ ထောက်ဦးမှပေါ့"

"အေးပေါ့လေ ... သိုးရေခြုံထားတဲ့ ဝံပုလွေဆိုတာ ဒီလို စကားမျိုး ပြောပြီပေါ့။ လူဆိုတာ ကိုယ့်ဘဝကိုယ် အသိဆုံး ပါ ဒေါ်ဒေလီယာမျိုး ...

ရှင် ဘယ်လိုပဲပြောနေ ပြောနေ ချစ်ခြင်းပြည့်စုံက ချစ်ခြင်းပြည့်စုံပါပဲ။ ရှင်ကသာ ရှက်တတ်မယ်ဆိုရင် ကျွန်မနဲ့ ဒီလို စကားယှဉ်ပြောနေစရာ အကြောင်းတောင် မရှိပါဘူး။ ရှင် ဒီအခြေအနေထိ ဖြစ်လာအောင် ဘယ်လို မျက်နှာပြောင်တိုက်ခဲ့သလဲဆိုတာ ရှင့်ကိုယ်ရှင် အသိဆုံးပဲ"





ချစ်ခြင်းရဲ့တိကျပြတ်သားသော အေးအေးစက်စက် တည်တည်ငြိမ်ငြိမ် စကားသံအဆုံးတွင် ဒေါ်ဒေလီယာမျိုးရဲ့မျက်နှာ ကြီးက မည်းခနဲ ဖြစ်သွားသည်။ တစ်ခုခု ပြန်ပြောဖို့အတွက် ပါးစပ်တပြင်ပြင် ဖြစ်သွားစဉ်မှာပဲ နော်ဖော့ ယူလာသော ဂစ်တာ ကို ဖျတ်ခနဲ ဆွဲယူကာ လှည့်ထွက်ခဲ့လိုက်တော့သည်။ ရင်ထဲမှာ တော့ ပြောချင်ရာ ပြောခဲ့ရသည့်အတွက် ကျေနပ်လို့ မဆုံးချေ။

အပြန်လမ်းမှာတော့ ချစ်ခြင်းရဲ့နှုတ်ခမ်းတွေက ပြုံး မှန်းမသိ ပြုံးနေခဲ့ကာ လက်စွဲတော်ဂစ်တာလေးကို ပွတ်သပ်ကိုင် တွယ်မိနေခဲ့သည်။ အင်း ... မင်းကို ငါ အသုံးချရဦးမှာပေါ့ ... ဂစ်တာလေးရယ်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၉

ထိုက်ရည်က မှန်ထဲမှာ ပေါ်နေသော ကိုယ့်အရိပ်ကိုယ်ကြည့်ကာ ကျေနပ်စွာ ပြုံးမိသည်။ တိုတိုရှင်းရှင်းရှိသော ဆံပင်ကို ခေါင်းလိမ်းဆီလိမ်းကာ သပ်ရပ်စွာ ဖြီးသင်ထားသောကြောင့် ဆံပင်တွေက ပြောင်လက်ကာ ပုံကျနေသည်။ စတစ်ကော်လာ လက်ရှည်အကျီဖြူနှင့် ရခိုင်ပုဆိုးအနက်ရောင်ကို ဝတ်ထားသော သူ့ပုံစံဟာ သန့်ပြန့်ပြီး ရုပ်ထွက်ကောင်းနေသည်။ ပြည့်စုံထရေးဒင်းက ဝန်ထမ်းတွေဟာ ရုပ်ရည်သန့်ပြန့် ခန့်ညားတတ်သည်ဟု ကြားဖူးသောကြောင့် သူလည်းပဲ အတတ်နိုင်ဆုံး ကြော့မော့သပ်ရပ်နေအောင် စီစဉ်ရခြင်းဖြစ်သည်။

ဘိုဘိုကတော့ "မင်းရုပ်က သူဌေးကြိုက်မယ့်ရုပ်မျိုးကွ" ဟု ပြောခဲ့သေးသည်။ သူ့အရုပ်က ခြောက်ပေဖြစ်ပြီး





အသားအရေက ယောကျ်ားလေးတန်မဲ့ ဖြူမှာလည်း မဖြူဘဲဝင်းဝင်းလေး ဖြစ်နေသောကြောင့် ဘာကြီးမှန်းလဲ မသိဟု ထင်ပေမယ့် သူနဲ့ သိကျွမ်းသော မိန်းကလေးမိတ်ဆွေများကတော့ "နင့်အသားလေး ဆေးစမ်းဟယ်" ဟု မကြာခဏ ပြောဖူးတာကို သတိရသည်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အမေမွေးပေးခဲ့သော ရုပ်ရည်လေးက သန့်ပြန့်နေတာကိုတော့ ကျေးဇူးတင်ရမည်ဖြစ်သည်။

ဒီရုပ်ရည်နှင့်အတူ ကြိုးစားထားသော ဒီပလိုမာလက်မှတ်လေးတွေကြောင့် ခုတော့ သူဟာ ဆန်ကာတင်လူတွေ့စစ်ဆေးသည့် ဆယ်ယောက်ထဲမှာ တစ်ယောက်အဖြစ် ပါဝင်ခဲ့ပြီဖြစ်သည်။ သူဌေး ဦးပြည့်စုံနှင့် အင်တာဗျူးဝင်ရမည် ဖြစ်သောကြောင့် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ကြည့်ကောင်းသပ်ရပ်အောင်လည်း ပြင်ဆင်နေရခြင်းပင်။ အားလုံး ပြည့်စုံသွားပြီဆိုလျှင် သူက အိမ်တံခါးတွေကိုပိတ်ကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ တစ်ဖက်အခန်းသို့ ငဲ့ကြည့်လိုက်လျှင် တံခါးဖွင့်ထားတာ တွေ့ရသော်လည်း လူရိပ်လူခြည်တော့ မတွေ့ရချေ။ သူက ခြံဝင်းတံခါးကိုဖွင့်ကာ အပြင်ဘက်သို့ လျှောက်လာခဲ့သည်။ လမ်းလျှောက်ရင်းနဲ့ သူတွေ့ရတာက သူ့ရှေ့ကနေ၍ ဂစ်တာအိတ်တစ်အိတ်ကို လွယ်ကာ လျှောက်နေသော မိန်းကလေးတစ်ယောက်ကို ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတွေ့တော့မှပဲ အဲဒီမိန်းကလေးဟာ တစ်ဖက်ခန်းက စွာတေးလန်မှန်း သိရတော့သည်။ ဘယ်လိုဖြစ်ရတာလဲ။ စွာတေးလန်ဟာ ဂစ်တာအိတ်ကြီးလွယ်ပြီး ဘယ်ကိုသွားနေတာပါလိမ့်။ သူမတို့ ပြောင်းလာတာ တစ်လတောင်ကျော်ခဲ့ပြီ။ ဒါပေမဲ့ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ လုပ်တာမတွေ့ရချေ။ ဘယ်က လာတဲ့သူတွေဖြစ်ပြီး ဘာတွေလုပ်လဲ ဆိုတာလည်း ဘာမှန်းမသိရဘဲ ဒီအတိုင်း လေ့လာအကဲခတ်နေရတာဖြစ်သည်။

စာတေးလန်ဟာ စွာရုံ၊ အခြေကြီးရုံကလွဲ၍ ဘာမှ သိပ်ရှုပ်ရှုပ်ယှက်ယှက် မရှိတာကြောင့် သူက တစ်မျိုးတော့ စိတ်အေးရသည်။

ဒါပေမဲ့ အာရုံခံစားမှု သိစိတ်အရတော့ စွာတေးလန်တို့ သားအမိပုံစံကလည်း သူတို့အကြောင်းကို သိပ်စပ်စုစောကြိုက်ပုံမရဘူးဟုလည်း ထင်သလို လျှို့ဝှက်ချင်သည်ဟုလည်း ထင်သည်။ စွာတေးလန်တစ်ယောက် ဘာတွေများ ဘဝင်မြင့်နေသလဲဟု တွေးနေခဲ့သောသူသည် အခုတော့ ဂစ်တာအိတ်ကြီး လွယ်ထားသော စွာတေးလန်ကို တွေ့ရသောအခါ သူ့မှာ အံ့ဩ၍နေလေသည်။





သူက ယောက်ျားလေးခြေလှမ်းမို့ မကြာခင်မှာပဲ စွာတေးလန်ကို မီသွားသည်။ အဲဒီအချိန်မှာပဲ မျက်နှာချင်းဆိုင်က လာနေသော Taxi ကားကိုမြင်လျှင် သူက ဝမ်းသာအားရ လက်တားမိသွားသည်။ လမ်းသွယ်ထဲမှာတွေ့သောကား ဖြစ်တာရယ်၊ ကားကလည်း တောက်ပြောင်သားနားသော ပါရမီ Taxi Mark II ဖြစ်နေတာမို့ပင်။ သူ့မှာလည်း ဆိုက်ကိုတစ်ခုက ရှိသေးသည်။ ကားငှားလျှင် ပေးရတဲ့ပိုက်ဆံချင်း အတူတူမှာ စုတ်စုတ်ပြတ်ပြတ် Taxi များကို မစီးလိုပဲ ငြိမ့်နေသော Air Con နှင့် ဇိမ်ကျသော ပါရမီ Taxi များကိုသာ စီးလိုခြင်းဖြစ်သည်။

သူ ကားတားလိုက်သော အချိန်ဝယ် ဟိုစွာတေးလန်ကလည်း တစ်ပြိုင်နက်လိုလို ကားတားလိုက်လေသည်။ ပြီးတဲ့နောက်မှာတော့ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူကြည့်လိုက်ကာ သူမက မျက်နှာထားတင်းတင်းနှင့် ဖျတ်ခနဲ လှည့်သွားသည်။ အဲဒီအချိန်မှာပဲ Taxi ဆရာက မှန်ကိုလျှောခနဲချကာ သူတို့နှစ်ယောက်ကို တစ်ယောက်တစ်လှည့်စီ ကြည့်သည်။ တစ်ယောက်က စတစ်နဲ့ပုဆိုးနဲ့၊ တစ်ယောက်က ဂျင်း(န်)ဘောင်းဘီနဲ့ ဂစ်တာအိတ်ကို လွယ်ထားနဲ့။ ဘာမှမဆိုင်သော သူတို့နှစ်ယောက်ဆီကလည်း စကားသံက တစ်ပြိုင်နက် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"Cafe Romantic ကို ..."

"ပြည်လမ်းက ပြည့်စုံထရေးဒင်းကို"

Taxi သမားက ခေါင်းကုတ်ကာ သူတို့နှစ်ယောက်ကိုကြည့်သည်။ သူ မပြောခင်မှာပဲ သူမအသံက အရင်ထွက်လာသည်။

"ကျွန်မ အရင်တားတာနော်။ ကျွန်မပဲ ငှားရမယ်"

"ဟာ ... ဘာဆိုင်လို့လဲ။ ကျွန်တော်လည်း ခင်ဗျားနဲ့ အတူတူ ငှားတာပဲလေ။ ခင်ဗျားထက်တောင် လက်ထုတ်တာ ရှေ့ရောက်သလားလို့"

"ဘာမှ အပိုတွေ လျှောက်ပြောမနေနဲ့။ ကျွန်မက ရှင့်ရှေ့ကလျှောက်နေတာ၊ ရှင့်ထက်အရင် ဒီကားကိုလှမ်းမြင်ပြီး ငှားတာ ...

ကဲ ... Taxi ဆရာ။ ကျွန်မကို ခုနစ်မိုင်က Cafe Romantic ကို လိုက်ပို့ပေးပါ"

သူမက အပီကြီး အပိုင်ကြီး သဘောနှင့် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်တော့မလို လုပ်သဖြင့် သူက ကပျာကရာတားရသည်။



"ဟာ ... ခင်ဗျား အဲဒီလို မလုပ်နဲ့လေ။ ခင်ဗျားဘာသာ ရှေ့ကလျှောက်တော့ရော ဘာဖြစ်လဲ။ ကျွန်တော် ခင်ဗျားကို မီလာတာပဲ မဟုတ်လား ...

ခင်ဗျားနဲ့ ကျွန်တော် အတူတူယှဉ်ပြီး လျှောက်နေတာ။ ကားလာတာလည်း အတူတူ မြင်တာပဲ။ မျက်လုံးချင်းတောင် ခင်ဗျားက အရင်မြင်တယ်ပဲ ဖြစ်ရလား။ မရဘူး ကျွန်တော်လည်း ငှားပိုင်ခွင့်ရှိတယ် ...

ကားဆရာ ကျွန်တော့်ကို ပြည်လမ်း ပို့ပေးပါ"

ကားသမားက သူတို့နှစ်ယောက်ကို စိတ်ရှုပ်သလိုကြည့်ကာ ...

"ကဲ ... ခင်ဗျားတို့ချင်း ပြေလည်အောင် ညှိကြလေဗျာ။ လမ်းကတော့ သင့်နေတာပဲ။ ဘယ်လိုလဲ မြန်မြန်ဆုံးဖြတ်ပါ။ ကျွန်တော်က နောက်တစ်နာရီကျရင် ညှိသည်ကြိုစရာရှိသေးတယ်"

"ရတယ်။ ကျွန်တော်ကတော့ ဖြစ်တယ်။ သွားမယ်ဗျာ"

"အို ... သွားချင့်ရင် ရှင့်ဟာရှင် သပ်သပ်ကားတစ်စီးငှားပေါ့။ ကျွန်မတစ်ယောက်တည်းပဲ စီးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အဲဒီလိုတော့ မတရားမလုပ်နဲ့လေ။ ဒီကားကို ခင်ဗျားနဲ့ကျွန်တော် အတူတူတွေ့တာပဲ ...

ခင်ဗျားနဲ့ ကျွန်တော် သွားမယ့်လမ်းခရီးလည်း သင့်နေတာပဲ။ ညှိညှိနှိုင်းနှိုင်းပေါ့ဗျာ။ ဘာဖြစ်လို့ အဆင့် အတန်းတွေ ခွဲချင်နေရတာလဲ။ ကျွန်တော်က နူနေ ရွံနေတဲ့ သူလည်း မဟုတ်ပါဘူး"

သူ့စကားကြောင့် ကားဆရာကပါ သူမကို အမြင် ကတ်သွားဟန်တူသည်။ သူ့ကိုပဲကြည့်ကာ ...

"ကဲ ... ခင်ဗျားလည်း တက်မှာဖြင့်တက်။ ကျွန်တော် သွားတော့မယ်"

"ဘယ်လိုလဲ"

သူကလည်း အမှတ်မရှိစွာဖြင့် သူမကို လှည့်ကြည့် ကာ မေးဖြစ်သည်။ သူမက မေးကြောတွေတင်းသော မျက်နှာဖြင့် ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားတော့သည်။ အဲဒါကိုကြည့် ပြီး ပျော်သွားရမည့်အစား သူ့ရင်ထဲမှာ စိတ်မကောင်းသလို ဖြစ် သွားတာကိုတော့ ဘာကြောင့်လဲဆိုတာ သူ နားမလည်နိုင်ပါ။ မိန်းကလေးဖြစ်တဲ့သူက သူနဲ့ပြိုင်မလုတော့ဘဲ လှည့်ထွက်သွားတာ ကို ရှက်သွားတာလား၊ ဘာလား မခွဲခြားနိုင်ဘဲ သူမကျောပြင်ကို ငေးကြည့်နေမိသည်။





အဲဒီမှာပဲ Taxi ဆရာရဲ့ စိတ်မရှည်သောအသံက ထွက်လာသည်။

"ကဲ ... ခင်ဗျားကရော သွားမှာလား"

"ဪ ... သွားမှာပါ၊ သွားမှာပါ"

သူက ကမန်းကတန်းဖြေရင်း ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်သည်။ သူ ထိုင်ပြီးတာနဲ့ ကားဆရာက မောင်းထွက် လိုက်တာမို့ ကားကိုပြန်အကွေ့တွင် သူမ လမ်းလျှောက်နေတာကို ကျော်တက်သွားသည်။ ဂစ်တာအိတ်ကြီးတစ်လုံးကိုလွယ်ပြီး ဒီမိန်းမ ဘယ်ကိုများ သွားဦးမှာပါလိမ့်။ လမ်းထိပ်ထိလျှောက်ပြီး ကား ငှားရဦးမှာဆိုတော့ အနှောင့်အယှက် ပြေပေါ့မလား။ အင်း ... သင်းကလည်း ကြီးကျယ်စရာမရှိ ကြီးကျယ်သည်။ သူကလည်း အမှတ်မရှိ။ ဟုတ်တော့နေပါပြီ။

"စပ်စုတယ် မထင်ပါနဲ့။ အမျိုးသမီးက ခင်ဗျားနဲ့ ရှေ့ပ ရှိတယ်နဲ့တူတယ်"

"အင်း ... မသိပါဘူးဗျာ။ သူ့ပုံစံက တွေ့တည်းက အဲဒီ အတိုင်းပဲ။ ကြီးကြီးကျယ်ကျယ်ပဲ"

"အလကားနေရင်း ဘာတွေကြီးကျယ်နေတာလဲ မသိပါဘူး။ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေတဲ့ရုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကားသမားက မကျေမနပ်နှင့် မှတ်ချက်ချလျှင် အဲဒါတောင် သူ့အိမ်မှာ အိမ်ငှားနေတယ်ဆိုတဲ့အကြောင်း ထည့်မပြောဖြစ်တော့ပါ။ လူတစ်ယောက်အကြောင်း အထူးသဖြင့် မိန်းကလေးတစ်ယောက်အကြောင်းကို သူ့ကွယ်ရာမှာ မကောင်းပြောခြင်းသည် ယောကျ်ားကောင်းတို့ရဲ့အလုပ် မဟုတ်ဟု မှတ်ယူထားတာဖြစ်ပါသည်။

သူက ဘာစကားမှ မပြောတော့ဘဲ တိတ်ဆိတ်စွာ လိုက်ပါလာပြီးနောက် ပြည့်စုံထရေးဒင်းရှိရာ ပြည်လမ်းရှိခြံဝင်းကြီးရှေ့အရောက်မှာပဲ ဆင်းသည်။ ကားခပိုက်ဆံရှင်းပေးပြီးနောက် ကြီးမားကျယ်ဝန်းကာ သားနားလှသော ကုမ္ပဏီခြံဝင်းကြီးအတွင်းသို့ ဝင်ခဲ့လေသည်။ ဒီခြံဝင်းကြီးထဲမှာပဲ အဆောက်အအုံကသုံးခုရှိကာ ဟိုးနောက်ဘက်မှာ အဆင့်မြင့်ဝန်ထမ်းအိမ်ရာငယ်တစ်ခုလည်း ပါသေးသည်ဟု သိရသည်။ အထဲမှာကို ကန်တင်း၊ မီနီစတိုး စသဖြင့် တော်တော်ကို ပြည့်ပြည့်စုံစုံ ဖန်တီးထားလေသည်။

သူက တစ်ယောက်ယောက်ကို မေးမြန်းပြီးနောက် အင်တာဗျူးမည့်နေရာသို့ ချောချောမောမော ရောက်လာခဲ့သည်။ သူ ရောက်သွားချိန်တွင် အင်တာဗျူး မစသေးပါ။ လူတွေတော့





စုံနေပြီ။ အဲဒီအချိန်မှာပဲ သူ့ရှေ့သို့ မိန်းကလေးတစ်ယောက်က လာရပ်သည်။ ဆံပင်တွေကို ဆံထုံး,ထုံးထားကာ၊ အဖြူရောင်ရှပ်လက်ရှည်၊ မီနီစကတ်ကာကီရောင်နှင့် သပ်ရပ်စမတ်ကျနေသော မိန်းကလေးက သူ အပါအဝင် အားလုံးကို ခြုံငုံပြုံးပြပြီးနောက် ...

"အားလုံးပဲ မင်္ဂလာပါ။ ကျွန်မက ပြည့်စုံထရေးဒင်းရဲ့ အတွင်းရေးမှူး ရွှေမှီအဆင်း ဖြစ်ပါတယ် ...

အခု အင်တာဗျူးဖြေဖို့ ရောက်ရှိလာကြတဲ့ လူကြီးမင်းများကို ကျွန်မက နာမည်စာရင်းစစ်သွားမှာမို့ တစ်ချက်လောက် ဖြေပေးပါ။ သိပ်မကြာခင်မှာ လူကြီးမင်းတို့ကို အင်တာဗျူးခေါ်တော့မှာ ဖြစ်ပါတယ်"

အားလုံးက ငြိမ်သွားကြသည်။ သူကတော့ အတွင်းရေးမှူး ရွှေမှီအဆင်းကို ငေးကြည့်နေမိသည်။ တကယ်ပါပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော ပုံစံရယ်၊ စမတ်ကျသောပုံစံရယ်က သူမကို ဝန်ထမ်းကောင်းတစ်ယောက် ပီသစေသည်။

အင်း ... သူလည်းပဲ သူမအိုက်တင်ကို နည်းနည်းခိုးသွားဦးမှ။

"ဦးထိုက်ရည်"

"ရှိ ...၊ အဲ ... ရှိပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကို ခေါ်မယ်လို့ ထင်မထားဘဲ ရုတ်တရက် ခေါ်လိုက်သောအခါ ယောင်ယမ်းပြီး အထက်တန်းကျောင်းတုန်းက ထူးခဲ့သလိုမျိုး ထူးမိသွားသည်။ ဒါကြောင့် အားလုံးကလည်း ပြုံးစိစိဖြစ်သွားကာ သူ့ကိုဝိုင်းကြည့်ကြသည်။ အတွင်းရေးမှူးကတော့ ဒါတွေကို မသိကျိုးကျွန်ပြုကာ တခြားသူတွေရဲ့နာမည်ကို ဆက်ခေါ်သည်။

အားလုံးပြီးသွားသောအခါ လူစုံပြီဖြစ်သဖြင့် သူမက အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာကာ သူ့နာမည်ကို ခေါ်လေသည်။ အဲဒီနောက် သူဟာ ပြည့်စုံထရေးဒင်း၏ သူဌေးမင်း ဦးပြည့်စုံရှေ့သို့ ရောက်ရှိခဲ့တော့သည်။

သူဌေးကြီးဟု သိထားသော်လည်း တကယ်တမ်းတွေ့ရသောအခါ သိပ်မကြီးသေးသော ပြောရလျှင် ရှိရင်းစွဲအသက်ထက်တောင် နုနေသော (လမ်းမှာမသိလျှင် အစ်ကိုကြီးလို့တောင် ခေါ်လို့ရသော) အနေအထားမျိုးဖြစ်သည်။

ဦးပြည့်စုံသည် တန်ဖိုးကြီး Arrow ရှပ်လက်ရှည်ကို ဝတ်ဆင်ထားသည်။ အသက်အရွယ်ကြောင့် နည်းနည်းပြည့်ချင်သော်လည်း ပုံပန်းပျက်စေသော အဆီတရွဲရွဲမျိုး မဟုတ်ဘဲ





ကြည့်ကောင်းသည်။ သူက ချက်ချင်းဝင်မထိုင်သေးဘဲ ဦးပြည့်စုံကို တစ်ချက်ဦးညွတ်လိုက်သည်။ ဦးပြည့်စုံက ခေါင်းညိတ်ပြ၍ သူ့ကို ထိုင်နိုင်းသည်။

"အင်း ... မောင်ရင်က ထိုက်ရှည် ! ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒီမှာ ရေးထားတာကတော့ လုပ်ငန်းအတွေ့အကြုံ လုံးဝ မရှိဘူးနော်။ ဟုတ်လား ... ဘာအလုပ်မှကို မလုပ်ဖူးဘူး ပေါ့"

"ဟုတ်ပါတယ်။ ကျွန်တော် ကျောင်းပြီးသွားတော့ တခြားသင်တန်းတွေ လိုက်တက်ပါတယ်၊ အလုပ်အကိုင်ကောင်းကောင်းတစ်ခုကို လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ့်ကိုယ်ကိုယ် ပညာရည်ပြည့်အောင် အရင်ဖြည့်ပါတယ် ...

အဲဒီထဲမှာဖြည့်ထားတဲ့ အရည်အချင်းတွေက ကျွန်တော် တကယ်ကျွမ်းကျင်တတ်မြောက်ထားတဲ့ အရည်အချင်းတွေပါ"

"အင်း ... ဟုတ်ပါပြီ။ ဒါဆို မောင်ရင်က အလုပ်,လုပ်ဖို့ စိတ်မဝင်စားခဲ့လို့ မလုပ်ခဲ့တာလား။ လုပ်စရာမလိုခဲ့လို့လား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီဖောင်မှာ ဖြည့်ထားတာတော့ မိဘတွေလည်း မရှိတော့ဘူးနော်"

"ဟုတ်ပါတယ်။ မိဘတွေက ဆုံးသွားပါပြီ။ ကျွန်တော် တစ်ယောက်တည်းနေတာပါ။ အလုပ်,လုပ်ဖို့ စိတ်မဝင်စားခဲ့တာတော့ မဟုတ်ပါဘူး။ ကျွန်တော်က ရာထူးကောင်းကောင်းကို လုပ်ချင်တာပါ။ ဒါကြောင့် လိုအပ်တဲ့ပြင်ဆင်မှုတွေ လုပ်နေခဲ့တာပါ"

"ဟုတ်ပါပြီ။ ဒါဖြင့်ရင် ဒီကြားထဲမှာ အလုပ်မလုပ်ဘဲနဲ့ မောင်ရင် ဘယ်လိုရပ်တည်နေထိုင်ခဲ့သလဲ"

"ကျွန်တော့်အိမ်က နှစ်ခန်းတွဲပါ။ တစ်ခန်းက ကျွန်တော်နေပြီး တစ်ခန်းက အိမ်ငှားထားတယ်လေ။ အဲဒီဝင်ငွေက ကျွန်တော် တစ်ယောက်တည်း ကောင်းကောင်းရပ်တည်လို့ရပါတယ်"

"အင်း ... ဟုတ်ပါပြီ။ အခု အန်ကယ်တို့ ဆန်ကာတင်ရွေးလိုက်တဲ့ ဆယ်ယောက်မှာ အရည်အချင်းတွေကတော့ အဲ ... အရည်အချင်းဆိုတာ ပညာအရည်အချင်းပေါ့လေ။ အဲဒါတွေကတော့ အတူတူပါပဲ ...





ဒီတော့ အန်ကယ်တို့ အဓိကထား ရွေးချယ်မှာက အန်ကယ့်ရဲ့ PSO လုပ်မယ့်သူဆိုတော့ အန်ကယ်နဲ့ ရင်ဘတ်ချင်း နီးကပ်တဲ့သူပေါ့"

"ဗျာ"

သူ့ရဲ့ "ဗျာ" တ,သံကြောင့် ဦးပြည့်စုံက ပြုံးသည်။ ပြီးတော့ ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်၊ အရည်အချင်းတွေက တန်းတူဆိုတော့ အဲဒါတွေချိန်ထိုးပြီး စဉ်းစားနေရင် ဦးနှောက်ခြောက်တယ်လေ ...

အန်ကယ်က IQ ထက် EQ ကို ပိုတန်ဖိုးထားတဲ့သူပါ။ ကဲ ... မင်း ဘာနဲ့ ဘွဲ့ရထားတာလဲ"

"အင်္ဂလိပ်စာအဓိကနဲ့ပါ အန်ကယ်"

"အင်း ... ထားပါတော့။ မင်း ရူပဗေဒတော့ သင်ဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... သင်ရပါတယ်"

"အေး ... ဒါဆို မင်းကို ဉာဏ်စမ်းမေးခွန်းလေးတစ်ခုလောက် မေးချင်တယ်။ ကျောခိုင်းထားတဲ့ လူနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်ယောက်မျက်နှာကို တစ်ယောက်က မြင်ရဖို့အတွ

မုန့်ဘယ်နှချပ် အသုံးပြုရမလဲ”

တစ်ခဏတော့ အသက်ကို ဘယ်ကရှူရမှန်းမ

ဖြစ်သွားသည်။ ဘိုးတော်ကတော့ သူ့ကို စားပြီဟု ထင်လိုက်

သည်။ သူဟာ ရူပဗေဒကို သင်ဖူးထားသော်လည်း အလင်း

နိယာမ၊ အလင်းရဲ့ထောင့် စသဖြင့် ဘာမှမတွက်ချက်တတ်

ရုတ်တရက်တော့ ထူပူစိတ်ညစ်သွားခဲ့သည်။ အဘယ့်ကြောင့်

သော် ဒါဟာ သူ့ အလုပ်ရရှိရေးအတွက် အရေးကြီးသောမေး

တစ်ခုဟု သူ့စိတ်ထဲမှာ အလိုလို ထင်နေ၍ပင်။

ဦးပြည့်စုံ ပြောခဲ့သောစကားလည်း ရှိသည်မဟု

ပါလား။ အရည်အချင်းတွေက အတူတူပဲမို့ သူက သူနဲ့ရင်ဘ

ချင်းနီးတဲ့လူကိုပဲ ရွေးချယ်မည်တဲ့။ သူ စိတ်အိုက်သွားသည်

“စဉ်းစားရ ခက်နေလား မောင်ထိုက်ရည်”

သူ့ကို ပြုံးပြုံးလေး မေးလိုက်သော ဦးပြည့်စုံ

မျက်နှာကို ကြည့်လိုက်လျှင် အေးအေးဆေးဆေး ပေါ့ပါးနေ

တွေ့ရသည်။ သူဌေးကြီးတစ်ယောက် ဖြစ်ပေမယ့် ဟိတ်ဟန်

မားနေတာမျိုး၊ မျက်နှာကြောကြီး တင်းနေတာမျိုးမရှိ။ IQ ထ





IQ ကို ဦးစားပေးတတ်သူ၊ ပေါ့ပေါ့ပါးပါး နေတတ်သူ။ သူလည်း တစ်ခဏတော့ ခေါင်းအေးအေးထား စဉ်းစားပြီးလျှင် ဦးပြည့်စုံ၏ လျို့ဝှက်မေးခွန်းအဓိပ္ပာယ်ကို သဘောပေါက်သွားသည်။

ဒါကြောင့် အနီးစပ်ဆုံး အဖြေကို စဉ်းစားမိပြီးသွားသောအခါ ဦးပြည့်စုံကို ကြည်လင်လန်းဆန်းစွာ ပြုံးပြလိုက်မိသည်။ ဦးပြည့်စုံကလည်း သူ့ကို ပြုံးကြည့်နေသည်။ အဲဒီတစ်ခဏမှာတော့ သူတို့နှစ်ယောက်သည် ရင်ဘတ်ချင်း နီးသွားသလိုခံစားရလေသည်။

“အန်ကယ်က အဲဒီနှစ်ယောက်ကို မျက်နှာချင်းဆိုင် မြင်ရဖို့ မုန့်ဘယ်နှချပ် လိုမလဲလို့ မေးခဲ့တယ်နော်”

“အေးကွ”

“မုန့် ဘယ်နှချပ်မှ မလိုဘူး အန်ကယ်”

“ဟင် ... ဘာဖြစ်လို့လဲ။ ရှင်းစမ်းပါဦး”

“ကျောခိုင်းထားတဲ့ လူနှစ်ယောက်ကို မျက်နှာချင်းဆိုင်မြင်ရဖို့အတွက်ဆိုရင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်ရုံပါပဲ။ နားလည်မှုရှိရှိနဲ့ နှစ်ယောက်စလုံး မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်လိုက်ရင် အဆင်ပြေသွားမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးတွင် ဦးပြည့်စုံက ဟက်ဟက်ပက်ပက်ကြီး ရယ်ချပစ်လိုက်လေသည်။ အဲဒီတစ်ခဏမှာတော့ သူ့အဖြေ မှန်သွားပြီဆိုတာ သိလိုက်ရသည်။ ဦးပြည့်စုံက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းမှာ ချစ်သူရှိသလား"

"ဗျာ ... အဲ ... မရှိပါဘူးခင်ဗျ"

သူ နားပင်မလည်နိုင်တော့ချေ။ အလုပ်လာလျှောက်၍ အင်တာဗျူးမေးသော မေးခွန်းတွေက Celebrity တစ်ယောက်ကို မေးနေတာနဲ့ပင် တူသေးတော့သည်။ ဒါကြောင့် မေးသမျှ မေးခွန်းတွေကို တဗျာဗျာနှင့် ဖြစ်နေရခြင်းပင်။ တကယ်တော့ ကိုယ့်အလုပ်ရှင်ရှေ့မှာ တဗျာဗျာနဲ့ ဖြစ်နေခြင်းဟာ မကောင်းလှပေ။

"ရည်းစားရော"

"ရည်းစားလည်း မရှိပါဘူး အန်ကယ်"

"အင်း ... မချစ်တတ်တဲ့ လူများလားကွ"

"ဟာ ... အဲဒီလိုလည်း မဟုတ်ပါဘူး အန်ကယ်။ ဟို ... ချစ်ရမယ့်သူ မတွေ့သေးတာပါ"





အဲဒီလို ပြောလိုက်ပြီးတော့မှပဲ သူ့စိတ်ထဲတွင် ဂစ်တာအိတ်ကြီးလွယ်ပြီး စောင်းငန်း စောင်းငန်း ထွက်သွားသော စွာတေးလန်ကို ပြေးမြင်သည်။ ကျွတ် ... ဒီလောကအရေးကြီးတဲ့ အချိန်မှာတောင် ဘာကိစ္စများ စွာတေးလန်မကို သွားသတိရမိတာပါလိမ့်။

"အင်း ... ကောင်းပါတယ်။ မင်း ကြည့်ရတာ ဘာပဲဖြစ်ဖြစ် အချိန်အခါကောင်းကို စောင့်တတ်တယ်နဲ့ တူတယ်၊ ဟုတ်လား ...

အလုပ်အကိုင် အခွင့်အလမ်းကောင်းကောင်းကိုစောင့်တယ်။ ချစ်ရမယ့်သူ မတွေ့သေးလို့ စောင့်တယ်။ စိတ်ရှည်သည်းခံတတ်တဲ့ လူစားမျိုးနဲ့တူတယ် ... ဟုတ်လား"

သူက ဘာပြန်ပြောရမှန်း မသိသဖြင့် ရယ်သာပြလိုက်သည်။ စိတ်ထဲကတော့ နည်းနည်းလေး မအီမလည် ခံစားနေသည်။ မေးခွန်းတွေက သမားရိုးကျမဆန်ဘဲ ဆိုက်ကိုတက်စ်လုပ်နေသည်ဟု ထင်လေသည်။

"မိသားစု မရှိဘဲနဲ့ တစ်ကိုယ်တည်း နေရတဲ့ဘဝမှာ အဆင်ပြေအောင် ဘယ်လိုနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှိပါတယ်။ အရမ်းတွဲတဲ့ အရင်းနှီးဆုံး သူငယ်ချင်းနှစ်ယောက်လည်း ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က တစ်ယောက်တည်း အေးအေးဆေးဆေး နေရတာကို အနှစ်သက်ဆုံးပဲ ...

ကျွန်တော့်ဝါသနာက စာဖတ်တာ အရမ်းဝါသနာပါတယ်။ နောက် သီချင်းနားထောင်တယ်။ ရုပ်ရှင်ကြည့်တယ်။ အိမ်မှုကိစ္စတွေလည်း ကျွန်တော့်ဟာကျွန်တော်လုပ်တယ်။ ဟင်းတွေ ဘာတွေ ချက်တယ်ခင်ဗျ"

"အဆင်ပြေတဲ့ တစ်ကိုယ်တော် Life Style ပေါ့။ အိုခေလေ ... ပြည့်စုံထရေးဒင်းမှာ တာဝန်ထမ်းဆောင်ခွင့်ရမယ်ဆိုရင် ဘာတွေအကြံပေးချင်တာရှိလဲ"

"ဒါက ကျွန်တော် အလုပ်ရပြီး တစ်လလောက်နေမှ အကြံပေးလို့ ရမှာပါ"

"ဟုတ်ပြီ ... ဒါနဲ့ စကားမစပ် မင်းက စာဖတ်ဝါသနာပါတဲ့ သူဆိုတော့ ဒီတစ်ပတ်ထုတ် Weekly Eleven ဂျာနယ် ဖတ်မှာပေါ့"

"ဪ ... ဟုတ်၊ အမြဲတမ်း ဖတ်ဖြစ်ပါတယ် ခင်ဗျ"





အမြဲတမ်း ဖတ်ဖြစ်ပါတယ်ဆိုမှ ဒီတစ်ပတ်ဖတ်ခွင့်ရသော ဂျာနယ်ဆိုတာလည်း သူ့အတွက် ထမင်းတစ်လုတ် တုတ်တစ်ချက် ဖြစ်ခဲ့တာကို သတိရမိသေးသည်။ ဒီတစ်ပတ်ဂျာနယ်က သူ မဝယ်ဖြစ်ချေ။ သူ ဖတ်နေကျကောင်လေးထံမှာ ကုန်သွားသောကြောင့် တစ်ဖက်ခန်းက စွာတေးလန်ဆီက (အင်းလေ ... စွာတေးလန်ရဲ့ အမေဆီက ဆိုပါတော့) ငှားဖတ်ခဲ့ရတာဖြစ်သည်။ ဒါလေးငှားရကောင်းလားဆိုပြီး သူ့ကို အကြီးအကျယ်ပြသနာလာရှာသော စွာတေးလန်ကိုတောင် ခုချိန်မှာ သတိရမိတော့သည်။

"ဒါဆို ဒီတစ်ပတ်ထွက်တဲ့ Eleven ထဲမှာ ဘာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားလဲ"

"ဪ ... အခွန်ကိစ္စတွေပါ အန်ကယ်"

သူ့အဖြေစကားကြောင့် ဦးပြည့်စုံက ကျေနပ်စွာပြုံးသွားသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒါဆိုရင် အဲဒီအကြောင်းအရာလေး မင်းနဲ့ဆွေးနွေးလို့ ဖြစ်မလား"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ် ခင်ဗျာ"

"အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနှင့် ဦးပြည့်စုံနှင့် သူဟာ အဲဒီအကြောင်း အရာကို ဆယ်မိနစ်ခန့် ဆွေးနွေးကြသည်။ ပြီးလျှင် ဦးပြည့်စုံရဲ့ မျက်လုံးတွေက သူ့ကိုကျေနပ်သလိုဖြင့် ပြုံးကြည့်နေလေသည်။ ခံစားမှု သိစိတ်အရ သူ့ကို သဘောကျနေပြီဆိုတာ သိရသော်လည်း အပြည့်အဝတော့ ရင်မခုန်ရဲသေးပါ။ အဲဒီအကြောင်းအရာပြီးတော့ ဦးပြည့်စုံက သူ့ကို လတ်တလောမှာ နာမည်ကြီးနေသော အင်တာနက်ပေါ်က မင်းသားနှစ်ယောက်ကိစ္စကို မေးမြန်းသည်။ သူက လည်း ကြားဖူးတာတွေကို ထိန်းထိန်းသိမ်းသိမ်းဖြေသည်။ စကားဆုံးလျှင် ဦးပြည့်စုံက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းက ဘယ်ဆိုးလို့လဲကွ။ တော်တော် Up Date ဖြစ်တာပဲ။ တချို့က ရှိတယ်ကွ။ အလုပ်ကလွဲရင် ဘာမှမသိဘူးတို့။ ငါက အဲဒါမျိုးတွေ မကြိုက်ဘူး။ ခေတ်ရေစီးကြောင်းထဲမှာ ကိုယ်က အမြဲရှိနေရမယ် ...

ကဲ ... မင်းလည်းဖြေရတာ မောရောပေါ့။ ဒီတစ်ခါ နောက်ဆုံးမေးခွန်းပါပဲ။ မင်းပုံစံက ဝန်ထမ်းတစ်ခါမှမလုပ်ဖူးဘူးသာပြောတယ်၊ အကြီးအကဲကို Respect ပေးပြီး ဆက်ဆံပြောဆိုနေပုံက လုပ်နေကျပုံစံ တစ်ခုလိုပဲ"



သူက ဟဲခနဲ တစ်ချက်ရယ်လိုက်ရင်းမှ ...

"အဲဒါကလေ ဟို ... ကျွန်တော်က ကိုရီးယားကားတွေ အကြည့်များလို့ပါ။ အဲဒီထဲမှာ ဝန်ထမ်းတွေ မန်နေဂျာတွေက သူတို့ဘော့စ်ကို အရမ်းရိုသေတော့ ကျွန်တော်က မျက်လုံးထဲစွဲပြီး အန်ကယ့်ကို ပြောဆိုဆက်ဆံတဲ့အခါမှာ အဲဒီလို ဖြစ်သွားတာပါ"

"ဟော ... အဟော် ... ဟော ... ဟော်။ ကောင်းသားပဲကွ။ တို့မြန်မာတွေ Korean Wave ရဲ့ရိုက်ခတ်မှုကို ခံရတာ ဒီနေရာကျတော့လည်း ဟုတ်သားပဲ။ အင်း ... အဲဒီလို ကောင်းကွက်လေးတွေ စစ်ယူတတ်ရင်တော့ မဆိုးပါဘူး။ ဟုတ်ပါပြီ။ ဒီနေ့အဖို့တော့ ဒီလောက်ပါပဲ။ သွားလို့ရပါပြီ မောင်ထိုက်ရည် ...

အကယ်၍ မင်းကို အလုပ်ခန့်တယ်ဆိုရင် ရှေ့တစ်ပတ် တနင်္လာနေ့မနက် ဆယ်နာရီမှာ မင်းရဲ့ဖုန်းကို အလုပ်ခန့်တဲ့အကြောင်း ဖုန်းဆက်အကြောင်းကြားပါလိမ့်မယ်။ ဘာဖုန်းမှ မလာရင်တော့ ထူးခြားမှုမရှိဘူးဆိုတဲ့ သဘောပေါ့။ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်။ ကျွန်တော် အကောင်းဆုံးကို မျှော်လင့်နေပါ့မယ်။ ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီ"

သူက ဦးပြည့်စုံကို နှုတ်ဆက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာခဲ့လျှင် အဝင်တုန်းက တွေ့ခဲ့သော အတွင်းရေးမှူး ရွှေမှီအဆင်းက ပြုံးပြုံးလေး နှုတ်ဆက်သည်။

"အဆင်ပြေပါရဲ့လားရှင်"

"ဟုတ်ကဲ့ ... ပြေပါတယ်"

"အိုခေ ... ဂွတ်ဒ်လပ်"

"ကျေးဇူးပဲ ... ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ"

မိန်းမချောလေးကလည်း သူ့ကို အပြုံးနှင့်နှုတ်ဆက်သည်။ အဲဒီနောက်မှာတော့ သူဟာ ပြည့်စုံထရေးဒင်းကြီးထဲမှ အောင်မြင်သော ခြေလှမ်းများဖြင့် ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ အပြန် Taxi ငှားရာတွင် မနက်ကတွေ့ခဲ့ရသော စွာတေးလန်ကို ဖျတ်ခနဲ သတိရမိသေးသည်။ အင်း ... နဂိုကမှ ငါ့ကိုကြည့်မရတဲ့ စွာတေးလန်တစ်ယောက်တော့ ပိုပြီးကြည့်မရဖြစ်တော့မှာပဲ။





ဂစ်တာအိတ်ကြီးလွယ်ပြီး လမ်းထိပ်ထိ လျှောက်ရလို့လေ။ အဲဒီ ဂစ်တာအိတ်ကြီးကရော ဘာလုပ်ဖို့ပါလိမ့်။ အခန်းချင်းကပ်ရပ် နေပေမယ့် သူမ ဂစ်တာခေါက်နေတာကိုလည်း တစ်ခါမှ မကြားဖူးချေ။ အကယ်၍ သူမသာ ဂစ်တာတီးတတ်တယ် ဆိုရင်တော့ သူ့ထက်သာသွားပြီဆိုတာ ဝန်ခံရတော့မှာဖြစ်သည်။

*○*



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ချစ်ခြင်းသည် ဂစ်တာလေးကို လက်ကွက်စမ်းကာ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို တိုးတိုးညည်းနေမိသည်။ ကျယ်ကျယ် မညည်းတာကတော့ ဟိုဘက်အခန်းကကောင် ကြားသွားမှာစိုး၍ ပင်။ ဘာကြောင့်မှန်းမသိဘဲ ကိုယ့်အသံကို သူ ကြားသွားမှာမျိုး မဖြစ်စေချင်ပေ။ ကိုယ့်အသံကို ထိုင်နားထောင်နေမှာကိုလည်း မကြိုက်ပါ။ သီချင်းကလည်း မကျင့်၍ မဖြစ်ချေ။

Cafe Romantic မှာ လစာကောင်းကောင်းနှင့်အလုပ် ရခဲ့ပြီ ဖြစ်သောကြောင့် ရှေ့လကစပြီး အလုပ်ဆင်းရတော့မည်။ ညနေ ခြောက်နာရီမှ ညကိုးနာရီအထိဖြစ်ကာ ဖယ်ရီလည်းရှိသော ကြောင့် ချစ်ခြင်းအတွက် အဆင်ပြေသော အလုပ်လေးဖြစ်ခဲ့သည်။ ကော်ဖီဆိုင်လေးက ရှုပ်ရှုပ်ယှက်ယှက်မျိုး မဟုတ်ဘဲ အနုပညာနှင့်





ကော်ဖီဦးစားပေးဆိုင်မျိုးမို့လည်း ချစ်ခြင်းက သဘောတကျရွေး ချယ်ခဲ့ခြင်းဖြစ်သည်။

ချစ်ခြင်းက အင်္ဂလိပ်သီချင်းတွေလည်း ပိုင်နိုင်စွာ သီဆိုတတ်သူမို့ အင်္ဂလိပ်သီချင်းတွေကိုသာ သီဆိုရမည်ဖြစ်သည်။ ဒါကြောင့် ခုချိန်မှာ အကောင်းဆုံးဖြစ်စေရန် အိမ်မှာလေ့ကျင့်နေ ရခြင်းဖြစ်သည်။ **Enternal Flame** ဆိုသော အင်္ဂလိပ်သီချင်း ဆွေးဆွေးလေးကို ခပ်တိုးတိုး ညည်းဆိုနေတုန်းမှာပဲ အိမ်ရှေ့ တံခါးဝသို့ လူရိပ်တစ်ခုက ကျလာသည်။ ချစ်ခြင်းက မော့်ကြည့် လိုက်လျှင် အင်မတန် ဝမ်းသာနေသော မျက်နှာကြီးတစ်ခုကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

ဟိုဘက်အခန်းက ကိုယ်တော်ပင်။

အလွန်တရာကို ပြုံးဖြီးပြနေသော မျက်နှာကြီးဖြင့် ရပ်ကြည့်နေသော ကိုယ်တော်ကို ချစ်ခြင်းက "ဘာလဲ" ဟူသော ပုံစံဖြင့် မျက်မှောင်ကြုတ်ကြည့်မိသည်။ သူက တဟဲဟဲ တဟင်း ဟင်း ဖားယားသော မျက်နှာဖြင့် ...

"ဟို ... ခင်ဗျားအမေ မရှိဘူးလားဟင်"

"မရှိဘူး။ ဈေးသွားတယ် ဘာလုပ်မလို့လဲ"

"ဪ ... ဟိုလေ ... ဒါလေး ပေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ထဲကအထုပ်ကို မြှောက်ပြသည်။ အထုပ်ထဲမှာ ပန်းသီးတွေ၊ ကော်ဖီမှုန့်ပုလင်း၊ ကော်ဖီမိတ်ပုလင်းတွေ ပါဝင်သည်။

"ဘာလုပ်ဖို့ လာပေးတာလဲ။ မလိုချင်ဘူး ပြန်ယူသွား။ နေစမ်းပါဦး (ပြောရင်းနဲ့ ချစ်ခြင်းက ဂစ်တာကိုချကာ ဒီလူ့ထံသို့ လျှောက်လာခဲ့သည်။)

ရှင်က ကျွန်မတို့ကို ပန်းသီးတွေ ဘာတွေ ဝယ်မစားနိုင်ဘူး ထင်လို့လား"

ထိုလူက ရှုံ့မဲ့ပစ်ရင်း မှ ချစ်ခြင်းကို စိတ်လျှော့ထားသော မျက်လုံးများဖြင့်ကြည့်ကာ ...

"မထင်ပါဘူးဗျာ။ ဒီမှာ ခင်ဗျားကို တစ်ခုပြောချင်တယ်။ စကားတစ်ခွန်း ပြောလိုက်ရင် ရိုးရိုးရှုထောင့်ကပဲ တွေးစမ်းပါ။ မကောင်းတဲ့ထောင့်ကနေ ဘာလို့မြင်နေရတာလဲ ...

ခင်ဗျားတို့နဲ့ ကျွန်တော်ဟာ ရန်သူ မဟုတ်ပါဘူး။ အိမ်နီးနားချင်း မိတ်ကောင်း ဆွေကောင်းတွေပါ"

အဲဒီအပြောကြောင့် ချစ်ခြင်းက မျက်နှာကို မဲ့ပစ်မိသည်။ ကြီးကြီးကျယ်ကျယ်တွေ လာပြောနေတယ်ဟူသော သဘောမျိုးဖြင့် ပြန်ကြည့်ကာ လက်ပိုက်ပြီးလျှင် ...





"ကဲ ... အပိုတွေ လာပြောမနေနဲ့။ ရှင့်ရဲ့လာရင်းကိစ္စကို ပြော။ ဒီပန်းသီးတွေ လာပေးတဲ့ အကြောင်းရင်းက ဘာလဲ"

"စားစေချင်လို့"

"ဘာ"

"သြော် ... စကားမဆုံးသေးဘူးလေ၊ စားစေချင်လို့ဆိုတဲ့ နောက်မှာ ပါသေးတာပေါ့။ စိတ်ကတော့ စားစေချင်တဲ့ စိတ်ပဲ။ ဒါပေမဲ့ အဲဒီစားစေချင်တဲ့စိတ်ဖြစ်တဲ့ အကြောင်းအရင်းကလည်း ရှိသေးတယ်။ အဲဒီအကြောင်းရင်းကြောင့် ဒီလို လက်ဆောင်လာပေးဖြစ်တာပါ"

ချစ်ခြင်းက တော်တော်စိတ်ကုန်စွာဖြင့် ခေါင်းကို မော့လှန်ကာ "ဟား"ခနဲ အော်ရယ်မိသည်။ မြန်မာစကားကို လိုရင်းရောက်အောင် မပြောဘဲ ကွေ့ဝိုက်လှည့်ပတ်နေတာကို တကယ်ပဲ စိတ်မရှည်တော့ချေ။

"ကဲ ... ရှင် သွားတော့"

"ဗျာ ... ဘယ်ကိုသွားရမှာလဲ"

"ရှင့်အိမ်ရှင် ပြန်ဖို့ပြောနေတာ။ ရှင် တမင်သက်သက် လေကြောရှည်နေတာ မဟုတ်လား၊ ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ခင်ဗျားကလည်းဗျာ။ ခင်ဗျားနဲ့စကားပြောတာ ငါးမိနစ်တောင် မပြည့်သေးဘဲနဲ့ လေကြောရှည်တယ်လို့ ပြောလို့မရပါဘူး ...

စိတ်လေးကို နည်းနည်းရှည်ထားစမ်းပါ"

"မရှည်နိုင်ဘူး။ သွားတော့"

"ခဏလေးပါဗျာ။ ဒီလို ကျွန်တော် သိပ်လိုချင်နေတဲ့အလုပ်ရပြီဗျ ... သိလား"

ဝမ်းသာအယ်လဲ မျက်နှာကြီးနှင့် အားပါးတရလာပြောသော ထိုက်ရည် ဆိုသူကို စိုက်ကြည့်ကာ ချစ်ခြင်းသည် ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား မိသိန်းကြည်ရယ်ဟုသာ အော်မေးပစ်ချင်တော့သည်။ သူ အလုပ်ရတာကို ခင်လည်းမခင်သောသူတွေအား ဝမ်းပန်းတသာ လာပြောနေခြင်းကို ဘယ်လိုမှ နားမလည်တော့ချေ။ လူပုံစံကိုကြည့်သောအခါ အရပ်မြင့်မြင့်၊ အသားဝင်းဝင်းမှာ အိမ်နေရင်း တီရှပ်ခပ်လတ်လတ်၊ သရီးကွာတာ ဘောင်းဘီတိုတို့ဖြင့် ပြောရလျှင် လူရည်သန့်၊ ကြည့်ကောင်းသော လူချောတစ်ဦးဖြစ်သော်လည်း ကိုယ့်အတာနဲ့ကိုယ်မနေဘဲ ရောယောင်ရှိ လုပ်ချင်နေတာ ဆိုးလှသည်။





တကယ်ဆို သူ့ဟာနဲ့သူ ခပ်တည်တည်နေရင်တောင် အိမ်ရှင်ရယ်ဆိုပြီး နည်းနည်းရှိန်လိမ့်ဦးမည်။ အခုတော့ အားတိုင်းယားတိုင်း သွားအဖြဲသားဖြင့် ရောက်လာတာက စိတ်ပျက်[illegible]ရာပင်။

"တကယ်တော့ အဲဒီအလုပ် ရခဲ့တာလေ ခင်ဗျားတို့ကြောင့်ပါ"

ချစ်ခြင်းကတော့ သူ့ကို စိတ်ရှုပ်ရှုပ်နဲ့သာ စိုက်ကြည့်နေမိတော့သည်။

"ဒီလိုဗျာ ... ကျွန်တော် တစ်နေ့က ခင်ဗျားတို့ဆီက Eleven ဂျာနယ် ငှားဖတ်ခဲ့တယ် မဟုတ်လား နောက်ရက် အလုပ်မှာ အင်တာဗျူးဝင်တော့ သူဌေးနဲ့ အဲဒီဂျာနယ်ထဲက အကြောင်းအရာတစ်ခုကို ဆွေးနွေးရတယ်ဗျာ ...

ကျွန်တော်သာ ဖတ်မထားခဲ့ဘူးဆိုရင် ဘယ်ဆွေးနွေးနိုင်ပါ့မလဲ။ ခင်ဗျားတို့ဆီက ငှားဖတ်ထားလို့သာ ဆွေးနွေးနိုင်တာပေါ့။ တိုက်တိုက်ဆိုင်ဆိုင် သူ မေးတာကလည်း အဲဒီထဲက အခွန်ကိစ္စနဲ့ ပတ်သက်တဲ့ အကြောင်းအရာကို မေးတာဗျ။ ကျွန်တော့်ကို ခင်ဗျားတို့က ကူညီသွားတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ အခု ကျွန်တော်က ပြည့်စုံထရေးဒင်းမှာ အလုပ်ရ သွားပြီလေ”

“ပြည့်စုံထရေးဒင်း !”

ချစ်ခြင်းက သံယောင်လိုက်ကာ ခပ်တိုးတိုးရေရွတ်မိသည်။ ဒါကိုပဲ သင်းက အားတက်သရောဖြင့် ကမန်းကတန်း ခေါင်းညိတ်ကာ ...

“ဟုတ်တယ် ... ခင်ဗျားလည်း ကြားဖူးမှာပါ။ ကျွန်တော်က အဲဒီရဲ့သူဌေး ဦးပြည့်စုံရဲ့ ပီအက်စ်အိုရာထူးကိုရတာ”

“ရှင်က !”

ချစ်ခြင်းအဖို့ အံ့သြပြီးရင်းသာ အံ့သြနေရတော့တာပင်။ ဒီလိုလူမျိုးက ပြည့်စုံထရေးဒင်းရဲ့ ပီအက်စ်အိုနေရာကို ရသတဲ့။ ဘာကိုများသဘောကျပြီး ခန့်လိုက်တာပါလိမ့်။ အေးလေ ဦးပြည့်စုံတို့က ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အမြဲတမ်း လွဲနေကြပဲလေ။ အဆန်းမှ မဟုတ်တော့တာ။

“ဟုတ်တယ် ... ကျွန်တော် အဲဒီအလုပ်ကို ရသွားတယ်ဗျာ။ တကယ်ပါ ... လုံးဝထင်မထားပါဘူး။ ဘော့စ်က တစ်မျိုးတော့ တစ်မျိုးပဲဗျ။ အလုပ်သွားလျှောက်တာကို





အလုပ်နဲ့ဆိုင်တဲ့ မေးခွန်းတွေ မမေးပဲနဲ့ သူမေးချင်တာတွေ လျှောက်မေးတာ။ အင်တာနက်ပေါ်က မင်းသားတွေကိုစ လည်း ပါသေးတယ်။ ဟီး ... ကျွန်တော်လည်း သူမေးတာတွေ အားလုံးဖြေနိုင်တယ်။ သူနဲ့ ရင်ဘတ်ချင်းနီးတဲ့ သူဆိုပြီး အလုပ်ခန့်လိုက်တာတဲ့။ မနက်ကပဲ အတွင်းရေးမှူး ဆင်း ဖုန်းဆက်ပြီး ပြောတာ။ အဲဒါကြောင့် ခင်ဗျားတို့ ကို ကျေးဇူးတင်တဲ့အနေနဲ့ ပန်းသီးတွေ သွားဝယ်လာပြီး ပေးတာပါဗျာ ...

လက်ခံပေးပါ။ ခင်ဗျား မစားလည်း ခင်ဗျားအမေ စားပါလိမ့်မယ်။ ပန်းသီးက လူကြီးနဲ့ တည့်ပါတယ်”

သူ ဆက်ပြောနေတာတွေကို မကြားတော့ဘဲ ချစ်ခြင်း နားထဲတွင် အတွင်းရေးမှူးဆင်း ဆိုသော အသံကသာ ပဲ့တင် ထပ်ပြီး ကျန်ခဲ့သည်။ ဒီတစ်ခါလည်း ချစ်ခြင်းရဲ့နှုတ်ဖျားကနေ၍ “အတွင်းရေးမှူးဆင်း”ဟူသော အသံက ယောင်ပြီးထွက်သွားပြန် သည်။

❖

“အတွင်းရေးမှူးဆင်း ဆိုတာ ရွှေမှီအဆင်းဆိုတဲ့ အမျိုး သမီးကို ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းက ဘာမှမပြောနိုင်ဘဲ ကြောင်နေစဉ်မှာ အိမ်ရှေ့ဝင်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာသော အမိုးကြီးကိုတွေ့မြင်လိုက်ရသည်။ အမိုးကြီးက ဈေးခြင်းတောင်းဆွဲပြီး တက်လာကာ အိမ်ရှေ့မှာ ရပ်နေကြသော ချစ်ခြင်းတို့နှစ်ယောက်ကို ထူးဆန်းသလို တစ်လှည့်စီ ကြည့်နေသည်။ အခါများစွာက ထိုက်ရည်ဆိုသောလူနှင့် တွေ့တိုင်း တင်းမာခက်ထန်နေသော ချစ်ခြင်းရဲ့မျက်နှာတွင် အဲဒါက ပျောက်ဆုံးနေလျက် ကြောင်တောင်တောင်ဖြစ်နေသည်။

"မောင်ထိုက်ရည် ရောက်နေတာလား"

အမိုးကြီးရဲ့ နှုတ်ဆက်သံကြားတော့မှပင် ချစ်ခြင်းက သတိဝင်လာကာ ဖျတ်ခနဲ ကျောခိုင်းပြီး လှည့်ထွက်လာခဲ့တော့သည်။ အမိုးကြီးနဲ့ ထိုက်ရည်တို့ ဘာတွေဆက်ပြောနေသလဲဆိုတာတော့ မကြားတော့ချေ။ နားထဲမှာသာ အတွင်းရေးမှူးရွှေမှီအဆင်း ဆိုတာသာ ထပ်တလဲလဲ ထပ်ကြားနေမိတော့သည်။ အတွင်းရေးမှူး ရွှေမှီအဆင်း တဲ့လား။ အတွင်းရေးမှူးဆင်း တဲ့။ ဒီလိုနေရာတောင် ရောက်သွားပြီတဲ့လား ရွှေမှီအဆင်းရေ။

ဘာဖြစ်နေမှန်းမသိသော စိတ်နှင့်အတူ ချစ်ခြင်းက ခပ်ငူငူ ထိုင်နေမိခဲ့သည်။ အမိုးကြီး ပန်းသီးတွေ လက်ခံထားလိုက်





တာတောင် ဘာမှမပြောမိတော့ချေ။ အမိုးကြီးက ထိုင်နေသော ချစ်ခြင်းကို တစ်ချက်ကြည့်ကာ နားလည်သလိုဖြင့် ဘာမှဆက်မမေးဘဲ နောက်ထဲသို့ ဝင်သွားသည်။ ပြည့်စုံထရေးဒင်းနှင့် ဝေးရာသို့ ထွက်လာခဲ့သော်လည်း အဲဒီသူတွေနဲ့ ပတ်သက်သော အကြောင်းအရာတွေကိုပဲ ထပ်,ထပ်ကြားနေရတာကတော့ ဘယ်လိုဝဋ်ကြွေးမှန်း မသိတော့ပြီ။

* ○ *

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

BURMESE CLASSIC .com

ဒီနေ့သည် ထိုက်ရည်၏ လုပ်ငန်းခွင်ပထမဆုံးနေ့ဖြစ်သည်။ သူ့ရာထူးအတွက် သီးသန့်ဝတ်စုံ မရှိတာကြောင့် သူက စတစ်အကျီအဖြူလက်ရှည်နှင့် ရခိုင်ပုဆိုးအနက်ရောင်ကိုသာ ဝတ်လာခဲ့သည်။ ဘာတာဝန်တွေက ဘယ်လိုတွေ ရောက်လာဦးမယ်ဆိုတာ မသိတာကြောင့် ကိုးနာရီမှ ရုံးတက်ချိန်ဖြစ်သော်လည်း ရှစ်နာရီထဲက ရုံးကိုရောက်ရှိနေခဲ့ပြီး ရုံးတည်ရှိရာခြံဝင်းကြီးအတွင်း လှည့်ပတ်စနည်းနာကာ ဘယ်နားက ဘာရှိတယ်ဆိုတာကို အားလုံးလေ့လာ မှတ်သားပြီးသားဖြစ်သည်။

ရှစ်နာရီခွဲလောက်တွင် အတွင်းရေးမှူးဆင်း ဆိုတာလေး ရောက်ရှိလို့လာလေသည်။ သူမကတော့ သူနဲ့ဆန့်ကျင်ကွဲ



လွဲစွာ ခေတ်မီရုံးတက်စတိုင်လ်ဖြစ်သည်။ ဖက်ဖူးစိမ်းရောင် လည်ဝင်းပိတ်အကျီဒီဇိုင်းက အသားပျော့ပျော့ လက်ဖောင်းရှည်လေးဖြစ်ကာ မီနီစကတ်အနက်ထဲသို့ အကျီကို ထည့်ဝတ်ထားသည်။ မြန်မာမီနီဆလွန်း သုံးဘီးကားရောင်တောက်တောက်လေးကို ကိုယ်တိုင်မောင်းနှင်လာပြီး တန်ဖိုးကြီးမှန်းသိသာသောအိတ်ကို ပခုံးထက်မှာ လွယ်ထားကာ i-Pad ပြားပြားလေးကို ရင်မှာပိုက်ပြီး ရောက်လာသည်။

သူ့ကိုမြင်သောအခါ မျက်ခုံးအစုံက ပင့်တက်သွားပြီး ...

"ဟယ် ... ပီအေရာ့စ်အိုက အစောကြီး ရောက်နေတယ်"

"ဟုတ်ကဲ့ ... ဘာတွေလုပ်စရာရှိမှန်း မသိတာနဲ့ စောစောရောက်လာလိုက်တာ၊ မောနင်းပါ အတွင်းရေးမှူးဆင်း"

"ဟုတ်ကဲ့ ... မောနင်းပါ။ အတော်ပဲပေါ့။ ကျွန်မက ရှင့်ကို လုပ်စရာလေးတွေ ပြောပြစရာရှိတယ်"

"ကျေးဇူးပါပဲ ... ဒါနဲ့ စပ်စုတယ်တော့ မထင်ပါနဲ့နော်။ အတွင်းရေးမှူးဆင်းက ဒီမှာ အလုပ်ဝင်တာ ကြာပြီလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို တစ်ချက်လှည့်ပြုံးပြကာ "ရှင့်ထက် တစ်လပဲ စောတယ်"ဟု ပြောသည်။ ဒါပေမဲ့ ဆက်ပြောလိုက်သော စကားကတော့ သူ့ကို စိတ်ကူးထဲမှာ ပခုံးတွန့်သွားစေသည်။

"ကျွန်မက အန်ကယ်ပြည့်စုံရဲ့ တူမတော်တယ်ဆိုတာ ရှင် မသိသေးဘူးနဲ့တူတယ်"

သူက အသံမထွက်ဘဲ ခြော် ခနဲတော့ ပါးစပ်က နေ၍ အမှုအရာ လုပ်လိုက်သေးသည်။ နောက်တော့ သူမနောက်ကနေ၍ လိုက်ပါလာခဲ့ပြီး သူမက သူ့ကို ဘယ်နေရာ ဘယ်အခန်းက ဘာတွေဆိုတာကို ပြောပြပေးသည်။ ပြီးတော့ သူ့ကို အခန်းတစ်ခုထဲ ခေါ်သွားကာ ...

"ဒီအခန်းက ရှင့်ရုံးခန်းပဲ။ ဒါပေမဲ့ ရှင် ဒီအခန်းထဲမှာ နေရတာ နည်းတော့ နည်းမှာပေါ့။ ဘာလို့လဲဆိုတော့ အန်ကယ့်အခန်းထဲမှာလည်း ရှင့်စားပွဲတစ်လုံးက သပ်သပ် ရှိသေးတယ်။ ရှင့်အခန်းကနေပြီး အန်ကယ့်အခန်းဘက်ကို ကူးလို့ရတယ်။ ကဲ ... ဒီဘက်က ဆလိုက်ဒိုးကို တွန်းလိုက်ရင် ဟိုဘက်က အန်ကယ့်အခန်းထဲ ရောက်သွားပြီ"

သူမက တံခါးတစ်ခုကို တွန်းဖွင့်လိုက်တာနှင့် ကြီးမားကျယ်ပြန့်သော အခန်းကြီးတစ်ခုထဲသို့ ရောက်သွားသည်။





သားနားသော အပြင်အဆင်နှင့်အတူ ကျက်သရေရှိစွာ ပြင်ဆင်ထားသော အခန်းကြီးရဲ့အရှိန်အဝါက မြင်တာနှင့် မာန်တက်ချင်စရာပင်။ ဒီအခန်းကြီးထဲမှာ အလုပ်လုပ်ရမှာပါလားဟူသောစိတ်ဖြင့် ဘဝင်တောင် မြင့်ချင်ချင် ဖြစ်ရသည်။ အလုပ်,လုပ်ရမှာကို တက်ကြွသောစိတ်တွေက ပံ့ပိုးပေးထားလေသည်။

သူ့အတွက် ပြင်ဆင်ထားသော စားပွဲကလည်း သားနားလွန်းသည်။

သူက ဟိုဟိုဒီဒီ ကြည့်ရှုနေစဉ်မှာပဲ အတွင်းရေးမှူး ဆင်းက အနားသို့ လျှောက်လာကာ ...

"ဒီဖိုင်က အန်ကယ့်ရဲ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အကြမ်း ဖျင်းရေးထားတဲ့ဖိုင်ပေါ့။ ရှင် ဖတ်ကြည့်လိုက်ရင် အကြမ်း လောက်တော့ နားလည်သဘောပေါက်သွားမှာ ...

ရှင့်ကို လုပ်ငန်းသဘောတွေ အနီးကပ်ပြန်သင်ပေး မှာက အန်ကယ် ကိုယ်တိုင်ပဲ။ ဒါကြောင့် သေချာကြိုးစား ပြီး သင်ယူပေးပါ၊ ရှင့်လို လုပ်ငန်းအတွေ့အကြုံ ဘာ Experience မှမရှိတဲ့သူကို အလုပ်ခန့်လိုက်တာဟာ အန် ကယ်က သူ့လက်ထွက်စစ်စစ်တစ်ယောက်ကို လိုချင်လို့ပဲ။ သူ ပင်ပန်းဆိုတာကို သိသိကြီးနဲ့ choice လုပ်လိုက်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှင့်ဘက်ကလည်း အထူးကြိုးစားဖို့ လိုလိမ့်မယ်"

"ကျွန်တော် အလုပ်နဲ့ပဲ သက်သေပြမှာပါ။ ခင်ဗျားတို့က လည်း လိုအပ်တာ ကူညီပေါ့ဗျာ"

"အဆင်သင့်ပါပဲ"

သူမက အဲဒီစကားကို ပြောပြီးနောက် ဖိုင်တစ်ခုကို လှန်ကာ ကြည့်ရှုနေတုန်းမှာပဲ သူ့ခေါင်းထဲတွင် ဖျတ်ခနဲပေါ်လာသော အတွေးကို မေးခွန်းထုတ်လိုက်သည်။

"ဒါနဲ့ ... အန်ကယ့် မိသားစုအကြောင်းကိုရော ပြောပြနိုင်မလား။ အတွင်းရေးမှူးဆင်းက အန်ကယ်ရဲ့တူမဆိုတော့ ဘယ်ဘက်က တော်တာလဲ"

သူမက ဖိုင်ကိုငုံ့ကြည့်နေရာမှ တစ်ချက်မော့ကြည့်ကာ ခဏငြိမ်သွားသည်။ ပြီးတော့ ဖျတ်ခနဲ ပြုံးလိုက်ရင်း ... (တည်နေတာကနေ၍ အဲဒီလို ဖျတ်ခနဲ ပြုံးလိုက်လျှင် သူက လန့်လန့်သွားလေ့ရှိသည်)

"အမေဘက်ကပါ။ အန်ကယ့်မိသားစုက အင်း ... အမျိုးသမီးက ဆုံးသွားပါပြီ။ ငါးနှစ်လောက်ရှိပြီပေါ့။ အန်ကယ်က မကြာသေးခင်ကမှ နောက်အိမ်ထောင်ပြုထားတယ်လေ။





အန်ကယ့်မှာ သမီးတစ်ယောက်ရှိတယ်။ သူက နိုင်ငံခြားမှာပါ"

"ဪ ... ဟုတ်လား။ အန်ကယ့်မှာ လုပ်ငန်းတွေသာ များတာ၊ အားကိုးစရာ သားသမီးက မရှိဘူးကိုး"

"ဟုတ်တယ် ... သားသမီးသာ မရှိပေမယ့် အလုပ်ထဲက ဝန်ထမ်းတွေက အန်ကယ်ရဲ့သားသမီးတွေပါပဲ။ အန်ကယ်က အရမ်းပြန်ကြည့်ပေးတယ်။ အိမ်ဆိုအိမ် ကားဆိုကား။ လစာထဲကနေ အရစ်ကျဖြတ်ပြီး ကိုယ်ပိုင်ဖြစ်အောင် လုပ်ပေးတယ် ...

ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အခွင့်အရေး ပေးထားတော့ ဝန်ထမ်းတွေကလည်း ကိုယ်ပိုင်အလုပ်လို သဘောထားပြီး အပြိုင်အဆိုင် ကြိုးစားကြတာပေါ့၊ ကဲ ... ဒါတွေက အန်ကယ့်ရဲ့တစ်နေ့တာ Schedules ပဲ။ ခုချိန်မှာတော့ ရှင်က ဘေးကနေပြီး အန်ကယ်လိုတာ လုပ်ပေးရတဲ့ အနေအထားပေါ့။ နောက်ကျရင်တော့ အန်ကယ့်ကို ရှင်က ဦးဆောင်ပြီး ကူညီသွားနိုင်မှာပါ"

"ဟုတ်ကဲ့"

"သူဌေး ရောက်လာပါပြီ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘောက်စ်တစ်ခုမှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် သူက ကြောင်သွားစဉ်မှာပဲ အတွင်းရေးမှူးဆင်းက သူ့ကိုမော့ကြည့်ကာ ...

"အန်ကယ် ရောက်လာပြီ။ ဓာတ်လှေကားဝမှာ သွားကြိုကြိုရအောင်။ မှတ်ထားနော် ... ဒါလည်း ရှင်လုပ်ရမယ့် နေ့စဉ်ဝတ္တရားပဲ"

"ဟုတ်ကဲ့"

ခုချိန်မှာတော့ သူ့အနေအထားက ပြောသမျှ ဟုတ်ကဲ့လိုက်ရမည့် အနေအထားသာ ဖြစ်တော့သည်။ သူက သူမနှင့်အတူ ဦးပြည့်စုံကို ဓာတ်လှေကားဝမှာ သွားကြိုရသည်။ ဓာတ်လှေကားဆိုက်ရောက်လာပြီး တင်ခနဲမြည်သော တီးလုံးသံလေးကြားရလျှင် တံခါးက ပွင့်လာသည်။ ဓာတ်လှေကားထဲမှ ဦးပြည့်စုံနှင့်အတူ ဒရိုင်ဘာက ထွက်လာလေသည်။ ဒရိုင်ဘာရဲ့လက်ထဲမှာကိုင်ထားတာက ဦးပြည့်စုံရဲ့အိတ်ဟု သူက ထင်သည်မို့ အလိုက်တသိပဲ လွှဲပြောင်းယူလိုက်သည်။

"မောနင်းပါ အန်ကယ်"

"အေး ... အေး ... မောနင်း"





အတွင်းရေးမှူးဆင်း နှုတ်ဆက်တာကို ဦးပြည့်စုံက ပြန်နှုတ်ဆက်တာဖြစ်သည်။ သူကတော့ ဦးပြည့်စုံကို ခေါင်းညွှတ်ပြီးတော့သာ နှုတ်ဆက်ဖြစ်သည်။ သူမက ဦးပြည့်စုံရဲ့ဒရိုင်ဘာကို ကြည့်ကာ ...

"ကိုရန်နိုင် ... နေ့လယ်ဆယ့်တစ်နာရီမှာ အန်ကယ် Park Royal Hotel ကို သွားဖို့ရှိတယ်နော်"

"ဟုတ်ကဲ့ ... အတွင်းရေးမှူးဆင်း"

"အေး ... ရန်နိုင်။ သွားလို့ရပြီ"

ဦးပြည့်စုံက ဒရိုင်ဘာကို ပြောပြီးနောက် ရုံးခန်းရှိရာသို့ ဆက်လျှောက်လာခဲ့သည်။ အတွင်းရေးမှူးဆင်းက ဘေးနား မကျတကျမှာ ကပ်ပါလာကာ ...

"သူ့ကို ဖိုင်အဝါ ပေးထားတယ် အန်ကယ်။ တခြား ဘာလိုဦးမလဲ မသိဘူး"

"အင်း ... ရပါတယ်။ လိုတာ ပြောလိုက်မယ်။ စင်ကာပူက ဝင်လာမယ့် ဖက်စ်တွေကိုသာဖတ်ပြီး တစ်ချက်လာပြောပြပေး ဆင်းဆင်း"

"ဟုတ် ... အန်ကယ်။ အန်ကယ် လှူထားခဲ့တဲ့ မိဘမဲ့ဂေဟာမှာ ဒီနေ့ ကလေးတွေအတွက် အားကစားပြိုင်ပွဲတွေရှိတယ်တဲ့။ အဲဒါ အန်ကယ့်ကိုလည်း ဖိတ်ထားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါ မောင်ထိုက်ရှည်ရေ ..."

"ခင်ဗျာ ... အန်ကယ်"

"အဲဒီကိစ္စအတွက် မင်း စီစဉ်လိုက်ကွာ။ သိလား။ ပြီးတော့ အန်ကယ့်ကိုယ်စား မင်းပဲသွားလိုက်။ ကလေးတွေကို ဘာဆုချရင် ကောင်းမလဲဆိုတာ မင်းပဲ စဉ်းစားလိုက်။ ဘယ်အချိန်လဲ ဆင်းဆင်း"

"မနက်ကိုးနာရီက စမှာပါ အန်ကယ်။ ဆယ့်နှစ်လောက်မှ ပြီးမယ်လို့ ပြောပါတယ်"

"ဟို ... အန်ကယ်က ဆယ့် ၁စ်မှာ Park Royal ..."

"ရတယ် ... အဲဒါက မင်းပါလည်း ၄တ်တုတ်နေရမှာ။ အဲဒီကိုပဲသွားပြီး အန်ကယ့်ကိုယ်စား အဆင်ပြေအောင် စီစဉ်ပေးခဲ့။ ကလေးတွေကို ဆုပေးဖို့၊ နောက် ... ကလေးတွေ အကုန်လုံးကို လက်ဆောင်လေးတွေပေးဖို့ စသဖြင့်ပေါ့။ ကုမ္ပဏီရဲ့ဂုဏ်သိက္ခာနဲ့ဆီလျော်အောင် စီစဉ်ပေးခဲ့ကွာ ...

ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်ကယ်"ဟု ပြန်ပြောရင်းမှ ဒါ်ဟာ သူ့အတွက် အရည်အချင်းစစ်မှုတစ်ခု ဆိုတာလည်း သဘောပေါက်လိုက်သည်။ သူက ဦးပြည့်စုံရဲ့အိတ်တွေ ဘာတွေကို နေရာချထား





ပေးရင်းမှ အတွင်းရေးမှူးဆင်းထံသို့ မိဘမဲ့ဂေဟာ၏ဖုန်းနံပါတ်ကို တောင်းလိုက်သည်။ ပြီးတော့ သူကိုယ်တိုင်ပဲ စကားလုံးစီကာ ပြောလိုက်လေသည်။

"ဟုတ်ကဲ့ ... ချမ်းမြေ့သာယာဂေဟာကပါလားခင်ဗျာ။ ဟုတ် ... ကျွန်တော်က ဦးပြည့်စုံရဲ့ပီအက်စ်အိုပါ။ ကျွန်တော် အဲဒီက တာဝန်ရှိသူနဲ့ စကားပြောချင်လို့ပါ"

အတွင်းရေးမှူးဆင်းက ဦးပြည့်စုံကို လိုအပ်တာတွေ ပြောပြနေရင်းမှ သူ့ကို မသိမသာ အကဲခတ်နေတာ တွေ့ရသည်။ သူက ဂေဟာကကျောင်းအုပ်ဆရာမကြီးနှင့် စကားဆက်ပြောသည်။

"ဟုတ်ကဲ့ ဆရာမကြီး။ ကျွန်တော်က ဦးပြည့်စုံရဲ့ PSO ထိုက်ရှည်ပါ။ ဆရာမကြီးတို့ကျောင်းက ကလေးအရေ အတွက်နဲ့ ပြိုင်ပွဲမှာ ဆုချီးမြှင့်မယ့်ပုံစံတွေ လူ့အရေအတွက် တွေကို သိချင်ပါတယ် ...

ဩော် ... ဟုတ်ကဲ့ ... ပြောပါ။ ကျွန်တော် မှတ်နေပါပြီ။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကောင်းပါပြီခင်ဗျာ။ ရပါတယ် ... ဟုတ်ကဲ့။ အဲဒါက အခြေအနေအရပါ ခင်ဗျာ။ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်၊ ဟုတ်ကဲ့ ... ဒါဆိုရင် ကျွန်တော် ဖုန်းချလိုက်ပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းချပြီးနောက် ဦးပြည့်စုံထံသို့ ကြည့်လိုက်သည်။ ဦးပြည့်စုံက အတွင်းရေးမှူးဆင်းနှင့် တစ်စုံတစ်ရာကို ပြောဆိုနေသောကြောင့် ခဏစောင့်ပြီးတော့မှ ခေါ်လိုက်သည်။

"အန်ကယ် ... သူတို့နဲ့ contact လုပ်ပြီးပါပြီ။ ကျွန်တော် စီစဉ်စရာ ရှိတာလေးတွေ စီစဉ်ဖို့က ဘတ်ဂျက်က ..."

"အေး ... အဲဒါ ဆင်းဆင်းဆီမှာ ထုတ်ကွ။ ဆင်းဆင်း ... လိုအပ်တာ စီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ ... အန်ကယ်"

သူမက သူ့ထံသို့ ရောက်လာကာ အစီအစဉ်ကို မေးသည်။ သူက ကလေးများအားလုံးအတွက် ပုံဆွဲစာအုပ်နှင့် ရောင်စုံခဲတံဘူးများ လက်ဆောင်ပေးဖို့ စဉ်းစားထားပြီး ဆုရရှိသူ ကလေးဆယ့်ငါးယောက်အတွက် ကျောင်းသုံးပစ္စည်းအစုံလိုက် အဆင့်ဆင့် ဆုချီးမြှင့်ဖို့ အစီအစဉ်ကို တင်ပြလိုက်သည်။ ဦးပြည့်စုံက နားထောင်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းတယ် ... ကောင်းတယ်။ ကဲ ... ဆင်းဆင်းရေ အဲဒီကိစ္စ သူ့ကိုပဲ လွှဲလိုက်တာပေါ့။ သူနဲ့အတူ ထည့်ပေးဖို့ ဝန်ထမ်းသုံး,လေးယောက်လည်း စီစဉ်ပေးလိုက်ဦး။ အဲ ... ဝန်ထမ်းအသစ်တွေကို မိတ်ဆက်ပေးမယ့် Tea Party ကရော"





"ဟုတ်ကဲ့ အန်ကယ်။ နေ့လယ် သုံးနာရီမှာ စီစဉ်ထားပါတယ်"

"အိုခေ ... ကောင်းတယ်။ ကဲ ... ဒါဆိုရင် သူ့အတွက် လိုအပ်တဲ့ဘတ်ဂျက်ကို ဆင်းဆင်းပဲ စီစဉ်ပေးလိုက်"

ဒီလိုနှင့် အလုပ်စတင်ဆင်းသော ပထမဦးဆုံးနေ့မှာတင် သူက အလုပ်တွေ တော်တော်ရှုပ်သွားခဲ့သည်။ ဒါပေမဲ့ သူ ပျော်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်တွေအားလုံးကို အခက်အခဲမရှိ အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြင့် လုပ်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

ဦးပြည့်စုံကလည်း သိပ်ဟိတ်ဟန်မရှိဘဲ သဘောကောင်းသည်ဟု ပြောၡရသော အနေအထားမှာရှိသည်။ အတွင်းရေးမှူးဆင်း ဆိုတာလည်း အမြဲ Active ဖြစ်နေသော အနေအထားဆိုတော့ သူ့အတွက်တော့ ခုချိန်မှာ ပျော်ရွှင်မှုအရသာကို စတင်မြည်းစမ်းသောကာလဟု ပြောၡရပေသည်။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒီနေ့နဲ့ပါဆိုလျှင် ချစ်ခြင်း တစ်ယောက် ကော်ဖီဆိုင်မှာ အလုပ်ဝင်ခဲ့သည်မှာ တစ်ပတ်ရှိခဲ့ပြီဖြစ်သည်။ တစ်ပတ်မှာ ကိုယ်နှစ်သက်တဲ့ တစ်ရက်ကို နားခွင့်ရှိသလို မနားချင်ရင်လည်း ရသည်။ ချစ်ခြင်းကတော့ ဘယ်နေ့မှာ နားမယ်လို့အတိအကျ မပြောဘဲ နားမယ့်ရက်ကို ကြိုပြောမယ်ဟုသာ အသိပေးထားခဲ့သည်။ ဘာပဲဖြစ်ဖြစ် Cafe Romantic တွင် အဆင်ပြေသည်ဟု ပြော၍ရသည်။ ညနေခြောက်နာရီမှာ ဆိုင်သို့အရောက်ဖြစ်ရမည်မို့ ငါးနာရီတည်းက အိမ်ကထွက်ရသည်။ လမ်းထိပ်ကမှတ်တိုင်မှာ ခဏစောင့်လျှင် ဖယ်ရီရောက်လာသည်မို့ သွားရေးလာရေးကလည်း အဆင်ပြေသည်ဟု စိတ်ချမ်းသာရသည်။



တစ်နေ့ကတော့ ချစ်ခြင်းက ဖယ်ရီရှိရာ လမ်းထိပ်မှတ်တိုင်သို့အသွား တစ်ဖက်အခန်းက ကိုစပ်စုနှင့် လမ်းထဲမှာဆုံသည်။ သူက ရုံးကပြန်လာတာဖြစ်ပြီး စတစ်အကျႌ၊ ပိုးတွံလုံချည်ကွက်စိပ်ဖြင့် ဘာပုံစံမှန်းလဲ မသိပါ။ သူက ဂစ်တာကိုလွယ်ကာ ဖြည်းဖြည်းချင်း လျှောက်နေသော ချစ်ခြင်းကို မြင်သောအခါ အံ့သြသလိုဖြင့် မျက်ခုံးပင့်ပြီး နှုတ်ဆက်သည်။ ချစ်ခြင်းကကိုယ့်စတိုင်လ်အတိုင်း သိသလိုလို မသိသလိုလို ပုံစံဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခပ်ထေ့ထေ့ ကြည့်မိသည်။

"ဟော့ ... ဒီမှာ ချစ်ခြင်းပြည့်စုံ"

ချစ်ခြင်းက သူ့ကို ကျော်သွားပြီးတော့မှ သူကလှမ်းခေါ်သည်။ လှည့်မကြည့်တော့သောအခါ သူက နောက်ကနေပြန်လိုက်လာပြီး ရှေ့နားမှာရပ်ကာ ခေါ်သည်။

"ချစ်ခြင်းပြည့်စုံ ... ခင်ဗျားကို ခေါ်နေတာ မကြားဘူးလား"

"ကြားသားပဲ၊ ဘာပြောစရာရှိလို့လဲ ... ပြော"

"ဟာ ... ခင်ဗျားဗျာ။ ကြားရဲ့သားနဲ့များ နည်းနည်းပါးပါးအဖက်လုပ်ပြီး လှည့်ကြည့်ပါဦး။ ခေါ်နေတာတောင် အရေးမလုပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ကျွန်မကြားမှာ ဘာစကားမှ အထူးတလည်ပြောစရာမရှိတာ။ ပြီးတော့ လမ်းမှာလည်း အလုပ်ကိစ္စစကားရပ်ပြောစရာ အကြောင်းရှိဘူး"

သူက ကြီးကြီးကျယ်ကျယ်ဟူသော ပုံစံဖြင့် နှုတ်ခမ်းကို တစ်ချက်မဲ့သည်။ အဲဒီပုံစံကို ချစ်ခြင်းက ရယ်ချင်သွားသော်လည်း ခပ်တည်တည်ပင် ထွက်သွားဖို့ပြင်သည်။

"နေ ... နေပါဦး။ ခင်ဗျားကို မေးစရာရှိလို့"

ချစ်ခြင်းက စိတ်ရှုပ်လိုက်တာဟူသော ပုံစံမျိုးဖြင့် သူ့ကို မျက်မှောင်ကြုတ် ကြည့်လိုက်သည်။ သူက ချစ်ခြင်းရဲ့ ဂစ်တာအိတ်ကို တစ်ချက်ကြည့်ကာ ...

"ခင်ဗျား အဲဒီဂစ်တာအိတ်ကြီးနဲ့ ဘယ်သွားမှာလဲ"

"ဘယ်သွားသွားပေါ့၊ ရှင် ဒါမေးဖို့ လှမ်းခေါ်တာလား။ ကျွတ် ... အားအားယားယား"

ချစ်ခြင်းက လမ်းဆက်လျှောက်သွားဖို့ပြင်သည်။ ဒါကို သူက ခွင့်မပေးသေးဘဲ ရှေ့ကနေ၍ တစ်ချက်ကာလိုက်သေးသည်။

"နေဦးလေ ... ခင်ဗျားရဲ့အိမ်ရှင်တစ်ယောက် အနေနဲ့တော့ ကိုယ့်အိမ်ငှား ဘာအလုပ် လုပ်နေလဲ ဆိုတာတော့ မေးပိုင်ခွင့်ရှိတယ် မဟုတ်လား"





တော်တော်ကို ကြီးကြီးကျယ်ကျယ်ရာထူး။ အိမ်ရှင်တစ်ယောက်အနေနဲ့တဲ့။ ချစ်ခြင်းက ကိုရီးယားကားတွေထဲကလို ကောင်းကင်ကို မျက်လုံးထောင့်ကပ်ပြီး မော်ကြည့်ကာ သွားကြားထဲ လေထွက်ရုံ "ချီ"ခနဲ ရယ်မိသည်။

"ရှင် တော်တော်ရယ်ရတာပဲ။ ဘာလဲ ကျွန်မက ရှင်မကြိုက်တဲ့ အလုပ်ကို လုပ်နေရရင် ရှင့်အိမ်မှာ ဆက်မထားဘူးဆိုတဲ့ သဘောလား"

ချစ်ခြင်းက သူ့ကို တည့်တည့်စိုက်ကြည့်ကာ ခပ်တည်တည်မေးလိုက်လျှင် သူက ရုတ်တရက်တော့ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ခဏနေတော့မှ တအဲအဲ တအင်းအင်းဖြင့် ...

"အဲ ... အဲဒီလိုလည်း မဟုတ်သေးဘူးလေဗျာ။ ဘာပဲဖြစ်ဖြစ် သိသင့်တယ်ထင်လို့ မေးတာပေါ့။ တော်ကြာ တစ်ခုခုဆိုရင် သူများပြောမှ ကျွန်တော်က သိရတယ်ဆို ဘယ်ကောင်းမလဲ ...

နေပါဦး ... ခင်ဗျားကလည်း ဒါလေးပြောပြရမှာ ဘာတွန့်တိုနေတာလဲ"

"ဘာမှမတွန့်တိုဘူး။ ရှင် မေးနေတာကို ကျွန်မက မဖြေချင်တာ။ ရှင်းပြီနော်။ ကဲ ... ထပ်မခေါ်နဲ့တော့။ ကျွန်မ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းက စကားကို အပြတ်ဖြတ်ကာ လမ်းဆက်လျှောက်လာခဲ့သည်။ ဒီတစ်ခါတော့ ဟိုတစ်ယောက်က ဆက်ပါမလာတော့ပါ။ ချစ်ခြင်းတစ်ယောက် လမ်းထိပ်ရောက်ပြီး ခဏအကြာမှာပဲ ကော်ဖီဆိုင်မှ အကြိုထောက်သော ဖယ်ရီက ရောက်လာသည်။ ကော်ဖီဆိုင်သို့ ရောက်လျှင် ချစ်ခြင်းက သီဆိုသူတွေအတွက် ပေးထားသော နားနေခန်းသို့ အရင်သွားရသည်။ အိမ်ကနေပြီးတော့ ချစ်ခြင်းဝတ်လာခဲ့သော အဝတ်အစားတွေက ရိုးရိုးဘလောက်စ်အင်္ကျီနှင့် ဂျင်း(န်)ဖြစ်တာမို့ ဒီပုံစံနှင့်သီချင်းဆို၍ မရပါ။

ချစ်ခြင်းက ကိုယ်သီဆိုမည့်သီချင်းပုံစံနှင့် လိုက်ဖက်အောင်တော့ ဝတ်စားပြင်ဆင်လေ့ရှိသည်။ ဥပမာ Country သီချင်း ဆိုမည့်နေ့ဆိုလျှင် ရှပ်အင်္ကျီအကွက်နှင့် ဂျင်း(န်)လိုဟာမျိုး၊ Classics ဆိုလျှင် ဂါဝန်အရှည်လိုမျိုး စသဖြင့် အဝတ်အစားလဲရလေ့ရှိသည်။ မိတ်ကပ်ကိုတော့ သိပ်ပြင်လေ့မရှိချေ။ မီးရောင်ဖျော့ဖျော့အောက်မှာမို့ ဘာမှလဲ သိပ်ပြင်စရာ မလိုပါ။ အလှအပဦးစားပေး မဟုတ်ဘဲ တကယ်ကို ကော်ဖီကောင်းကောင်းတစ်ခွက်နှင့် အနုပညာစစ်စစ် ခံစားချင်သူတွေအတွက် ဖွင့်လှစ်ထားသောဆိုင်မို့ ချစ်ခြင်းသည် ဒီကော်ဖီဆိုင်လေးမှာ အလုပ်,လုပ်ရတာ စိတ်ချမ်းသာလှပါသည်။





"ချစ်ခြင်းပြည့်စုံ ... နောက်ငါးမိနစ်နေရင် ဆိုရတော့မယ်နော် ... ရယ်ဒီ"

"အိုခေ ... ခဏနေ ထွက်လာခဲ့မယ်"

ချစ်ခြင်းက လာရောက်သတိပေးသော ဝန်ထမ်းကို ပြန်ပြောကာ ဂစ်တာကို ကောက်ယူပြီး ကြိုးတစ်ချက်ညှိကြည့်သည်။

ပြီးတော့မှ ကိုယ့်ပုံကိုယ် မှန်ထဲမှာ ကြည့်ဖြစ်သည်။ ဆံပင်တွေက ရှေ့မှာ နဖူးနဲ့အတိ ကျနေကာ ခွေနွဲ့သောအဖျားကအလိပ်တွေက ပခုံးထက်ကနေ၍ ရင်ဘတ်ပေါ်သို့ ကျနေကြသည်။ ရှပ်အင်္ကျီလက်ရှည် အဖြူလွလွလေးကို ဂျင်း(န်)နက်ပြာစိုစိုလေးနှင့် တွဲဖက်ဝတ်ဆင်ထားတာဖြစ်သည်။ ချစ်ခြင်းက မှန်ထဲသို့ တစ်ချက်ဝေ့ဝဲကြည့်ရှုပြီးသွားသောအခါ ဂစ်တာကိုဆွဲကာ ထွက်လာခဲ့သည်။

အဲဒီအချိန်မှာပဲ အစီအစဉ် ကြေညာသူက ချစ်ခြင်းရဲ့နာမည်ကို ကြေညာနေပြီဖြစ်သည်။ ချစ်ခြင်းက သိပ်မမြင့်သော စတေ့ချ်စင်လေးပေါ်သို့ တက်သွားကာ ပရိသတ်ကို အရင်နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ... အခု ကျွန်မ ဖျော်ဖြေပေးမယ့် သီချင်းကတော့ Lady Antevellum ရဲ့ American Honey ပဲဖြစ်ပါတယ် ...

နားဆင်ပေးပါဦးရှင်"

ချစ်ခြင်းရဲ့အသံအဆုံးတွင် လက်ခုပ်သံတွေက ညံသွားသည်။ ဒီဆိုင်လေးမှာ သီချင်းဆိုဖြစ်တာ တစ်ပတ်ကျော်မျှသာ ရှိသေးသော်လည်း ချစ်ခြင်းရဲ့ဂစ်တာလက်သံနှင့် သီချင်းအဆိုကောင်းမှုကြောင့် နှစ်သက်သူတွေများသည်။ ဆိုင်ရှင်ကိုယ်တိုင်ကလည်း အနုပညာဝါသနာပါသူမို့ ချစ်ခြင်းကို သဘောကျချီးကျူးသူဖြစ်သည်။

ချစ်ခြင်းက ဂစ်တာကိုစတင်တီးခတ်ကာ American Honey သီချင်းကို စတင်သီဆိုသည်။ Intro မှာပဲ လက်ခုပ်သံတွေ ညံစီသွားသည်။ ခံစားချက်ထည့်ကာ တကယ်ကြိုးစားပြီး သီဆိုနေတာ ဖြစ်တာကြောင့် သီချင်းပြီးဆုံးတော့မှပဲ သတိပြန်ဝင်လာတော့သည်။ အဆုံးသတ် သီဆိုပြီးချိန်မှာပဲ လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။ ချစ်ခြင်း တစ်ယောက် ထိုင်ရာမှမထသေးခင်မှာပဲ ကြေညာသူထံမှ အသံက ထွက်လာသည်။





"ဧည့်သည်တစ်ယောက်က ချစ်ခြင်းပြည့်စုံကို Request လုပ်ပါတယ်။ Eternal Flame သီချင်းကို သီဆိုပေးပါတဲ့ ...

ဘယ်လိုလဲ ... ချစ်ခြင်းပြည့်စုံ"

Eternal Flame သည် ချစ်ခြင်း၏ Crazy ဖြစ်သော သီချင်းတစ်ပုဒ်မို့ ချစ်ခြင်းက နည်းနည်းအံ့သြသွားသော်လည်း သီဆိုပေးဖို့ ခေါင်းညိတ်လိုက်သည်။ ခဏနေတော့ ချစ်ခြင်းက ကိုယ့်ရဲ့လက်သံနဲ့ပဲ ဂစ်တာကို စတင်တီးခတ်ကာ သီချင်းကို စတင်သီဆိုသည်။ စ,စချင်းမှာကိုပဲ သီချင်းသံကို အားပေးနှစ်သက်သော လက်ခုပ်သံတွေက ညံသွားသည်။ အဲဒီအချိန်မှာပဲ ဝိတ်တာတစ်ယောက်က စာအိတ်တစ်အိတ်ကို တက်ပေးသည်။ ဒါမျိုးကို လက်မခံဖို့ ဆုံးဖြတ်ထားသော်လည်း ရုပ်ပျက်မှာစိုးသဖြင့် ချစ်ခြင်းက ဘာမှမပြောဘဲ သီချင်းဆိုနေလိုက်သည်။ ဂစ်တာတီးကာ သီဆိုနေသောကြောင့် ဝိတ်တာက စာအိတ်ကို ဘေးက ပန်းစင်လေးမှာ ညှပ်ပေးသွားသည်။ ချစ်ခြင်းက သီချင်းကို အာရုံအပြည့်ဖြင့် သီဆိုပြီးသွားချိန်မှာတော့ လက်ခုပ်သံတွေက မစဲစတမ်း ကျရောက်လာခဲ့သည်။

"သင့်ခ်ယူ"



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ကြောင်း တိုးတိုးလေး ပြောပြီးသည့် အချိန်မှာတော့ ချစ်ခြင်းက စင်ပေါ်မှ ဆင်းလာခဲ့သည်။ နှစ်ပုဒ် ဆိုပြီးလျှင် နောက်ထပ် အဆိုတော်တစ်ယောက်ပြောင်းပြီဖြစ်သည်။ ချစ်ခြင်းက စာအိတ်ကိုယူကာ ဗိတ်တာဆီသို့ လျှောက်လာခဲ့သည်။

"ဒီဆုကို ဘယ်သူပေးတာလဲ"

"ဟိုဘက်ထောင့်ကစိုင်းမှာ ထိုင်နေတဲ့ အစ်မတစ်ယောက်ပါ၊ ဘာလို့လဲ အစ်မ"

"ဘာမှ မဖြစ်ဘူး၊ တို့က ဒါမျိုး လက်မခံဘူး။ အိုခေ ... ရတယ်လေ၊ တို့ပဲ သွားပြန်ပေးလိုက်ပါ့မယ်"

ချစ်ခြင်းက စာအိတ်ကိုကိုင်ကာ ဗိတ်တာ ညွှန်ပြထားသော စားပွဲဆီသို့ လျှောက်လာခဲ့သည်။ စားပွဲဝိုင်းမှာ ထိုင်နေသူက ချစ်ခြင်း ရောက်လာမှာကို ကြိုသိသည့်အလား ပြုံးပြုံးလေးနှင့် စောင့်လို့နေပေသည်။ သားနားအဆင့်မြင့်သော ဝတ်စားဆင်ယင်မှုနှင့် ပြောင်းလဲသွားသော ဆံပင်ပုံစံကြောင့် ရုတ်တရက် မမှတ်မိသော်လည်း တစ်သက်လုံးက ရင်းနှီးခဲ့ရသောမျက်နှာကို စက္ကန့်ပိုင်းအတွင်းမှာပင် ဖမ်းမိသွားသည်။

"သြော် ... နင်ကိုး"ဟူသော အကြည့်ရဲ့အဓိပ္ပာယ်ကို သူမက "ဟုတ်တယ်"ဟူသော အပြုံးတစ်ချက်ဖြင့် တုံ့ပြန်သည်။





"ဒီဆိုင်က ကိုယ်တိုင်ဂစ်တာတီးပြီး သီချင်းဆိုတဲ့အဆိုတော်က အရမ်းနားထောင်လို့ ကောင်းတယ်ဆိုလို့ လာနားထောင်တာပါ ...

ချစ်ခြင်းပြည့်စုံ ဆိုတာ တို့ ချစ်ခြင်းမှန်း ထင်တောင် မထင်ခဲ့ဘူး"

ချစ်ခြင်းက ဟန်နဲ့ပန်နဲ့ ပြောနေသော ရွှေမှီအဆင်းရဲ့မျက်နှာကို စိတ်ကုန်စွာဖြင့် တစ်ချက်ကြည့်ကာ ကျွတ်ခနဲ စုတ်သပ်မိသည်။ ဘာအပိုစကားမှ မပြောချင်စွာဖြင့် လက်ထဲက စာအိတ်ကို သူမရှေ့သို့ ဖတ်ခနဲနေအောင် ပစ်ချပေးလိုက်သည်။ ဒါကို ရွှေမှီအဆင်းက ဟက်ခနဲ ရယ်မောကာ ...

"အခြေအနေနဲ့ အချိန်အခါကို သတိရဦးနော် ချစ်ခြင်းပြည့်စုံ။ ခုချိန်မှာ ငါက ဒီဆိုင်ရဲ့ ကက်စတန်မာ။ နင်က ဒီဆိုင်ကနေပြီး ငါတို့ကို ဧည့်ခံဖျော်ဖြေဖို့ ငှားထားတဲ့ အဆိုတော်၊ Customer is always right ! ဆိုတဲ့စကားကို ခေါင်းထဲမှာ ထည့်ထားဦး"

"နင့်လို မိန်းမမျိုးအတွက်တော့ Always right ဆိုတာလည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ နင့်ပိုက်ဆံကို ပြန်ယူသွား။ နင့်ပိုက်ဆံမို့ ပြန်ပေးတာလည်း မဟုတ်ဘူး။ ငါ ဘယ်သူ့ဆီမှ ဆုငွေ လက်မခံဘူး"

"ဟုတ်လား ...၊ ဟင်း ဟင်း ... ဘယ်လိုပဲဖြစ်ဖြစ် နင့်ကို ငါ ဒီလိုအလုပ်မျိုး လုပ်လိမ့်မယ်လို့တော့ ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး ...

နင် တော်တော့်ကို ဆင်းရဲခက်ခဲနေပြီလား ချစ်ခြင်း"

"ဒီမှာ ရွှေမိုးအဆင်း၊ နင့်ကို ငါ ခပ်ရှင်းရှင်းပြောလိုက်ရင် ငါဟာငါ ပြည့်တန်ဆာပဲ လုပ်ဦးတော့ ငါ လုပ်တဲ့ အလုပ်ဟာ သူများကို မထိခိုက်ရင် ငါ လိပ်ပြာသန့်လို့ ရတယ် ...

အေး ... သူများရဲ့နောက်ကျောကို ဓားနဲ့ထိုးပြီးမှ နေရာတစ်နေရာစာရဖို့ လိုအပ်နေတဲ့ သူတွေထက်စာရင် တော့ ငါတတ်တဲ့ပညာနဲ့ ငါရိုးသားစွာ ရပ်တည်နေတာ ဟာ နင်တို့လို အောက်တန်းစားမ တစ္ဆေရိုးနှစ်ယောက်ထက် တော့ အများကြီး တင့်တယ်တယ်ဆိုတာ မှတ်ထားလိုက်ပါ ...

နင့်မျက်နှာကို ငါ နောက်ထပ် မတွေ့ချင်ဘူး"





ချစ်ခြင်းက နောက်ဆုံးစကားကို တိုးတိတ်အေးစက်စွာ ပြောပြီးနောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ နောက်ပါးဆီမှ တက်ခေါက်သံတစ်ချက်က ထွက်ပေါ်လာခဲ့သော်လည်း ချစ်ခြင်းက လှည့်လို့မကြည့်ဖြစ်တော့ပါ။ သူ့ ကိုယ့်ကို ဘာမှလုပ်လို့မရဘူးဆိုတာကို သိနေတာကြောင့်လည်းပါသည်။ ရွှေမိုးအဆင်းဆိုသော မိန်းမဟာ နာမည်ကသာ ရွှေမိုးအဆင်း၊ လူကတော့ ကြေးအဆင့်တောင် မမီဘူးဆိုတာလည်း သိသည်။

ဒီအဖြစ်အပျက်တွေကို ချစ်ခြင်းက ခုချိန်မှာပြန်လည်း မတွေးချင်တော့။ စဉ်းလည်း မစဉ်းစားချင်တော့ပါ။ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ပီပီ ကံ,ကံရဲ့အကျိုးကို လက်ခံယုံကြည်ကာ စိတ်ရင်းစေတနာတွေ အကျိုးပေးမည့် တစ်နေ့နေ့ တစ်ချိန်ချိန်ကိုသာ စောင့်မျှော်တော့မည်။ တစ်ခါတလေမှာ အမှန်တရားဆိုတာကလည်း အချိန်ကာလတစ်ခုကို စောင့်ဆိုင်းရကြောင်း ချစ်ခြင်း နားလည်လက်ခံထားခဲ့ပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဒီနေ့ည Royal Garden မှာ နီလာတို့ရဲ့ Anniverrasy Dinner ရှိတယ်နော် ကိုကို၊ စောစောပြန်လာခဲ့"

ဇနီးသည် ဒေလီယာမျိုး၏ စကားကြောင့် ဦးပြည့်စုံက သက်ပြင်းတစ်ချက်ကို ကျိတ်ချမိသည်။ ဒေလီယာမျိုးဟာ အဲဒီလို ပွဲလမ်းသဘင်ကိစ္စတွေကို အတော်ဝါသနာထုံသူဆိုတာ အရင်တုန်းကလည်း သိသင့်သလောက်သိခဲ့ပေမယ့်လည်း ဒီလောက်ကြီးတော့ မထင်ခဲ့ချေ။ အခုတော့ သူမက တစ်ပတ်မှာ ငါးရက်လောက်က သွားစရာ ပွဲလမ်းသဘင်က အမြဲတမ်းလိုလို ရှိနေခဲ့သည်။ နာမည်ကြီးဒီဇိုင်နာများနှင့် ဝတ်စုံသစ်များ ပုံမှန်ချုပ်ကာ အဲဒီဝတ်စုံသစ်တွေကို ဝတ်မြစရာ နေရာကလည်း လိုသေးသည် မဟုတ်ပါလား။





သူ ကြည့်နေသည်မှာ တစ်နေ့ တစ်နေ့တွင် ဒေလီယာမျိုး၏ အလုပ်မှာ မိတ်ဆွေအပေါင်းအသင်းများနှင့် ဖုန်းပြောခြင်း၊ ဒီဇိုင်နာများထံသွားပြီး ဝတ်စုံအသစ်များအပ်ခြင်း၊ Spa သွားခြင်း၊ Gym သွားကစားခြင်း၊ ညစ်ခံပွဲများတက်ခြင်း စသည့် အလုပ်များနဲ့သာ အချိန်ဖြုန်းလေ့ရှိတာကို တွေ့ရသည်။ သူ့အလုပ်တွေကို လုံး စိတ်မဝင်စားဘဲ သူမမှ မသုံးပေးလျှင် သူ့ပိုက်ဆံတွေ မှိုတက်ပျက်စီးကုန်လိမ့်မည်ဟု သဘောထားနေသူ ဖြစ်လေသည်။ အင်း ... သူ့အိမ်ထောင်ရေးဟာ သူ့ဘော်ဒါကြီး ထူးအိမ်သင် ဆိုထားသလို နည်းနည်းလေးတော့ လွဲနေမယ် ဆိုတာမျိုးများ ဖြစ်နေလားတော့ မပြောတတ်တော့ပြီ။

"ကိုကို ... မျိုးပြောတာ ကြားလား"

အနည်းငယ် ဆူဆောင့်ပြီး ထွက်လာသောအသံကို ထပ်ကြားတော့မှပင် လက်ရှိဘဝထဲသို့ အသိပြန်ကပ်တော့သည်။

"အင်း ... ကြားပါတယ်ကွာ။ နီလာတို့ လင်မယားနဲ့ ကိုယ်နဲ့မှ သိပ်မရင်းနှီးတာ။ မျိုး ဘာသာပဲ သွားလိုက်ပေါ့ ...

ဒီနေ့ ကိုယ် ရုံးမှာ နည်းနည်းအလုပ်များမယ်။ ပင်ပန်းမှာဆိုတော့ ပြန်လာရင် အေးအေးဆေးဆေးပဲ နားချင်တော့တယ်"

www.burmeseclassic.com



"အာ… ကိုကိုကလည်းကွာ၊ နီလာက ကိုကို့ကိုပါ သေချာ ဖိတ်နိုင်းထားတာ၊ သူတို့လင်မယားရဲ့ နှစ်ပတ်လည်နေ့ပါ ဆိုနေမှ လင်မယားတူစုံ ပွဲတက်မှကောင်းမှာပေါ့ ကိုကိုရဲ့…

ခဏပဲဖြစ်ဖြစ် မျက်နှာသွားပြကြအောင်လေ ကိုကို ရယ် … နော်"

ဦးပြည့်စုံက တင်းခနဲဖြစ်သွားသော စိတ်ကို သတိထားပြီး ပြန်ဆွဲဆန့်လိုက်ရသည်။ လင်မယားတူစုံ ပွဲတက်ချင်တာကလည်း အကြောင်းရင်းက ရှိသေးသည်။ ဒေလီယာမျိုးဟာ ဇနီးမယားတစ်ယောက်အနေနဲ့ သူ့လက်ကို ဟန်ပါပါချိတ်ပြီး ဝံ့ဝံ့ကြွားကြွား ပွဲတက်ချင်တာကို သူ နားလည်လက်ခံပေးလို့ရသည်။ ဩော် … သူ့ခများ ငါ့ရဲ့ဇနီးမယားအနေနဲ့ မကျွာပ်တိုင် တက်ပြချင်ရှာမှာပဲလေဟု သူ ဖြည့်တွေးပေးနိုင်ခဲ့သည်။

ဒါပေမဲ့ သူ ပင်ပန်းနေသလား၊ စိတ်ကြည်သာရဲ့လား၊ သွားချင်စိတ် ရှိရဲ့လား ဆိုတာတွေကိုတော့ ဘယ်တုန်းကမှ ထည့်တွက်ခဲ့သူ မဟုတ်ဘူး ဆိုတာတော့ တဖြည်းဖြည်းသိလာခဲ့ရလျှင် ဒေလီယာမျိုးရဲ့အပေါင်းအပါတွေ လုပ်သော ပွဲတွေကို တက်ဖို့ စိတ်ပျက်လာရတော့သည်။ အဘယ်ကြောင့်ဆိုသော် ပွဲကိုအကြောင်းပြပြီး သူနဲ့မိတ်ဆက်ကာ စီးပွားရေးအကျိုးအမြတ်တွေကို လုပ်ချင်သောကြောင့်ဖြစ်သည်။ ဒါမျိုးကိုတော့ သူက စက်ဆုပ်ကာ စိတ်ပျက်လှသည်။

"ကိုယ် သွားဖြစ်မှာ မဟုတ်ဘူး မျိုး။ ကိုယ့်ကို ပရက်ရှာ ထပ်မပေးပါနဲ့"

သူ့ရဲ့စကားသံ ခပ်ပြတ်ပြတ်ကြောင့် ဒေလီယာမျိုး ငြိမ်သွားသည်။ ခဏနေတော့မှ အသံထပ်ထွက်လာသည်။

"ဒါနဲ့ ကိုကိုရဲ့ပီအက်စ်အိုက ဘာမှမတတ်ဘူးဆို။ အဲဒါကြောင့် ကိုကို့ကို ပြောတာပေါ့။ ဆင်းဆင်းကိုပဲ အဲဒီနေရာ ထားလိုက်ရင် ပြီးနေတဲ့ဟာကို။ ခုတော့ …"

အဲဒါပဲ ဒေလီယာမျိုးတို့ကတော့ တစ်ခုမရရင် တခြားတစ်ခုကနေပြီးတော့ လှည့်ပတ်ပြီး ပြောဆိုပါတော့မယ်။ လှသလောက် တော်တော်စကားများသည့်မိန်းမလို့ပဲ သတ်မှတ်ရတော့မည်။

သူကလည်း ဒီအလှကိုပဲ သဘောကျပြီး လက်ထပ်ခဲ့တာ မဟုတ်လား။ လှပသည့် ဇနီးတစ်ယောက်ကို ပွဲတက်မယားအဖြစ် လက်ထပ်ချင်တာရယ်၊ သမီးဖြစ်သူနှင့် အဆင်အပြေကြီးဖြေလိမ့်မည်ဟု ထင်ထားခဲ့တာတွေရယ်က အားလုံးပြောင်းပြန်ဖြစ်နေခဲ့တာတော့ ဝမ်းနည်းစရာပဲ ဖြစ်တော့သည်။







www.burmeseclassic.com

www.burmeseclassic.com



"ငါ ပီအက်စ်အိုက ဘာမှမတတ်ဘူးလို့ ဘယ်သူကပြော တာလဲ။ သူ တတ်သင့်တာမှန်သမျှ အကုန်တတ်ထားပြီး သား။ ငါ့အလုပ်ထဲကိုတော့ အခုမှဝင်တဲ့အတွက် ထဲထဲ ဝင်ဝင်တော့ ဘယ်သိသေးဦးမလဲ ...

ဒါပေမဲ့ ငါ လိုချင်တာ အဲဒီလိုလူမျိုးပဲ။ ရိုးသားတဲ့ အရည်အချင်းရှိတဲ့ အထူးသဖြင့် တခြားအလုပ်ရှင်တွေရဲ့ Effect ဘာမှမရှိတဲ့ အရိုင်းတစ်ယောက်ကိုပဲ လိုချင်တာ...

ပြီးတော့ ဆင်းဆင်းကို PSO ခန့်ဖို့ဆိုတာ ဘယ်လို လုပ် ဖြစ်နိုင်မှာလဲ။ မိန်းကလေးတစ်ယောက်ကို အနားမှာ အမြဲထားဖို့ဆိုတာ မဖြစ်နိုင်ဘူး ...

တော်ပါပြီ၊ မင်းရဲ့ ဆွေတော်အပေါင်း မျိုးတော် ခြောက်သောင်းကို အလုပ်ခန့်ခိုင်းတဲ့ လုပ်ရပ်ကိုလည်း ရပ်တန်းက ရပ်လိုက်ပါတော့"

ဦးပြည့်စုံက ပြောပြီးတာနှင့် အခန်းထဲက ထွက်လာ ခဲ့သည်။ ရုံးသွားရတော့မည်။ သူ ဆင်းလာတာ မြင်တာနှင့် ဒရိုင်ဘာ ရန်နိုင်က သူ့အိတ်ကိုယူကာ ကားဆီသို့ လျှောက်သွား ရင်း တံခါးကို ကြိုဖွင့်ပေးထားသည်။ သူ ဝင်ထိုင်ပြီးသောအခါ ရန်နိုင်မောင်းသည့်ကားက ငြိမ့်ခနဲ ထွက်သွားသည်။ ခြံဝရှိ





လိုဦးမြညွန့်က သူ့ကို ဦးညွတ် နှုတ်ဆက်ပြတာကို သူက က်အသာပြန်ပြခဲ့သည်။ အင်း ... ဦးမြညွန့်တောင် နည်းနည်း န်သွားသလိုပဲ။ အေးလေ ... အသက်ပဲ ခုနစ်ဆယ်နား ကပ်နေ ပြီဥစ္စာ။ သမီး ငယ်ငယ်တည်းက သမီး မမွေးခင်တည်းက ဒီ ကြီးထဲမှာ အမှုထမ်းလာခဲ့တဲ့သူပဲ။ ဦးမြညွန့်ဟာ အသက်ကြီး လို့ သိပ်လုပ်နိုင် ကိုင်နိုင် မရှိတော့ပေမယ့် သူက သံနားတာ ကြောင့် သက်သာသည့် တံခါးမှူးအဆင့်လောက်သာ ထားတော့ ဖြစ်သည်။ ခြံထဲကကိစ္စမှန်သမျှအတွက် မာလီတစ်ယောက်ကို ပ်သပ်ထားသေးသည်။

"ဦးမြညွန့်ကြီး ကြည့်ရတာ နည်းနည်းပိန်သွားသလိုပဲ။ ကျန်းမာရဲ့လား ရန်နိုင်"

ဒရိုင်ဘာ ရန်နိုင်က ဦးမြညွန့်တို့နဲ့ စကားစမြည် ပြောတတ်သူမို့ ဦးပြည့်စုံက မေးလိုက်တာဖြစ်သည်။ ရန်နိုင်က နောက်ကြည့်မှန်ထဲမှတစ်ဆင့် သူ့ကို ရိုကျိုးစွာကြည့်ကာ ...

"နေတော့ ကောင်းပါတယ်။ အသက်ကြီးလာတော့ ကျသွား တယ်နဲ့ တူပါတယ်။ ဟို ... ဟိုလေ ... ဆရာ"

ရန်နိုင်က တစ်ခုခု ပြောချင်ဟန်မို့ သူက ခေါင်း စ်ချက်ဆတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်တာလဲ ရန်နိုင်။ ပြောစရာရှိတာ ပြောလေ"

"တလောတုန်းက အိမ်ကို ချစ်ခြင်း လာသွားတယ်တဲ့

ဦးမြညွန့်က ကျွန်တော့်ကို မနေ့ကမှ ပြောတာ"

ဦးပြည့်စုံရဲ့ မျက်ခုံးအစုံက ပင့်တက်သွားသည်။ ပြီးတော့ ချက်ချင်းပဲလိုလို ပေါက်ကွဲမှု ပြင်းထန်ခဲ့သော နေ့တ နေ့ကို သတိရသွားသည်။ "ဒယ်ဒီ ... သူ့ကို အိမ်ခေါ်လာတဲ့နေ့ ဟာ သမီး အိမ်ကဆင်းတဲ့နေ့ပဲ"ဟူသော အသံနက်ကြီးနှင့် ကျ အော်လိုက်ပုံကို ပြန်လည်ကြားယောင်လာသည်။ ဒေလီယာမျိုးနှ သမီးဟာ အဆင်ပြေခဲ့ရဲ့သားနှင့် ဘာကြောင့် ခွာပြဲသွားကြသလဲ ဆိုတာ သူ မစဉ်းစားတတ်ခဲ့တော့ချေ။

သမီးနှင့် အဆင်ပြေမယ်ထင်၍ ဆုံးဖြတ်ခဲ့သော သူ့အမှားတွေကလည်း ပြင်မရအောင် ဖြစ်ခဲ့ပြီဆိုတော့ သူ သမီးကိုသာ ဖိမဲခဲ့သည်။ အဆုံးသတ်တော့ သူနဲ့သမီးကြားတွ သာ ပဋိပက္ခတွေများခဲ့သည်။ တကယ်တော့ သမီးနဲ့ ဒေလီယာ ဆိုတာ သူစိမ်းတွေ မဟုတ်ကြချေ။ ဒေလီယာမျိုးသည် သမီး မိခင် ယုချစ်ဇော်၏သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်သည် သမီးချစ်ခြင်းကို ဒေလီယာမျိုး ကိုယ်တိုင် ငယ်စဉ်တည်း ထိန်းကျောင်းချီပိုးခဲ့ဖူးတာဖြစ်ပြီး ဒေလီယာရဲ့တူမ ဆင်းဆင်း တာလည်း သမီးနှင့်သူငယ်ချင်းတွေပင်။





ချစ်ခြင်းရဲ့မိခင်ဟာ ချစ်ခြင်း First year အရောက် မှာပဲ အူမကြီးကင်ဆာဖြင့် ဆုံးပါးသွားခဲ့လေရာ ဒေလီယာမျိုးသည် သူနှင့်အတူ ချစ်ခြင်းကိုပါ အကောင်းဆုံး အားပေးနှစ်သိမ့်နိုင်ခဲ့ သူဖြစ်သည်။ ဒီလို အစစအရာရာ အဆင်ပြေစွာ နေထိုင်နိုင်ခဲ့ပါ လျက် အားလုံး အဆင်ပြေခဲ့ပါလျက် တကယ့် တကယ်တမ်း သူနဲ့ ဒေလီယာမျိုး အကြောင်းပါတော့မည်ဟု ဆိုသောအခါ ချစ်ခြင်းက ခါးခါးသီးသီးကြီးပဲ ကန့်ကွက်တော့တာဖြစ်သည်။ ဒါပေမဲ့ အဲဒီအချိန်မှာ သူနဲ့ဒေလီယာမျိုးတို့ရဲ့ အခြေအနေက နောက်ဆုတ်လို့မရတဲ့ အခြေအနေ ဖြစ်နေခဲ့ပြီ။ ဒေလီယာမျိုးရဲ့ ဂုဏ်သိက္ခာအတွက် သူ လက်ထပ်ပေးမှ ဖြစ်တော့မည်။

ချစ်ခြင်းကလည်း လုံးဝကို အပြင်းအထန် ကန့် ကွက်သည်။ ဒေလီယာမျိုးတို့ တူဝရီးနှစ်ယောက်သည် ယုံကြည်မှု ကို အလွဲသုံးစားလုပ်ကာ နောက်ကျောကို ဓားနဲ့ထိုးပါသည်ဟု ပြင်းပြင်းထန်ထန် စွပ်စွဲသည်။ ချစ်ခြင်းတစ်ယောက် အဲဒီတုန်းက ပေါက်ကွဲနေပုံသည် အရူးတစ်ယောက် စိတ်ဖောက်နေပုံမျိုးနှင့် တောင် တူသေးသည်ဟု ခုချိန်မှာ ပြန်စဉ်းစားမိသေးသည်။ အခု သွေးအေးချိန်မှာ စဉ်းစားကြည့်တော့လည်း ဒေလီယာမျိုးဘက်က



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမသိအောင် တမင်ကြံစည်ထားခဲ့သလားဆိုတာ သံသယ ဝင်စရာ ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ဒေလီယာမျိုးက သူနဲ့ ချစ်သူတွေ ဖြစ်သွားသောအချိန်တွင် ချစ်ခြင်း မသိအောင်နေပါ ရစေ ရက်လို့ပါ၊ ပြီးတော့ ချစ်ခြင်းကို surprice လုပ်ချင်လို့ပါ စသဖြင့် အမျိုးမျိုး အကြောင်းပြချက်တွေပေးကာ မသိအောင်ဖုံးဖိ ထားခဲ့တာဖြစ်သည်။ တကယ့်ကို မဖုံးနိုင်မဖိနိုင် ပေးသိရတဲ့အချိန် မှာတော့ အားလုံးက လွန်နေခဲ့ပြီ။ ချစ်ခြင်း သောင်းကျန်းသော် လည်း သူ ဘာမှလုပ်မပေးနိုင်တော့ချေ။ အိမ်ကဆင်းသွားသော သမီးတစ်ယောက် ဘယ်ရောက်နေမှန်းလည်း သူ မသိ။ ဒါပေမဲ့ ချစ်ခြင်းကို သူ ယုံသည်။ ပြီးတော့ ချစ်ခြင်းကို ငယ်ငယ်လေး တည်းက ထိန်းကျောင်းပြုစုလာသည့် အမိုးကြီးလည်း ပါသွားသော ကြောင့် ထူးပြီး စိတ်မပူတော့တာဖြစ်သည်။ အဖေနှင့် အတိုက် အခံလုပ်သော သမီးဖြစ်သူကို အစက ဒေါသထွက်ထွက်ဖြင့် ဆင်းလည်းဆင်းဟာဟု တင်းထားနိုင်ခဲ့သော်လည်း ခုချိန်မှာတော့ ဘယ်လိုပဲဖြစ်ဖြစ် ပြေးကြည့်မှ ဒီတစ်ယောက်တည်းရှိသော သမီး လေးကို လွမ်းလှသည်။





"သူက ဘာလာလုပ်တာတဲ့လဲ"

အဲဒီလိုမေးသော အသံဟာ အနည်းငယ် တုန်ယင် သွားသလားလို့ပင်။ ရန်နိုင်က နောက်ကြည့်မှန်ထဲမှတစ်ဆင့် သူ့ကိုကြည့်ကာ ...

"ဂစ်တာ လာပြန်ယူတာလို့ ပြောတယ်"

"ဂစ်တာ ! "

သူက သံယောင်လိုက်ပြီး ရေရွတ်မိသည်။ ချစ်ခြင်း ဟာ ဂစ်တာတီးတာကို ဝါသနာပါသူ ဖြစ်သောကြောင့် ကိုးတန်း လောက်တည်းက ထူးထူးခြားခြား ဂစ်တာတီးသင်ခဲ့သူဖြစ်သည်။ သူတို့မိဘတွေကလည်း ခေတ်မီသူတွေ ဖြစ်သောကြောင့် အနုပညာ နဲ့ အားကစားမှာ ဝါသနာထုံသူ သမီးဖြစ်သူကို ဘာတစ်ခုမှပိတ် ပင်ကန့်ကွက်ခြင်း မရှိဘဲ အားလုံးကို ဖြည့်ဆည်းပေးခဲ့သည်။

ဒါကြောင့် ချစ်ခြင်းသည် ဂစ်တာတီးလည်း ကောင်း ကောင်းကျွမ်းကျင်သလို တင်းနစ်ရိုက်တဲ့နေရာမှာလည်း ပြိုင်ပွဲ တွေမှာ ဆုတွေရရှိဖူးသည်အထိ လက်စွမ်းပြထားသူ ဖြစ်သည်။ အခုတော့ ချစ်ခြင်းဟာ သူမရဲ့လက်စွဲတော် ဂစ်တာနှင့် ရက်ကက် မှာ ဂစ်တာကိုပဲ လာရောက်ယူသွားသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော့်ကို ဦးမြညွန့် ပြောတာပါ။ အဲဒီနေ့က ချစ်ခြင်းနဲ့ မမမျိုးလည်း တွေ့သွားတယ်လို့ ပြောပါတယ်"

သူ့စိတ်ထဲမှာ ဟင်ခနဲ ဖြစ်သွားသည်။ ချစ်ခြင်းလာသွားတာကို ဒေလီယာမျိုးက သိလျက်သားနဲ့ ဘာကြောင့်သူ့ကို မပြောရတာလဲ။ သူက တွေဝေစဉ်းစားနေတုန်းမှာပဲ ရန်နိုင့်ထံမှ စကားသံက ထပ်ထွက်လာသည်။

"ချစ်ခြင်းနဲ့ မမမျိုးနဲ့က အိမ်အပေါက်ဝမှာရပ်ပြီး စကားပြောတာလို့ ပြောပါတယ်။ ချစ်ခြင်းက အိမ်ထဲတောင်မဝင်ဘူး ပြောတယ်။ နော်ဖော့ကို ဂစ်တာ သွားယူခိုင်းတာတဲ့"

"အင်း ... အင်း"

သူက ဘာစကားမှ ပြောစရာမရှိစွာဖြင့် ငြိမ်သက်နေတုန်းမှာပဲ ရန်နိုင့်ထံက စကားသံထွက်ပေါ်လာသည်။ ရန်နိုင်ရန်နိုင် ဆိုတာလည်း အသက်နှစ်ဆယ်လောက်တည်းက သူ့ဆီမှာ ကားစ,မောင်းလာခဲ့သူဖြစ်ပြီး လုပ်သက်က ဆယ့်ငါးနှစ်လောက်ရှိနေပြီဖြစ်သောအခါ သူ့အတွင်းရေး တော်တော်များများကိုပါသိပြီး ချစ်ခြင်းကိုပဲ ငယ်ငယ်တည်းက စောင့်ရှောက်ပေးခဲ့သူဖြစ်သည်။





"ဆရာ... ချစ်ခြင်း ဘယ်မှာရှိနေတယ် ဆိုတာကို မစုံစမ်းချင်ဘူးလား"

"အင်း ... အမှန်အတိုင်း ပြောရရင် သိတော့ သိချင်တာပေါ့ကွာ။ ဒါပေမဲ့ အသိချင်ကြီးရယ်လည်း ဟုတ်တော့ မဟုတ်ဘူးကွ။ ဘာလို့လဲဆိုတော့ ချစ်ခြင်း ကောင်းကောင်းမွန်မွန် ရှိနေမယ်ဆိုတာ ငါ သိတယ် ...

နောက်ပြီး ခုချိန်မှာ သူ သိပ်သွေးဆူနေတယ်။ ဒေါသ အရမ်းကြီးနေတယ်။ ငါ့ကိုလည်း စိတ်နာကောင်းစိတ်နာနေမယ်။ ဒီလို မကောင်းတဲ့ဖီလင်တွေ သူ့မှာစုပုံနေတဲ့အခါ သူနဲ့ငါ မျက်နှာချင်းမဆိုင်တာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်။ ဘာလို့လဲဆိုတော့ သူ မှန်တယ်ပဲထားဦး ငါက မိဘဖြစ်တဲ့အတွက် သူ ငါ့ကိုပြစ်မှားရင် သူပဲငရဲရမှာပဲ ...

ဒီလို ငရဲကြီးမှာမျိုး ငါ မလိုလားဘူး။ ဒါကြောင့် သူလည်း နေသာသလို နေရအောင် ခဏလွှတ်ထားတဲ့သဘောပဲ"

"ကျွန်တော့်စိတ်ထင်တော့ ချစ်ခြင်း ဂစ်တာလာယူတယ်ဆိုတာ အပျင်းပြေတီးဖို့ လာယူတာတော့ မဖြစ်နိုင်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်း ဦးပြည့်စုံက တစ်ချက် စဉ်းစားကြည့်မိသည်။ ချစ်ခြင်းရဲ့လက်ထဲမှာ ပိုက်ဆံသိပ်များများစားစား ရှိမှာမဟုတ်ချေ။ ချစ်ခြင်းရဲ့ဘဏ်စာအုပ်ထဲတွင် ပိုက်ဆံတချို့ရှိသော်လည်း ဒါဟာ အိမ်ထောင်တစ်ခုစာ ဖန်တီးဖို့အတွက်တော့ ပြည့်စုံလုံလောက်မှာ မဟုတ်ဟု ထင်သည်။ အမိုးကြီးနှင့် နှစ်ယောက်သား နေထိုင်ရာမှာ စားဝတ်နေရေးအတွက် ချစ်ခြင်းကပဲ ဦးဆောင်ရမှာဖြစ်သည်။

အင်း ... ဘဝကို ရင်ဆိုင်ရဲတဲ့ စိတ်ဓာတ်ကိုတော့ ချီးကျူးရမှာပင်။ ဘာပဲဖြစ်ဖြစ် မင်းဟာ ဖေဖေ့သမီးပါ ချစ်ခြင်းရယ်။ မင်းအတွက် ခိုင်မာတဲ့အရာတွေက သီးသန့်ရှိပြီးသားပါ။

"အင်း ... ထားလိုက်ပါတော့ကွာ။ သူ့ကို ငါက အိမ်ပေါ်က နှင်ချထားတာမှ မဟုတ်တာ။ အချိန်မရွေး သူ ပြန်လာခွင့် ရှိတာပဲ ...

အခုချိန် သူ အိမ်မှာမနေတာက အားလုံးကောင်းဖို့ သူ ခဏအောင်းထွက်နေပေးတယ်လို့ပဲ ငါ သဘောထား ထားပါတယ်"

သူ့စကားအဆုံးမှာတော့ ရန်နိုင်က ဘာမှမပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။ ဒီလိုနှင့် တိတ်ဆိတ်စွာ ကားမောင်းလာရင်း ရုံးသို့ ရောက်လာသည်။ ကားပါကင်ကနေ၍ ဓာတ်လှေကားစီးပြီး ရုံးပေါ်သို့ ရောက်တာနှင့် သူ့ပီအေကိစ်အိုက အဆင်သင့် စောင့်ကြိုနေကာ ရန်နိုင့်လက်ထဲကအိတ်ကို လွှဲပြောင်းယူသည်။ ပြီးတော့ ရန်နိုင့်ကို သူ ဘယ်အချိန် အပြင်သွားမည်ဆိုတာပါ တစ်ခါတည်းပြောသည်။

မဆိုးပါ။ ဒီတစ်ခေါက် သူရွေးချယ်ခဲ့သော ဝန်ထမ်းတော်တော်များများမှာ တကယ်ကို ကြိုးစားချင်စိတ်ရှိပြီး အရည်အချင်းလည်း ရှိတာကို တွေ့ရလျှင် လုပ်ငန်းခွင်ထဲမှာတော့ စိတ်ချမ်းသာရလေသည်။

* ○ *







www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဒီနေ့ဆိုလျှင် ပြည့်စုံထရေးဒင်းမှာ ထိုက်ရည်အလုပ်ဝင်ခဲ့တာ နှစ်လပြည့်သွားခဲ့ပြီဖြစ်သည်။ မဆိုးပါ။ နှစ်လအတွင်းမှာ သူ့ရဲ့အပတ်တကုတ် ကြိုးစားမှုကြောင့် အခြေအနေကအတော်ကြီးကို တိုးတက်လာသည်ဟု ပြောလို့ရသည်။ ဦးပြည့်စုံကလည်း သူ့ရဲ့လုပ်ရည်ကိုင်ရည်ကို ကျေနပ်ခဲ့ပါသည်။ ဒီမှာကဝန်ထမ်းတွေရဲ့ရာထူးအဆင့်အတန်းနှင့် လိုက်ဖက်ညီသောအဆောင်အယောင်တွေလည်း ခံစားခွင့်ပေးထားသည်မို့ ဦးပြည့်စုံက သူ့ကိုမေးလာခဲ့သည်။

"ထိုက်ရည် ... မင်း ကားမောင်းတတ်လား"

"ဗျာ ... ဟုတ်။ နည်းနည်းပါးပါးတော့ ရပါတယ်။ အမြဲတမ်းမောင်းနေတဲ့သူ မဟုတ်တော့ သိပ်အကျွမ်းကျင်ကြီးတော့ မဟုတ်ဘူး အန်ကယ်"





"အေးပေါ့ ... ဒါနဲ့ ကားမောင်းလိုင်စင်ရော ရှိလား"

"ဟုတ်ကဲ့ ... ကားလိုင်စင်တော့ ရှိတယ်ခင်ဗျ၊ ကျွန်တော်က က–ည–န ကဖွင့်တဲ့ ကားမောင်းသင်တန်းမှာ တက်ထားတာဆိုတော့ သင်တန်းဆင်းတော့ လိုင်စင်ရတယ်"

"အင်း ... အဲဒါဆို ကောင်းတာပေါ့။ ငါ မြန်မာမီနီဆလွန်းတစ်စီး ရထားတယ်ကွ။ အဲဒီကားကို မင်းသုံးပေါ့ကွာ။ အသေးစားချို့ယွင်းတာတော့ မင်းဘာသာမင်းပြင်ပေါ့ ...

မင်းက ငါ့ ပီအက်စ်အို ဖြစ်နေပြီး ကားလေးတစ်စီးမှ မမောင်းနိုင်ရင် မဟုတ်သေးဘူး။ Lunch time ကျရင်အောက်မှာဆင်းကြည့်လိုက်၊ ရန်နိုင့်ဆီမှာ သော့ရှိတယ်။ မင်းနဲ့ ရန်နိုင် အတူတူ ထွက်မောင်းကြည့်"

သူက အံ့သြတာရယ်၊ ဝမ်းသာတာရယ်ပေါင်းပြီးဘာမှ ပြန်မပြောနိုင်ချေ။ ခဏနေတော့မှ ကျေးဇူးပါ အန်ကယ်ဟူသောစကားကို တစ်ရာ့တစ်ခါလောက် ပြောမိနေလျှင် ဦးပြည့်စုံက လက်ကာပြရသည်။ အဲဒီလိုနှင့် အလုပ်ဝင်တာ နှစ်လပြည့်ပြီးသည့် အချိန်မှာပဲ လှပချစ်စဖွယ်ကောင်းသော သုံးဘီးကားရောင်မြန်မာမီနီဆလွန်းလေးကို သူ လက်ခံရရှိတော့တာဖြစ်သည်။ အပိုင်ပေးတာ ,မဟုတ်သော်ငြားလည်း ဒီလိုအခွင့်အရေးကကိုနည်းတဲ့အခွင့်အရေးလား။



www.burmeseclassic.com

www.burmeseclassic.com



ကားရလာသောကြောင့် သူက ရုံးဆင်းဆင်းချင်း အိမ်ကိုတန်းမပြန်သေးဘဲ သာကေတက Capital ကိုတောင်သွားပြီး Shopping ထွက်လိုက်သေးသည်။ ဘေးအခန်းက အန်တီကြီးကို သတိရကာ လက်ဆောင်ပစ္စည်းလေး ဘာလေးဝယ်ပြီး ပြန်ရောက်သောအခါ ညနေမှောင်စတောင် ပြုနေခဲ့ပြီ။ သူက အိမ်ရှေ့မှာ ကားရပ်ပြီးနောက် ပစ္စည်းထုပ်တွေဆွဲကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ သူ့ဘက်က အိမ်အခန်းတံခါးကိုဖွင့် ပစ္စည်းတွေကိုနေရာချပြီးမှ ရေချိုးပြီးမှပဲ အန်တီကြီးထံ သွားပါတော့မည်ဟု ဆုံးဖြတ်ကာ ရေချိုးဖို့ အကျီချွတ်နေတုန်းမှာပဲ ဝုန်းခနဲမြည်သော အသံကြီးကို ကြားလိုက်ရတာဖြစ်သည်။

ပထမတော့ ဘာပါလိမ့်ဟု ကြောင်နေတုန်းမှာပဲ သတိရပြီး တွေးမိတာက တစ်ဖက်ခန်းက အသံဖြစ်သည် ဆိုတာပင်။ အဲဒီကျတော့မှပဲ သူက ပျာပျာသလဲဖြင့် တစ်ဖက်ခန်းသို့ ပြေးရသည်။ အိမ်ရှေ့မှာတော့ ဘယ်သူ့ကိုမှ မတွေ့ရချေ။ သူ ကြားလိုက်ရသော အသံကလည်း နောက်ဖေးကအသံဖြစ်သည်မို့ သူက နောက်ထဲသို့ အရိပ်အခြည်ကြည့်ကာ ဝင်လာရင်း ပါးစပ်ကလည်း အသံပြုလာရသည်။

"အန်တီ ... အန်တီ။ အန်တီ ရှိလားခင်ဗျ"





"အ ... အား ... ကျွတ် ... ကျွတ် ... ကလေးရေ ... အန်တီ ဒီ ... ဒီမှာ"

သေချာပြီ။ ဒါ ဟိုအန်တီကြီးအသံပဲ။ နောက်ထဲက ကြားရသောအသံမို့ သူက နောက်သို့ အလျင်အမြန်ပြေးလို့လာလျှင် နောက်ထဲက ရေချိုးခန်းသို့ အဆင်းနေရာမှာ လဲကျနေသော အန်တီကြီးကို တွေ့ရသည်။ အန်တီကြီးက မထနိုင်ဘဲ ရှုံ့မဲ့နေကာ ညည်းညူနေသည်။ သူက အန်တီကြီးအနားသို့ လျှောက်သွားရင်းမှ အသာတွဲထူကာ ...

"အန်တီ ... ထကြည့်ပါဦး။ ဘယ်နား နိုက်မိသွားလဲဟင်"

"အား ... ကျွတ် ... ကျွတ်။ လက် ... လက်က အရမ်းနာတယ် ကလေး။ လက်ကျိုးသွားပြီလား မသိဘူး"

"အို ... ဒုက္ခပါပဲ အန်တီရယ်။ ခဏလေး မလှုပ်နဲ့နော်။ ကျွန်တော့်ကို ဒီဘက်လက်နဲ့ အားပြုပြီး တွဲပြီးတော့ ထလိုက် အန်တီ ...

ခြေထောက်ကရော ရရဲ့လား။ နာသလား အန်တီ"

"အင်း... ခြေထောက်က နည်းနည်းတော့ နာတယ်။ ဒူး ... ဒူး ...။ ဒူးခေါင်းက နာတာ။ အမယ်လေး ... ဘုရားသခင် ရယ် ကယ်တော်မူပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးရဲ့အပြောရယ်၊ လည်ပင်းမှာ ဆွဲထားသော လက်ဝါးကပ်တိုင်လေးရယ်ကို ကြည့်ကာ သူက ခရစ်ယာန်မှန်း သဘောပေါက်လိုက်သည်။ သူက အန်တီကြီးကို ပခုံးမှ အသာ ဖေးမပြီးနောက် အိမ်ရှေ့သို့ ခေါ်လာခဲ့သည်။ ခုံမှာ ခဏထိုင်စေပြီးမှ အန်တီကြီးရဲ့ ညာဘက်လက်နှင့် ဒူးခေါင်းကို သေချာကြည့်ရသည်။ သူလည်း သိလို တတ်လို့တော့ မဟုတ်ဘဲ ဘာများကြီးကြီးကျယ်ကျယ် ဖြစ်သွားသလဲလို့ စစ်ကြည့်ရတာဖြစ်သည်။

"ဒူးခေါင်းကပွန်းပြီး နည်းနည်းယောင်လာတယ်နော် အန်တီ၊ လက်ကတော့ ကျိုးသွားပြီ ထင်တာပဲ။ ကျွန်တော်တို့ ဆေးခန်းသွားမှဖြစ်မယ် ...

ဟို ... အန်တီ့သမီးရောဟင်"

အန်တီကြီးက နာကျင်မှုဒဏ်ကြောင့် မျက်ရည်လည်မတတ် ဖြစ်နေရင်းမှ သူ့ကို သနားဖွယ်ရာ ကြည့်လာကာ ...

"ချစ်ခြင်းက အလုပ်သွားတယ်လေ။ သူ့ကိုတော့ မခေါ်တော့ပါဘူး။ သိနေရင် အလကားသက်သက် စိတ်ပူပြီး ပြန်ပြေးလာနေရဦးမယ် ...

ဖြစ်နိုင်ရင် ကလေးပဲ ဆေးခန်းကို ပို့ပေးပါလားကွယ်"



"ဟုတ် ... ကျွန်တော်ကတော့ ဆေးခန်းကို ပို့ပေးမှာပါ။ မဟုတ်ဘူး ... ကျွန်တော် ဆိုလိုတာက ဖော်ကြာ အန်တီ့သမီးက သူ့ကို အကြောင်းမကြားလို့ စိတ်ဆိုးနေမှာ စိုးလို့ပါ"

"အို ... ဘာမှမဖြစ်ပါဘူး။ သူလည်း သူများအလုပ် လုပ်နေရတာ၊ ဒီအတိုင်းကြီး ထွက်လာလို့ ဘယ်ကောင်းမလဲ ...

ရပါတယ်၊ ကလေး လိုက်ပို့ပေးမယ်ဆိုရင်ပဲ တော်ပါပြီ၊ အား ... ကျွတ် ... ကျွတ်"

"ဟုတ် ... ဒါဆိုရင် ခဏလေးစောင့်နော်။ ကျွန်တော် အိမ်တံခါးတွေ သွားပိတ်ပြီး လိုအပ်တာယူပြီး ပြန်လာခဲ့မယ်"

သူက လုစ်ခနဲ ပြန်ထွက်သွားကာ ပိုက်ဆံယူ၊ ကားသော့ယူပြီး ပြန်လာခဲ့သည်။ အဲဒီနောက် အန်တီကြီးကိုတွဲကာ ကားပေါ်သို့ တင်ရသည်။ သူ့အိမ်ရှေ့မှာ ကားတစ်စီးရောက်နေတာ၊ အဲဒီကားကို သူမောင်းတာ စသဖြင့် အားလုံးကို အန်တီကြီးက အနည်းငယ် အံ့သြစွာနှင့် ကြည့်နေတာကိုလည်း ကြုံရသည်။ သူက အလိုက်တသိပင် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အံ့ဩနေလား မသိဘူး။ ဒါ ဒီနေ့မှ ကျွန်တော် သုံးဖို့ ကုမ္ပဏီ ချပေးလိုက်တဲ့ကားပါ။ ဒီနေ့မှ ရလာတာ။ ဒါကြောင့် အဆင်သင့်သွားတာ ...

ဟို ... ကျွန်တော် (xxx)အထူးကုဆေးခန်းကိုပဲ သွားလိုက်မယ်နော်။ အန်တီက လိုအပ်ရင် ဓာတ်မှန်တွေ ဘာတွေ ရိုက်ရဦးမှာဆိုတော့"

"ကလေး ကောင်းသလိုသာ စီစဉ်ပါကွယ်။ ရပါတယ်"

အဲဒီလိုနှင့် သူက အနီးဆုံးရှိ အထူးကုဆေးခန်းကြီး တစ်ခုသို့ အလျင်အမြန် မောင်းလာခဲ့သည်။ သူ ထင်ထားတဲ့ အတိုင်းပင်။ ဆေးခန်းရောက်တော့ အန်တီကြီးကို ဓာတ်မှန်ရိုက်ကာ ဘာဖြစ်သလဲဆိုတာ စစ်ဆေးကြည့်သေးသည်။ ဒူးခေါင်းက နာသွားရုံမှအပ ဘာမှမဖြစ်သော်လည်း လက်ကတော့ တကယ်ပဲ ကျိုးသွားသောကြောင့် ကျောက်ပတ်တီးကိုင်ရသည်။ နာကျင်မှု သက်သာအောင် ဆေးထိုးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများပေး ခြင်း စသဖြင့် အားလုံးဆောင်ရွက်ပြီးသောအခါ ကျသင့်ငွေကို သူကပဲ ရှင်းပေးလိုက်သည်။

အန်တီကြီးက အားတုံ့အားနာပုံဖြင့် သူ့ကိုကြည့် ကာ ...



"ပိုက်ဆံက သမီးပဲ ကိုင်တာဆိုတော့ သမီး ပြန်ရောက် လာရင် ပြန်ပေးပါမယ်နော် ကလေး"

"ရပါတယ် အန်တီ။ ကိစ္စမရှိပါဘူး။ အခုရော သက်သာ ရဲ့လား"

"သက်သာပါတယ်။ ကလေးလည်း အလုပ်တွေရှုပ်ရပြီး တော်သေးတာပေါ့ကွယ် ကလေးရှိနေလို့။ မဟုတ်ရင် အန်တီ တစ်ယောက်တည်း တော်တော်ဒုက္ခရောက်မှာ ...

ဒီရပ်ကွက်မှာ အသိအကျွမ်းကလည်း မရှိဆိုတော့ လေ"

သူက အိမ်ပြန်ရောက်တော့လည်း အန်တီကြီးကို သချာတွဲကာ အိမ်ထဲသို့ ပို့ပေးရသည်။ အစတည်းက ပေးရို ညီရွယ်ထားသော သစ်သီးနှင့် အိုဗာတင်းပုလင်းတွေကိုပေးကာ ရယ်ကျဲကျဲနှင့် ပြောရသည်။

"ဒီနေ့ ဒီကားလေးရလာတဲ့ အထိမ်းအမှတ်နဲ့ အန်တီတို့ကို လက်ဆောင်ပေးဖို့ဆိုပြီး ဝယ်လာတာ။ အိမ်ရောက်ပြီး ရေချိုးမယ်ပို့လုပ်တုန်း အန်တီ ချော်လဲတဲ့အသံကြီးကို ကြား ရတာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ... အန်တီလည်း ဂရုတော့ စိုက်တာပဲ။ ဂရု စိုက်နေတဲ့ကြားကကို ဘယ်လိုဖြစ်သွားမှန်း မသိတာ။ လူ ကလည်း ဝတော့ ဒူးခေါင်းက မခိုင်ချင်တော့ဘူးလေ။ အဲဒါ ဒူးတစ်ချက် ယိုင်အသွားမှာ ဖြစ်တာပဲ ...

ခုလို အစစအရာရာ ကူညီပေးတာ ကျေးဇူးတင် ပါတယ် ကလေးရယ်"

သူက ရှင်းလင်းနေသော အခန်းလေးသို့ ဝေ့ဝဲကြည့် ရှုရင်းမှ ရင်ထဲမှာ သိချင်လွန်းသော ဆန္ဒတစ်ခုကို မေးဖို့ကြိုးစား လိုက်သည်။ အင်း ... ဟိုစွာတေးလန်သာ သိလို့ကတော့ ကျည် တာကနည်းနည်း စပ်စုတာကများများဟု ပြောလေဦးမလားမသိ ချေ။

"အန်တီ့သမီးက ဘယ်အချိန် ပြန်လာမှာလဲ မသိဘူး။ ကျွန်တော် စောင့်ပေးဖို့လိုလား အန်တီ"

"ရပါတယ် မစောင့်ပါနဲ့၊ ချစ်ခြင်းက ဆယ်နာရီလောက် မှ ပြန်ရောက်တာကွယ့်။ အန်တီ နေလို့ဖြစ်ပါတယ်"

"ဟုတ် ...။ ဒါနဲ့ ချစ်ခြင်းပြည့်စုံက စားသောက်ဆိုင်မှာ အလုပ် လုပ်တာလား အန်တီ"





"ဩော် ... စားသောက်ဆိုင်တော့ မဟုတ်ဘူးကွယ့်၊ ဘယ်လိုပြောရမလဲ၊ ကော်ဖီဆိုင်ပါ။ Romantic ဆိုတဲ့ ကော်ဖီဆိုင်လေးမှာ သူကိုယ်တိုင် ဂစ်တာတီးပြီး အင်္ဂလိပ် သီချင်းလေးတွေပဲ ဆိုတာပဲ ...

အေးအေးဆေးဆေးရှိတဲ့ ဆိုင်လေးမို့ သူလည်း ဝါသနာပါတာနဲ့ ဝင်လုပ်ဖြစ်သွားတာ"

"ဟုတ်ကဲ့ ...။ ကျွန်တော်က ဘာသဘောနဲ့မှ မေးတာ မဟုတ်ပါဘူး အန်တီ။ ကိုယ့်အိမ်ငှားတစ်ယောက်အနေနဲ့ သိထားရအောင် မေးကြည့်တဲ့သဘောပါ ...

ချစ်ခြင်းပြည့်စုံရဲ့ ပုံစံကို ကြည့်တာနဲ့ သိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သိပါတယ်။ ကဲ ... ဒါဆို လည်း အန်တီ နားတော့လေ။ တစ်ခုခု လိုအပ်တာရှိရင် ကျွန်တော့်ကို အချိန်မရွေး လှမ်းခေါ်ပါ။ လုံးဝအားမနာပါ နဲ့ အန်တီ"

"အေးပါ ကလေးရယ်။ ကျေးဇူးတင်ပါတယ်"

သူက အန်တီကြီးကို နှုတ်ဆက်ကာ သူ့အိမ်ဘက်သို့ ပြန်လာခဲ့သည်။ စိတ်ထဲမှာတော့ စွာတေးလန် အကြောင်းက ခေါင်းထဲမှ မထွက်ပါ။ စွာတေးလန်ဟာ Cafe Romantic ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးမှာ သီချင်းဆိုသတဲ့။ ကိုယ်တိုင် ဂစ်တာတီးသတဲ့။ ဒီလို ဆတ်ဆတ်ကြဲတစ်ယောက်ဟာ အနုပညာစိတ်ရှိသူ ဆိုတာတော့ အံ့သြစရာပင်။

အဲဒီညက စွာတေးလန် ပြန်ရောက်လာတာကို သိသော်လည်း သူက ဒီဘက်ကနေ၍ အသာငြိမ်ပြီး နားစွင့်နေခဲ့သည်။ စွာတေးလန်ရဲ့ ဗျစ်တောက် ဗျစ်တောက်ပြောသံ၊ အန်တီကြီးရဲ့ ဖျောင်းဖျပြောဆိုသံတွေကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်ရင်း ဘယ်လိုတောင် အိပ်ပျော်သွားမှန်း မသိတော့ပါချေ။

* ○ *



## ၁၅

ညက အဖြစ်အပျက်ကတော့ ချစ်ခြင်းကို ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို လုပ်လိုက်တာဟုပင် တင်စားချင်တော့သည်။ ဆိုင်မှာ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရ၍ အိမ်ပြန်ရောက်တာနှင့် စိတ်အေးချမ်းရမလား မှတ်သည်။ အိမ်ရောက်တော့လည်း အမိုးကြီးက အိမ်ရှေ့မှာ ကျောက်ပတ်တီးအဖွေးသားဖြင့် ငုတ်တုတ်ထိုင်စောင့်နေသည်။ ချစ်ခြင်းမှာ အံ့သြစိတ်ပွလျက် ဘာစကားမှ မပြောနိုင်ခဲ့။ အမိုးကြီးကပဲ ချစ်ခြင်းကို ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြကာ တစ်ဖက်ခန်းကလူကို ကျေးဇူးတင်စကားလေးပြောဖို့နှင့် အကြွေးဆပ်ဖို့ နားချသည်။

"တော်သေးတာပေါ့ ချစ်ခြင်းရယ်။ ဖြစ်ဖြစ်ချင်း သူက ချက်ချင်းရောက်လာပေလို့ပေါ့။ သူပဲ တွဲခေါ်၊ သူပဲကားမောင်းပြီး ဆေးခန်းကို လိုက်ပို့တာ ...

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ကားကလည်း မနေ့ကမှ သူ့ကို ရုံးကချပေးလိုက်တာတဲ့။ ကောင်လေးက စိတ်ထား ကောင်းရှာပါတယ်။ ချစ်ခြင်းလည်း သူ့ကို ကျေးဇူးတင်စကားလေး ဘာလေး သွားပြောလိုက်ပါဦး"

"အင်းပါ အမိုးကြီးရယ်။ ချစ်ခြင်း သွားလိုက်ပါ့မယ်"

ချစ်ခြင်းက အမိုးကြီးကိုလည်း ထပ်၍စိတ်မရှုပ်စေချင်တော့သဖြင့် ကိုယ့်ပြဿနာတောင် ပြောမပြဖြစ်တော့ချေ။ ချစ်ခြင်းရဲ့ပြဿနာကလည်း ထူးထူးဆန်းဆန်းတော့ မဟုတ်ပါ။ ဆိုင်မှာ သီချင်းဆိုကောင်းတာ၊ ဂစ်တာအတီးကောင်းတာကြောင့် လာတဲ့သူတချို့က စိတ်ဝင်စားသည်။ နည်းနည်းပါးပါး အကဲစမ်းချင်ကြသည်။ ဒါပေမဲ့လည်း ဆိုင်မှာရှိတဲ့သူ အကုန်လုံးက ရိုးရိုးသားသားသမားတွေ ဖြစ်တာရယ်၊ ဆိုင်ရှင်ကိုယ်တိုင်ကလည်း နာမည်ပျက် လုံးဝမခံတာရယ်ကြောင့် ဆိုင်မှာ မဟုတ်တရုတ်ဇာတ်လမ်းတွေတော့ လုံးဝလာလုပ်၍မရ။ အဲဒီထဲမှာမှ လူတစ်ယောက်ကတော့ ဆိုင်ကိုနေ့တိုင်းလာလျက် ချစ်ခြင်းကိုပဲ နေ့တိုင်းပန်းတက်ပေး၊ သီချင်းတောင်းနေသောအခါ ကြာတော့ အာရုံနှောက်လာသည်။



သူ့ပုံစံကလည်း နှောင့်ယှက်ချင်တာမျိုး၊ မဟုတ်မဟာတ် ကြံစည်ချင်တာမျိုး မဟုတ်ဘဲ တကယ်ကို အသည်းအသန်ကြွေနေသော ဒီနိုင်းကြီး ဖြစ်နေသောအခါ ချစ်ခြင်း စိတ်ပျက်ရဖော့သည်။ ယောကျ်ားလေးတစ်ယောက်ရဲ့ ချစ်ခင်နှစ်သက်မှုကို ခံရတာလည်း စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခု၊ စိတ်ရှုပ်စရာတစ်ခုဟု ခံယူထားသော ချစ်ခြင်း အတွက်တော့ ဒီကိစ္စက ဆိုးသောပြဿနာတစ်ခုပဲ ဖြစ်ပါသည်။ ဒါကြောင့် နဂိုအခံကမကြည်လင်သောစိတ်နှင့်ပင် တစ်ဖက်အခန်းသို့ ရောက်လာခဲ့ရသည်။

အိမ်ရှေ့မှာ ရပ်ထားသော သင်း အပိုင်စားရတော်မူခဲ့သည့် မြန်မာမီနီဆလွန်းကိုလည်း တွေ့ပါသည်။ ပြုံးမဲ့မဲ့နဲ့တောင် စိုက်ကြည့်မိသွားသေးသည်။ အင်း ... ဦးပြည့်စုံရဲ့ ပီအက်စ်အိုဆိုတော့လည်း ဒီလိုအခွင့်အရေးတွေကတော့ ခံစားရမှာပေါ့။ ကောင်းပါတယ်။

ချစ်ခြင်းက အတွေးနဲ့အတူ ခြေစုံရပ်ရင်း အိမ်ထဲသို့ ဝေ့ဝဲကြည့်ရှုမိသည်။ အဲဒီအချိန်မှာ အိမ်ကနေ၍ ထွက်လာသော သူ့ကိုသွားမြင်သည်။ လည်ကတုံးအင်္ကျီအဖြူလက်ရှည်၊ ကချင်ပုဆိုးနှင့် သပ်ရပ်နေသော သူ့ပုံစံကိုကြည့်ကာ လူရုပ်သူရုပ်ထွက်နေပါလားဟု ပထမဆုံးအကြိမ် အမှတ်ပေးမိသွားသည်။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုက်ရည် ဆိုသောလူဟာ ကြည့်ကောင်းပါသည်။ ဒီ့ထက် ပိုပိုသာသာ အမှတ်ပေးချင်လျှင် ချောတယ်လို့တောင် ပြောလို့ရသည်။ ချောတယ်ဆိုတာ ကိုရီးယားမင်းသားတွေလို မိန်းမချောချောတာမျိုး မဟုတ်ဘဲ အရှေ့တိုင်းရုပ်ကိုမှ ယောကျ်ားပီပီသသ ရှိသောရုပ်မျိုး ဖြစ်သည်။ ခပ်တည်တည်နှင့် ခပ်မိုက်မိုက်နေလျှင် အတော် Attrection ရှိမှာပင်။

အခုတော့ ဒီလူက အဲဒီလို စတိုင်လ်နှင့် မလိုင်နှင့်လည်း နေတတ်ပုံ မပေါ်ပါ။

အင်းလေ ... ရိုးတယ်ပဲ ခေါ်မှာပေါ့။

"ဩော် ... ဟိုဒင်း ... လာလေ"

သူက ချစ်ခြင်းကို မြင်သောအခါ ရုတ်တရက် နာမည်က ထွက်မလာဘဲ ဟိုဒင်းတွေ ဘာတွေ ဖြစ်ကုန်သည်။ ဘာ့ကြောင့်မှန်းတော့ မသိပါ။ ယောကျ်ားတစ်ယောက်ကို ရုပ်အင်္ကျီနှင့် ပုဆိုး တွဲဖက်ဝတ်ဆင်ထားတာကို တွေ့ရလျှင် ချစ်ခြင်းစိတ်မှာ နှစ်သက်ခြင်း ဖြစ်ရသည်။ တည်တည်ကြည်ကြည်နှင့် သိက္ခာရှိသည်ဟု ထင်သည်။ အင်းပေါ့လေ ... သူက ငယ်ငယ်ရွယ်ရွယ်နဲ့ ပီအက်စ်အို ဖြစ်တယ်ဆိုတော့ လူရိုန်အောင် ဝတ်ထားတာလည်း ပါမှာပေါ့။





ပထမတော့ ချစ်ခြင်းက အပေါက်ဝမှာတင် စကားရပ်ပြောကာ ပေးစရာရှိသည့် ပိုက်ဆံကိုလည်း မြန်မြန်ပေးပြီး ပြန်ဦးမလို့ပင်။ ဒါပေမဲ့ ဒီလို မွန်ရည်သပ်ရပ်သော ပုံစံကို လေးစားသောအားဖြင့်၊ ပြီးတော့ အိမ်ထဲမှာ ဣန္ဒြေရရ ထိုင်ပြောတာက ပိုကောင်းမည်ဟု ယူဆသဖြင့် ချစ်ခြင်းက အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

"ထိုင်ပါ ... ထိုင်ပါ"

သူက ဆက်တီတစ်ခုကို ညွှန်ပြသည်မို့ ချစ်ခြင်းက ဝင်ထိုင်ရင်းမှ အိမ်ထဲသို့ မသိမသာ ဝေ့ဝဲကြည့်မိသွားသည်။ အင်း ... ဘယ်ဆိုးလို့လဲ။ ယောကျ်ားလေးတစ်ယောက်တည်းသာ နေတယ်ပြောတယ် အိမ်က ရှုပ်ပွညစ်ပတ်မနေဘဲ သပ်ရပ်သန့်ရှင်းနေသည်။ သူ့နေရာနဲ့သူ ပစ္စည်းတွေက နေသားတကျဖြစ်ကာ မသိလျှင် မိန်းမတစ်ယောက်က စနစ်တကျ ထားသိုစီမံထားတာနဲ့တောင် တူနေသည်။

အင်း ... အဲဒီလို ယောကျ်ားမျိုးတွေဟာ ပစ်မစပ်များပြီး စပ်စပ်စုစု နိုင်တယ်ဆိုတာ ဟုတ်မှာပဲ။ ဒါကြောင့် ဒီလူရဲ့ပုံစံဟာ ယောကျ်ားပီပီသသ ပုံစံမျိုး Attrection မဝင်တာ။

"အန်တီကြီး သက်သာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့သူက ဘာမှမပြောဘဲ အိမ်ရှင်ကချည်းပဲ တစ်ခုပြီးတစ်ခု မေးနေသောကြောင့် ချစ်ခြင်းက လည်ချောင်းတစ်ချက် ရှင်းရင်းမှ ...

"သက်သာပါတယ်၊ ရှင် မနေ့က ဆေးဖိုးတွေ စိုက်ထားတယ်ဆို။ အဲဒါ ဘယ်လောက်လဲ။ ကျွန်မ ပြန်ပေးမလို့"

"ရပါတယ်"

"ဘာရပါတယ်လဲ"

ချစ်ခြင်းက မျက်မှောင်ကြုတ်ကာ ခပ်ဆတ်ဆတ်ပြန်မေးလျှင် သူက အားတုံ့အားနာဟန်ဖြင့် ကြည့်လာကာ ...

"မဟုတ်ပါဘူး။ ကျွန်တော် ပိုက်ဆံပြန်ယူရမှာ အားနာနေလို့ပါ။ တစ်မျိုးကြီးပဲဗျာ မယူချင်ဘူး။ ဟို ... ခင်ဗျား အမေကို ဒါနပြုတယ်လို့ သဘောထားပေးလို့ မရဘူးလား"

သူပြောပုံက တကယ့်ကို အရိုးခံမို့ ချစ်ခြင်းဒေါသ မထွက်ချင်တော့ပါ။ ပြီးတော့ ကိုယ် ဒေါသထွက်တိုင်းလည်း သူက ဘာမှမဖြစ်ဘဲ အေးအေးဆေးဆေးသာမို့ ချစ်ခြင်းပဲ ငပေါ ဖြစ်ရသည်။ ဒီလူရဲ့ အေးအေးဆေးဆေးပုံကို ကြည့်ကာ ချစ်ခြင်းလည်း အေးအေးဆေးဆေးသာပဲ ဖြစ်လိုတော့သည်။





"ဘာဆိုင်လို့လဲ။ ရှင် ဆေးခန်းလိုက်ပို့ပေးတာ၊ အကုန်လုပ်ပေးထားတာပဲ မဟုတ်လား။ ဒါ ရှင်စိုက်ထားတဲ့ ဆေးဖိုးကို ပြန်ပေးတာပဲလေ ...

ဘယ်လောက်ကျသလဲသာ ပြောပါ"

"ဒါဆိုလည်း နောက်မှ စုရှင်းတော့"

"ဘယ်လို ! "

"အင်း ... ဟုတ်တယ်လေ။ အန်တီ့ကို ဒီနေ့လည်း ဆေးခန်းပို့ရဦးမှာ မဟုတ်လား။ ကျွန်တော်ပဲ သွားပို့လိုက်ပါ့မယ်။ အဲဒါကြောင့် နောက်မှပဲ စုပေးတော့"

"နေပါဦး ... ရှင့်ကို ဘယ်သူက ဆေးခန်းပို့ခိုင်းနေလို့လဲ"

"သြော် ... ခင်ဗျားက အလုပ်သွားမှာ မဟုတ်လား။ အဲဒါကြောင့် ကျွန်တော်ပဲ ပို့ပေးမယ်လို့ ပြောတာ။ တော်သေးတာပေါ့။ တိုက်တိုက်ဆိုင်ဆိုင်ပဲ မနေ့ကမှ သူဌေးကကား ပေးလိုက်တယ်၊ အန်တီက ချော်လဲရော၊ ကံကောင်းတယ် ပြောရမယ်"

"ဘာရှင့် ... ဘာပြောတယ်"

"သြော် ... ချော်လဲတာကို ကံကောင်းတယ် ပြောတာ မဟုတ်ဘူးလေ။ ချော်လဲတဲ့နေ့ကျမှပဲ တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကားရလာတာကို ပြောတာ။ အဲဒီတော့ အဆင်သင့်ပဲ အန်တီ့ကို ဆေးခန်းလိုက်ပို့နိုင်တာပေါ့ ...

မဟုတ်ရင် Taxi က ဘယ်နားပြေးရမှန်း မသိဘူး။ ခင်ဗျားက ညနေဘက် အလုပ်သွားရမှာ မဟုတ်လား။ အန်တီ့ကို ကျွန်တော်ပဲ ဆေးခန်းလိုက်ပို့လိုက်ပါ့မယ်။ အလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့ သာသွား ...

ဟုတ်ပြီလား"

နောက်ဆုံး အဆုံးသတ်စကားကို ဖျတ်ခနဲ ချိုသော အပြုံးတစ်ခုစွက်ပြီး ပြောလိုက်သော အမူအရာကြောင့် ချစ်ခြင်း မေးစိုက်သွားရသည်။ ဒီလူဟာ ဘယ်လောက်ပဲ မာရေကြောရေ ဆက်ဆံ ဆက်ဆံ၊ ဘာဖြစ်လို့များ အမှတ်မထားဘဲ စိတ်ထားတွေ သိပ်ကောင်းပြနေတာပါလိမ့်။ သိပ်ကောင်းပြနေသော လူများကို ချစ်ခြင်း မယုံကြည်တော့ပါ။ ဒါပေမဲ့ သူ ကောင်းနေသော၊ သည်းခံနေသော ချစ်ခြင်းသည် သူဌေးသမီးတစ်ယောက် မဟုတ်ချေ။ သူ ချစ်ခြင်းဆီက မျှော်လင့်စရာ ဘာမှမရှိပါ။

"နေပါဦး ... ရှင့်ကို မသိလို့ တစ်ခုလောက် မေးပါရစေ"

"ဟား ... ဒီနေ့တော့ တစ်နေကုန် မိုးစဲမယ် မထင်တော့ဘူး"





"ဘာပြောတာလဲ"

"ဟုတ်တယ်လေ။ အမြဲတမ်း အဲထက်စီးက ဆက်ဆံခဲ့တဲ့ ခင်ဗျားက ဒီနေ့ကျမှ ယဉ်ယဉ်ကျေးကျေး။ မေးချင်တာ တောင် မေးပါရစေတွေ ဘာတွေနဲ့ Request လုပ်နေတယ်။ ရပါတယ် ပုံမှန်ပဲ ဆက်ဆံပါ။ အဲနေခက်အောင် သိပ်မလုပ်နဲ့"

အဲဒီစကားဟာ ရုပ်တည်ကြီးနဲ့ ပြောနေတာမို့ နောက်နေတာလား၊ တကယ်ပြောနေတာလား ဆိုတာ ခွဲခြားရခက်ခက်ပင်။ ချစ်ခြင်းက သူ့ကို ခပ်တင်းတင်းကြည့်လိုက်တော့မှ သူက ဟဲခနဲ ရယ်ပြကာ ...

"ကဲ ... မေးပါ။ ကျွန်တော်က ရုပ်တည်ကြီးနဲ့ နောက်တတ်တယ်ဗျ။ ခင်ဗျားအတွက် တစ်မျိုးဖြစ်နေရင် ဆောရီးဗျာ။ ကျွန်တော်က တစ်ယောက်တည်းသမား ဆိုတော့ ကိုယ့်ကိုယ်ကိုယ် မပျင်းရအောင် ပျော်ပျော်ပဲ နေတတ်လို့ပါ ...

ခင်ဗျားကို စချင် နောက်ချင် မလေးစားတဲ့ပုံစံမျိုး မဟုတ်ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလို ဖြေရှင်းချက်ထုတ်ခွော့လည်း ချစ်ခြင်းက သဘောပေါက် နားလည်သွားသည်။ အင်းလေ ... အမိုးကြီး ပြောသလိုပဲ တစ်ယောက်တည်းနေတာတောင် ဟောဟောရမ်းရမ်း သိပ်မရှိဘူးဆိုတာ ဟုတ်မှာပါပဲ။

"ရှင် ဘာဖြစ်လို့ ကျွန်မတို့ကို ကူညီချင်နေရတာလဲ"

သူက ရုတ်တရက် ဘာဖြေရမှန်း မသိစဥ်မှာပဲ ချစ်ခြင်းက နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"ကျွန်မရဲ့အဓိကမေးခွန်းက အဲဒါ မဟုတ်ဘူး။ ကျွန်မ ပြောချင်တာက ကျွန်မရဲ့ပုံမ အချိုးမပြေဘူးဆိုတာ ရှင် လက်ခံမှာပါ ...

ရှင့်အိမ်ကို ငှားနေတဲ့ အိမ်ငှားတစ်ယောက်အနေနဲ့ ကျွန်မလုပ်စာကို တစ်လောကလုံး ထိုင်စားနေကြတဲ့အချိုးမျိုး ရှင်သတ်မှတ်ရင်လည်း ကျွန်မ ငြင်းမှာမဟုတ်ဘူး။ ဒီလိုလူမျိုးကို ရှင် ဘာကြောင့် သည်းခံပြီး ကူညီပေးလဲ ဆိုတာ ကျွန်မနားမလည်ဘူး။ ရှင့်နေရာမှာသာ ကျွန်မဆိုရင် ဖောက်တော်အမြင်ကတ်မိမှာ အမှန်ပဲ"

အဲဒီစကားကြောင့် သူက ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မောလေသည်။ ယောက်ျားတစ်ယောက်က ကိုယ့်ရှေ့မှာ အဲဒီ



လို ပဲမများ ဘာမများနှင့် ရယ်မောနေတာကို တစ်ခါမှမတွေ့ဖူးသဖြင့် ငေးစိုက်ပြီး ကြည့်နေမိသည်။ သူ့ပုံစံက တကယ့်ကို ကလေးတစ်ယောက်ရဲ့ ဟာသတစ်ပုဒ်ကို ကြားလိုက်ရသော ပကတိရိုးစင်းစွာ ရယ်နေသည့်ပုံစံမို့ ချစ်ခြင်းက ထူးဆန်းနေသည်။

"ဘာလဲ ... ခင်ဗျားက ... ခင်ဗျားကို အမြင်ကတ်စေချင်တာလား"

ချစ်ခြင်းက ဘာမှပြန်မဖြေဘဲ သူ့ကို ခပ်ပြုံးပြုံး ကြည့်နေမိသည်။ သူက ခေါင်းတစ်ချက်ဆတ်ကာ ဖြေပါသည်။

"ခင်ဗျားကို အမြင်မကတ်ပါဘူး။ ဘာလို့လဲ ဆိုတော့ စိတ်မပုပ်လို့"

နားမလည်သဖြင့် ချစ်ခြင်းက သူ့ကို မျက်မှောင်ကြုတ်ကြည့်မိသောအခါ သူကပဲထပ်၍ ဆက်ပြောသည်။

"ဟုတ်တယ်လေ။ ကျွန်တော်က အမြင်ကတ်တယ်ဆိုရင် စိတ်ပုပ် အကျင့်ယုတ်တဲ့ သူတွေကိုပဲ အမြင်ကတ်တာ။ အပေါ်ယံမှာတော့ သဘောကောင်းချင်ဟန်ဆောင်ထားပြီး၊ ရိုးသားဖြူစင်တဲ့ပုံ ဟန်ဆောင်ထားပြီး အတွင်းစိတ်မှာ ပုပ်နေတဲ့သူတွေကိုပဲ ကြည့်မရတာ၊ အမြင်ကတ်တာ ...

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကတော့ အဲဒီပုံစံ မရှိပါဘူး။ ခင်ဗျား ကျွန်တော့်ကို မပြောချင် မဆိုချင် ဖြစ်တယ်ဆိုတာလည်း ခင်ဗျား နေတတ်သလို နေတာပဲ ဖြစ်မှာပါ။ ဒီ့အတွက်နဲ့တော့ ခင်ဗျားကို အမြင်ကတ်ပြီး မကူညီချင်စရာ အကြောင်းမရှိပါဘူး"

အဲဒီစကားကို သူက တည်ငြိမ်သောလေသံဖြင့် အေးအေးဆေးဆေး ပြောနေလျှင် ချစ်ခြင်းက အဲဒါကို နားထောင်ပြီးတော့ ရင်ထဲမှာ တစ်ခါမှ မဖြစ်ဘူးသော ခံစားချက်မျိုးဖြစ်လာရသည်။ အဲဒါ ဘယ်လိုပြောရမလဲ။ ကိုယ်သတ်မှတ်ထားတဲ့ စံတွေအတိုင်းပဲ တခြားယောကျ်ားတစ်ယောက်က သတ်မှတ်ထားတဲ့အခါ သူ့အပေါ်မှာ အမြင်တွေ ပြောင်းလဲသွားပြီး သဘောထားတွေ မဆိုးတော့တာဖြစ်သည်။

ဒီလူဟာ တကယ် စကားပြောကြည့်တော့လည်း အမိုးကြီးပြောသလိုပဲ စိတ်ထားလေးက မဆိုးပါလားဟု သတ်မှတ်ချင်လာသည်။ လုပ်နေးခွင်ထဲမှာလည်း အဆင်ပြေမည့်သူမျိုးဟု ချစ်ခြင်းက ကောက်ချက်ချမိသည်။

"ကျွန်တော် ပြောတာ လက်ခံနိုင်မလား မသိဘူး"





ချစ်ခြင်းက ငြိမ်နေသဖြင့် သူ့ထံမှ အသံထွက်လာသည်။

"အင်း ... ထားပါတော့။ ရှင့် အယူအဆနဲ့ ရှင်ပါပဲ"

"ကျွန်တော်က သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ ဆိုတဲ့ လူစားမျိုးမဟုတ်ဘူးဗျ။ သင့်ကောင်းကောင်း မကောင်းကောင်း ကျွန်ုပ်ကောင်းမယ်ဆိုတဲ့ အစားထဲက"

အဲဒီစကားကြောင့် သူ့ကို ချစ်ခြင်းက မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ သို့သော် ရင်းနှီးရာကျသွားမှာစိုးသဖြင့် ကမန်းကတန်း ဘာရိတ်အုပ်လိုက်ရသည်။

"ကဲ ... ရှင်ပြောချင်ရာတွေပဲ လျှောက်ပြောမနေနဲ့။ ရှင်စိုက်ထားတဲ့ ဆေးဖိုးကိုပြော။ ကျွန်မရဲ့လာရင်းကိစ္စက အဲဒါကိုပေးဖို့လာတာ ...

ရှင် ကူညီခဲ့တာတွေကိုလည်း ကျေးဇူးတင်ပါတယ်"

"အဲဒီလို ကျေးဇူးတင်တဲ့အတွက်လည်း ကျွန်တော်က ကျေးဇူးတင်ပါတယ်"

"ရှင် မရွဲ့နဲ့နော်"

"မရွဲ့ပါဘူး။ ခင်ဗျားကို ကျေးဇူးတင်စကား လာပြောလိမ့်မယ်လို့ မထင်တာ။ ခင်ဗျား ကျေးဇူးတင်တင် မတင်တင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘယ်လိုမှ သဘောမထားပါဘူး။ ကျွန်တော့် အမေအရွယ် အန်တီကြီးတစ်ယောက်ကို ဘာမျှော်လင့်ချက်မှမရှိဘဲ စေတနာသက်သက်နဲ့ ကူညီခဲ့တာပါ ...

ကဲ ... ခင်ဗျား ဆေးဖိုးပေးချင်လည်း ပေးပေါ့ဗျာ။ ဒီမှာ ဆေးခန်းက Bill စာရွက်"

သူက စားပွဲပေါ်က စာရွက်လေးတစ်ရွက်ကို ယူပေးလျှင် ချစ်ခြင်းက ယူကြည့်ပြီးနောက် ပိုက်ဆံအိတ်ထဲက ပိုက်ဆံများကို ရေတွက်ကာ ထုတ်ပေးလိုက်သည်။ သူက ဘာမှမပြောဘဲ သူ့ဝေါလက်ထဲသို့ ပိုက်ဆံထည့်စဉ်မှာပဲ ချစ်ခြင်းက ပြန်ဖို့ရာအတွက် ထိုင်ရာမှ ထရပ်လိုက်သည်။

"သွားတော့မယ်"

"ဪ ... ခဏ"

ချစ်ခြင်းက လှည့်ထွက်နေရာမှ လည်ပြန်လှည့်ကြည့်လိုက်လျှင် သူက တောင်းပန်သော မျက်နှာထားဖြင့် ...

"ခင်ဗျား ကသီနေမှာစိုးလို့ပါ။ ညနေဘက် အန်တီ့ကို ကျွန်တော်ပဲ ဆေးခန်းပို့ပေးပါ့မယ်။ ဖြစ်တယ်မဟုတ်လား"

"ဆောရီး ... ကျွန်မတို့အတွက် ခေါင်းထဲမှာ အဲဒီလောက် ထည့်မထားပါနဲ့"





ချစ်ခြင်းက ပြောပြီးတာနှင့် လှည့်ထွက်လာခဲ့သည်။ အမှန်ဆိုရင်တော့ သူ လိုက်ပို့ပေးတာကို လက်ခံပေးချင်သလိုလို တော့ ရှိသည်။ ဒါပေမဲ့လည်း ဘာကြောင့်မှန်းမသိ လက်မခံတာပဲ ကောင်းပါတယ်လေ ဟူသော အတွေးကလည်း ဖျတ်ခနဲ ပေါ်လာသဖြင့် ငြင်းပစ်လိုက်တာလည်းပါသည်။ ဘာရယ်တော့မဟုတ် စိတ်ထဲမှာတော့ ဘယ်သူနဲ့မှ မပတ်သက်ချင်တော့။ လူတွေကို အယုံအကြည်မရှိတော့တာ ဖြစ်လေသည်။

ပြီး

* ○ နှ် သိပ်

...။ အင်း... ကင

... ချက်တာ ပြုဝ

...တော့ ဒီဝ



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ဒီနေ့သည် ဆံထ[illegible]ရည်ရဲ့အလုပ်ပိတ်ရက် တနင်္ဂနွေ နေ့ဖြစ်သည်။ ရုံးမှာက ဒ[illegible]ပ်လိုက်သည်။ [illegible]သောကြောင့် စနေနေ့တစ်ဝက် အထိ ရုံးတက်ကြရက[illegible]ာတော့ အပြည့်နားရက် ဖြစ်သည်။ ရုံးပိတ်ရက်မှ[illegible]းတွေတွေ ဘာမှလုပ်စရာ မရှိချေ။ ခါတိုင်းနေ့တွေ[illegible] လှည့်ထု[illegible]မ်သန့်ရှင်းရေး၊ တစ်ကိုယ် ရေစာ အဝတ်လျှော်ဖွပ်[illegible]င်း[illegible]ာ ပုံမှန်လုပ်သွားနေကြမို့ ဒီနေ့မှာ သူ့အတွက် အလုပ်တွေပုံနေတာမျိုး မရှိပေ။ နေ့လယ်စာကလည်း ရုံးက ကန်တင်းမှာပဲ စားလိုက်သည်မို့ ထမင်းချိုင့်ထည့်စရာလည်း မလိုတော့။

ဒီတော့ ဒီလိုနေ့မျိုးက သူငယ်ချင်းတွေနဲ့သာ အေး ဆေးတွေ့ဖို့ လိုအပ်တော့သည်။ သူ့အိမ်ကိုပဲ ဟိုကောင်တွေက





လာကြမှာမို့ သူက ကြာဆံကြော် ကြော်ထားလိုက်သည်။ ကြာဆံ ကြော်ကို ဝက်သားသုံးထပ်သားနှင့်ကြော်ကာ သန္တာရချဉ်လုပ်သည်။ ပြီးတော့ ဟိုဘက်အခန်းသို့လည်း သွားပို့ဖြစ်ပါသည်။ အန်တီကြီး က လက်ကျိုးနေသဖြင့် ဘာမှမလုပ်နိုင်သောကြောင့် သူမကပဲ သူ လာပို့တာကို ထယူရသည်။ သူက စတီးလ်ချိုင့်လေးနှင့် လာ ပို့တာမို့ သူမက ...

"ခဏလေးစောင့် ချိုင့်ဆေးပြီး ပေးမလို့"

"အာ ... ရပါတယ်။ စားပြီးတော့မှပဲ အေးဆေးပြန်ပေး ပါ။ အဲဒီချိုင့်က ကျွန်တော် သိပ်မသုံးဖြစ်ပါဘူး"

"ထိုင်ဦးလေ ကလေး။ အင်း... ကလေးကလည်း ယောကျ်ား လေးသာပြောတယ် ချက်တာ ပြုတ်တာတော့ ဝါသနာပါ သားနော်"

"ဟုတ် ... အန်တီ။ ပျင်းတော့ ဒီလိုပဲ စာအုပ်တွေဖတ်ပြီး လျှောက်ချက်ကြည့်ရင်းနဲ့ ချက်တတ်သွားတာ။ ကျွန်တော် ဝါသနာပါတာလည်း ပါတာပေါ့ ...

အန်တီရော သက်သာတယ် မဟုတ်လား"

"အေး ... သက်သာပါတယ်။ အန်တီက ဘာမှသိပ်မလုပ် နိုင်တော့ ချစ်ခြင်းပဲ ပင်ပန်းနေတာပေါ့ကွယ်"



www.burmeseclassic.com

သူက သူမဘက်သို့ အသာကြည့်မိလျှင် သူမက ခုံတစ်ခုမှာထိုင်ရင်း ဂျာနယ်တစ်စောင် ဖတ်နေတာကို တွေ့ရသည်။ သူ့ကို ကြည့်တောင် မကြည့်ပါ။ ရှပ်အင်္ကျီပန်းနုရောင်အကွက်ကျဲလေးကို ကာကီရောင် ကွာတားဘောင်းဘီတိုလေးဝတ်လျက် ခြေထောက်ချိတ်ပြီး ဂျာနယ်ဖတ်နေပုံမှာ အချိုးအချိတ်ကတော့ တကယ့် သူဌေးမ စတိုင်လ်ပင်။ သူမကို ကြည့်ရတာ ဒီအတိုင်းကို အရောင်အဝါ ထွက်နေသည်။ ပြီးတော့လည်း ကြာလာတာနဲ့ အမျှ သူ ခံစားမိလာသည်မှာ အန်တီကြီးနှင့် သူမသည် သားအမိဆိုသော်ငြား တစ်ခုခုက ခြားထားသလို ထင်ရလေသည်။

သူမက အန်တီကြီးကို ပိုပြီးပိုင်စိုးပိုင်နင်း ရှိပုံပေါ်ကာ လွှမ်းမိုးမှုတစ်မျိုး ရှိသည်ဟု ထင်သည်။ သူမက မော်မော်ကြွားကြွားနှင့် ထန်နေသလောက် အန်တီကြီးက ရိုကျိုးနိမ့်ချသည်။ ဘယ်လို သားအမိပုံစံမှန်းလဲ မသိ။ ပြီးတော့ သားအမိသာဆိုတယ် သိပ်လည်းမတူဘူးဟု တွေးနေမိလေသည်။

"ထိုင်လေ ကလေး"

"ရတယ် အန်တီ။ နားပါ ကျွန်တော် လုပ်စရာလေးတွေ ရှိသေးလို့ မထိုင်တော့ပါဘူး"





သူက အန်တီကြီးကိုပြောရင်း သူမ ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်လျှင် သူမကလည်း ဂျာနယ်ဖတ်နေရာမှ သူ့ကို တစ်ချက်မော့ကြည့်တာနှင့် ကြုံသည်။ အသိအမှတ်ပြုသလို ခေါင်းတစ်ချက် ဆတ်ပြတာကိုပဲ သူက ကျေးဇူးတင်ရဦးမည့်ပုံ၊ သူက စိတ်ထဲမှ ဆလံသ,မိကာ ပြန်လှည့်လာခဲ့သည်။ ခဏနေတော့ သူ့ဘော်ဒါတွေ ရောက်ရှိလို့ လာလေသည်။ ခုတလောမှာ သူ့ဘော်ဒါတွေနဲ့လည်း မတွေ့ဖြစ်တာ ကြာပြီမို့ ဒီနေ့တော့ အေးအေးဆေးဆေးတွေ့ဖို့ စီစဉ်ထားကြတာဖြစ်သည်။

"စားမယ် ဝါးမယ် ငါ့ကောင်ကြီးရေ။ အဆင်သင့်ပဲလား ဟေ့"

အဲဒီစကားကို အော်ပြီး ဝင်လာသူက ဘိုဘိုပင်။ လက်ထဲမှာလည်း မြန်မာဘီယာသံဘူးတွေကို အိတ်ထဲထည့်ပြီး ဆွဲလာသေးသည်။ လင်းထွန်းကတော့ သူ့အတွက် ဝယ်လာဟန်တူသော ရုပ်ရှင်ကား DVD အခွေများကို မြှောက်ပြသည်။

"အေး ... ခုလေးတင်ပဲ ကြာဆံကြော်လို့ ပြီးသွားတာကွ။ ကြက်ကြော်က စားခါနီးမှ ပူပူနွေးနွေး ကြော်မလို့၊ မင်းတို့ စားတော့မလား"

www.burmeseclassic.com



"မဆာသေးပါဘူး၊ အေးဆေးပေါ့။ ဒီမှာ ငါ ဘီယာတွေ ဝယ်လာတယ်။ ရေခဲသေတ္တာထဲ ထည့်လိုက်မယ်။ မင်း ကားလေးက ဘယ်ဆိုးလို့လဲကွ။ မိုက်သားပဲ။ နောက်ဆို ငါတို့ ညနေဘက်တွေ ဘာတွေ အပြင်ကိုလျှောက်လိမ့်လို့ ရပြီပေါ့ ... ဟား ဟား"

ဘိုဘိုက နောက်ထဲသို့ ဝင်သွားရင်း၊ ဘီယာဘူးတွေကို ရေခဲသေတ္တာထဲသို့ စီထည့်ရင်းမှ ပြောတာဖြစ်သည်။ လင်းထွင့်ကတော့ သူ့ TV နှင့် DVD စက်ကို ဖွင့်နေသည်။ ပါးစပ်ကလည်း ဘာဖွင့်တယ်ဆိုတာ ပြောသေးသည်။

"လေဒီဂါဂါရဲ့ အခွေသစ်ကွ။ Born this way လေ။ မင်း မကြည့်ရသေးဘူးထင်လို့ ငါ ဝယ်လာတာ။ မစ္စတာဘင်း(န်)ရဲ့ဟာသကားသစ်လည်း ပါတယ်။ John English လေ"

သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုးစီ လုပ်နေကြတာကို သူက ဘာမှမပြောဘဲ အသာငြိမ်ကြည့်ကာ ပြုံးနေမိသည်။

ခဏနေတော့ လေဒီဂါဂါရဲ့ Born this way သီချင်း MTV က စ,လာသည်။ ပြကွက်တွေက အဆန်းတွေမို့ သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ တဟ,ဟနှင့် ထအော်ရသည်။





သူ့ပုံစံကိုကြည့်ကာ လင်းထွင့်နှင့် ဘိုဘိုက တဟားဟားရယ်ကြသည်။

"ဟ ... ဟ ...။ ဘာကြီးတွေလဲကွ။ မင်းတို့ဟာတွေက ငါတို့လို လူပျိုနုနုထွတ်ထွတ်လေးတွေကြည့်ဖို့ မသင့်တော်ဘူးနဲ့တူတယ် ...

ဟား ... ဒီမိန်းမကတော့ လုပ်ချလိုက်ပြန်ပြီ။ ကိုးရိုးကားရားတွေပါလား"

"ကြည့်စမ်းပါ။ ဒါမျိုးက ကြည့်ရခဲတယ်။ ဟီး ဟီး ... မိခင်တွေကို ဂုဏ်ပြုထားတဲ့ ရိုက်ချက်အသစ်ပါ။ ရှသောင်းတစ်ခုတည်းကနေ မကြည့်နဲ့လေကွာ"

"ဟင်း ... စိတ်ပျက်စရာကြီး။ အဲဒီမိန်းမကလည်း ထွင်ကို ထွင်ပါတယ်"

သူက ခေါင်းတယမ်းယမ်းနှင့် ပြောနေစဉ်မှာပဲ စားပွဲပေါ်ကဖုန်းက ထမြည်လာသည်။ ဒါတောင် သီချင်းသံနဲ့မို့ ရုတ်တရက် မကြားရ။ နောက်မှ ကြားပြီး ကြည့်လိုက်လျှင် သူနဲ့သိသော်လည်း သူ့ဆီ တစ်ခါမှ မဆက်ဖူးသော အတွင်းရေးမှူး ဆင်းဆီက ဖြစ်နေတာကို တွေ့လိုက်ရသည်။ တနင်္ဂနွေနေ့ကြီး ဘာများအရေးပေါ်လို့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူက သီချင်းကို ကမန်းကတန်းတိုးကာ ဖုန်းကို ဖွင့်ကိုင်လိုက်သည်။

"ဟယ်လို ... အတွင်းရေးမှူးဆင်း"

"အင်း ... ကိုထိုက်ရည် ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဘာကိစ္စပေါ်လို့လဲဟင်"

သူ့အသံက အလန့်တကြားမို့ စိခနဲ တိုးတိုးရယ်တာကိုလည်း ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။ ပြီးတော့မှ ရယ်သံစွက်စွက်ဖြင့် အတွင်းရေးမှူးဆင်းထံမှ စကားသံ ထွက်ပေါ်လာသည်။

"ကိစ္စကတော့ ပေါ်တယ်။ ဒါပေမဲ့ အရမ်းလည်း လန့်မသွားပါနဲ့။ ဟိုဟာလေ ထိုက်ရည်ဆီမှာ သီလဝါဆိပ်ကမ်းဘက်က မြေကွက်တွေရဲ့ ပုံစံဖိုင်တွေရှိတယ် မဟုတ်လား"

"ဪ ... ရှိတယ်လေ။ လိုလို့လား"

"ဟုတ်တယ်။ သူငယ်ချင်း အာကီတက်တစ်ယောက်နဲ့ တွေ့ဖို့ရှိတာလေ။ အဲဒါ အန်ကယ်က သူ့ကို ပြထားကြည့်ဆိုတာနဲ့။ အခု သူ့ကိုပေးချင်လို့ ခဏနေ သူနဲ့တွေ့စရာရှိတာနဲ့ တစ်ခါတည်း ပေးလိုက်ချင်တာ"

"ဪ ... အဲဒါဆို ကျွန်တော် ဘယ်ကိုလာပို့ပေးရမလဲ"





"ရတယ်။ လာမပို့ပါနဲ့။ ကျွန်မ အခု အပြင်သွားမှာဆိုတော့ ထွက်လက်စနဲ့ တစ်ခါတည်းပဲ ထိုက်ရည်ရဲ့အိမ်ကို ဝင်ယူလိုက်မယ်။ ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်။ ဝင်လာယူလေ၊ ကျွန်တော့်အိမ်လိပ်စာသိရဲ့လား"

သူမက သူ့အလုပ်လျှောက်လွှာထဲမှာ ထည့်ဖြည့်ဖူးသော အိမ်လိပ်စာကို ရွတ်ပြသည်။ သူက ခေါင်းတစ်ချက်ဆတ်ရင်း ...

"ဟုတ်တယ် ... ဒါပေမဲ့ ရတ်တရက် ရှာရခက်နေရင် နေ့တိုင်းအသစ် လက်ဖက်ရည်ဆိုင်ကို ရှာလိုက်ပါ။ အဲဒီ လက်ဖက်ရည်ဆိုင်ဘေးကလမ်းက တတိုင်းမွေးလမ်းပဲ။ ကျွန်တော့်အိမ်ရှိတဲ့လမ်းပေါ့။ လမ်းသွယ်တွေကများတော့ ရှာရတာ ခက်နေမှာစိုးလို့ပါ"

"ဟုတ် ... ဒီလောက်ဆို လွယ်သွားပါပြီ။ အိုခေ ... နာရီဝက်လောက်ကြာရင် ရောက်လာမယ်နော်"

အတွင်းရေးမှူးဆင်းက မြူးကြွသွက်လက်စွာ ပြောပြီးနောက် ဖုန်းချသွားသည်။ သူက ပခုံးတွန့်ပြီး စားပွဲပေါ်သို့ ဖုန်းကို ပြန်တင်လိုက်လျှင် ဘိုဘို့ထံမှမေးသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလာမှာလဲကွ"

"ငါတို့ရုံးက အတွင်းရေးမှူးပါကွာ"

"ဟုတ်လား ... ဟိုတစ်ခါ မင်းပြောတဲ့ အတွင်းရေးမှူးဆင်းဆိုတာလား"

"အေး ... ဟုတ်တယ်။ နာရီဝက်နေရင် ရောက်မယ်ပြောတယ်။ အဲဒါဆို ငါ ကြက်သားသွားကြော်လိုက်ဦးမယ်။ ဧည့်သည်ကို ကျွေးချင် ကျွေးရမှာ"

"ရလား ... ငါတို့ ဘာကူရဦးမလဲ"

"ရတယ်။ အားလုံး ပြင်ဆင်ပြီးသား။ အဆဝ်သင့် ကြော်ရုံပဲ။ မင်းတို့သာ အိမ်ရှေ့ကို တစ်ချက်လောက် ကြည့်ထားလိုက်"

သူက နောက်ထဲက မီးဖိုခန်းထဲသို့ ဝင်လာကာ ဟော့ပလိတ်ကိုဖွင့်လျက် ဂျုံနှံ့နယ်ထားသော ကြက်ပေါင်၊ ကြက်ရင်အုပ်နှင့် ကြက်တောင်ပံများကို ကြော်လိုက်သည်။ အားလုံးပြီးစီးသွားပြီး လက်ဆေးကာ အိမ်ရှေ့သို့ ပြန်ထွက်လာပြီး ခဏအကြာမှာပဲ သူ့အိမ်ရှေ့သို့ အတွင်းရေးမှူးဆင်း၏ ကားတစ်စီးက ထိုးဆိုက်လို့လာသည်။ သူက အိမ်အပေါက်ဝသို့ ထပ်ပြီးကြည့်လိုက်





ကျွင် ကားပေါ်က ဆင်းလာသော အတွင်းရေးမှူးဆင်းကို တွေ့လိုက်ရသည်။ ခါတိုင်း ရုံးမှာတွေ့နေကျ Formal ပုံစံမဟုတ်ဘဲ လက်ပြတ်အင်္ကျီရှည်ကို Stocking နှင့် ဖက်ရှင်ကျကျစွာ တွဲဖက်ဝတ်ဆင်ထားပြီး ခပ်လန်းလန်း ဖြစ်နေသည်။

သူက အိမ်ပေါက်ဝမှ ထွက်ပြီးကြိုလိုက်လျှင် အတွင်းရေးမှူးဆင်းက လက်ပြပြီးနောက် အိမ်ထဲသို့ ဝင်လာသည်။

"လာပါ ... အတွင်းရေးမှူးဆင်း။ အိမ်ပေါ်မှာ ကျွန်တော့်သူငယ်ချင်းနှစ်ယောက် ရှိနေတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ပါနဲ့၊ သူတို့ကလည်း ကျွန်တော့်လိုပါပဲ။ အနှေခက်သွားမှာစိုးလို့ ကြိုပြောထားတာပါ။ လွတ်လွတ်လပ်လပ်သာနေပါ"

"သြော် ... ရပါတယ်"

သူမက တစ်ဖက်ခန်းသို့ပါ အကဲကတ်သလို ကြည့်ရှုပြီးနောက် သူတို့အိမ်ထဲသို့ ရောက်လာသည်။ ဟိုကောင်နှစ်ကောင်ကလည်း မျက်နှာပိုးသတ်ကာ ဣန္ဒြေရရ ဖြစ်နေကြသည်။ သူမက ခုံတစ်ခုံမှာ ဝင်ထိုင်ပြီးပြီ ဆိုတော့မှ သူက ဟိုနှစ်ကောင်နှင့် မိတ်ဆက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... ဒါ ငါတို့ရုံးက အတွင်းရေးမှူးကြ ရွှေမှီအဆင်းလို့ ခေါ်တယ်။ ရုံးကလူတွေက ကိုရီးယားကား တွေထဲကလို နောက်ရင်း ပြောင်ရင်းနဲ့ တကယ်ခေါ်သွား ကြတာကတော့ အတွင်းရေးမှူးဆင်းတဲ့ပေါ့ကွာ"

သူမက ဘိုဘိုနှင့် လင်းထွဋ် နှစ်ယောက်လုံးကို ပြုံးပြသည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"အတွင်းရေးမှူးဆင်း ... ဒီဘက်က တစ်ယောက်က ဘိုဘို တဲ့။ သူက (xxx)ကုမ္ပဏီမှ Brand Manager လေ။ သူက လင်းထွဋ်တဲ့၊ (xxx)ဟိုတယ်မှာ လုပ်တယ်"

"သြော် ... ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

"အတွင်းရေးမှူးဆင်း ... ဒီမှာလေ သီလဝါမြေကွက်ဖိုင်။ စစ်ကြည့်လိုက်ပါဦး"

သူမက ခေါင်းညိတ်ကာ ဖိုင်ကိုလှန်လျက် ဟိုဟိုဒီဒီ ဖတ်ကြည့်ရှုသည်။ ပြီးတော့ပြန်ပိတ်ကာ လူ့ကိုပြုံးပြရင်း ပြည့်စုံ ပါတယ်ဟု ပြောသည်။

"ဟို ... ကျွန်တော့်အိမ်ကို ရောက်ခဲ့တော့ ကြုံကြိုက်တုန်း ကျွန်တော့်လက်ရာ ကြာဆံကြော်လေး စားသွားပါဦး။





တစ်ခုခုနဲ့ ညှော်ခံချင်ပေမယ့် ဟို ... ကျွန်တော့်လက်ရာ ဆိုတော့လေ"

သူမက အံ့ဩဟန်ဖြင့် မျက်ခုံးကိုပင့်သည်။ ဘိုဘိုက ဝင်၍ မီးမြှင့်ပေးလေသည်။

"ဟုတ်တယ် ... သူ့လက်ရာကို ကြုံတုန်း မြည်းစမ်းကြည့် သွားပါလား။ အရမ်းကောင်းတယ်။ ကျွန်တော်တို့ဆို ဒီ ကောင်ကြီးကို weekend တိုင်း နှိပ်စက်နေကြလေ"

"သြော် ... ဟုတ်လား။ ထိုက်ရည်က ဒါမျိုးတွေလည်း ရတယ်ပေါ့။ လုံးဝမထင်ရဘူးနော်၊ စားတော့ စားချင်ပါ တယ် ... ဒါပေမဲ့ ..."

အဲဒီစကား မဆုံးခင်မှာပဲ သူ့မျက်လုံးက အိမ်ရှေ့ အဝမှာ အရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် အကြည့်ရောက်သွား လျှင် ဆင်းဆင်းရဲ့စကားစ,ပါ ပြတ်သွားသည်။ တံခါးဝမှာ ရှိုင့် ကိုကိုင်ပြီး ရပ်နေသူက ချစ်ခြင်း။ သူက သြော်ခနဲ ဖြစ်သွားပြီး ထိုင်ရာမှ ထလိုက်ရသည်။

"ချစ်ခြင်း ... လာလေ"

သူမက ဝင်မလာဘဲ အပေါက်ဝမှာတင် ပေကပ်ပြီး ရပ်နေသဖြင့် သူကပဲ ထိုင်ရာမှ ထလိုက်ရသည်။ သူ့ရဲ့စကားသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆင်းဆင်းကပါ လည်ပြန်လှည့်ကြည့်လာသည်။ ချစ်ခြင်းက ချိုင့်ကို ကမ်းပေးနေသဖြင့် သူက လှမ်းယူရင်း မေးလိုက်သည်။

"စားပြီးသွားပြီလား။ စားလို့ ကောင်းရဲ့လား"

"ကောင်းပါတယ်။ ကျေးဇူးပဲ"

ထုံးစံအတိုင်း သူမက ခပ်ပြတ်ပြတ်ပြောကာ လှည့်ထွက်ဖို့ပြင်သည်။ အဲဒီအချိန်မှာပဲ အတွင်းရေးမှူးဆင်းထံမှ ခေါ်သံတစ်ခု ထွက်ပေါ်လာတာပဲဖြစ်သည်။

"ချစ်ခြင်း"

အဲဒီခေါ်သံကြောင့် လှည့်ထွက်ဟန်ပြင်နေသည့် ချစ်ခြင်း၏ ခြေထောက်များမှာ တုံ့ခနဲ ဖြစ်သွားပြီးနောက် လှည့်ကြည့်လာသည်။ ဆင်းဆင်းလည်း ထိုင်ရာမှထကာ သူတို့နှစ်ယောက်ရှိရာ အပေါက်ဝနားသို့ လျှောက်လာခဲ့ပြီဖြစ်သည်။ သူကတော့ ဘယ်လိုမှ ထင်မထားသည့် တစ်ယောက်နဲ့တစ်ယောက် သိနေကြသည့်အတွက် အံ့သြကာ အငေးသား ကြည့်နေမိသည်။

"နင် ဒီမှာနေ,နေတာလား ချစ်ခြင်း"

ဆင်းက ချစ်ခြင်းကို ပကာတိပြုံးနေသော မျက်နှာဖြင့် မေးသော်လည်း ချစ်ခြင်းက ပြန်ကြည့်သော မျက်လုံးတွေကတော့





မိမ်းကားအေးစက်နေသည်ဟု သူ ထင်သည်။ ရွယ်တူအမျိုးသမီးနှစ်ယောက်၏ တွေ့ဆုံပွဲကို သူတို့ သူငယ်ချင်းသုံးယောက်က ပွဲကြည့်ပရိသတ်အလား ကြည့်နေမိသည်။

"နင့်ကို ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ လုံးဝထင်မထားဘူး ချစ်ခြင်းရယ်။ ခုလို မမျှော်လင့်ဘဲတွေ့ရတာ ငါ တကယ် ဝမ်းသာတယ် ဆိုတာတော့ နင် ယုံပေးပါ။ နင် အဆင်ပြေတယ် မဟုတ်လား"

ဆင်းရဲ့စကားကို ချစ်ခြင်းက သူမရဲ့ပုံစံအတိုင်း သရော်မော်ကားပြုံးကာ ထီမထင်ရိုက်ပေါက် မျက်နှာထားဖြင့် ပြန်ကြည့်သည်။

"ငါ အဆင်ပြေဖို့ထက် နင်အဆင်ပြေဖို့က ပိုအရေးကြီးတယ် မဟုတ်လား။ နင်တို့သာ အဆင်ပြေအောင် နေကြပါ"

"ငါတို့က ဘာမှအဆင်မပြေစရာ အကြောင်းမရှိပါဘူး။ အားလုံးဟာ လူမှန်နေရာမှန်ပဲလေ ချစ်ခြင်း"

"အေးပေါ့ဟာ။ လူမှန် နေရာမှန်ဆိုတာ စကားပုံတစ်ခုအနေနဲ့ နင်ပြောရင် ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတဲ့ စကားပုံကိုလည်း မမေ့နဲ့ဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဟိုက်ခနဲ ပါးစပ်အဟောင်းသား ပွင့်သွားချိန်မှာပဲ ချစ်ခြင်းက လှည့်ထွက်သွားပြီဖြစ်သည်။ သူက မျက်နှာပူစွာဖြင့် အတွင်းရေးမှူးဆင်း၏မျက်နှာကို ကြည့်လိုက်လျှင် သူမက ဘာမှမဖြစ်သည့်အလား ခပ်မော့မော့ပုံစံနဲ့ပဲ သူ့ကို ဘယ့်နှယ်ရှိစဟူသော သဘောဖြင့် မေးတစ်ချက်တောင် ဆတ်ပြလိုက်သေးသည်။ ဟား ... ဘယ်လိုကလေးမတွေပါလိမ့်။ လိုက်လို့ကို မမီတော့ပါလား။

"ကဲ ... ထိုက်ရည်။ ရှင့် ကျွန်မကို ကြာဆံကြော်ကျွေးမယ်ဆို။ စားကြစို့လေ။ ရှင့်သူငယ်ချင်းတွေလည်း မစားရသေးဘူး မဟုတ်လား။ အားလုံး ပျော်ပျော်ပါးပါး စားကြတာပေါ့"

သူက ဘိုဘိုနှင့် လင်းထွဋ်ကို အမှတ်တမဲ့ လှမ်းကြည့်မိလျှင် ဟိုကောင်တွေကလည်း ပြုံးစိစိဖြင့် လုပ်လိုက်လေကြာသလားလို့ ဟူသော ပုံစံအပြည့် ရှိနေသည်။ ဒီတော့ တစ်ခဏအတွင်းမှာပဲ အိမ်ရှေ့က ထမင်းစားပွဲဝိုင်းတွင် ကြာဆံကြော်ပန်းကန်၊ ကြက်သားကြော်၊ အအေးဖန်ခွက်များနှင့် စားချင်စဖွယ် လှပစွာ ပြင်ဆင်ပြီးသွားသည်။ ဆင်းဆင်းက ခုံမှာဝင်ထိုင်လိုက်ရင်း ပြင်ဆင်ထားတာတွေကို ကြည့်ကာ ...





"ဝါး ... ကြာဆံကြော်က စားချင်စရာလေးပါလား။ ရွှေကောင်းက ကြာဆံကြော်အတိုင်းပဲ။ ကျွန်မက ကြာဆံကြော်အရမ်းကြိုက်တာ ...

ဪ ... ဒါနဲ့ ရှင်တို့တွေ ဒီနေ့ ဘီယာသောက်ဖို့ စီစဉ်ထားကြတယ် မဟုတ်လား"

သူတို့တွေသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ အတွင်းရေးမှူးဆင်းရဲ့မျက်နှာကို ကြည့်မိတော့ သူမက အေးဆေးစတိုင်လ်ဖြင့် ပန်းတွန့်ကာ ပြောသည်။

"အကြားအမြင်ရနေတယ်တော့ မထင်နဲ့နော်။ ဟောလီးအေးမှာ ယောက်ျားလေးတွေ စုပြီး စားကြ သောက်ကြမယ်ဆိုတော့ စားမှာကတော့ ကြာဆံကြော်၊ သောက်မှာကတော့ လီမွှော်ရည်ပဲ မဖြစ်နိုင်တော့ဘူးလေ ...

ကျွန်မရှိလို့ သောက်လို့ အဆင်မပြေတာမျိုး မဖြစ်စေချင်ပါဘူး။ သောက်ပါ။ ဘာမှမဖြစ်ဘူး ပျော်ပျော်ပါးပါးပေါ့"

"ဟာ ... အတွင်းရေးမှူးဆင်း။ ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



သူက အားတုံ့အားနာ ဖြစ်နေသော်လည်း လက်မြန်ခြေမြန်ရှိသော ဘိုဘိုကတော့ ဖျတ်ခနဲပဲ အပြေးအလွှားထကာ ရေခဲသေတ္တာထဲမှ ဘီယာဘူးတွေ ထုတ်ယူလာသည်။ အဲဒီနောက်မှာတော့ သူတို့လေးယောက်သား စိုပြည်စွာ ဝိုင်းဖြစ်သွားသည်။ တစ်ခဏအတွင်းမှာကို အတွင်းရေးမှူးဆင်းရဲ့ပုံစံက သူ့ကို ဖက်လှဲတကင်း ဖြစ်သွားသောကြောင့် သူက မျက်စိတောင် နည်းနည်းလည်ချင်သွားသည်။ သူနဲ့တင်မကဘဲ ဘိုဘိုနဲ့ လင်းထွဋ်နဲ့ပါ တဟဲဟဲတွေ ဖြစ်သွားတာမို့ ပေါင်းသင်းဆက်ဆံရေး ကောင်းသွားလားဟု သတ်မှတ်ရတော့မလိုပင်။

သူမက ကြာဆံကြော်ကို ပါးစပ်ထဲသို့ အပြည့်ထိုးသွင်းပြီးနောက် MRTV-4 မှ သွားမယ် စားမယ် အစီအစဉ် ကြော်ငြာသူအတိုင်း အော်သည်။

"ဝါး … တကယ်ကောင်းတဲ့ လက်ရာပါလား။ အစပိုင်းမှာတော့ ကြာဆံရဲ့ချိုဆိမ့်တဲ့အရာကို ခံစားပြီး နောက်ဆက်တွဲမှာ ကြက်သွန်ချဉ်လေးရဲ့ ချဉ်စပ်အရသာလေးကိုပါ ပူးတွဲခံစားလိုက်ရတော့ ဒီအရသာကြောင့် ဆွေမျိုးတွေတောင် မေ့ချင်သွားတယ်"





"အဲ … ဒါလောက်နဲ့တော့ မမေ့သေးပါနဲ့ဦး။ ကြာဆံကြော်ဆိုတာ ဒီကောင့်အတွက်တော့ အကင်းပဲ ရှိပါသေးတယ်။ ဂဏန်းချဉ်စပ်တို့ ဝက်စတူးတို့ မြန်မာကြက်သားနှပ်တို့ ကောင်းကောင်းရသေးတယ်"

သူမက လီမွှော်ရည်ကို တစ်ငုံမော့သောက်ရင်းမှ ဟုတ်လား ဟူသော သဘောမျိုးဖြင့် သူ့ကို ပြုံးကြည့်သည်။ သူကတော့ ချက်ချင်းပြောင်းလဲသွားသော အတွင်းရေးမှူးဆင်းရဲ့ ပုံစံကြောင့် ဘီယာတောင် ရဲရဲမသောက်နိုင်ဘဲ ကြာဆံကိုသာ တို့ကနန်း ဆိတ်ကနန်း စားနေမိသည်။ နောက်တော့ ဘာစကားမှ မပြောနိုင်သည့် အတူတူ စိတ်ထဲမှာ သိချင်နေတဲ့အရာကိုပဲ ထုတ်ဖော်မေးမိသွားသည်။

"အတွင်းရေးမှူးဆင်းနဲ့ ဟိုဘက်ခန်းက ချစ်ခြင်းပြည့်စုံနဲ့က သူငယ်ချင်းတွေလား"

"ကျွန်မဘက်ကတော့ သူငယ်ချင်းပါပဲ။ သူ့ဘက်ကတော့ သူငယ်ချင်းအဖြစ် သဘောမထားနိုင်ဘူးနဲ့တူတယ်"

အဲဒီစကားက ဘာကိုဆိုလိုမှန်း သူ နားမလည်ပါ။ သူနဲ့ လင်းထွဋ်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးနောက် ဘာဆက်ပြောရမှန်း မသိစဉ်မှာပဲ ဆင်းဆင်းထံမှ အသံထပ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်းကို ထိုက်ရည် ဘယ်လောက်သိလဲ"

"ဘာကိုပြောတာလဲ မသိဘူး အတွင်းရေးမှူးဆိုင်း"

"မဟုတ်ဘူးလေ ... ထိုက်ရည်နဲ့ အိမ်နီးနားချင်းဆိုတော့ သူနဲ့ပတ်သက်ပြီး ဘာတွေသိထားလဲလို့ မေးကြည့်တာပါ။ ဒါနဲ့ အိမ်ပုံစံက တစ်မျိုးပဲနော်၊ ခြံဝင်းတစ်ခုထဲမှာပဲ အိမ်က နှစ်ခန်းတွဲပုံစံ ဖြစ်နေတယ်"

သူက ချစ်ခြင်းရဲ့မျက်နှာကို ဖျတ်ခနဲ ပြေးမြင်သည်။ သူမရဲ့အကြောင်းကို စပ်စုတာ မကြိုက်တာ၊ တစ်လောကလုံး လူမထင်သည့် ဒီမိုင်း ပေါက်နေတာ၊ သူ ဘယ်လောက်ပဲ ခင်ခင်မင်မင်ကူညီပါစေ သူမဘက်က အသိအမှတ်မပြုချင်တာ၊ သူများအိမ်မှာ အိမ်ငှားလာနေပေမယ့် သူမရဲ့ပုံစံက အမြင့်တစ်နေရာက လူလို့ ထင်ရလောက်အောင် တောက်ပြောင်အရောင်ထွက်နေတာစသဖြင့် အဲဒါတွေကို ဆက်တိုက်တွေးမိသွားလျှင် ဆင်းဆင်းထဲမှ သူမအကြောင်းကို သိချင်လာသည်။

"အဲဒါက ဒီလိုပါ။ သူက ကျွန်တော့်အခန်းကို ငှားနေတာပါ။ သူ့အကြောင်းကိုတော့ ကျွန်တော် ဘာမှသိပ်မသိပါဘူး ..."



အင်း ... သူက ပတ်ဝန်းကျင်နဲ့လည်း သိပ်မရောဘူးဗျ။ အရင်တုန်းကရော ဒီလိုပဲလား"

"ဒီလိုပါပဲ။ ဒီအတိုင်းနဲ့ သိပ်ထူးမခြားနားပါပဲ"

"သူက အတွင်းရေးမှူးဆင်းနဲ့ သူငယ်ချင်းဆိုတော့ သူကပဲ ... ကြွယ်ကြွယ်ဝဝထဲကပဲ ထင်တယ်နော်"

"အင်း ... ရှင်ထင်တာ နီးစပ်ပါတယ်။ သူက သူ့အကြောင်းတွေ စပ်စုတာ မကြိုက်ဘူး မဟုတ်လား။ ဒါကြောင့် ကျွန်မလည်း သူ့အကြောင်းတွေ သိပ်မပြောပြချင်ဘူး။ သူ သိရင်လည်း ကြိုက်မှာ မဟုတ်ဘူးလေ"

သူက ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းသာညိတ်ပြလိုက်ရတော့သည်။ အဲဒီလိုနှင့် သူမအကြောင်း ဆက်မပြောဖြစ်ကြတော့ဘဲ တခြားအကြောင်းအရာတွေသာ ပြောရင်း သူတို့ရဲ့စားသောက်ပွဲလေးကတော့ စိုပြည်စည်ပင်ခဲ့သည်ပင်။ ထင်မထားမှာပဲ အတွင်းရေးမှူးဆင်းနှင့် သူ့သူငယ်ချင်းနှစ်ယောက်ကလည်း ပုလဲပန်းသင့်ကာ မိတ်ဆွေသူငယ်ချင်းတွေလိုကို ဖြစ်သွားသည်။

လေးယောက်သား စိုစိုပြည်ပြည် ဝိုင်းဖွဲ့စားသောက်နေကြပေမယ့် သူ့စိတ်ထဲတွင် နံရံတစ်ချပ်သာခြားသော ချစ်ခြင်းကို ဘာကြောင့်သတိရနေလဲဆိုတာ မစဉ်းစားတတ်တော့ပေ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးဆင်းက တစ်ခုခုပြောလိုက်လို့ ဟိုနှစ်ကောင်က ဝါးခနဲ ထ,ရယ်လိုက်လျှင် ဘာမှမဆိုင်ဘဲ သူက ကြားထဲကနေ၍ မျက်နှာပူရသည်။ နေရင်းထိုင်ရင်း ချစ်ခြင်းကို မျက်နှာပူလာတယ်၊ အားနာသလို ခံစားရတဲ့ ဗီလင်ကတော့ သူ့ကိုယ်သူ နားမလည်ခဲ့ပါ။

အတွင်းရေးမှူးဆင်း ပြန်သွားတော့မှပင် သက်ပြင်းချနိုင်ခဲ့သည်။

* ○ *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



## ၁၇

လမ်းထိပ်မှာရပ်ထားသော ဖြိုင်ကားအနီရောင်ကို မြင်လိုက်တာနှင့် ချစ်ခြင်းက စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။ မနေ့ကလည်း ဒီကားကို တွေ့ခဲ့ရပြီးပြီ။ အခုလည်း ရောက်လာပြန်ပြီ။ တစ်ခါတစ်ရံတော့လည်း ဒါမျိုးအဖြစ်အပျက်တွေဆိုတာ ကာယကံရှင်က ကြည်ဖြူကျေနပ်ရင်တော့ Romantic ဖြစ်သလောက် ကာယကံရှင် မကြိုက်လျှင် တော်တော်စိတ်ပျက်စရာကောင်းသော ကိစ္စများပဲ ဖြစ်တော့သည်။

"အိုခေနော် ချစ်ခြင်း၊ ဖြည်းဖြည်းသွားပါ"

"ဟုတ် ... ကိုမောင်မောင်၊ ကျေးဇူးပဲ"

လမ်းထိပ်မှာ ကားရပ်ပေးပြီး နှုတ်ဆက်စကားဆိုသော ကားဒရိုင်ဘာ ကိုမောင်မောင်ကို ချစ်ခြင်းက ပြန်လည်နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးနောက် လမ်းထဲသို့ လျှောက်ဝင်လာခဲ့သည်။ ချစ်ခြင်းရဲ့ အလုပ်က အသွားအပြန် ဖယ်ရီရှိတယ် ဆိုသော်ငြား မိုးသဲသဲမဲမဲ ရွာသော အချိန်များမှအပ အိမ်ရှေ့ထိ လိုက်ပို့တယ်ဆိုတာ မရှိချေ။ လမ်းထိပ်မှာပဲ ရပ်ပေးတာမို့ လမ်းထဲသို့ ငါးမိနစ်ကျော် လောက်တော့ လျှောက်ဝင်ရသည်။

အခုလည်း နေ့တိုင်းလိုက်ကြည့်ထားသော ပြိုင်ကားနှင့် သကောင့်သားဟာ ဒီအကြောင်းကို သိထားစွာနှင့် လမ်းထိပ်မှာ ကြိုတင်ရောက်ရှိလို့ နေခဲ့ပြီ။

တောက် ... စိတ်ပျက်စရာ ကောင်းလိုက်တာများ ကွာ။ ချစ်ခြင်းက ရိုးရိုးနေတာတောင် မျက်နှာက အမြဲတည်တဲ့သူ ဖြစ်နေလေရာ စိတ်မကြည်တဲ့ အခါများစွာမှာတော့ မျက်နှာက တင်းမာစူပုပ်ပြီးသာ နေတော့သည်။ ဂစ်တာကိုလွယ်ပြီး ခပ်သွက် သွက်လျှောက်နေသော ချစ်ခြင်းရဲ့နံဘေးသို့ ထင်ထားတဲ့အတိုင်း အရိပ်တစ်ခုက ကပ်ပါလို့လာသည်။

"ချစ်ခြင်းပြည့်စုံ ... စကားနည်းနည်းလောက် ပြောချင်လို့ပါ"

ချစ်ခြင်းက လှည့်မကြည့်ဘဲ ခြေလှမ်းကိုသာ ဖိလျှောက်မိသည်။ ဘေးကလူက အနားသို့ ပိုမိုတိုးကပ်လာကာ ...





"ခြေလှမ်းကို အဲဒီလောက် အကျဲကြီး မလျှောက်နဲ့လေ။ ကိုယ် မင်းနဲ့ မိတ်ဆွေဖြစ်ချင်တာပါ ... အဲဒါ"

သူ့စကားတောင် မဆုံးသေးချေ။ ချစ်ခြင်းက ဖျတ်ခနဲ လှည့်ကြည့်မိလျှင် ဘယ်တုန်းကမှ သေချာစိက်မကြည့်ဖူးခဲ့သော မျက်နှာတစ်ခုကို လမ်းမီးတိုင်အလင်းရောင်နှင့် မြင်လိုက်ရသည်။ ဆံပင်ထောင်ထောင်၊ နားကပ်တစ်ဖက်နှင့် ခပ်ရဲရဲရှိသော မျက်လုံးများကြောင့် စိတ်ထဲမှာ တော်တော်ကြီးကို ချဉ်သွားရသည်။

"ရှင် ဆက်လိုက်မလာရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ ချစ်ခြင်းပြည့်စုံရဲ့။ ကိုယ်က မင်းကို တကယ်စိတ်ဝင်စားတာပါ။ ကိုယ့်ကို အဲဒီလောက် ခါးခါးသီးသီးကြီးတွေ လုပ်ပြမနေပါနဲ့လား ...

မင်း ဖြစ်စေချင်တဲ့ပုံစံကို အေးအေးဆေးဆေး ပြောလို့ရပါတယ်"

အဲဒီစကားကြောင့် ချစ်ခြင်းက ပို၍စက်ဆုပ်သွားရသည်။ ဖြစ်နိုင်လျှင် မျက်နှာကို တံတွေးနှင့် ထွေးပစ်ချင်သည်။

"ဒီမှာ ... ရှင် ကျွန်မကို ဘယ်လိုမိန်းမစားမျိုးများ မှတ်နေလဲ။ ကျွန်မ ရှင်တွေ့ဖူးတဲ့ အတန်းအစားမျိုးထဲက မဟုတ်ဘူး။ ကော်ဖီဆိုင်မှာ သီချင်းဆိုတယ် ဆိုပေမယ့် ဒီဆိုင်တစ်ဆိုင်လုံး သန့်သန့်ရှင်းရှင်းတွေချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီနေရာကနေပဲ ရှင် လှည့်ပြန်လိုက်တော့"

သို့သော် ပြောကာမှပင် အဲဒီလူက ပိုဆိုးလာသည်။ ဆက်ထွက်သွားသော ချစ်ခြင်းရဲ့ရှေ့က ပိတ်ရပ်ကာ လူကိုအထာပေးတဲ့ပုံစံဖြင့် ကြည့်လျက် ...

"မင်းကို ကိုယ် ကြွေတာ အဲဒါတွေပဲ ချစ်ခြင်းပြည့်စုံ။ မင်းကတော့ သိမယ်မထင်ဘူး။ ကိုယ့်ကို စိတ်ပျက်သွားအောင် ဂရုမစိုက်ပါဘူးအချိုး, ချိုးထားတဲ့ မင်းရဲ့ပုံစံကလည်း မင်းကို စိတ်ဝင်စားအောင် လုပ်နေတာ ...

မင်းကို စိတ်မဝင်စားအောင်လုပ်လေ ကိုယ်က မင်းကို စိတ်ဝင်စားလေ မင်းအကြံအစည်တွေ မအောင်မြင်ပါဘူး"

အဆုံးသတ်စကားကိုပြောပြီး ခနဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သော ငနဲသားကို လက်သီးနဲ့ ဆွဲထိုးချင်စိတ်အား အတော်ပင် ထိန်းချုပ်ထားရသည်။ ညကြီးအချိန် ဖြစ်နေတာရယ်၊ ကိုယ်ကစပြီး ကိုယ်ထိလက်ရောက် ကျူးလွန်မိသလို ဖြစ်မှာကြောင့်သာ စိတ်ထိန်းထားရတာဖြစ်ပြီး စိတ်ရှိတိုင်းသာ လုပ်ကြေးဆိုလို့ကတော့ သင်းကို အရေခွံတောင် ဆွဲဆုတ်ပစ်သေးသည်။





ချစ်ခြင်းက သဲကောင့်သားကို စူးစူးဝါးဝါး တစ်ချက်ကြည့်ပြီးနောက် ရှောင်ကွင်းကာ ဖျတ်ခနဲအထွက်၊ အတင့်ရဲသော အဲဒီတစ်ယောက်က ချစ်ခြင်းရဲ့ရှေ့မှာ ထပ်ပြီးပိတ်ရပ်လိုက်လျှင် ဒီတစ်ခါတော့ စိတ်မထိန်းနိုင်တော့သော ချစ်ခြင်းသည် အဲဒီတစ်ယောက်ကို ဆောင့်တွန်းပစ်လိုက်သည်။ အဲဒီလိုလုပ်မယ်လို့ ထင်ထားတာကြောင့် အဲဒီတစ်ယောက်မှာ နောက်သို့ပက်လက်လန်ကျသွားသည်။ အဲဒီအချိန်မှာပဲ ဘယ်နားက စောင့်ကြည့်နေမှန်းမသိသော သင်းရဲ့အပေါင်းအဖော်နှစ်ယောက်က အပြေးအလွှားရောက်ရှိလာကာ ထိုသူကလည်း လဲနေရာမှ ထရပ်ပြီး ထွက်သွားသော ချစ်ခြင်းရဲ့လက်တစ်ဖက်ကို ဆောင့်ဆွဲထားလိုက်တာဖြစ်သည်။

"ဟင် ... ရှင် ... ဒါ ဘာလုပ်တာလဲ၊ တောက် ... မိုက်ရိုင်းလှချည်လား"

"မင်းကစပြီး ကိုယ့်အသားကို ထိတာလေ မိန်းကလေးရဲ့။ တော့ ဆိုတဲ့ကောင်ကို ဘယ်မိန်းမကမှ ဒီလိုမလုပ်ဖူးဘူး"

"ဟား ... နင်တော့ သေတော့မယ်"

"ချစ်ခြင်း"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရဲ့ဒေါသတကြီး ပေါက်ကွဲသောအသံထက်ကို ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာသော အသံတစ်ခုကြောင့် အားလုံးက အသံလာရာဘက်သို့ လှည့်ကြည့်မိကြသည်။ ချစ်ခြင်းတို့ကို ဒေါသထွက်သော မျက်နှာဖြင့် ကြည့်နေသော၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် ထိုက်ရည်။

"ဘယ်လိုဖြစ်ရတာလဲ ... သွား ... သွား ... ချစ်ခြင်း။ သွားတော့"

သူက အနားသို့ ရောက်လာပြီး ခပ်ဆတ်ဆတ်ဆိုလိုက်သလို ကြောင်ကြည့်နေသော ဟဲ့ကောင့်ရဲ့လက်ထဲကလည်း ချစ်ခြင်းက အလွယ်တကူ ဆောင့်ပြီးရုန်းထွက်လိုက်သည်။ ဒါပေမဲ့ ထွက်သွားလို့တော့ မရသေးချေ။ လူရမ်းကားက ထိုက်ရည်ရဲ့ အင်္ကျီကော်လာစကို ရုတ်တရက် ဖမ်းဆောင့်ဆွဲလိုက်ပြီး သူ့မျက်နှာနှင့် နီးကပ်စွာ အော်ဟစ်မေးမြန်းလိုက်သောကြောင့်ဖြစ်သည်။

"ဟေ့ကောင် ... မင်း ဘာကောင်လဲ။ ဟင် ? ဒါ ဘာလုပ်တာလဲ"

သူက လူရမ်းကားရဲ့လက်ကို တွန်းဖြုတ်ပစ်ကာ ခါးထောက်ပြီး ပြန်လည်ပြောဆိုသည်။





"မင်း မြင်တဲ့အတိုင်းပဲ။ မင်း ယောကျ်ားတစ်ယောက်လုပ်နေပြီး ဒီလို ညကြီးမှာ အလုပ်ကပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုပဲ ရမ်းကားနှောင့်ယှက်ရသလားကွ။ လုံးဝမဖြစ်သင့်တဲ့ ကိစ္စမို့ ဝင်ပြောတာ ...

ပြီးတော့ သူက ငါ့ရဲ့အိမ်နီးချင်း မိန်းကလေး။ အမြင်မတော်တာကို ဝင်ပြီးကူညီစောင့်ရှောက်ရမယ့် ဝတ္တရား ငါ့ဆီမှာ ရှိတယ်"

"အေး ... ဒါဆိုလည်း တာဝန်သိ ပြည်သူကြီးကို ချီးမြှင့်ရမယ့်ဝတ္တရား ရှိတာပေါ့ကွာ"

ပြောပြောဆိုဆို လူရမ်းကားက ထိုက်ရည်ရဲ့မျက်နှာဆီသို့ လက်သီးတစ်လုံးကို ရုတ်တရက် ပစ်သွင်းလိုက်တာဖြစ်သည်။ ရုတ်တရက်မို့ ထိုက်ရည်မှာ ဘယ်လိုမှ ရှောင်ချိန်မရှိဘဲ အငိုက်မိပြီး ခံလိုက်ရသည်။ လက်သီးအားက ပြင်းလွန်းသောကြောင့်လားမသိ။ ထိုက်ရည်မှာ နောက်သို့ ဖင်ထိုင်လျက် ပစ်လဲကျသွားသည်။

အဲဒီလုပ်ရပ်ကြောင့် ချစ်ခြင်းရဲ့ရင်ထဲမှာ ဒေါသမီးတောင်က ဝုန်းခနဲ ထပေါက်သွားသည်။ ဘယ်လိုမှကို သတိမကပ်နိုင်တော့ဘဲ ပခုံးမှာလွယ်ထားသော ဂစ်တာအိတ်ကြီးနှင့် လူရမ်းကားကို လွှဲရိုက်မိတော့သည်။ အဲဒီအချိန်မှာပဲ လူရမ်းကားရဲ့အဖော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က ထိုက်ရည်ကို ထပ်ပြီးတိုက်ခိုက်သည်။ တိုက်ခိုက်တာမှ လူရမ်းကား စိတ်တိုင်းကျ လက်သီးထိုးပေးလို့ရအောင်ကို နောက်ကနေ၍ ချုပ်ပေးထားတာဖြစ်သည်။ အဲဒီမြင်ကွင်းကို ချစ်ခြင်းက အသည်းနိုက်အောင် နာကျင်သွားသည်။ လူလူချင်း အဲဒီလို မတရားလုပ်တာကို အမုန်းဆုံးဖြစ်သော ချစ်ခြင်းသည် ကိုယ့်အတွက်နဲ့ အဲဒီလို ခံနေရသောအခါ ပိုပြီးစိတ်ထိခိုက်မိတော့သည်။ ဒါကြောင့် ပတ်ဝန်းကျင်ကို အကူအညီ တောင်းရသည်။ ဖြစ်ချင်တော့ အိမ်တစ်အိမ်ရှေ့သို့ ကားတစ်စီးက ထိုးဆိုက်လာပြီး ကားပေါ်ကလူတွေက ဆင်းလာကြတာ မြင်သည်။

"လာပါဦး ... လာကြပါဦး။ ဒီမှာ မတရားရန်စ,ပြီး ရန်ဖြစ်နေတာပါ။ ကူညီပါဦး"

လူသုံး,လေးယောက်က ချစ်ခြင်းရဲ့အော်သံကြောင့် ပြေးလာကြသည်။ အဲဒီကျတော့မှ ထိုက်ရည်ကို အနိုင်ကျင့်နေကြသော လူရမ်းကားများမှာ ထွက်ပြေးသွားကြတာဖြစ်သည်။ မျက်နှာမှာ ဒဏ်ရာရလျက်၊ နှုတ်ခမ်းပေါက်ကာ သွေးတွေထွက်နေသော ထိုက်ရည်ကို ကြည့်လျက် ချစ်ခြင်းမှာ ဆို့နင့်လာသည်။ အကူအညီ တောင်းသံကြောင့် ပြေးလွှားလာကြသော လူတွေကလည်း ချစ်ခြင်းတို့နှစ်ယောက်ကို ကြည့်ကာ မေးမြန်းကြသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"





"ဟိုဒင်း ... ဟိုလူတွေပါ၊ ကျွန်မကို လိုက်နှောင့်ယှက်တာ၊ အဲဒါ သူက မနှောင့်ယှက်ဖို့ ပြောတာ၊ သူ့ကိုပြောရကောင်းလားဆိုပြီး အနိုင်ကျင့်တာ ...

အခု ဒီကလူတွေ ပြေးလာတော့မှ ထွက်ပြေးသွားကြတာ။ ရ ... ရပါပြီ၊ ဟို ... ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်"

ထိုလူတွေက ချစ်ခြင်းနဲ့ ထိုက်ရည်ကို တစ်လှည့်စီကြည့်ပြီးနောက် ဘယ်လိုအဓိပ္ပာယ်ပေါက်သွားသလဲတော့ မသိချေ။ ပြီးရောလေ ... ဒါဆိုလည်း သွားတော့မယ်ဟု ဆိုကာ လှည့်ထွက်သွားကြသည်။ တအင်းအင်း တကျွတ်ကျွတ်နှင့် ညည်းညူနေသော ထိုက်ရည်ကို ချစ်ခြင်းက ထိရတော့မလို ကိုင်ရတော့မလိုဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ရှင် ... ရှင် ... သက်သာရဲ့လား၊ ပြ ... ပြပါဦး၊ တော်တော်များ များသွားလားဟင်"

သူက မျက်နှာမော့လာသည်။ မျက်ခုံးနားမှာ နည်းနည်းကွဲပြီး သွေးထွက်နေကာ ချက်ချင်းပဲ ယောင်လာသည်။ နှုတ်ခမ်းနားမှာလည်း သွေးတွေက စို့နေသည်။ မြင်ရတာနဲ့ကို ချစ်ခြင်းရဲ့ရင်ထဲမှာ ဆို့နင့်သွားလေသည်။ အသည်းမာလွန်းသည်



www.burmeseclassic.com

ဟု သတ်မှတ်ထားသော မိန်းမတစ်ယောက်သည် ချက်ချင်းပဲ မျက်ရည်တွေ လည်လာပြီး ရင်ဘတ်အောင့်လာတာ ဘာကြောင့် ပါလိမ့်။

"အား ... ကျွတ် ... ကျွတ်။ ရပါတယ် ... ဒီကောင်တွေ ဗျာ တော်တော်ဆိုးတာပဲ"

"အို ... တော်စမ်းပါ။ သူတို့အကြောင်းကို စကားထဲထည့် ပြောမနေစမ်းပါနဲ့။ လာ ... လာ ... ရှင့်ဒဏ်ရာတွေကို အိမ်ပြန်ပြီး ဆေးထည့်မှဖြစ်မယ်။ ကြာရင် Infection ဝင် သွားလိမ့်မယ်"

သူက ချစ်ခြင်းကို တစ်ချက်ကြည့်ကာ ဘာမှမပြော တော့ဘဲ ခေါင်းညိတ်ပြသည်။ အိမ်ရောက်သောအခါ သူ့အခန်း ဘက်သို့ မသွားစေဘဲ ချစ်ခြင်းတို့ရဲ့အခန်းရှိရာပဲ ခေါ်လာခဲ့သည်။ အမိုးကြီးက အံ့သြတကြီးကြည့်ကာ ရင်ဘတ်ဖိနေသည်။ ချစ်ခြင်း က အကျိုးအကြောင်းကို အတိုချုံး ရှင်းပြပြီးနောက် သူ့ဒဏ်ရာ တွေကို ဆေးကြောသုတ်သင်ကာ ဆေးထည့်ဖို့ ပြင်သည်။ အမိုး ကြီးရဲ့လက်ကလည်း မကောင်းသေးသဖြင့် ချစ်ခြင်းပဲ ဟိုဟာပြေး ယူ၊ ဒါပြေးယူ ဗျာများနေတာကို ထိုက်ရည်နှင့် အမိုးကြီးက အံ့သြသလို ကြည့်နေကြသည်။





ချစ်ခြင်းက ပထမဦးစွာ သူ့ဒဏ်ရာတွေကို ရေနွေး နွေးဖြင့် ဆေးကြောသည်။ မျက်ခုံးနားက ကွဲနေသောဒဏ်ရာက နည်းနည်းနက်သည်ဟု ထင်ရသဖြင့် ချစ်ခြင်းက ဒဏ်ရာကို ဝါဂွမ်းဖြင့် ဆေးကြောရင်းမှ သေချာမျက်မှောင်ကြုတ်ကြည့်ကာ ...

"မျက်ခုံးကကွဲသွားတဲ့ဒဏ်ရာက နည်းနည်းနက်သလိုပဲ။ ကျွန်မစိတ်ထင် ချွန်တဲ့တစ်ခုခုနဲ့ ထိုးမိသလိုပဲ။ ချုပ်မှရမယ် နဲ့ တူတယ်"

"အင်း ... ဟုတ်တယ်။ အဲဒီကောင်လက်မှာ လက်စွပ်ကြီး ကြီး ဝတ်ထားတာ အဲဒါနဲ့ပဲ ထိုးမိတာ ဖြစ်နိုင်တယ်"

"တောက် ... မိုက်ရိုင်းလိုက်ကြတာ၊ တော်တော်လူမဆန် တဲ့ကောင်တွေ။ ဒါနဲ့ နေပါဦး။ ရှင်က ဘယ်ကနေရောက် လာတာလဲ"

"ကျွန်တော်က သူငယ်ချင်းအိမ်က ခဏပြန်လာတာပါ။ ရှေ့မှာ ကွိုင်တက်နေမှန်းတော့ သိတယ်။ ဒါပေမဲ့ ချစ်ခြင်း မှန်း မသိဘူး။ ဂစ်တာလွယ်ထားတာ မြင်တော့မှ ချစ်ခြင်း လို့ သိလိုက်တာ"

"ကဲ ... ကဲ ... ဒါဆိုရင် ဆေးခန်းသွားရအောင်၊ ကြာရင် မကောင်းဘူး"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟို … ရပါတယ်၊ ကျွန်တော့်ဘာသာပဲ သွားလိုက်ပါ့မယ်၊ ခင်ဗျား လိုက်ပို့တာ အားနာလို့ပါ"

"ဘာမှ အားနာစရာ မလိုဘူး။ အခုကိစ္စက ကျွန်မကို ဝင်ကူညီရင်း ရှင်က ကြားထဲက ခံရတာ …

ရှင် ကားမောင်းနိုင်ရဲ့လား"

"အင်း … မောင်းနိုင်ပါတယ်။ သွားတာပေါ့"

ချစ်ခြင်းက အမိုးကြီးကို ခွင့်တောင်းသလို တစ်ချက်ကြည့်ကာ သူနဲ့အတူ ဆေးခန်းသွားရန် ထလာခဲ့သည်။ သူ ကားမမောင်းနိုင်ရင်တော့ ချစ်ခြင်း ကိုယ်တိုင် ကားမောင်းပေးဦးမလို့ပင်။ သို့သော် သူကလည်း မောင်းနိုင်နေသောအခါ မောင်းမပေးတော့ဘဲ ဘေးကသာ အဖော်လိုက်ပေးဖြစ်သည်။ ဆေးခန်းရောက်တော့လည်း ချစ်ခြင်း ထင်သလိုပင်။ သူ့ဒဏ်ရာကို ဆရာဝန်က နှစ်ချက် ချုပ်ပေးသည်။ နောက် အနာသက်သာစေရန်အတွက် ဆေးတစ်လုံး ထိုးပေးသည်။

အားလုံးပြီးသောအခါ ဆေးခန်းမှ အထွက်တွင် ကောင်တာမှာ ငွေရှင်းသောအခါ ချစ်ခြင်းကပဲ ဖွတ်ရှင်းသဖြင့် သူက အသည်းအသန် တားသည်။ သို့သော် မိန်းကလေးတစ်ယောက်ရဲ့လက်ကိုဆွဲပြီး တားဖို့ရာလည်း မဖြစ်နိုင်သောကြောင့်





သူ ကျဉ်းထဲကျပ်ထဲ ရောက်နေပုံကို ကြည့်ပြီး ချစ်ခြင်းမှာ စိတ်ထဲကနေ၍ ကျိတ်ရယ်ရသည်။

အပြန် ကားပေါ်ရောက်လျှင် သူက မကျေမနပ်နှင့် စကားစ,လာသည်။

"အိမ်ရောက်ရင် ခင်ဗျားပိုက်ဆံ ပြန်ယူနော်"

"ဘာလို့ ယူရမှာလဲ"

"ယူရမှာပေါ့၊ ဖြစ်တာက ကျွန်တော် ဖြစ်တာလေ။ ခင်ဗျား ဖြစ်တာမှ မဟုတ်တာ။ ဟိုတစ်ခါ အမိုးကြီးလက်ကျိုးတုန်းကတောင် စိုက်ထားတဲ့ပိုက်ဆံကို ခင်ဗျား ဖွတ်ပြန်လာပေးသေးတာပဲ မဟုတ်လား"

သူ့ပုံစံက ဒါကိုပဲ အခဲမကျေ ဖြစ်နေတာမို့ ချစ်ခြင်းက ရယ်ချင်စွာဖြင့် ပြုံးလိုက်သည်။ ထူးဆန်းနေတာက ခုချိန်မှာ သူနဲ့ပတ်သက်ပြီး တင်းကျပ်စွာ ကိုယ့်ကိုယ်ကိုယ် တုပ်နှောင်ထားခဲ့သော အရာများသည် ခုချိန်မှာတော့ မမျှော်လင့်ဘဲ ပွင့်ထွက်ကုန်ပြီဟုထင်သည်။

ဒီလူနှင့် ပတ်သက်ပြီး ချစ်ခြင်း ရင်ထဲမှာ ဘာမှ မယုံသင်္ကာမရှိတော့။ စိတ်ထားဖြူစင်ပြီး လူတွေကို ရိုးသားစွာ ကူညီတတ်သူဟုသာ အသိအမှတ် ပြုမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အမိုးကြီးက သူ့ဟာသူ ဖြစ်တာလေ။ အခု ... ရှင်က ကျွန်မကို ကူညီရင်း ဖြစ်တာဆိုတော့ ကျွန်မမှာ တာဝန်ရှိတာပေါ့ ...

ဘယ်လိုပဲဖြစ်ဖြစ်ပါ ရှင် ဒီလိုဖြစ်ရတာ ကျွန်မ တကယ်ပဲ စိတ်မကောင်းပါဘူး။ ကျွန်မ ဒီကောင်တွေကို တစ်ခုခု တုံ့ပြန်ရမှ ကျေနပ်မယ်။ အဲလကား အုပ်စုတောင့် လို့ ကျယ်ရဲတဲ့ကောင်တွေ"

ချစ်ခြင်းရဲ့ အငြိုးတကြီးအသံကို သူက ကပျာကယာ ပြန်ပြောသည်။

"ဟာ ... မလုပ်နဲ့ ချစ်ခြင်း။ လုံးဝသွားမလုပ်နဲ့နော်။ ရန်စ,ကို သွားမရှည်နဲ့တော့။ ကျွန်တော်တောင် ဒါကို ပြီးပြီးပျောက်ပျောက် မေ့ထားနိုင်တယ်။ ထားလိုက်တော့ ဘာမှမဖြစ်ဘူး ...

ချစ်ခြင်း ဘာမှထပ်မပြောနဲ့တော့၊ ထပ်လည်းမလုပ်နဲ့တော့။ နော် ... ချစ်ခြင်း။ ကျွန်တော့်စကားကို နားထောင်ပေးပါ"

"ဟင် ... ရှင့်စကားကို ကျွန်မက ဘာကိစ္စနားထောင်ရမှာလဲ"





"ဩော် ... ခင်ဗျားအတွက် ပြောနေတာမို့လို့ပေါ့ဗျာ။ တစ်ခုခုဆို ချစ်ခြင်းက မိန်းကလေးလေ၊ ချစ်ခြင်းပဲ အရင်ဆုံး နစ်နာမှာ။ သူတို့ကတော့ ပိုက်ဆံရှိတဲ့လူတွေဆိုတော့ ဘာမှဂရုစိုက်မှာ မဟုတ်ဘူးလေ။ ဖြစ်လာရင်လည်း ဖြစ်တယ်ပဲ သဘောထားပြီး မိုက်တာတော့ အရင်မိုက်ကြမှာ။ အဲ့ဒီလို လူမိုက်တွေနဲ့ ချစ်ခြင်းကိုမပတ်သက်စေချင်လို့ပါ"

အဆုံးသတ်ပြောလိုက်သော စကားလေးက နွေးထွေးမှုဒီဂရီကို မြှင့်တင်ပေးလိုက်တဲ့သဘောရှိသဖြင့် ချစ်ခြင်းက ဘာမှမပြောတော့ဘဲ ငြိမ်ကျသွားသည်။ ခဏအကြာတွင် သူ့ထံမှ စကားသံ ထွက်ပေါ်လာသည်။

"နောက်နေ့ ဆိုင်ကပြန်ချိန်ကျရင် ကျွန်တော် လာကြိုပေးမယ်လေ"

ချစ်ခြင်းက ဘာပြန်ပြောမှန်းမသိ ဖြစ်သွားသည်။ စိတ်ထဲမှာ အမှန်တကယ်လည်း အပြန်ကိစ္စအတွက် ကြောင့်ကြနေတာလည်းရှိသည်။ ဒီအချိန်မှာ သူက ဒါကိုပြောလာတယ်ဆိုတော့ ...။ လက်ခံရမလား လက်မခံရမလား ဝေခွဲမရဖြစ်နေစဉ်မှာပဲ သူ့ထံက စကားသံက ထပ်၍ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နော် ... ချစ်ခြင်း"

သူ့ကို ပြန်ကြည့်ကာ သတ်ခနဲ ခေါင်းညိတ်ပြလိုက်မိသည်ဟု ထင်သည်။ ပြုံးကာ ကျေနပ်သွားသော ဒဏ်ရာနှင့် လူတစ်ယောက်ကို ကြည့်ကာ ချစ်ခြင်းရင်ထဲတွင် သနားကြင်နာခြင်းတည်းဟူသော ခံစားချက်တို့က လှည့်ပတ်သွားလာနေသည်။ ဘာကြောင့်များ သူနဲ့ ချစ်ခြင်းဟာ တစ်စ တစ်စ နီးကပ်လာပါလိမ့်နော်။

✱ ○ ✱





# နံပါတ် ၁၈ ခန်း

နှုတ်ခမ်းထောင့်မှာ နှုတ်ခမ်းပေါက်ပြီး သွေးဆို့နေသော ဒဏ်ရာတစ်ခုရယ်၊ မျက်ခုံးနားမှာ ချုပ်ထားသဖြင့် ပတ်တီးအဖြူကပ်ထားရသော ဒဏ်ရာရယ်ကြောင့် ရုံးတက်ရမှာတော့ ထိုက်ရှည် စိတ်ညစ်လှသည်။ ဒါပေမဲ့လည်း မတက်လို့ကလည်း မဖြစ်သောအခါ သွားဖို့ပြင်ဆင်နေတုန်းမှာပဲ ချစ်ခြင်းက လင်ပန်းလေးတစ်ချပ်ဖြင့် ရောက်လာခဲ့တာဖြစ်သည်။ သူ့ဒဏ်ရာတွေဆီသို့ မသိမသာဝေ့ဝဲကြည့်ကာ "သက်သာရဲ့လား"ဟူသော စကားကို ဝတ်ကျေတမ်းကျေပုံစံမျိုးဖြင့် မေးသော်လည်း ရင်ထဲမှာတော့ ဝတ်ကျေတမ်းကျေ မဟုတ်ဘူးဆိုတာ သိနေသည်။

"သက်သာပါတယ်၊ နည်းနည်းတော့ နာနေတာပေါ့၊ ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စားဖို့ Breakfast လေ။ ဒဏ်ရာနဲ့ဆိုတော့ စောစော ထနိုင်မှာ မဟုတ်ဘူးလို့ တွေးမိလို့။ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး ...

ကျွန်မ လုပ်တတ်တာပဲ လုပ်လာခဲ့တာ"

သူက စားပွဲပေါ်ရှိ လင်ပန်းထဲမှ နံနက်စာကို ငုံ့စောင်းကြည့်မိလျှင် စားချင်စရာ (သူမကိုယ်တိုင် လုပ်လာတာကြောင့်လည်း ဖြစ်နိုင်သည်) ပေါင်မုန့်ကြက်ဥကြော်နှင့် မွှေးပျံ့သော ကော်ဖီတစ်ခွက်ကို တွေ့လိုက်ရသည်။ ဘာမှမစားရသေးတာကြောင့် တံတွေးတောင် မျိုချချင်သလိုပင်။

"ကျေးဇူးတင်ပါတယ်ဗျာ။ ဗိုက်က တကယ်ဆာနေတာ။ အိမ်မှာလည်း စားစရာက အဆင်သင့်မရှိတာနဲ့ ရုံးရောက်မှ ဆွဲတော့မယ်လို့ စဉ်းစားထားတာ ...

အင်း... ချစ်ခြင်းလည်း လူမမာနှစ်ယောက်ကို ပြုစုနေရတာပေါ့နော်"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်မ လုပ်တတ်သလောက်၊ လုပ်နိုင်တာလောက်ပဲ လုပ်ပေးဖြစ်တာပါ ...

ကဲ ... စားလိုက်ဦး"





သူမက သူ လွတ်လွတ်လပ်လပ် စားလို့ရစေရန်အတွက် လှည့်ထွက်ပေးသွားသည်။ အဲဒီကျတော့မှပဲ သူက ပူပူနွေးနွေး ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီကို အားပါးတရ တွယ်မိတော့သည်။ ခပ်ထူထူလှီးထားသော ပေါင်မုန့်ကို ကြက်ဥများများနှင့် ကြော်ထားတာဖြစ်ပြီး ပိုပိုသာသာ စားလို့ရအောင် ဆေးခုတောင် ထည့်ပေးထားတာ ဖြစ်သော်လည်း သူက သိပ်တောင် မဝချင်ပေ။ ကော်ဖီကို အပြီးသတ်မော့ချလိုက်တော့မှသာ နေသာထိုင်သာ ရှိသွားသည်။

ကော်ဖီပန်းကန်ကို သောက်ပြီး ချလိုက်တဲ့အခါမှာတော့ သူ့ရင်ထဲတွင် ထူးဆန်းသော ဖီလင်တစ်ခုက ဝင်ရောက်လာသည်။ ကြည့်စမ်း ... သူ မနက်ခင်း ရုံးသွားခါနီးမှာ တစ်စုံတစ်ယောက်က စေတနာမေတ္တာအပြည့်ဖြင့် ပြင်ဆင်ပေးလိုက်သော နံနက်စာကို စားရတာ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ။ သူ့ဘဝတွင် ဒီလို တစ်စုံတစ်ယောက်က ပြင်ဆင်ပေးသော နံနက်စာကို မစားရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ တစ်ကိုယ်ထည်း နေတတ်အောင် နေခဲ့သည့်ဘဝမှာ ကျေနပ်စရာတော့ ကောင်းခဲ့ပေမယ့် နွေးထွေးမှု စိုပြည်စိမ်းလန်းမှုတော့ မရှိဘူးဆိုတာ လိမ်၍မရသောအချက်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားပါး ... ဒီလို နွေးထွေးတဲ့ နံနက်စာလေးကို ချစ်ခြင်းက သူ့အတွက် တစ်သက်လုံး ပြင်ဆင်ပေးသွားမည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ အဲဒီပီတိနဲ့ကို သူ ရူးသွားလို့ရသည်။ ချစ်ခြင်းရယ် ... ဘယ်လောက်ပဲ မာကျောတဲ့ မျက်နှာထားနဲ့ပဲနေနေ မင်းရဲ့အတွင်းစိတ်လေးက ဖြူစင်တယ်၊ အကြင်နာတရား ရှိတယ်ဆိုတာ ကိုယ့်နှလုံးသားက အလိုလိုချိတ်ဆက်ပြီး သိနေတာမို့ မင်းကို ချစ်တယ်ဆိုတာလည်း ဘယ်လိုဖွင့်ပြောရမှာလဲကွာ။

သူက ရှေ့ရေးကို တွေးလိုက်တော့ ရင်မောသွားရသည်။ ဒါကြောင့် ပန်းကန်တွေ ခွက်တွေကိုလည်း နောက်မှပဲ ပေးတော့ဖို့ စိတ်ကူးရကာ ရုံးကိုပဲထွက်ခဲ့တော့သည်။ ဒဏ်ရာတွေနှင့် ရုံးရောက်တော့လည်း ထင်ထားတဲ့အတိုင်း ဟိုလူကမေး ဒီလူကမေး။ ချော်လဲတယ်ပြောလည်း ယုံမှာမဟုတ်သဖြင့် သူကတော့ ပိန့်ပိနည်းလွတ်ရုံ "Accident တစ်ခုဖြစ်တာပါ" ဟုသာ ဖြေခဲ့သည်။ ဒါပေမဲ့ သူ့ရဲ့ဘော့စ် ဦးပြည့်စုံကိုတော့ အဲဒီလိုဖြေ၍ မရနိုင်ဘူးဆိုတာ သိသည်။ ဒါကြောင့် သူ့ကိုမြင်၍ အံ့သြတကြီးမေးလာခဲ့သော ဦးပြည့်စုံကို မဝံ့မရဲ ရှင်းပြရတော့သည်။





"ဒီ ... ဒီလိုပါ အန်ကယ်။ ကျွန်တော့်အိမ်ကို ငှားနေတဲ့ မိန်းကလေးက ကော်ဖီဆိုင်မှာ သီချင်းဆိုပါတယ်။ အဲဒါ မနေ့က ကျွန်တော်လည်း သူငယ်ချင်းအိမ်ကအပြန်၊ သူကလည်း အလုပ်က ပြန်အလာ လမ်းမှာသူ့ကိုလိုက်နှောင့်ယှက်နေတဲ့ လူတွေနဲ့ ရန်းရင်းဆန်ခတ် ဖြစ်နေလို့ ကျွန်တော်က ဝင်ကူညီတာပါ ...

အဲဒီကောင်တွေက ပိုက်ဆံရှိပြီး မိုက်လည်း မိုက်ကြပုံပေါ်ပါတယ်။ အဲဒါ ကျွန်တော့်ကို ကျွေးတော့တာပဲ အန်ကယ်။ မျက်ခုံးနားက ကွဲသွားလို့ နှစ်ချက်ချုပ်ထားရတာပါ။ ဟို ... ကျွန်တော် ရန်ဖြစ်တာ မဟုတ်ပါဘူး အန်ကယ်။ သူတို့ကပဲ နှိပ်စက်သွားကြတာပါ ...

ခုလို ရှင်းပြရတာလည်း အန်ကယ့်ရဲ့ PSO တစ်ယောက်အနေနဲ့ ရန်ဖြစ်တယ် ထင်မှာစိုးလို့၊ အဖြစ်မှန်ကို ရှင်းပြတဲ့ သဘောပါ"

"ဟား ဟား ... ဖြစ်ရလေကွာ။ မင်းတို့အဖြစ်က ရုပ်ရှင်ဆန်ဆန်ပဲပေါ့။ ဒါပေမဲ့ ဒီမင်းသားကတော့ ကိုယ်ခံပညာပဲ တတ်တဲ့ မင်းသားနဲ့တူတယ် ...

ကိုယ်ပဲ ခံလာရတဲ့ ပညာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံက အဲဒီလို ရယ်ရယ်မောမော ပြန်နောက်တော့မှပင် သူလည်း ပြုံးနိုင်တော့သည်။

“ဟုတ်ပါတယ် အန်ကယ်။ ကျွန်တော် ညံ့ပါတယ်”

“အေး ... သိရင်လည်း ပြီးတာပဲပေါ့ကွာ။ လူဆိုတာ ဗလမရှိပေမယ့် ဇ,ရှိရမယ်ဆိုတဲ့စကား မင်းလည်း ကြားဖူးမှာပေါ့ ...

ဗလမရှိရင် ဇ,ရှိအောင်လုပ်ပေါ့။ ဒါဆို ဒီနေ့ညဒင်နာရော မင်း တက်နိုင်ပါတော့မလား”

“ဟို ... ရ ... ရပါတယ် အန်ကယ်”

“ရတယ် ဆိုပေမယ့် ဒီပတ်တီးတွေနဲ့ဆိုတော့ မကောင်းဘူးပေါ့ကွာ။ အိုခေလေ ... ရပါတယ်။ ငါနဲ့ ဆင်းဆင်းနဲ့ပဲ သွားတာပေါ့”

“ဟုတ်ကဲ့ ... အန်ကယ်။ တာဝန်မကျေတဲ့အတွက် အားနာပါတယ်၊ ခွင့်လွှတ်ပေးပါ အန်ကယ်”

“ရပါတယ်ကွာ။ တစ်ခါတလေပဲဟာ”

ဦးပြည့်စုံက သဘောထားပြည့်ဝ၍သာ တော်တော့သည်။ ဦးပြည့်စုံ မရှိတဲ့အချိန်မှာ အတွင်းရေးမှူးဆင်းကလည်း စပ်စုသည်။ သူ့စိတ်ထင်မို့လို့လားတော့ မသိချေ။ ဆင်းဆင်းသည်



ခုတလော နောက်ပိုင်းမှာမှ သူ့ကိုမှ အရေးပေးလာသည်ဟုထင်သည်။ သူ့ရဲ့ကံဇာတာစန်းလာဘ်တွေ တက်နေလားတော့မပြောတတ်ပါ။

တစ်သက်လုံးက သူ့ကို အဖက်မလုပ်ခဲ့သော ချစ်ခြင်းကလည်း သူ့အပေါ်မှာ ရင်းနှီးခင်မင်လာသည်။ အရင်တည်းက ရင်းနှီးခင်မင်သော ဆင်းဆင်းကတော့ သိသိသာသာ နွေးထွေးလာတာဖြစ်သည်။

“ဟယ် ... ထိုက်ရည်။ အဲဒါတွေက ဘာဖြစ်တာလဲ”

“အင်း ... ဒီလိုပါပဲ ဆင်းဆင်းရာ”

“ဘာ ... ဒီလိုပါပဲလဲ။ တစ်ယောက်ယောက်က ထိုးကြိတ်လိုက်တဲ့ပုံစံမျိုးပဲ။ ရန်ဖြစ်တာလား။ ဟင် ... ဘယ်သူနဲ့ရန်ဖြစ်လာတာလဲ”

“ရန်ဖြစ်တာ မဟုတ်ပါဘူး။ ဒီလိုပဲ မတော်တဆ ဖြစ်တာပါ”

“အို ... မတော်တဆလည်း နည်းတဲ့ဟာတွေမှ မဟုတ်တာ။ ဒါဆို ဒီနေ့ညဒင်နာကို ဘယ်လိုလုပ်မလဲ”

“ကျွန်တော် လိုက်ဖြစ်မှာ မဟုတ်တော့ဘူး။ အန်ကယ့်ကိုလည်း ပြောပြီးပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ထိုက်ရည်ကလည်းကွာ။ နေပါဦး ... ဒီဒဏ်ရာ တွေရတာ ချစ်ခြင်းရဲ့ပယောဂရော ကင်းရဲ့လား"

မိန်းမတွေရဲ့ ဆင္ခမအာရုံကို သူ ဖျားသွားရသည်။ ရုတ်တရက်မို့ ဟန်ဆောင်ဖို့တောင် သတိမရဘဲ တအံ့တဩ လှည့်ကြည့်သော သူ့အကြည့်ကြောင့် ဆင်းဆင်းက ပိုပြီး တစ်ထစ် ချ လက်ခံယုံကြည်သွားသည်။

"ဟင်း ... ဆင်း ထင်တာ မှန်နေပြီနဲ့တူတယ်။ အဲဒီလိုပဲ ဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ ချစ်ခြင်းဆိုတဲ့ ကလေးမ ဟာ ရောက်တဲ့နေရာ ပြဿနာဖြစ်တတ်တဲ့သူမျိုးမို့လို့ပဲ။ ရှင်က ကြားထဲက ဝင်ခံလိုက်ရတာ မဟုတ်လား PSO "

ဆင်းဆင်းက သူ့ကို နည်းနည်းစိတ်ပေါက်လာလျှင် PSO ဟု ခပ်တည်တည် ခေါ်တတ်သူဖြစ်သည်။ အဲဒါကို အသာ ထားလို့ လောလောဆယ်၌ သူ စိတ်အဝင်စားရဆုံးကိစ္စမှာ ချစ်ခြင်း အကြောင်းပဲဖြစ်သည်။

"ချစ်ခြင်းက ပြဿနာကို သယ်လာတတ်တဲ့ မိန်းကလေး မျိုးလားဟင် ဆင်းဆင်း"

"ဒါကတော့ ရှင့်လက်တွေ့ပဲလေ"





"မဟုတ်သေးဘူး ဆင်းဆင်း။ အခုဒီကိစ္စမှာက ကျွတ် ... ထားလိုက်ပါတော့ဗျာ၊ ဘာမှ မဟုတ်ပါဘူး"

သူက ဖြစ်ကြောင်းရယ်ကုန်စင်လည်း ပြောမပြချင် တော့သဖြင့် ဒီအတိုင်းပဲ ထားလိုက်တော့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်ခြင်းကို ချစ်မိသွားတဲ့ သူ့အချစ်တွေကတော့ ပြောင်းလဲသွား မှာ မဟုတ်ချေ။

ကာယကံရှင်ကိုယ်တိုင် ဖွင့်ဟဝန်မခံမချင်း သူ ဘာ ကိုမှ မယုံကြည်ဟု ရဲရဲကြီးဆုံးဖြတ်ထားလိုက်သည်။ အဲဒီလို ဆုံးဖြတ်ထားလိုက်တော့ သူ့စိတ်တွေဟာ လွတ်လပ်ပေါ့ပါးပြီး ငြိမ်းချမ်းသွားခဲ့တော့သည်။

ဒါကြောင့် ရုံးဆင်းလာသည့် ညနေစောင်းထဲက ရင်ခုန်သံတွေ မြန်လာခဲ့သည်။ ဒီနေ့ကစပြီး ချစ်ခြင်းကို သူ သွားကြိုရတော့မည် မဟုတ်ပါလော။ အဲဒီအတွက် ဘာအဝတ် အစား ဝတ်သွားရင် ကောင်းမလဲဟု ဦးနှောက်ထဲမှာ စဉ်းစားတွေး တောရတာလည်း အကြိမ်ကြိမ်ပင်။ ဒါမျိုးကို မိန်ကလေးတွေမှ စဉ်းစားရွေးချယ်ကြတာ မဟုတ်ဘဲ သူတို့ယောကျာ်းလေးတွေလည်း စဉ်းစားရကျပ်တတ်ကြတာပင်။ နောက်ဆုံးတော့ ပေါ့ပေါ့ပါးပါး ရှိသည့် ချည်သားရှပ်အင်္ကျီနက်ပြာစင်းလေးကို ဂျင်းပန်တစ်ထည်

www.burmeseclassic.com



နဲ့သာ ဝတ်ဆင်လိုက်တော့သည်။ ဘာကြောင့်လဲတော့ မသိ။ သူသည် တီရှပ်တွေ ဘာတွေထက် ရှပ်အင်္ကျီ စပို့ရှပ် စသော ကော်လာပါသည့်အင်္ကျီများကို ပိုကြိုက်သည်။ တီရှပ်က လှုငယ်ပို ဆန်မှန်း သိသော်လည်း သူက ပိုအထာကျသော ရှပ်အင်္ကျီများကိုသာ တစ်ထည်ကောင်း Brand လေးတွေ စုတတ်သူဖြစ်သည်။

သူက ချစ်ခြင်းကို သွားမကြိုခင် အမိုးကြီးကို အသိပေးလိုက်သေးသည်။ နဂိုတည်းကလည်း သိပြီးသားဖြစ်ဟန်တူသော အမိုးကြီးက သူ လာပြောသောအခါမှာလည်း ဝမ်းသာနေဟန်တူပါသည်။

"အေးကွယ် ... ကလေးသွားကြိုပေးတော့ အဆင်ပြေတာပေါ့။ အန်တီက ဖြစ်နိုင်ရင် ချစ်ခြင်းကို ဒီအလုပ်တွေမလုပ်စေချင်တော့ဘူး ...

တကယ်တော့လေ ချစ်ခြင်းကလည်း ခေါင်းမာပါတယ်ကွယ်"

အန်တီကြီး ကြည့်ရတာ တစ်ခုခုကို ပြောချင်နေပြီး ပြောခွင့်မရှိတဲ့ပုံစံမျိုးဖြစ်သည်။ ချစ်ခြင်းကို ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ဘဲ ရိုးသားစွာ ချစ်မိသူပီပီ ချစ်ခြင်းရဲ့ အတ္တုပ္ပတ္တိကိုတော့လည်း (ချစ်စိတ်ဖြင့်) သိချင်ပါသေးသည်။





"ကျွန်တော့် စိတ်ထဲမှာ တစ်ခုသိနေတာကတော့ အန်တီနဲ့ ချစ်ခြင်းဟာ အခြေအနေတစ်ခုကြောင့် ဒီမှာ ခဏလာနေတယ်လို့ပဲ ယူဆတယ်"

"အင်း ... ကလေးထင်တာလည်း မမှားပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်ခြင်း အပေါ်မှာတော့ အထင်မလွဲစေချင်ဘူး။ ချစ်ခြင်းလေးဟာ သိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ကျွန်တော် ယုံပါတယ် အန်တီ။ သူ့အပေါ်မှာ ဘာသံသယမှ မရှိပါဘူး။ ဟုတ် ... ဒါဆိုရင် ကျွန်တော် သူ့ကိုသွားကြိုလိုက်တော့မယ်"

"အေး ... အေး ... ကလေး။ ဖြည်းဖြည်းမောင်းနော်"

"ဟုတ်ကဲ့ အန်တီ"

သူက ချစ်ခြင်းတို့ရဲ့ ကော်ဖီဆိုင်လေးရှိရာသို့ မောင်းလာခဲ့သည်။ အလုပ်ဆင်းချိန်ထက် တစ်နာရီစောနေသော်လည်း တမင်ပဲ စောထွက်လာခဲ့သည်မှာ ချစ်ခြင်း သိချင်းဆိုတာကို နားထောင်ချင်၍ဖြစ်သည်။ Cafe Romantic သို့ ရောက်သောအခါ ခြံဝင်းထဲမှာ ကားတွေ အတော်အသင့် ရပ်ထားတာတွေ့ရပုံထောက် အဆင်ပြေအောင်မြင်သော ကော်ဖီဆိုင်လေးတစ်ဆိုင်ဟု ခန့်မှန်း၍ရသည်။ သူက မှိန်ဖျော့ဖျော့ မီးလေးများဖြင့် နွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော ကော်ဖီဆိုင်လေးထဲသို့ ဝင်လာကာ စင်နှင့်နီး သော ထောင့်ကျကျစားပွဲလေးမှာ နေရာယူဖြစ်သည်။ အနားရောက် လာသော ဝိတ်တာလေးကို ကဖီးလတ်တေးတစ်ခွက်မှာ ပြီးမှ ...

"ညီလေး ... ချစ်ခြင်းပြည့်စုံက ဘယ်တော့ဆိုမှာလဲ"

"အခုတစ်ယောက်ပြီးရင် သူ့အလှည့်ပဲ အစ်ကို"

"ဪ ... အေး။ ကျေးဇူးပဲ"

သူမှာထားသောကော်ဖီ ရောက်မလာခင်မှာပဲ ချစ်ခြင်း က စင်ပေါ်တက်လာသည်။ အနက်ရောင် Dress အရှည်တစ် ထည်ကိုပဲ အရိုးရှင်းဆုံး ဝတ်စားထားသည့်ကြားမှ ရောမနတ်သမီး တစ်ပါးလို လှပနေတာ ဘယ်လိုမှ မငြင်းနိုင်ပါ။ ဒါကြောင့်လည်း အနှောင့်အယှက်တွေ ရှိနေတာပေါ့ ချစ်ခြင်းရယ်။

သူမက ပရိသတ်ကို နှုတ်ဆက်ပြီးနောက် သီချင်း ဟောင်းတစ်ပုဒ်ဖြစ်သည့် Moon Light ကို သီဆိုသည်။ ချိုအေး ကာ အနည်းငယ်ရှတသော အသံသည် တကယ့်ကို ပရော်ဖက် ရှင်နယ် ဆန်သဖြင့် သူပင် မျက်လုံးပြူးရသည်။ အခု အပြင်မှာ စီးရီးစ်ထွက်နေသည့် တချို့ အဆိုတော်ပေါက်စလေးများနှင့် ဘာမှမဆိုင်ချေ။ ဘုရားရေ ... ချစ်ခြင်းသာ တကယ်လုပ်မည်ဆို လျှင် အဆိုတော်တောင် လုပ်လို့ရပါလား။ ဒါတောင် အင်္ဂလိပ်





လိုဆိုနေတာနော်။ သူက စီးမျှော်ခံစားနေတုန်းမှာပဲ ဝိတ်တာက ကော်ဖီလာချသဖြင့် မေးမိသွားပြန်သည်။

"သူ့အသံက ကောင်းလှချည်လားကွာ။ ဘာဖြစ်လို့ ပရော် ဖက်ရှင်နယ်အဆိုတော် မလုပ်တာလဲ။ လှပြီးနားထောင် တာတောင် တော်တော်ကောင်းမှန်း သိသာနေတဲ့ဟာ။ ဂစ်တာလည်း တီးတတ်သေးတယ်"

"ဟုတ်တယ် အစ်ကို။ သူ့ကို စီးရီးစ်ထုတ်ဖို့ ကမ်းလှမ်း တဲ့ ပရိုဂျူဆာတွေ သုံးဦးထက်မနည်းရှိတယ်။ ဟို ... ရှေ့ခ်ကာအဆိုတော်ကြီး (xxx)ဆိုရင် သူ့ကိုစီးရီးထုတ်ချင် လား ထုတ်ပေးမယ် ဆိုပြီးတော့ကို ကမ်းလှမ်းတာ ...

တချို့ Hip Hop အဆိုတော် ကောင်လေးတွေဆို လည်း သူတို့သီချင်းတွေမှာ Feauring ဆိုပေးဖို့ ခဏခဏ လာပြောတယ် ...

ဒါပေမဲ့ ချစ်ခြင်းပြည့်စုံက လုံးဝလက်မခံခဲ့ဘူးဗျ။ တော်တော်ထူးဆန်းသလို ဘယ်လိုမှ နားမလည်နိုင်ဘူး။ နောက်ဆုံး ဒီဆိုင်ရှင်ကိုယ်တိုင်က စီးရီးထုတ်ပေးမယ်ဆို တာတောင် မထုတ်ချင်ပါဘူး၊ သူက ဝါသနာအရပဲ ဆို ချင်တာတဲ့လေ။ အံ့တော့ အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အံ့ဩပါသည်။ ကိစ္စရပ်တစ်ခုကို ဝါသနာပါသူတိုင်းသည် ဖြစ်နိုင်လျှင်တော့ အဲဒီဝါသနာနဲ့ပဲ အောင်မြင်သော ဘဝခရီးလမ်းကို လျှောက်လိုသည်ပဲ မဟုတ်ပါလား။ ချစ်ခြင်းက ဘာကြောင့် ဒါကို လက်မခံရတာလဲ။ သူ ချစ်ခြင်းကို ထူးဆန်းပြီးရင်း ထူးဆန်းရတော့သည်။

နောက်တစ်ပတ် သီဆိုပြီးသောအခါ ဒီညအဖို့ ချစ်ခြင်းရဲ့ဂျူတီက ပြီးဆုံးသွားပြီ ဖြစ်တာကြောင့် သူက ကော်ဖီဖိုးပိုက်ဆံရှင်းကာ ကားထဲမှာပဲ သွားစောင့်နေလိုက်သည်။ သူ ရောက်နေပြီဆိုတာကိုတော့ ချစ်ခြင်းထံ SMS ပို့ထားလိုက်ပါသည်။ ခဏကြာသောအခါ ချစ်ခြင်း ရောက်လာသည်။ ဂစ်တာအိတ်ကိုလွယ်ကာ လေအဝေ့မှာ လွင့်ခနဲ ဖြစ်သွားသော ဆံနွယ်များကို ပင့်သပ်ရင်း သူ့ကို မပီဝိုးတဝါးပြုံးပြသော အပြုံးက ရင်ခုန်ချင်စရာကောင်းသည်။

"တက်လေ ချစ်ခြင်း"

သူမက အပြုံးနှင့်ခေါင်းညိတ်ပြပြီး သူ့ရဲ့ဘေးခုံမှာ ဝင်ထိုင်သည်။ အမြဲတစေ တည်တင်းနေသော မျက်နှာအစား အပြုံးတစ်ခုကို တွေ့နေရသောကြောင့် တစ်ခုခုက အချိုးမကျဘဲ မနေတတ် မထိုင်တတ် ဖြ ရသည်။





"စောင့်နေတာ ကြာပြီလား"

"ကျွန်တော် အထဲမှာ သီချင်းနားထောင်နေတာလေ"

သူ့အပြောကို ချစ်ခြင်းက ဟုတ်လားဟူသော ပုံစံဖြင့် အံ့ဩဟန် မျက်ခုံးပင့်ပြသည်။ သူက စက်နှိုးပြီး ကားမောင်းထွက်လာရင်းမှ ချစ်ခြင်းကို ငဲ့ကြည့်ကာ ပြောလိုက်သည်။

"ချစ်ခြင်းရဲ့အသံက တကယ့်ကို ပရော်ဖက်ရှင်နယ်လ်ကောင်းတာပဲ။ အခုခေတ် အခွေထုတ်နေတဲ့ တချို့ကောင်မလေးတွေနဲ့ ဘာမှမဆိုင်ဘူး"

သူမက အသာပြုံးရင်း "သင့်ခ်ယူ"ဟု ခပ်တိုးတိုးဆိုသည်။

"ကျွန်တော့်ကို ဝိတ်တာတစ်ယောက်ကပြောတယ်။ ချစ်ခြင်းကို စီးရီးစ်ထုတ်ပေးဖို့ တော်တော်များများက ကမ်းလှမ်းကြတယ်ဆို။ ဒါ ချစ်ခြင်းအတွက် ကံကောင်းခြင်းလက်ဆောင်တစ်ခုပဲ မဟုတ်လား။ ဘာဖြစ်လို့ လက်မခံတာလဲ"

"ရှင်းနေတာပဲ ထိုက်ရည်။ ကျွန်မ မလုပ်ချင်လို့ပေါ့"

"အခုတောင် လုပ်နေတာပဲ မဟုတ်လား"

"ဒါက အခိုက်အတန့် တစ်ခုပ ြတမ်း လုပ်သွားမှာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်ခြင်းဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ချစ်ခြင်းကတော့ သူ့ကို ကြည့်မနေပေ။ သူ့ခေါင်းထဲတွင် အတွင်းရေးမှူးဆင်း ပြောသော စကားတွေကို ဖျတ်ခနဲ ကြားယောင်လာသည်။ ချစ်ခြင်းဟာ ဘယ်လိုမိန်းကလေးမျိုးလဲ။ သာမန်အတွေးအခေါ်နဲ့ သာမန်ရပ်တည်နေသော မိန်းကလေး မဟုတ်တာတော့ သေချာသည်။ ဒီအလုပ်ကို အနိုက်အတန့်လုပ်သလို သူ့အိမ်ကိုလည်း အနိုက်အတန့် ငှားနေတာပေါ့။ အချိန်တန်လျှင် မူရင်းဌာနကိုပဲ ပြန်သွားမယ့်သူမျိုးလား ချစ်ခြင်းရယ်။

"ဘာလဲ ထိုက်ရည်။ ရှင့်စိတ်ထဲမှာ ဒီအိမ်လေးကိုလည်း ခဏပဲ ငှားနေပြီး တစ်ချိန်ချိန်တော့ ထွက်သွားမှာပဲလို့ တွေးနေတာလား",

မိန်းမတွေရဲ့ ဆင့်ပွားတွေးခေါ်မှု စွမ်းရည်ကိုတော့ သူ လုံးဝဖျားသွားသည်။ ဘာမှမပြောနိုင်ဘဲ ဘာပြန်ပြောရမှန်းမသိဘဲ ငြိမ်သက်နေသော သူ့ကို သူမကပဲ စကားဆက်ပြောလာသည်။

"လူဆိုတာ အချိန်တန်ရင် အိမ်တော့ပြန်ရမှာပေါ့လေ။ ပျော်ရာမှာမနေရ တော်ရာမှာနေရတယ်ဆိုတဲ့ စကားလည်း ကြားဖူးတာပဲ မဟုတ်လား"





"ဒါဆို ချစ်ခြင်းက ဒီမှာ ပျော်နေပြီပေါ့၊ ဟုတ်လား"

"အင်း ... အဲဒီလို ဖြစ်သွားလား။ ထားပါတော့လေ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ဒီရပ်ကွက်လေးထဲမှာရော နောက်ငှားနေတဲ့ အိမ်လေးမှာရော အခု သီချင်းဆိုဖြစ်တဲ့ ကော်ဖီဆိုင်လေးမှာရော ကျွန်မရဲ့ ကမ္ဘာသစ်လေးမှာ နေရတာ စိတ်ချမ်းသာပါတယ်၊ ပျော်ပါတယ် ...

ဒီဘဝလေးက ကျွန်မအတွက် ကျေနပ်စရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ဒီအတိုင်း တစ်သက်လုံးနေသွားလို့မှ မဖြစ်တာပဲလေ။ ဖြစ်သင့်တာကို ဦးစားပေးရတော့မယ့်အချိန် ရောက်ခါနီးနေပြီ"

"ချစ်ခြင်းရဲ့စကားက အဓိပ္ပာယ်တွေပါနေသလိုပဲ။ ကျွန်တော် ချစ်ခြင်းမကြိုက်မှန်းသိလို့ ချစ်ခြင်းအကြောင်းတွေတော့ မစပ်စုချင်တော့ပါဘူး ...

ဒါပေမဲ့လည်း ချစ်ခြင်း ဒီကထွက်သွားတော့မယ်ဆိုရင် ကျွန်တော့်ကို ကြိုပြောပါ"

"ဘာလဲ ... အိမ်ငှားဖို့ လူထပ်ရှာဖို့လား"

"အဲဒီလို မဟုတ်ဘူးဆိုတာ သိရဲ့သားနဲ့ ဘာလို့ တမင်ပြောရတာလဲဗျာ။ ဘယ်ကလာပြီး ဘယ်ကိုသွားမယ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ ချစ်ခြင်းကို လုံးဝကြီး ခြေရာပျောက်မသွားဖို့ မေတ္တာရပ်ခံမလို့ပါ ...

အနည်းဆုံးတော့ ချစ်ခြင်း ဘယ်မှာရှိနေတယ်ဆိုတာ သိခွင့်ရရင် ဖြေသာတာပေါ့ဗျာ၊ ဟုတ်ဖူးလား”

သူ့စကားအဆုံးတွင် ချစ်ခြင်းက ဘာမှမပြောတော့ဘဲ ငြိမ်သက်သွားသည်။ သူသည်လည်း ဆက်မပြောဖြစ်တော့။ ရင်ထဲမှာ အလိုလိုသိနေသော အာရုံတစ်ခုက သိပ်မကြာခင်မှာ ချစ်ခြင်း ထွက်ခွာသွားတော့မည် ဆိုတာပဲဖြစ်သည်။ မသွားပါနဲ့ တစ်သက်လုံး နေပါလို့လည်း သူ့မှာ တားပိုင်ခွင့်မရှိချေ။ တားပိုင်ခွင့်မရှိ၊ ပြောပိုင်ခွင့်မရှိ၊ ချစ်ပိုင်ခွင့်မရှိ။

အခွင့်အရေးဆိုလို့ ဘာမှမရှိတဲ့ကောင်ပါ ချစ်ခြင်းရယ်။

✱ ○ ✱





## ၁၉

ကြည်နူးဖွယ်ရာ အချိန်များ ဆိုသည်မှာ တစ်ရက်တည်း မဟုတ်ဘဲ နေ့စဉ်ဘဝရဲ့ သမားရိုးကျ အဖြစ်အပျက်များကိုပဲ ကျေနပ်နှစ်သိမ့်နိုင်သည့် အရည်အချင်းဆိုလျှင် လက်ရှိနေ့ရက်များသည် ချစ်ခြင်းအတွက်တော့ ကြည်နူးသာယာမေတ္တာကမ္ဘာပဲ ဖြစ်တော့သည်။ မနက်ခင်းဆိုလျှင် အမိုးကြီးရဲ့ စီစဉ်ပေးမှုနှင့် ထိုက်ရည်ကို Breakfast ပို့ပေးဖြစ်သည်။ နှစ်ရက်ပဲ ပို့ပေးဖြစ်ပြီး နောက်ရက်တွေမှာတော့ လာပို့ရတာကို သူက အားနာသဖြင့် ချစ်ခြင်းတို့ အခန်းဘက်မှာပဲ လာစားတော့သည်။

အမိုးကြီးရဲ့လက်ကလည်း အရှင်းသက်သာသွားပြီမို့ စားချင်စဖွယ် ပြုလုပ်ထားသော Breakfast တွေကို ပြင်ဆင်ပေးနိုင်ပြီဖြစ်သည်။ မနက်ဆိုလျှင် သူက Breakfast လာစားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ချစ်ခြင်းတို့ကို နှုတ်ဆက်ပြီး ရုံးသွားသည်။ တစ်ခါတလေ သူ သတိရတဲ့အခါ နေ့လယ်နေ့ခင်းတွေမှာ SMS လေးတွေ ပို့တတ်သေးသည်။ ဘာမှတွေတွေထူးထူးတော့ မဟုတ်ပါ။ ဘာဟင်းနဲ့ ထမင်းစားလဲ၊ ဘာလုပ်နေသလဲ၊ သူကတော့ Busy နေလို့ ခုထိ ထမင်းမစားရသေးဘူး၊ စသဖြင့် တိုတိုထွာထွာလေးတွေ ပို့တတ်သော်လည်း ဖုန်းတော့မဆက်ပါ။

ဘာပဲဖြစ်ဖြစ် သတိတရ ရောက်ရှိလာတဲ့ မက်ဆေ့ချ်လေးတွေဖတ်ရင်း မေးတာလေးတွေ ပြန်ဖြေရင်း တစ်မျိုးတော့ စိတ်ကြည်နူးရတာပင်။ သူများမိန်းကလေးတွေတော့ မသိ။ ချစ်ခြင်းကတော့ ယောကျ်ားတစ်ယောက်ကို နှစ်လိုစိတ်ဖြစ်မိခြင်းသည် သူ့ရဲ့ EQ ကို အခြေခံသည်ဟု ထင်သည်။ ယောကျ်ားပီသသော စိတ်ထားရှိတာရယ်၊ အလုပ်ကြိုးစားချင်စိတ်ရှိသော အရည်အချင်းရှိတာရယ်ကို အထင်ကြီးသည်။ ပြီးတော့ အလုပ်သွားရာတွင် သူ ဝတ်ဆင်သော စတစ်အင်္ကျီဖြူနှင့် ရခိုင်ပုဆိုး၊ ကချင်ပုဆိုး စတာလေးတွေကို သဘောကျသည်။ အဲဒီလို ဝတ်ထားလျှင် သူ့ပုံစံက ခန့်ညားသွားသည်ဟု ထင်သည်။ ရုံးက ဝတ်ခိုင်းလို့ ဝတ်ရတာဟု ထင်ခဲ့သော်လည်း နောက်ပိုင်းကျမှ စကားစပ်မိရင်း သူ့ဘာသာသူ ရွေးချယ်ဝတ်ဆင်ခဲ့တာကို သိရသည်။





"ကျွန်တော်က ရုံးမှာ မြန်မာဝတ်စုံ ဝတ်ရတာ ကြိုက်တယ်ဗျ။ ကျွန်တော့်ရာထူးနဲ့ဆို ကိုယ့်ကိုယ်ကိုယ်လည်း ပိုပြီး Confidence ရှိတယ် ...

အန်ကယ်က မဝတ်ခိုင်းပါဘူး။ ကျွန်တော့်ဟာ ကျွန်တော် ကြိုက်လို့ဝတ်တာ။ အထူးသဖြင့် နိုင်ငံခြားသားတွေနဲ့ ဆက်ဆံတဲ့အခါ ကိုယ့်အမျိုးသားဝတ်စုံကို ဝတ်ပြီး အလုပ်,လုပ်ရတာ ပိုပြီးသိက္ခာရှိသလိုပဲ။ စမတ်လည်းဖြစ်တယ်"

သူ့အယူအဆလေးကို ချစ်ခြင်းလည်း ရင်ထဲကနေ တိတ်တိတ်လေး ထောက်ခံမိခဲ့သည်။ အဟုတ်ပါပဲ ... စတစ်အင်္ကျီအဖြူ ရခိုင်ပုဆိုးအနက် ဝတ်ဆင်ထားသော ရှင်းသန့်ဝင်းမွတ်နေသည့် သူ့ပုံစံဟာ ချစ်ခြင်း သဘောကျရသည့် ရှားရှားပါးပါး ယောကျ်ားတစ်ယောက်ပုံစံပါပဲ။

ဆိုင်ကမြန်ချိန်မှာ လာကြိုတတ်သော သူ့ရဲ့သွင်ပြင်ဒီဇိုင်းက အဲဒီကျရင်တော့ တစ်မျိုးဖြစ်သည်။ ရှပ်အင်္ကျီနှင့်ဂျင်း(န်)ကို ခပ်ရိုးရိုးပဲ တွဲဖက်ဝတ်ဆင်ထားသော်လည်း ယောကျ်ားပီသသောပုံစံ ရှိသောကြောင့် ကြည့်ကောင်းပါသည်။ ရေချိုးပြီးစ လတ်ဆတ်သန့်ရှင်းသောပုံစံဖြင့် ဘာရေမွှေးရနံ့မှ မရှိဘဲ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် သူ့ရဲ့ကိုယ်သင်းရနံ့လေးကလွင့်ပျံ့လာတတ်ရာ ယောကျ်ား အနံ့ဆိုတာမျိုးလားဟု တွေးမိရသေးသည်။ အခုဆိုလျှင် ချစ်ခြင်းရဲ့အိမ်ပြန်ချိန်တွေက နွေးထွေးလုံခြုံခဲ့ရပြီဖြစ်သည်။ အရင်ကဆို ဖယ်ရီချပေးရာ လမ်းထိပ်မှာဆင်းပြီး လမ်းလျှောက်ရသောအခါ ညပိုင်းမို့ စိတ်တော့ညစ်မိတာပင်။ ခုတော့ ဘာအပူအပင်မှမရှိတော့။ အိမ်ပြန်ချိန်မှာ သူ လာကြိုမယ်ဆိုသော အသိသည် ချစ်ခြင်းရဲ့တစ်ကိုယ်လုံးအား နွေးထွေးရစ်ပတ်စွာ လွှမ်းခြုံထားလေသည်။

ဒီဘဝလေးကို ပျော်ရွှင်ကျေနပ်ပေမယ့် တစ်သက်လုံး ဒီအတိုင်းဆက်သွားရဖို့ဆိုတာတော့ အဆင်မပြေပါ။ ဒါကြောင့် ချစ်ခြင်းရဲ့ဘဝရှေ့ရေးအတွက် အစီအစဉ်တစ်ခုကို ဆွဲခဲ့သည်။ အမိုးကြီးကို ပြောပြတိုင်ပင်တော့လည်း နဂိုတည်းကမှ ဒီအတိုင်းနေတာ မနှစ်သက်သည့် အမိုးကြီးက အားတက်သရောကို ထောက်ခံခဲ့တာဖြစ်သည်။

"ကောင်းတယ် သမီး။ သိပ်ကောင်းတယ်။ နဂိုတည်းက သမီး ဒီလိုပဲစီစဉ်သင့်တာ။ ဘာမှသာ မဟုတ်တာ။ ခုကိုပဲ အမိုးကြီးတို့ ဒီရောက်လာတာ ခြောက်လရှိခဲ့ပြီလေ။ သမီးလည်း ဒီအတိုင်း နေသွားလို့ ဖြစ်တာမှမဟုတ်တာ ...





အမိုးကြီးအတွက်တော့ ဘာမှစိတ်မပူနဲ့။ ဘုရားကျောင်းက မာသာဆီမှာ သွားနေလို့ရတယ်။ မာသာကြီးကလည်း လာနေဖို့ ပြောပြီးသား ...

သမီးသာ ဟိုဘက်မှာ အစစအရာရာ အဆင်ပြေအောင်လုပ်"

"နောက်တစ်ပတ် ဆိုရင်တော့ ချစ်ခြင်း ထွက်လို့ရနေပြီ အမိုးကြီး။ ချစ်ခြင်းရဲ့သူငယ်ချင်းနဲ့ အတူနေမှာဆိုတော့ သူနဲ့ စပ်ငှားထားတဲ့ အခန်းဖော်ပြောင်းတဲ့အချိန်ကို စောင့်နေတာမို့ ...

ဟင်း ... အခြေအနေတွေက ဒီအတိုင်းပဲ ဆက်သွားမယ်နဲ့ တူပါတယ် အမိုးကြီးရယ်။ အရင်တုန်းကတော့လေ ချစ်ခြင်း ဟိုတူဝရီးနှစ်ယောက်ကို လက်တုံ့ပြန်ချင်တယ်။ ဒါပေမဲ့ ခုချိန်မှာတော့ အဲဒီစိတ်တွေတော့ မရှိတော့ဘူး။ အားလုံးနဲ့ဝေးတဲ့ အဝေးတစ်နေရာမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့သူပဲ ဖြစ်ချင်တော့တယ် ...

ချစ်ခြင်းလေ အနေအထားတစ်ခုကို ရောက်မှပဲ ပြန်လာတော့မယ်။ အဲဒီအချိန်ဟာ ငါးနှစ်ဖြစ်ရင်လည်း ဖြစ်မယ်၊ ဆယ်နှစ်ဖြစ်ရင်လည်း ဖြစ်မှာပေါ့ အမိုးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရဲ့ အားအင်ဖျော့တော့သော အသံကို အဖိုးကြီးက စိတ်မကောင်းစွာဖြင့် ငေးကြည့်သည်။ နောက်တစ်ပတ်လောက်နေရင်ပဲ ချစ်ခြင်းတစ်ယောက် မြန်မာနိုင်ငံမှ စင်ကာပူသို့ ထွက်ခွာတော့မည် ဖြစ်ပါသည်။ စင်ကာပူတွင် ချစ်ခြင်းရဲ့သူငယ်တန်းတည်းက ပေါင်းသင်းခဲ့သော အချစ်ဆုံးသူငယ်ချင်း ရွက်ဝါရှိသည်။ သူငယ်ချင်းက စလုံးသို့ ရောက်နေတာ ဆယ်တန်းဖြေပြီးတည်းကဖြစ်ပြီး ဟိုမှာတောင် အခြေကျနေခဲ့ပြီ။ အလုပ်မှာ မျက်နှာလွှဲစိတ်ချရသော၊ သူဌေးရဲ့အရေးပေးခြင်း ခံရသော ဝန်ထမ်းတစ်ယောက် ဖြစ်နေခဲ့ပြီ။

ဒီမှာနေဖို့ အဆင်မပြေတော့သော ချစ်ခြင်းအတွက် ရွက်ဝါက ဟိုမှာ သူနဲ့အတူတူ နေစေပြီး၊ အလုပ်ထဲမှာလည်း ရာထူးတစ်နေရာအတွက်ပါ ဆင်ထားပြီးသားဖြစ်သည်။ သူဌေးက လုပ်ငန်းသဘောတရားအရသာ အင်တာဗျူးနည်းနည်းပါးပါးလုပ်မည်ဖြစ်ပြီး ချစ်ခြင်းအတွက်တော့ အလုပ်အကိုင် အခွင့်လမ်းကောင်းကောင်း တစ်ခုက စောင့်ကြိုနေပြီဖြစ်သည်။ ဒီလိုတွေ အဆင်သင့်နေသော်လည်း ချစ်ခြင်းကို ဘယ်အရာက နောက်ဆံငင်နေစေပါသနည်း။ ဒါပေမဲ့လည်း ဘာမှမတတ်နိုင်တော့ချေ။ ဒီနေ့ကတော့ ချစ်ခြင်းရဲ့ ကော်ဖီဆိုင်လေးကိုလည်း နောက်ဆုံးနှုတ်





ဆက်သည့်နေ့ပဲ ဖြစ်တော့သည်။ ဆိုင်ရှင်ကို ဒီနေ့နောက်ဆုံးဆိုပေးပါမည်ဟုပြောထားခဲ့တာ ဖြစ်သောကြောင့် လာဆိုပေးဖြစ်သည်။

ဒီနေ့တော့ ထိုက်ရည်ကို ဆိုင်ထဲဝင်ပြီး သီချင်းနားထောင်တာ မတွေ့ရချေ။ ကိစ္စမရှိပါ။ သူ့အတွက်လည်း ချစ်ခြင်းက တစ်မျိုးစဉ်းစားထားပြီးသားဖြစ်သည်။ အပြန်လမ်းတွင် အိမ်ပြန်သည့်ဘက်သို့ လမ်းကြောင်းပြောင်းမယူခင် ထိုက်ရည်ကို ဗန္ဓုလတံတားဆီသို့ မောင်းခိုင်းလိုက်သည်။

"ထိုက်ရည် ... အိမ်မပြန်သေးဘဲ ဗန္ဓုလတံတားဆီကို မောင်းပါလား"

"ဗန္ဓုလတံတား ! ။ ကိစ္စရှိလို့လား"

မေးပုံကိုက ...၊ ချစ်ခြင်းက အသာပြုံးကာ ခေါင်းယမ်းပြရင်း ...

"အဲဒီကို သွားချင်စိတ် ပေါ်လာလို့ပါ။ ရောက်တော့ ပြောမယ်လေ"

"ကျွန်တော့်ကို ရည်းစားစကား ပြောမှာတော့ မဟုတ်ပါဘူးနော်"

"ဟင်း ... ကျွန်မ စိတ်မတိုတတ်တော့မှန်းသိလို့ တမင်နောက်နေတာမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဟုတ်တာပေါ့။ လူဆိုတာ အခွင့်အရေး ရရင် ရသလို ယူတတ်တဲ့ အမျိုးပဲလေ။ အရင်တုန်းက ချစ်ခြင်းတစ်ယောက် ကျွန်တော့်ကို အမြင်မကြည်ဘူးနော်။ မျက်ခုံးနှစ်ချက် ချုပ်ပြီးတော့ ခင်မင်မှုကို ရအောင်ယူခဲ့ ရတာဆိုတော့ အမှတ်တရတော့ ဖြစ်နေတယ်"

ချစ်ခြင်းက သူ့ကို မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ နီယွန်မီးအလင်းရောင်နှင့် မြင်နေရသော သူ့မျက်နှာ ဟာ မီးစားသည်။ ဂျင်း(န်)ရှပ်တစ်ထည်ကို လက်ခေါက်ပြီးဝတ် ဆင်ထားကာ သူ့ပုံစံက သက်သောင့်သက်သာနှင့် ပေါ့ပေါ့ပါးပါး ရှိလှသည်။

"ရှင့်ကိုမှ အမြင်မကြည်တာ မဟုတ်ပါဘူး။ လူတွေကို အမြင်မကြည်တတ်ခဲ့တာ"

"ဟုတ်လား။ အခုရော"

"အခုတော့ သိသွားပါပြီ။ လောကကြီးမှာ ကောင်းတဲ့လူ က ဘယ်လိုပဲလုပ်လုပ် ကောင်းနေမှာပဲလေ။ အမြင်ကတ် အောင် နေပြလည်း ကောင်းရင်ကောင်းနေမှာပေါ့"

"ကျွန်တော့်ကို စောင်းပြောနေတာတော့ မဟုတ်ပါဘူး နော်"





"တည့်တည့်ကြီး ပြောနေတာပဲ။ အင်း ... ပြောရင်းဆိုရင်း ဗန္ဓုလတံတားတောင် ရောက်လာပြီ။ ကဲ Solo Show လေး စကြတာပေါ့"

သူ ကားကို ဘရိတ်ဖမ်းနင်းရင်းမှ ချစ်ခြင်းကိုအံ့သြ ဟန်ဖြင့် လှည့်ကြည့်သည်။ တံတားရဲ့ဘေးမှာ ကားရပ်ပြီးနောက် ချစ်ခြင်းက ဂစ်တာအိတ်ထဲမှ ဂစ်တာကို ဆွဲထုတ်ကာ ယူလိုက် သည်။

နောက်တော့ နှစ်ယောက်စလုံး ကားပေါ်မှဆင်းကာ တံတားပေါ်က ညအလှကို ခံစားမိကြသည်။ ခဏကြာမှ ချစ်ခြင်းက ကားတံခါးကိုဖွင့်ပြီး ညာဘက်ကခုံမှာ ဝင်ထိုင်ရင်း ဂစ်တာကြိုးညှိသည်။

သူကတော့ ပလက်ဖောင်းပေါ်မှာ မတ်တတ်ရပ်ရင်း ချစ်ခြင်းကို လက်ပိုက်ကာ ငေးကြည့်လို့ နေလေသည်။

"ကျွန်မ ရှင့်ကို သီချင်းဆိုပြမလို့။ ဘာသီချင်းနားထောင် ချင်လဲ"

သူက အံ့သြနေဟန်ဖြင့် "တကယ်လား" ဟု ပြန်မေး သည်။ ချစ်ခြင်းက ပြုံးကာ ခေါင်းညိတ်ပြလိုက်လျှင် သူက မေး စေ့ကို လက်နဲ့ထောက်ကာ ဟန်ပါပါ စဉ်းစားနေသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှ "ဘာသီချင်းဖြစ်ဖြစ် ရလား"ဟုမေးသည်။ ချစ်ခြင်းက"ပြော ကြည့်ပေါ့"ဟု ဆိုလိုက်လျှင် ...

"စိုင်းထီးဆိုင်ရဲ့ အချစ်ကိုဦးစားပေးခဲ့သူ"

အဲဒီအပြောကြောင့် ချစ်ခြင်းရဲ့မျက်ခုံးအစုံက ပင့်တက်သွားကာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ ဘာကြောင့်များ အဲဒီသီချင်းကို သူ ရွေးချယ်လိုက်ရတာလဲ။ အဲဒီသီချင်းက ဖေဖေ အမြဲတမ်း နားထောင်တတ်သော စိုင်းထီးဆိုင်ရဲ့သီချင်းများစွာထဲက ဖေဖေ့ အကြိုက်ဆုံးတေးတစ်ပုဒ်ပင်။ ငယ်ငယ်တည်းက အမြဲကြားဖူးခဲ့ပြီး ဂစ်တာတီးတတ်လာသောအခါ အဲဒီသီချင်းကို ဖေဖေ့အား ဆိုပြခဲ့ဖူးသည်။ ချစ်ခြင်းလည်း သံစဉ်ရော စာသားရော အင်မတန်ကြိုက်ရတဲ့ သီချင်းလေ။

"မရတဲ့ သီချင်းလား"

"အရဆုံးသီချင်းဖြစ်လို့ အံ့သြနေတာ။ ရှင် ဒီသီချင်းကို ဘာကြောင့် ကြိုက်ရတာလဲဟင်"

"ဟား ... FM တွေ သီချင်းတောင်းမိရင် အမေးခံရသလိုမျိုး ပြန်မေးနေပြီ။ သီချင်းစာသားတွေကို ကြိုက်တာ။ လောလောဆယ်မှာ ကျွန်တော်လည်း အချစ်ကိုဦးစားပေးချင်တဲ့သူ တစ်ယောက်လေ"





သူ့စကားကြောင့် ချစ်ခြင်းက သူ့မျက်နှာကို ငေးကြည့်ဖြစ်သွားသည်။ နီယွန်မီးရောင်အောက်က သူ့မျက်နှာသည် ခံစားချက်တစ်မျိုးဖြင့် ပြည့်သီးနေသည်ဟု ထင်မိလေသည်။ သူ ဘာမှ ထပ်မပြောခင်မှာပဲ ချစ်ခြင်းက ဂစ်တာကြိုးကို စတင်တီးခတ်လိုက်သည်။ နောက်တော့ သီချင်းကို Mood အပြည့်ဖြင့် သီဆိုမိခဲ့သည်။

"ဟိုတုန်းက မတွေ့ခဲ့ရင် xxx ကိုယ်တို့ဇာတ်လမ်းလေး ဟာလေ xxx တစ်မျိုးဖြစ်ခဲ့မယ် xxx ဘယ်လောက်ပဲ ချစ်လည်းကွယ် xxx ဒီလိုအချိန်မှတွေ့မယ်ဆိုရင် မပြတ်သားနိုင်တယ် xxx ပြန်စဉ်းစားတိုင်း ကံကိုသာလေ xxx ကြည်နူးခြင်းတစ်ဝက်နဲ့အတူ xxx အံ့သြမိတယ် xxx ငယ်ရွယ်သူမို့ အချစ်ကို အလေးသာပေးခဲ့တာ xxx သူ့သိသလိုပဲ ...

လူတစ်ဦးတိုင်း တစ်ယောက်တိုင်းမှာ xxx တစ်ချိန်ချိန်တော့ အချစ်ဆိုတာ ရှိခဲ့ကြတယ် xxx လူသားတို့ပေါင်းမိရင် ဘာရယ်ကြောင့် အားနည်းသူကို မုန်းတတ်တာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်အတွက် ကြင်နာသူကို တကယ်စွန့်တဲ့ သူ့ရဲ့ကောင်းတွေ ရှိခဲ့လည်းကွယ် xxx ငယ်ရွယ်သူအတွက် အချစ်တစ်ခုသာ ကိုးကွယ်အားထားရာ xxx ထင်မှတ်ယူမယ်"

ချစ်ခြင်းရဲ့ သီဆိုသံအဆုံးတွင် သူက သတိမေ့သလို ခဏနေပြီးတော့မှ အလန့်တကြားဖြင့် လက်ခုပ်ထတီးသည်။ ပြီးတော့မှ ရှက်ရယ်,ရယ်ကာ ...

"ချစ်ခြင်းရဲ့သီချင်းသံထဲမှာ တော်တော်မျောသွားတယ်ဗျာ။ အရမ်းကောင်းတာပဲ။ ဂစ်တာလက်သံရော၊ သီချင်းဆိုသွားတဲ့ အသံရော။ တကယ့်ကို ပရိုပါဗျာ။ ဒီအသံဟာ အဆိုတော်ဖြစ်သင့်တဲ့ အသံပါ"

"နောင်ဘဝမှပဲ လုပ်တော့မယ်"

"အခုဘဝက ဘာဖြစ်နေလို့လဲ ချစ်ခြင်းရယ်"

"ကျွန်မ ပရော်ဖက်ရှင်နယ် ဖြစ်ဖို့အထိ ဝါသနာမပါလို့ပေါ့။ ကျွန်မက ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းသွားချင်တာ။ အောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက် မဖြစ်ချင်ဘူး ထိုက်ရည်"





ချစ်ခြင်းရဲ့စကားကြောင့် သူက လက်ခနဲဖြစ်သွားသော မျက်လုံးအစုံဖြင့် ကြည့်လာသည်။

"ဒါဆို အဲဒီသီချင်းထဲကလို ရည်မှန်းချက်အတွက်နဲ့ ကြင်နာသူကို စွန့်သွားမယ့် သူ့ရဲ့ကောင်းမျိုး မဟုတ်ဘူးပေါ့"

"အင်း ... ပြောရခက်တယ်။ ထားပါတော့လေ ... ကျွန်မ ထိုက်ရည်ကို ပြောစရာရှိတယ်"

သူက ချစ်ခြင်းကို ငံ့လင့်သော မျက်လုံးများဖြင့် ကြည့်လာသည်။

"မနက်ဖြန်ကစပြီး ကျွန်မကို လာကြိုဖို့ မလိုတော့ဘူး။ ကျွန်မ ဆိုင်မှာ ဒီနေ့ပဲ ထွက်စာတင်ခဲ့ပြီ"

"ဒါဆို ချစ်ခြင်းက ..."

"ဟုတ်တယ်။ ထိုက်ရည်ရဲ့အိမ်ခန်းလေးကိုလည်း နောက်တစ်ပတ်နေရင် ပြန်အပ်တော့မှာ"

သူက ချစ်ခြင်းကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။ အဲဒီအကြည့်ထဲမှာ မထင်ထားခြင်း၊ ဆို့နင့်ကြေကွဲခြင်းတွေ ပါနေတာကြောင့် ချစ်ခြင်းက သက်ပြင်းတစ်ချက်ကို မသိမသာရှိုက်ရင်း နောက်ဆက်တွဲစကားကိုပါ ထပ်ပြောလိုက်သည်။

"ကျွန်မ စင်ကာပူ ထွက်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို အမိုးကြီးကရော"

"အမိုးကြီးက အမျိုးတစ်ယောက်နဲ့ သွားနေမှာပါ။ အားလုံး အဆင်ပြေပါတယ်။ ကျွန်မ ရှင့်ကို ကြိုပြောတာလေ ထိုက်ရည် ...

ရှင်က ကြိုပြောဆိုလို့ပါ။ အဲဒါ ရှင့်ကို နှုတ်ဆက်ပါတယ်"

ချစ်ခြင်းရဲ့တိုးတိတ်သော အသံအဆုံးတွင် သူ့မျက်နှာက ပြုံတော့မည့်မိုးနယ် မှိုင်းညို့သွားသည်။ အဲဒီမျက်နှာကို မကြည့်ရက်သဖြင့် ချစ်ခြင်းက မျက်နှာလွှဲကာ ဂစ်တာကိုကိုင်ရင်း ထ,ရပ်လိုက်သည်။ နောက်တော့ ကားနောက်ခန်းတံခါးကိုဖွင့်ကာ ဂစ်တာအိတ်ကိုဖွင့်လျက် ဂစ်တာကို ပြန်ထည့်သည်။ ဂစ်တာပြန်ထည့်ပြီး ပြန်အလှည့်မှာပဲ ချစ်ခြင်းနဲ့ အနီးကပ်မှာ ရောက်ရှိနေသော သူ့မျက်နှာကို တွေ့လိုက်ရသည်။ ကြေကွဲသလို စိုက်ကြည့်နေသော မျက်လုံးတွေကို ရင်ဆိုင်ပြီး ပြန်မကြည့်နိုင်ပါ။

"ချစ်ခြင်း ဒီကို ဘယ်အချိန်ကျမှ ပြန်လာမှာလဲ"

"မပြောတတ်ဘူး ထိုက်ရည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို သတိရနေမှာပါ"





"ချစ်ခြင်း ... ဘယ်တော့မှ ပြန်လာမယ်ဆိုတာ အတိအကျ မသိရတဲ့ လူတစ်ယောက်၊ ပြန်ဆုံချင်မှ ဆုံနိုင်မယ့် လူတစ်ယောက်ကို ကျွန်တော် သိမ်းထားမယ့် စကားတစ်ခွန်း ပြောပြလိုက်ခွင့် ရှိလား"

ချစ်ခြင်းက သူ့ကို ဆတ်ခနဲ မော့ကြည့်မိသည်။ တစ်လက်စတည်းမှာ ချစ်ခြင်း ခံစားရတာက လက်ဖျားခြေဖျားတွေ အေးစက်လာကာ နှလုံးသားတစ်ခုလုံးက ပေါက်ကွဲထွက်မတတ် ပြောင်းဆန်အောင် ခုန်နေတာပဲဖြစ်သည်။ ယောကျ်ား တစ်ယောက်ဆီက "ချစ်တယ်"ဆိုတဲ့ စကားတစ်ခွန်း ကြားရဖို့ အတွက် ဒီလောက်တောင် လှုပ်ရှားနေရလား။

"စိတ်မဆိုးပါနဲ့ ချစ်ခြင်း။ ကျွန်တော့်ဆီ ပြန်မလာနိုင်တဲ့ မိန်းကလေးတစ်ယောက်၊ နောက် ... ကျွန်တော့်ကို ပြန်မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ဆီက ကျွန်တော် တစ်ခုပဲ တောင်းဆိုပါရစေ ...

ကျွန်တော့်ရဲ့ ချစ်စကားလေးကို နားထောင်ပေးရုံပါ၊ ကျွန်တော် ချစ်ခြင်းကို တကယ် ... တကယ် ချစ်မိသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အို … ဘုရားရေ … ချစ်ခြင်းရဲ့မျက်ဝန်းထောင့်မှာ ပူနွေးစွတ်စိုလာပါလား။ ယောကျ်ားတစ်ယောက်ရဲ့နှလုံးသားကို အရှင်လတ်လတ် မြင်တွေ့လိုက်ရ၍ ချစ်ခြင်းရဲ့နှလုံးသားဟာ အရည်ပျော်သွားတာလား။ ချစ်ခြင်း ဘာမှမစဉ်းစားတတ်တော့ပါ။ ခံစားချက်မျိုးစုံ ရောပြွမ်းနေသော နှလုံးသားဖြင့် အိမ်ကိုတောင် ဘယ်လိုပြန်ရောက်လာမှန်း မသိတော့ပေ။

အိပ်ရာထဲမှာ လှဲနေခဲ့သော်လည်း အိပ်မပျော်ခဲ့။ ဟိုလိမ့်ဒီလိမ့်ဖြင့် အိပ်မပျော်သော ချစ်ခြင်းအတွက် ညတစ်နာရီလောက်မှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဖုန်းတစ်ကောလ်ကို လက်ခံရရှိခဲ့သည်။ ဖုန်းနားထောင်ပြီးတဲ့ အချိန်မှာတော့ ချစ်ခြင်းရဲ့လက်ထဲမှ ဖုန်းလေးမှာ အောက်သို့ ထောက်ခနဲ ပြုတ်ကျသွားခဲ့သည်။

*○*





## အခန်း ၂၀

ညက ဘယ်နနာရီမှာ အိပ်ပျော်သွားလဲဆိုတာ သူမမှတ်မိတော့ချေ။ နောက်ဆုံး သတိရတာကတော့ မီးကင်းတဲက သုံးချက်တီးသံကို ကြားရင်း သုံးနာရီတောင် ထိုးပါပြီလားဟု သတိပြုမိရင်း နောက်ပိုင်းမှာ အိပ်ပျော်သွားတာ ဖြစ်နိုင်သည်။ မနက် အိပ်ရာနိုးသောအခါ ရှစ်နာရီခွဲတော့မည်။ သူ ချက်ချင်း ပျာယာခတ်သွားသည်။ ခါတိုင်းဆို ရှစ်နာရီဆယ့်ငါးမှာ အားလုံးပြင်ပြီး ဆင်ပြီး၍ ရုံးသွားဖို့ အဆင်သင့် ဖြစ်နေပြီ။ ကားကျပ်မှာစိုးတာကြောင့် အိမ်ကတောင် စထွက်နေပြီ။

အခုတော့ …။ သူက “အား”ခနဲ အော်ဟစ်မိကာ အိပ်ရာထဲမှ ကမန်းကတန်း ပြေးထွက်ရသည်။ တစ်လက်စတည်း သတိရသည်မှာ ချစ်ခြင်းတစ်ယောက် ဘာဖြစ်လို့ သူ့ကိုမနှိုးတာလဲ ဆိုတာကို ဖြစ်သည်။ ခါတိုင်းဆိုလျှင် Breakfast စားဖို့ သူမ

www.burmeseclassic.com



က ခေါ်တတ်သည် မဟုတ်ပါလား။ သူက တိတ်ဆိတ်နေသည့် တစ်ဖက်ခန်းသို့ သက်ာမကင်းဖြစ်၍ အိမ်ရှေ့က သွားကြည့်လိုက်လျှင် အံ့ဩစရာ တံခါးပိတ်ထားသည်ကို တွေ့ရသည်။

ဘယ်လိုဖြစ်တာလဲ။ ချစ်ခြင်းပြောတော့ နောက်တစ်ပတ်နေမှဆိုပြီး သူက စဉ်းစားမရ ဖြစ်နေတုန်းမှာပဲ တံခါးကြားမှာ ညှပ်ထားခဲ့သော စာရွက်ခေါက်လေးကို သွားမြင်သည်။ ခပ်မြန်မြန်ပဲ ဖွင့်ဖတ်လိုက်လျှင် ...

"ထိုက်ရည် ...

အရေးပေါ်ကိစ္စတစ်ခုကြောင့် ဒီမနက်စောစောပဲ ချစ်ခြင်းတို့ ပြောင်းသွားခဲ့ပါပြီ။ အိပ်ရာနိုးပြီး နှုတ်မဆက်တာကိုတော့ နားလည်မှာပါ။ အိမ်ခန်းသော့ကို ရွက်လှပန်းအိုးထဲမှာ ထည့်ထားခဲ့တယ်။ ကံမကုန်ရင် ထပ်ဆုံဦးမှာပါ။

ချစ်ခြင်း"

သူ စာကိုဖတ်ပြီးလျှင် စိတ်ပျက်လက်ပျက်ဖြင့် ငိုင်တွေသွားရသည်။ ဘာတွေလဲကွာ ... ဘာတွေလဲ ချစ်ခြင်းရယ်။ အဲဒီအခိုက်မှာပဲ သူ့နားထဲသို့ တီးလုံးသံသဲ့သဲ့တစ်ခုက တိုးဝင်လာသည်။ ပထမတော့ ဇဝေဇဝါဖြစ်နေပြီး နောက်တော့မှ သူ့ဖုန်းရဲ့အသံကို သိရလျှင် အပြေးအလွှားသွား၍ နားထောင်ရသည်။ ဖုန်းက အတွင်းရေးမှူးဆင်း ထံက ဖြစ်သည်။





"ထိုက်ရည် ... ရှင် ရုံးကို အခုလာခဲ့ပါ"

"ဩော် ... ဟုတ်။ လာတော့မှာပါ"

"အရေးကြီးတယ် ထိုက်ရည်။ ညက အန်ကယ် ကားအက်ဆီးဒင့်ဖြစ်လို့၊ အခု ICU မှာ"

"ဗျာ ... ဘ ... ဘယ်လို။ တော်တော်ပဲ စိုးရိမ်ရလား အတွင်းရေးမှူးဆင်း"

"ခုထိတော့ သတိမရသေးဘူး။ ကဲ ... ရုံးကိုအမြန်လာခဲ့တော့နော်"

သူက ကမန်းကတန်းပဲ မျက်နှာပြေးသစ်ကာ ရေတောင်မချိုးနိုင်တော့ဘဲ အဝတ်အစားကောက်လဲပြီး ရုံးသို့ပြေးရသည်။ ရုံးရောက်သောအခါ ဒီသတင်းက ပျံ့နှံ့လျက် ဝန်ထမ်းတွေက ပကျိ ပကျိ ဖြစ်နေကြသည်။ အတွင်းရေးမှူးဆင်းကလည်း အပိုစကားတွေ လျှောက်မပြောဖို့ သတိပေးကာ လုပ်စရာရှိတာတွေကို စီစဉ်သည်။

"ကျွန်တော်တို့ ဆေးရုံကိုလိုက်သွားရမှာလား အတွင်းရေးမှူးဆင်း။ အန်ကယ်က ဘယ်လိုဖြစ်ရတာလဲဗျာ။ တော်တော်စိုးရိမ်ရလားဟင် ...

ဒရိုင်ဘာမောင်းတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ အန်ကယ် ကိုယ်တိုင်မောင်းတာ။ စိုးရိမ်စရာ အခြေအနေကတော့ ဖြစ်နေတယ်။ ခက်တာက နောက်တစ်ပတ်ထဲမှာ ဂျပန်က လုပ်ငန်းရှင်အဖွဲ့နဲ့ ဆွေးနွေးစရာရှိတာပဲ။ ဂျပန်တွေကလည်း လာဖို့စီစဉ်ပြီးသားဆိုတော့ ...

တချတ် ... ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး"

သူက အတွင်းရေးမှူးဆင်းကို အံ့သြစွာဖြင့် ကြောင်ပြီး ကြည့်နေမိသည်။ လူတစ်ယောက် သေရေးရှင်ရေးဖြစ်နေသည့် အချိန်မှာ ဂျပန်တွေနဲ့တွေ့ရမည့်ကိစ္စကို စကားထဲ ထည့်ပြောနိုင်အားသေးသည်။

"ဂျပန်တွေ လာတော့ရော ဘာဖြစ်လဲ။ ဒါ Accident ကိစ္စပဲ။ သူတို့နားလည်မှာပေါ့။ ပြီးတော့ တခြားဒါရိုက်တာအဖွဲ့ဝင်တွေ ရှိတာပဲ။ အစည်းအဝေးကို လုပ်လို့ရတာပဲ"

"အင်းပေါ့ ... အန်ကယ့်နေရာမှာ အန်တီတက်မှာပေါ့။ ကဲ ... ထိုက်ရည်၊ ရှင်က အန်ကယ့်ကိုယ်စား လုပ်စရာရှိတာတွေ ဆက်လုပ်ထားပေါ့။ ကျွန်မက အန်တီ့အနားတစ်ချက်ပြေးနေပေးရဦးမယ်"





"ကျွန်တော်လည်း ခဏလောက်တော့ လိုက်ခဲ့မယ်လေ။ ခုချိန်ထိလည်း အန်ကယ့်ကို မတွေ့ရသေးဘူးဆိုတော့"

"အို ... အန်ကယ်က ICU ထဲမှာ။ ဘယ်သူမှတောင် တွေ့လို့မရဘူး။ ဒီရုံးမှာက အရေးကြီးတယ် ...

ကဲ ... တစ်ခုခု လိုတာရှိရင် ဖုန်းဆက်လိုက်။ ကျွန်မ သွားတော့မယ်"

ချက်ချင်းပဲ အချိုးပြောင်းသွားကာ ကုမ္ပဏီပိုင်ရှင်သူဌေးမကြီးလို ဖြစ်သွားသော အတွင်းရေးမှူးဆင်းကို ကြည့်ကာ သူက နားမလည်ခြင်းများစွာဖြင့် ကျန်ရစ်ခဲ့ရသည်။ စိတ်ထဲမှာ အန်ကယ့်အတွက် စိတ်မကောင်းဖြစ်၍ ဆုတောင်းမေတ္တာပို့ပေးရုံမှအပ ဘာမှမတတ်နိုင်ချေ။ အန်ကယ့်ကိုယ်စား သူ တတ်နိုင်တာတွေကို အားသွန်ခွန်စိုက် လုပ်ပေးရင်း သူ မသိသောသတင်းစကားတွေကလည်း ဟိုကဒီက ကြားလာရသည်။

နေ့လယ်စာနှင့် နံနက်စာ ပေါင်းစားဖို့ ကန်တင်းမှာ သွားထိုင်လျှင် ရုံးက စာရေးမလေးတွေ ပြောတာတွေ ကြားရသည်။

"သူဌေးက သူ့မိန်းမနဲ့ ရန်ဖြစ်ပြီးတော့ ကားမောင်းထွက်သွားရင်း ဖြစ်တာတဲ့၊ သူ့မိန်းမကလည်း တော်တော်ဆိုးတယ် ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … တချို့က ပြောတော့လည်း သူဌေးကို ပိုက်ဆံချမ်းသာလို့ ကပ်တာဆိုပဲ။ အရင်တည်းက ဆိုရှယ်ကျကျလို့ ပြောတယ် …

အဲဒါ သူဌေးရဲ့သမီးကဆို အဲဒီတူဝရီးကို လုံးဝမကြည့်ဘူးတဲ့။ အဲဒီမိန်းမနဲ့ ယူလို့ကို အိမ်ပေါ်ကနေ ဆင်းသွားတာတဲ့။ အခု ဘယ်လိုလုပ်ကြမလဲ မသိဘူး။ ဖွဟဲ့ မပြောကောင်း မဆိုကောင်း သူဌေးသာ တစ်ခုခုဖြစ်သွားရင် အမွေဖယားတွေတော့ ရှုပ်ကြမှာပဲ"

"သူဌေးရဲ့သမီးက ဘာဖြစ်လို့ သူဌေးရဲ့အလုပ်တွေကို ကူမလုပ်တာလဲ။ အတွင်းရေးမှူးဆင်းတောင် နောက်မိန်းမရဲ့တူမဆိုပြီး အတွင်းရေးမှူးနေရာရအောင် ယူထားသေးတာပဲ မဟုတ်လား"

"သူဌေးသမီးက နိုင်ငံခြားမှာ စီးပွားရေးဘွဲ့လွန် တက်နေတာတဲ့။ သူဌေးတစ်ယောက် ဒီကိစ္စတွေ ရှုပ်နေတယ်ကြားလို့ ပြန်လာရင်း ကျောင်းဆက်မတက်ဖြစ်တော့ဘူး။ သူဌေးလည်း ဒေါ်ဒေလီယာနဲ့ ယူလိုက်ရော အိမ်ကနေ ဆင်းသွားတော့တာပါ ။ ပြဿနာတွေ အကြီးအကျယ် တက်ပြီးတော့ပေါ့ …





ခုဆို ပိုတောင်ရှုပ်ဦးမှာ။ သူဌေး ဒီလိုဖြစ်တယ်ဆိုတော့ သူ့သမီးက ပြန်ရောက်လာမှာပဲ။ လက်ရှိရင် ဒါရိုက်တာအဖွဲ့ဝင်တွေ အစည်းအဝေးရှိတော့ MD နေရာအတွက် ဘယ်လိုလာဦးမယ်ဆိုတာ မပြောတတ်ဘူး …

ဒေါ်ဒေလီယာကတော့ အဲဒီနေရာကို မျက်စောင်းထိုးနေတာပေါ့လေ"

တော်တော်လည်းစုံသည့် စာရေးမတွေပင်။ သူတောင်မသိသောအတွင်းရေး တော်တော်များများကို သိနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုတွေ ကြားရတော့ သူဌေးအတွက် သူ စိတ်မကောင်းပါ။ ဦးပြည့်စုံသည် သူလို အတွေ့အကြုံမရှိသည့် လူတစ်ယောက်ကို ရဲရဲဝံ့ဝံ့နေရာပေးကာ အရည်အချင်းတွေ မြှင့်တင်ပေးခဲ့သဖြင့် သူ့ရဲ့ကျေးဇူးရှင်ဆိုလည်း မမှားပါ။ အန်ကယ်ရဲ့သမီးကိုလည်း သူ တွေ့ချင်သေးသည်။

အဲဒီအချိန်မှာပဲ အန်ကယ့်ရဲ့ရှေ့နေကြီး ဦးဇော်အောင်က သူ့ကို ဆက်သွယ်လာခဲ့တာဖြစ်သည်။ လုပ်ငန်းနဲ့ပတ်သက်သော တချို့အကြောင်းအရာများကို မေးမြန်းပြီးလျှင် …

"ခုဆိုရင် မောင်ထိုက်ရည်လည်း ကုမ္ပဏီရဲ့စည်းမျဉ်းတွေကို သိသင့်သလောက်တော့ သိပြီးဖြစ်နေမှာပါ။ ဒီပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆို ခုချိန်ထိ သတိမရသေးတဲ့ ဦးပြည့်စုံဟာ နောက်တင်ပတ်မှာလုပ်မယ့် ဂျပန်လုပ်ငန်းရှင်တွေနဲ့ တွေ့ဖို့ရော၊ လကုန်ရက်မှာလုပ်မယ့် ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးရော ဘယ်လိုမှ တက်နိုင်မှာ မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ ... အတွင်းရေးမှူးဆင်း ပြောတာတော့ အန်ကယ့်ဖနီးကဝင်ပြီး တာဝန်ယူသွားမယ်လို့ ပြောပါတယ်"

"အေး ... ဦးကလည်း အဲဒါကိုပဲ ပြောချင်တာ။ အဲဒါက လူမှုရေးပိုင်းနဲ့ ကြည့်ရင်တော့ အဲဒီလိုပေါ့။ ဒါပေမဲ့ ဒီကုမ္ပဏီရဲ့ဖွဲ့စည်းပုံက သတ်မှတ်ထားတဲ့ ဝါဒက ဒုတိယရှယ်ယာအများဆုံး ပိုင်ဆိုင်တဲ့သူက MD နေရာကိုရောက်မှာပဲ။ ယောက်ျားနေမကောင်းလို့ မိန်းမကို ပေးခွင့်မရှိဘူး။ အဲဒါ ဦးပြည့်စုံကိုယ်တိုင် ချထားခဲ့တဲ့ စည်းကမ်းပဲ"

"ဟုတ်ကဲ့ ... ဒါဆိုရင် ..."

"ဦးပြည့်စုံရဲ့တစ်ဦးတည်းသော သမီးလေးက ဒုတိယရှယ်ယာအများဆုံး ပိုင်ဆိုင်တဲ့သူပါ"

"ဗျာ ... ဩော် ... ဟုတ် ... ဟုတ်လား"

"ဟုတ်တယ် မောင်ထိုက်ရည်။ အဲဒီကိစ္စကို ဒေါ်ဒေလီယာမျိုးလည်း သိသွားတဲ့အခါ လုံးဝမကျေနပ်ဘူး။ ကုမ္ပဏီရဲ့တချို့





ရှယ်ယာပါတနာတွေကလည်း သူနဲ့ ပနာစားတဲ့လူတွေပါနေတော့ ဒီကိစ္စကို ကန့်ကွက်ဖို့ များနေတယ် ...

အထူးသဖြင့် ဂျပန်တွေနဲ့ တွေ့ဆုံမယ့်ပွဲမှာ အဆင်မပြေရင် သူတို့က နည်းမျိုးစုံနဲ့ တိုက်ခိုက်လိမ့်မယ်။ အဲဒီတော့ မောင်ထိုက်ရည်က ကလေးမလေးကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ အကူအညီပေးပါ။ အချိန်က ဘယ်လောက်မှ မရတော့ဘူး။ ဘယ်လိုလဲ မောင်ထိုက်ရည်"

"စိတ်ချပါ ဦး။ အန်ကယ်က ကျွန်တော့်ဆရာဆိုလည်း ဟုတ်၊ ကျေးဇူးရှင်ဆိုလည်း ဟုတ်ပါတယ်။ အန်ကယ့်ဆန္ဒကလည်း သူ့သမီးကိုပဲ ဖြစ်စေချင်မှာပါ။ ဂျပန်တွေနဲ့ တွေ့ဆုံမယ့်ပွဲ၊ လကုန် အစည်းအဝေးပွဲတွေမှာ အန်ကယ့်သမီး မျက်နှာပန်းလှစေဖို့ ကျွန်တော် အစွမ်းကုန်ကူညီသွားမှာပါ"

"ကျေးဇူးတင်ပါတယ်ကွာ။ အန်ကယ်လည်း ဖြစ်သင့်တာကိုပဲ ဖြစ်စေချင်တဲ့သဘောပါ။ ဟုတ်ပြီလေ ... ဒါဆိုရင် လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြင်ဆင်ထားပေါ့။ မောင်ထိုက်ရည်နဲ့ ဦးပြည့်စုံရဲ့သမီးကို အန်ကယ် မိတ်ဆက်ပေးပါ့မယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး ဦးဇော်အောင်ရဲ့စကားအဆုံးတွင် တစ်ဖက်အခန်းက တံခါးတစ်ချပ်က ဖျတ်ခနဲ ပွင့်လာကာ မိန်းကလေးတစ်ယောက် ဝင်လာသည်။ အန်ကယ်ရဲ့သမီး ရောက်လာပြီဟုသော အသိဖြင့် လေးလေးစားစားကြိုဆိုဖို့ရာ မတ်တတ်ထရပ်လိုက်သောသူသည် တစ်စုံတစ်ယောက်ကို မြင်အတွေ့မှာတော့ ဖင်ထိုင်လျက် ပြန်လဲကျမလို ဖြစ်သွားသည်။

"ဦးပြည့်စုံရဲ့သမီး ချစ်ခြင်းပြည့်စုံပါ မောင်ထိုက်ရည်"

ရှေ့နေကြီးရဲ့အသံက သူ့နားထဲမှာ ဝါးသွားသည်။ နွမ်းလျှသော်လည်း မာန်တစ်မျိုး တင်းထားသည့် အပြုံးလေးဖြင့် ခေါင်းတစ်ချက်ဆတ်ပြီး နှုတ်ဆက်သူမှာ သူ့ရဲ့ချစ်ခြင်းပါပဲလား။ ဘုရားရေ ... နာမည်ပြောင်းထားတာ မဟုတ်ဘဲနဲ့တောင်မှ သူ့အိမ်မှာ ငှားနေခဲ့သည့် ချစ်ခြင်းပြည့်စုံဟာ ဦးပြည့်စုံရဲ့သမီးလို့ သူ ဘာကြောင့် မရိပ်မိခဲ့ရတာပါလိမ့်။

* ○ *



## ၂၁

"တကယ်တော့ ဖေဖေ့ရဲ့ နောက်အိမ်ထောင်ဖြစ်တဲ့ ဒေါ်ဒေလီယာမျိုးဟာ မေမေ့သူငယ်ချင်း အရင်းခေါက်ခေါက်ပါ။ သူက အရင်တည်းက ဆိုရှယ်ကျတယ်။ ချစ်ခြင်းရဲ့မေမေ ဆုံးသွားတော့ နောက်ပိုင်းမှာ ပိုက်ဆံရှိတဲ့ဖေဖေ့ကို ကပ်တဲ့မိန်းမတွေ များခဲ့တယ် ...

အဲဒီတုန်းကတော့ ချစ်ခြင်းဘက်ကနေပြီး အဲဒါတွေကို လိုက်စုံစမ်း၊ ဖေဖေ မိန်းမ,မယူဖြစ်အောင် အတူတူလုပ်ပေးခဲ့သူပေါ့။ ချစ်ခြင်းကလည်း ကျေးဇူးတွေတင်ပေါ့။ ဒါပေမဲ့ နောက်ပိုင်းမှ သိလာရတာက အဲဒီလိုလုပ်ပေးတာတွေက ဖေဖေ့ကို သူကလွဲပြီး ဘယ်သူမှ မရစေချင်လို့လေ ...

www.burmeseclassic.com



ချစ်ခြင်း UK မှာ ကျောင်းသွားတက်ဖို့လည်း သူကပဲ ဖွတ်တိုက်တွန်းတာ။ ချစ်ခြင်း မရှိတော့မှ သူခွင့်ဖန်တော့မှာကိုး။ စိတ်ချပါ သမီးရယ်၊ သမီးအဖေကို ဆင်းဆင်းနဲ့ အန်တီမျိုး လုံးဝစောင့်ပေးမှာဆိုပြီး ပြီးတော့ သူနဲ့ငြိရော ...

ငြိတယ်ဆိုတာလည်း သူ့စနက်တွေဆိုတာ သိတယ်၊ ချစ်ခြင်းက ဖေဖေ့ကို မိန်းမ,မယူနဲ့လို့ တရားလွန်ကြီးတားမြစ်ထားတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အကြောင်းကို သိနေတဲ့အတွက် လုံးဝသဘောမတူနိုင်တာ။ ချစ်ခြင်း ဟိုမှာ ကျောင်းတက်တုန်းမှာပဲ ဒီမှာ သူတို့အသည်းအသန်ဖြစ်နေပြီဆိုတဲ့ သတင်းကိုကြားလို့ ချက်ချင်း ပြန်လာတာ...

ဒီရောက်တော့ ဆေးမမီတော့ဘူး။ ဖေဖေက သူ့ကို လက်ထပ်မှဖြစ်မယ်တဲ့။ ချစ်ခြင်း တအားပေါက်ကွဲခဲ့တယ်။ ဖေဖေကလည်း ချစ်ခြင်းကို စိတ်ပျက်လာတော့ ဆူတယ်။ နောက်ဆုံးတော့ သားအဖနှစ်ယောက်လုံး အကြီးအကျယ်စကားများတာ။ ဖေဖေ ပြောလိုက်တဲ့ နင်က ပြည့်စုံသမီးဖြစ်နေလို့ ဒီလိုနေ,နေရတာ။ နင့်အရည်အချင်း အမှန်ဆိုတာ ဘာမှမရှိဘူးဆိုတဲ့ စကားကို အနာဆုံးပဲ ...





ဒါကြောင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ်ဆိုပြီး အိမ်ကဆင်းတာ။ အမိုးကြီးဆိုတာလည်း ချစ်ခြင်းကို အမေနဲ့မခြား အရမ်းချစ်တော့ ချက်ချင်းကြီး ခွဲမသွားချင်တာနဲ့ ဒီမှာ ခဏနေပြီး အချိန်ကာလတစ်ခုကို စောင့်တာပေါ့လေ။ နောက်တော့ ဒီလိုပဲ နေသွားဖို့ မဖြစ်တော့တာနဲ့ ချစ်ခြင်းရဲ့သူငယ်ချင်းရှိရာ စလုံးကိုပဲ ထွက်ဖို့ပြင်ဆင်တာ။ ဟိုမှာ သူငယ်ချင်းနဲ့ အတူတူနေ၊ အလုပ်လုပ်ပြီး ဘဝကို ရုန်းကန်မယ်ပေါ့လေ ...

အဲဒီလိုတွေ စီစဉ်ထားခဲ့ပေမယ့် အခု ဒီလိုကိစ္စတွေဖြစ်လာတယ် ထိုက်ရည်ရယ်။ ချစ်ခြင်းအတွက် ဒီလောက်ထိ ဖေဖေ စဉ်းစားပေးထားခဲ့မယ် မထင်ဘူး။ အခုတော့ ကံတရားက ဒီအတိုင်းပဲ ဖြစ်လာခဲ့ပြီ"

မျက်ရည်လေးတွေဝဲကာ ရှင်းပြနေခဲ့သော ချစ်ခြင်းရဲ့စကားသံအဆုံးတွင် ထိုက်ရည်က ချစ်ခြင်းရဲ့လက်တစ်ဖက်ကို အားပေးသလို သွားရောက်ဖျစ်ညှစ် ဆုပ်ကိုင်လိုက်လျှင် ချစ်ခြင်းက မရုန်းထွက်ပါ။

"အန်ကယ့်ဆီကို သွားကြစို့ ချစ်ခြင်း"

ချစ်ခြင်းက သူ့ကို မျက်ရည်အိုင်ထွန်းသော မျက်လုံးများဖြင့် မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရှေ့မှာပဲ ချစ်ခြင်းကို ဘယ်လိုကူညီစောင့်ရှောက်သွားမယ်ဆိုတဲ့အကြောင်း ကတိပေးချင်တယ်။ အန်ကယ်ကြားနိုင်မှာပါ ...

ဘာမှ စိတ်ဓာတ်မကျနဲ့ ချစ်ခြင်း။ ကိုယ် ချစ်ခြင်းဘေးမှာ ထာဝရရှိနေမှာပါ"

"ထိုက်ရည်ရယ် ... ချစ်ခြင်းတို့ ရင်ဆိုင်စရာကိစ္စတွေ သိပ်များတယ်"

"အဲဒါတွေ အားလုံးကို ကိုယ့်အချစ်နဲ့ ကျော်ဖြတ်ပြမယ် ချစ်ခြင်း။ ကိုယ့်ကို ယုံတယ် မဟုတ်လား"

ချစ်ခြင်းက မြှုးပြီး ခေါင်းညိတ်ပြသည်။ အဲဒီနောက်မှာတော့ သူက ချစ်ခြင်းရဲ့လက်ကိုတွဲလျက် အန်ကယ်ရှိရာသို့ သွားခဲ့သည်။ အန်ကယ်ကတော့ ဘာမှမသိ။ Coma ဝင်သည့် အခြေအနေဖြစ်လျက် အိပ်ပျော်သလို ငြိမ်သက်နေသည်။ သူက အန်ကယ် ကြားနိုင်မည်ထင်၍ ကတိစကားတွေ ပြောကြားခဲ့သည်။ အဲဒီနောက် ချစ်ခြင်းရဲ့ရှေ့က မားမားမတ်မတ် ရပ်တည်ပေးကာ စိတ်ဓာတ်ခွန်အားတွေ မွေးဖွားပေးခဲ့ပါသည်။

* ○ *

BURMESE CLASSIC .com




www.burmeseclassic.com